http://www.dhammadownload.com

၂၀၀၀

သာမဏေကျော်

# သမာသ်-တဒ္ဓိတ်မှတ်တမ်း

စုစည်းသူ

အရှင်တဝိပိယာလင်္ကာရ(ပါဠိပါရဂူ)

သာသနာ-၂၅၅၁၊ ကောဇာ-၁၃၆၉၊

http://www.dhammadownload.com

သာမဏေကျော်

# သမာသ်-တဒ္ဓိတ်မှတ်တမ်း

စုစည်းသူ

အရှင်တဝိပိယာလင်္ကာရ(ပါဠိပါရဂူ)

သာသနာ-၂၅၅၁၊ ကောဇာ-၁၃၆၉၊

http://www.dhammadownload.com

သာမဏေကျော်

# သမာသ်-တဒ္ဓိတ်မှတ်တမ်း

စုစည်းသူ

အရှင်တဝိပိယာလင်္ကာရ(ပါဠိပါရဂူ)

သာသနာ-၂၅၅၁၊ ကောဇာ-၁၃၆၉၊

http://www.dhammadownload.com

http://www.dhammadownload.com

၁၈၀၅၂-

သာသမဏကျော်

# သမာသ်-တဒ္ဓိတ်မှတ်တမ်း

စုစည်းသူ

အရှင်တဝိပိယာလင်္ကာရ(ပါဠိပါရဂူ)

သာသနာ-၂၅၅၁၊ ကောဇာ-၁၃၆၉၊

http://www.dhammadownload.com

F.1.B

http://www.dhammadownload.com

# ( ဝိညာပနံ )

**စာအုပ်ဖြစ်ပေါ်ပုံ** ဤမှတ်တမ်းသည် မိမိတပည့်များအား ပို့ချခဲ့စဉ်က ထုတ်နုတ်ရေးသားခဲ့သော မှတ်တမ်းဖြစ်ပါသည်၊ ဒု-တဆင့် သာမဏေများအတွက် ဝိဂ္ဂဟဉာဏ်နှင့် စပ်၍ အုဋ္ဌတစ်ချပ် သဲတစ်ပွင့်ပမာ အထောက်အကူ ဖြစ်ပါစေတော့ဟူသော ဆန္ဒမွန်ဖြင့် စာအုပ်ဖြစ်အောင် စီစဉ်လိုက်ရပါသည်။

**အမှီပြုရာ** ရူပသိဒ္ဓိနှင့် ဘာသာဋီကာကို အခြေခံ၍ ရေးသားထားသည့်အတွက် ရူပသိဒ္ဓိမှတ်စု, ဘာသာဋီကာမှတ်စု-ဟု ဆိုထိုက်ပါသည်၊ သို့သော် ထိုရူပသိဒ္ဓိနှင့် ဘာသာဋီကာအဓိပ္ပာယ်ချည်းတော့ကား မဟုတ်ချေ၊ ဆိုင်ရာသဒ္ဒါကျမ်းများ၏ အဆိုများကိုလည်း သင့်သလို ထည့်သွင်းဖော်ပြထားပါသည်၊ အရှင်ပညာစက္က၏ ဝိဂြိုဟ်ပြုနည်း နိဿ ရည်းစာအုပ်မှ ပုံစံများနှင့် ဥပမာတဒ္ဓိတ်၌ ပစ္စည်းယူဆကြပုံများကိုပါ ထည့်သွင်း ဖော်ပြထားပါသည်၊ မိမိ၏ အတ္တနောမတိများကို အတတ်နိုင်ဆုံးရှောင်ရှား၍ ဆိုင်ရာကျမ်းများ၌ ပြဆိုကြသော အယူအဆများနှင့် အတွေ့များသောပုံစံများကို ဦးစားပေး ဖော်ပြထားပါသည်။

**ဝန်ခံခြင်း** မိမိ၏ သတိဉာဏ်နည်းပါးမှု, သမာဓိနည်းပါးမှုများကြောင့် ဆိုင်ရာ အယူအဆများ၌သော်လည်းကောင်း၊ ဆိုင်ရာ သုတ်အားလျော်စွာ ပြဆိုသော ပုံစံများ၌သော်လည်းကောင်း လွဲမှားမှုများ ရှိက မိမိတို့သည် အမှားကင်းသောပုဂ္ဂိုလ်များ မဟုတ်သေးသည့်အတွက် "မိမိ၏ မှားယွင်းမှုသာ"ဟု ဝန်ခံပါသည်၊ ဆိုင်ရာကျမ်းဆရာများ၏ အမှား မဟုတ်ပါ။

http://www.dhammadownload.com



ကျေးဇူး တင်ရှိခြင်း ဤမှတ်တမ်းကို ရိုက်နှိပ်ရာ၌ ကူညီခဲ့ကြသော ရွှေဆင်တိုင်းကျောင်းမှ အရှင်ကဝိန္ဒာဘိဝံသ၊ အရှင်သူရိယ(ဝိနယပါဠိပါရဂူ)တို့အားလည်းကောင်း၊ နဝကမ္မ(၁၀၀၀၀)ကျပ်စီ ဓမ္မဒါနပြုကြသော အရှင်သုန္ဒရ(သာသနဓဇဓမ္မာစရိယ)၊ ကြယ်တာရာစာချကျောင်း၊ အရှင်ဒေဝိန္ဒာလင်္ကာရ(သာသနဓဇဓမ္မာစရိယ)၊ သုံးထပ်ကျောင်း၊ အရှင်ကေသရာလင်္ကာရ၊ ကြယ်တာရာစာချကျောင်းတို့အားလည်းကောင်း၊ ဓမ္မဒါနအဖြစ် နဝကမ္မ (၂၀၀၀၀ဝိ)ကျပ်ကို မ,တည်လှူဒါန်းသော ဒေါ်အေးလှိုင်၊ ဒေါ်အေးခိုင်၊ သမီးလေး မီးမီး၊ ခိုင်စန္ဒာစတိုး၊ မအူပင်မြို့၊ ရောဝတီတိုင်း တို့အားလည်းကောင်း ကျေးဇူးတင် ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

တိုက်တွန်း ဤမှတ်တမ်းသည် စုစည်းထားသော မှတ်စုမျှသာ ဖြစ်ပါသည်၊ ဆိုင်ရာကျမ်းရင်းများ၏ ဆိုလိုချက်များကိုလည်း ပြန်လည်တိုက်ဆိုင်ကာ ကြည့်ရှုစေလိုပါသည်၊ ကျမ်းရင်းများကို လက်လွှတ်ထား၍ မဖြစ်ပေ၊ "ကျမ်းရင်းမပေါက်, မှတ်စုလောက်သာ, ဘွဲ့ယူကာဖြင့်, ပညာညွန့်ကို, ခူးယူလိုပြား, ဖြတ်လမ်းသွား, စွမ်းအားမစုံ ရှက်ဖွယ်ပ" ဟူသော တိပိဋကယောဆရာတော်၏ ဩဝါဒလို မဖြစ်ကြစေရန် တိုက်တွန်းအပ်ပါသည်။

အရှင်ကဝိပိယာလင်္ကာရ(ပါဠိပါရဂူ)
ကြယ်တာရာစာချကျောင်း
မဟာဝန္ဒာရုံကျောင်းတိုက်
အမရပူရမြို့
၁၃၆၉-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁)ရက်၊

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ၁။ သမာသ်ကျဉ်း

သမာသ်ခေါ်ပုံ-ပုဒ်နှစ်ပါးကို ဖြစ်စေ, သုံးပုဒ် လေးပုဒ်စသော ပုဒ်အများကို ဖြစ်စေ တစ်ပုဒ်တည်း၊ တစ်ဝိဘတ်တည်းဖြစ်အောင် ချုံးမှု၊ ချဉ်းကပ်စပ်ထားမှုကို သမာသ်ဟု ခေါ်၏။

ပုံစံ- ရညော ပုရိသော-ရာဇပုရိသော။

ဤပါဠိ၌ ရညော+ပုရိသော ဟူသော နှစ်ပုဒ်၊ မင်း၏ ယောကျ်ား ၏ဟူသော နှစ်နက်၊ ရညော်၌ ဝိဘတ်တစ်ခု, ပုရိသော၌ ဝိဘတ်တစ်ခုအား ဖြင့် ဝိဘတ်နှစ်ခုကို ရာဇပုရိသော ဟု တစ်ပုဒ်တည်း၊ မင်းချင်းယောကျ်ား ဟု တစ်နက်တည်း၊ ရာဇပုရိသော ဟု တစ်ဝိဘတ်တည်းဖြစ်အောင် ချဉ်းကပ် စပ်ထားသည် ဟူလို။

(ဆောင်) နဂိုရ်သော်ကား, ပုဒ်တွေများလည်း, တစ်ပါးပုဒ်ဖြစ်, တစ်နက် ဖြစ်အောင်, ကျစ်လစ်ပေါင်းစပ်, ချုံးချဉ်းအပ်, သမာသ်ခေါ် ကြရာ။ (ပါဠိသိက္ခာ)

**သန္ဓိစပ်, သမာသ်စပ်, တဒ္ဓိတ်စပ်, ကိတ်စပ်-**

သန္ဓိနှင့် သမာသ်တို့သည် ပုဒ်နှစ်ပါးကို စပ်ပေး၏၊ သို့သော် သန္ဓိစပ် သည် အနက်မစပ်၊ ဝိဘတ်မကျေ၊ ပုဒ်ပြေပြစ်ရုံသာ စပ်ပေး၏။

သမာသ်စပ်ကား အနက်အားဖြင့်လည်း စပ်၏၊ ဝိဘက်လည်းကျေ၊ ပုဒ်လည်း ပြေပြစ်၍ စပ်၏။

http://www.dhammadownload.com



တဒ္ဓိတ်သည် ပုဒ်နှင့် ပစ္စည်းကို စပ်ပေး၏၊ ကိတ်သည် ဓာတ်နှင့် ပစ္စည်းကို စပ်ပေး၏။

(ဆောင်) ဝိဘတ်ကျေပျက်, ပုဒ်အနက်, စပ်ချက် သမာသ်ထုံး။
အနက်မစပ်, ဝိဘတ်မကျေ, ပုဒ်သာပြေ မှတ်လေ သန္ဓိထုံး။

ထိုသမာသ်သည် ၁။ ယုတ္တသမာသ် ၂။ အယုတ္တသမာသ်
၁။ လုတ္တသမာသ် ၂။ အလုတ္တသမာသ်
၁။ နိစ္စသမာသ် ၂။ အနိစ္စသမာသ်။

၁။ သဒ္ဒသမာသ်
၂။ အတ္ထသမာသ်
၃။ သဒ္ဒတ္ထသမာသ် ဟု လည်းကောင်း။
၁။ အာဒိပဒလောပသမာသ်
၂။ မဇ္ဈေပဒလောပသမာသ်
၃။ ဥတ္တရပဒလောပသမာသ် ဟု လည်းကောင်း။
၁။ ပုဗ္ဗပဒတ္ထပဓာနသမာသ်
၂။ ဥတ္တရပဒတ္ထပဓာနသမာသ်
၃။ ဥဘယပဒတ္ထပဓာနသမာသ်
၄။ အညပဒတ္ထပဓာနသမာသ် ဟု လည်းကောင်း ပြားသေး၏။

ယုတ္တ အယုတ္တ-စပ်ထိုက်သောပုဒ်နှင့် စပ်၍ ဝိဂ္ဂဟပြုက ယုတ္တ၊ မစပ်ထိုက်သောပုဒ်နှင့် စပ်၍ ဝိဂ္ဂဟပြုက အယုတ္တ ဟု အကျဉ်းမှတ်ပါ။

ပုံစံ- ရာဇပုတ္တော (ယုတ္တ)၊ အပုနဂေယျာ (အယုတ္တ)။

လုတ္တ အလုတ္တ-ဝါကျတွင်းကဝိဘတ်သည် သမာသ်ပြီးသောအခါ ကျေပျောက်က လုတ္တ၊ မကျေပျောက်က အလုတ္တ ဟု မှတ်ပါ။

http://www.dhammadownload.com



ပုံစံ- ရာဇပုတ္တော (လုတ္တ)၊ ဒိပက်ရော၊ ပုဗ္ဗေနိဝါသော (အလုတ္တ)။

နိစ္စ အနိစ္စ-သမာသ်သာ့ရှိ၍ ဝါကျမရှိက နိစ္စသမာသ်၊ သမာသ် ဝါကျ နှစ်ပါးစုံရှိက အနိစ္စသမာသ် ဟု မှတ်ပါ။

ပုံစံ- ဥပနဂရံ အသဒ္ဒဘောဇီ၊ ကုမ္ဘကာရော(နိစ္စ)၊ ရာဇပုတ္တော (အနိစ္စ)။

သဒ္ဒ အတ္ထ သဒ္ဒတ္ထ- ဝိဘတ်သာကျေ၍ အနက်မစပ်က သဒ္ဒ၊ အနက်သာ စပ်၍ ဝိဘတ်မကျေက အတ္ထ၊ ဝိဘတ်လည်းကျေ အနက်လည်း စပ်က သဒ္ဒတ္ထ ဟု မှတ်ပါ။

ပုံစံ- အပုနဂေယျာ (သဒ္ဒ)၊ ဒိပက်ရော (အတ္ထ)၊ ရာဇပုတ္တော (သဒ္ဒတ္ထ)။

ပုံစံ- ဒေဝေန ဒတ္တော-ဒတ္တော၊ (အာဒိပဒလောပ)
အသောနု ယုတ္တော ရထော-အဿရထော၊ (မဇ္ဈေပဒလောပ)
ရူပသဿ ဘဝေါ-ရူပံ၊ (ဥတ္တရပဒလောပ)

မှတ်ချက်။ ပုဗ္ဗပဒတ္ထပဓာနသမာသ် စသည်ကို နောင် သိလာပါလိမ့်မည်။

သမာသ်အပြား- ၁။ အဗျယီဘောသမာသ်၊
၂။ ကမ္မဓာရည်းသမာသ်၊
၃။ ဒိဂုသမာသ်၊
၄။ တပ္ပုရိသ်သမာသ်၊
၅။ ဗဟုဗ္ဗီဟိသမာသ်၊
၆။ ဒွန်သမာသ်-ဟု ၆ မျိုး ပြားသည်။

(ဆောင်) ဗျ ကမ် ဒိ တပ်, ဗ ဒွန် ထပ်, ခြောက်ရပ် သမာသာ။

## နာမာနံ သမာသော ယုတ္တတ္ထော

ဤသုတ်သည် သာမည်သမာသ် အမည်မှည့်သော သုတ်ဘည်း၊

http://www.dhammadownload.com



နာမာနံ အရှုန္နာမ်ဝိဘတ်သက်ရသော ဥပသာရပုဒ်၊ နိပါတ်ပုဒ်များနှင့် သမာသ်နာမ်၊ တဒ္ဓိတ်နာမ်၊ ကိတ်နာမ်၊ ရှင်္ဂနာမ်၊ နာမ်ဝိဘတ်ဆုံးသော ဝိဘတျန္တပုဒ်များ အားလုံးကို ယူပါ။

ဟေိ ဘိက္ခု ဣတိ သမ္ဗဒါ-ဟေိဘိက္ခုသမ္ဗဒါ။

ဟေိ သွာဂတံ ဣတိ ဝါဒီ-ဟေိသွာဂတဝါဒီ၊-တို့၌ ဣတိ နိပါတ်ကျေ လျက်ပင် သမာသ်စပ်၏။

ဂစ္ဆတိစာတု-စသည်တို့၌ ရှင်္ဂနာမ်ပုဒ်နှင့် သမာသ်စပ်၏။

ယောဂဝိဘာဂ-နာမာနံ သမာသော-ဟူသော ယောဂဝိဘာဂဖြင့် "အပုန-ဂေယျာ" စသော အယုတ္တသမာသ်များကို အမည်မှည့်၍ သမာ-သော ယုတ္တတ္တော-ဟူသော ယောဂဝိဘာဂဖြင့် "ပဘင်္ကရော" စသော အလုတ္တ သမာသ်များကို အမည်မှည့်ဟု သပြေကန်၌ ဆို၏။

ကစ်ဘာင်၌ကား အလုတ္တသမာသ်များကို သုတ်ရင်းဖြင့်ပင် အမည် မှည့်တော်မူသည်။

(ဆောင်)နာမာနံ သမာသော ယောဂံ, အယုတ္တံ, မှည့်ရန် သူ့သဘော။
သမာသော ယုတ္တတ္တော ယောဂံ, အလုတ္တံ, မှည့်ရန် သူ့သဘော။
အနက်မပျောက်, သိလောက်တန်ရာ, ချေရပါ, လုတ္တာသမာသ်ပြ။
ဝိဘတ်ချေက, သိခက်လှ၍, မချေရပါ, ထိုသဒ္ဒါ ယူပါ အလုတ္တ။
(သပြေကန်နှင့် ရွှေရေးဆောင်)

## တေသံ ဝိဘတ္တိယော လောပါ စ

ဤသုတ်ဖြင့် ဝိဘတ်စသည်ချေပုံကို ၂-နည်း ပြကြ၏။

သုတ်နက်- တေသံ-ထိုယုတ္တဖြစ်ကုန်သော သမာသ်, တဒ္ဓိတ်, အာယ စ သော ပစ္စည်းဆုံးသော ပုဒ်တို့၏၊ ဝိဘတ္တိယော-တို့ကို၊ လောပါ-

http://www.dhammadownload.com



ချေအပ်ကုန်၏၊ ဝိဘတ္တိယော-တို့သည်၊ လောပါ-ကျေကုန်သည်၊ ပေါတ္တိ စ-ဖြစ်လည်း ဖြစ်ကုန်၏။ ဤနည်းအရ တေသံသဒ္ဒါ မပို။

သုတ်ရင်းဖြင့် သမာသ်, တဒ္ဓိတ်, အာယစသော ပစ္စည်းအဆုံးရှိသောပုဒ်တို့၏ ဝိဘတ်တို့ကို ချေ၍ ဤပစ္စည်း ပုဒ် အက္ခရာ အာဂုမ်တို့ကိုကား "ဝုတ္တတ္ထာနမပ္ပယောဂေ" ဖြင့် ချေပါ။

တစ်နည်း- တေသံ(ယုတ္တတ္ထာနံ သမာသာနံ)-ထို ယုတ္တတ္ထဖြစ်ကုန်သော သမာသ်တို့၏၊ ဝိဘတ္တိယော-တို့ကို၊ လောပါ-ချေအပ်ကုန်သည်၊ ပေါတ္တိ စ-ဖြစ်လည်း ဖြစ်ကုန်၏၊

ဤနည်း၌ တေသံသဒ္ဒါ ပို၏၊ ရူပသိဒ္ဓိက ဒုတိယနည်းအဖြစ် ဖွင့်ပြသော ကစ္စည်းဝုတ္တိနည်းတည်း။

ဤနည်းအရ သုတ်ရင်းဖြင့် သမာသ်၏ဝိဘတ်တို့ကိုချေ၊ တေသံသဒ္ဒါ ပိုဖြင့် သမာသ်၌ ပုဒ် အက္ခရာ အာဂုမ်တို့ကိုလည်းကောင်း၊ တဒ္ဓိတ်၌ ဝိဘတ် ပုဒ် အက္ခရာ၊ အာချာတ်၌ ဝိဘတ် ပုဒ် အက္ခရာ အာဂုမ်၊ ကိတ်၌ ဝိဘတ် ပစ္စည်းတို့ကိုလည်းကောင်း ချေပါ။

စသဒ္ဒါ-စသဒ္ဒါကား ပဘင်္ကရော-စသော အလုတ္တသမာသ်များ၌ ဝိဘတ်ကို မချေရ-ဟု တားမြစ်သည်။

## ပကတိ စသ သရန္တဿ

ဤသုတ်သည် တေသံ ဝိဘတ္တိယော လောပါ စ သုတ်ဖြင့် ဝိဘတ် ချေပြီးသောအခါ နဂိုရ်ရုပ်တည်စဉ်က ဝိဘတ်မသက်ရသေးသော လိင်အတိုင်း ပြန်ဖြစ်အောင် ပကတိပြုသော သုတ်တည်း။

ဆက်ဦးအံ့၊ သောတ-၌ သိ ၏ ကာရိယ အံကို ချေလိုက်သောအခါ တ-၌ သရမရှိဘဲ "တ်"ဟု ကျန်ရစ်၏၊ ဤသုတ်ဖြင့် ပကတိပြုလိုက်သော

http://www.dhammadownload.com



အခါ "သော့တ"ဟု ပြန်ဖြစ်လာ၏၊ "တ်"၌ အသရပြန်ပေါ်လာ၏ ဟူလို။

စက္ခု၌ကား နဂ္ဂိဟ်ကပင် သရမပျောက်၊ သို့သော် နဂ္ဂိဟ်သရန္တအတိုင်း "စက္ခု"ဟု ရှိကြောင်း ထင်ရှားစေခြင်းအကျိုးငှါ ပဋ္ဌနူဂတိကနည်းအရ "စက္ခု"ဟုပင် ပကတိပြုရသည်။

(ဆောင်) ပျောက်သည့်သရ၊ ဗျည်းဟူသမျှကို၊ မူလအနေ၊ ပြန်ပေါ်စေ၍၊ တစ်ထွေထူးခြား၊ စိရင်မှားလည်း၊ မခြားနဂ္ဂိဟ်၊ တည်စေလို၏။
နဂ္ဂိဟ်တိုင်းတုံ၊ တည်လျက်ကြုံသော်၊ ပဋ္ဌနူနည်း၊ မြဲအောင်တည်းသို့၊ ကစ္စည်းစာတော်၊ သုတ်ညွှန်းဖော်သည့်၊ ရှုမျှော်ပကတိ တွေ့တိုင်းတည်း။ (ရှုဘာဋီ-၁၊ ၅၃၉)

**သူရိယကန္တနည်း၊ စန္ဒကန္တနည်း-**

သောတံ-၌ သိကို အံပြုခြင်းသည် အကြောင်း (နိမိတ္တ)၊ တ၏ အသရကျေခြင်းကား အကျိုး(နေမိတ္တိက)တည်း၊ အကြောင်းနိမိတ် အံ-ကို ချေလိုက်သော်လည်း အကျိုးဖြစ်သော အသရကျေခြင်းကား မပြောင်းလွဲဘဲ ကျေမြဲကျေနေ၏၊ "တ်"၌ အသရ ပြန်ပေါ်မလာ ဟူလို။ ဤသို့ အကြောင်းမရှိသော်လည်း အကျိုးမှာမူ ရှိမြဲရှိနေသော သူရိယကန္တနည်း၊ စန္ဒကန္တနည်းတို့ အရ ဤသုတ်ကို တည်ရသည်။

**မဟီရုဟနည်း-**

မောဂ္ဂလ္လာန်စသော သဒ္ဒါကျမ်းတို့၌ကား ပကတိပြုသောသုတ် မပါ၊ အကြောင်းမရှိလျှင် အကျိုးလည်းမရှိသော မဟီရုဟနည်းအရ ဝိဘတ်အပြုကာရိယကို ချေလိုက်သည်နှင့် ပျောက်ကွယ်နေသော သရ၊ဗျည်းတို့ အလိုလို ပြန်ပေါ်လာကြသည် ဟု ယူကြ၏။

အချုပ်အားဖြင့်တား- သူရိယကန္တနည်း၊ စန္ဒကန္တနည်းတို့အရ ဆိုလျှင် ပကတိပြု၍ ရုပ်တွက်ပါ၊ မဟီရုဟနည်းအရ ဆိုလျှင် ပကတိမပြုရ။

http://www.dhammadownload.com



စသဒ္ဒါ- စသဒ္ဒါဖြင့်ကား ကိံ ဣဒံ ကဲ့သို့သော နိဂ္ဂဟိတ်ဗျည်းဆုံးသော လိင်များကိုလည်း ပကတိပြုဖို့ရန် ဆည်းယူသည်။

**ကိံသမုဒယော, ကိံနိဒါနော-**

ကော သမုဒယော ယဿာတိ-ကိံသမုဒယော။

ကိံ နိဒါနံ အဿာတိ-ကိံနိဒါနော။

ကိံ သမုဒယ ယ တည်၊ ကော သမုဒယော ယဿ ဟူသော ဝါကျပြီး စေ၊ သမာသ်စပ်၊ ဗဟုဗ္ဗီဟိမှည့်၊ ဝိဘတ်ချေ၊ ယ ချေ၊ (က သမုဒယ) သုတ်ရင်းဖြင့် သမုဒယကို ပကတိပြု၊ စဖြင့် ကကို ကိံ ဟု ပကတိပြု စသည်။

**ဣဒပ္ပစ္စယတာ-**

ဣဒံ ပစ္စယ တည်၊ ဣဒံနောင် နံသက်၊ ယောအံနာဒီသု စ တေ လိင်္ဂသိမော ဝါ-ဟူသော နီတိ(၁၁၄)သုတ်ဖြင့် ဣဒံကို ဣမပြု၊ သဗ္ဗနာမာနံ နံမှိ စ ဖြင့် ဣမ၏ အကို ဧပြု၊ ဣမေသံ ပြီး၏၊ ဣမေသံ ပစ္စယာ ဟု ပြီးစေ၊ သမာသ် စီရင်၍ ဝိဘတ်ချေ၊ (ဣမ ပစ္စယ) သုတ်ရင်းဖြင့် ပစ္စယကို ပကတိပြု၊ စ ဖြင့် ဣမကို ဣဒံ-ဟု ပကတိပြု (ဣဒံ ပစ္စယ) ဒွေဘော်လာ၊ နိဂ္ဂဟိတ်ချေ စသည်။ (ဘာဋီ)

ရူပသိဒ္ဓိဂဏ္ဌိ - ရူပဏ္ဌိ၌ ဣမပစ္စယ-ဟု တည်၏၊ ပကတိပြုသောအခါ "ဣမ ပစ္စယ"ဟု ပကတိပြုလျှင် "ဣဒပ္ပစ္စယာ" မပြီးမှာစိုး၍ "ဣဒံ ပစ္စယ"ဟု ပကတိပြု၊ ယဝမဒန၌ စသဒ္ဒါဖြင့် နိဂ္ဂဟိတ်ကို ပ် ပြုကာ တွက်လေ၏။

## ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ

ဤသုတ်သည် သမာသ်ဖြစ်အောင် စီရင်သောကြောင့် ဝိဓိသုတ်လည်း ဟုတ်၏၊ သညာသုတ်လည်း ဟုတ်၏၊ ထို့ကြောင့် ရုပ်တွက်သောအခါ

http://www.dhammadownload.com



ဥပနန္ဒ-နန္ဒရှသကို သမာသ်စပ်၍ အဗျယီဘောသမာသ် အမည်မှည့်ဟုဆိုပါ။

ကစ္စည်းဝုတ္တိနှင့် ရူပသိဒ္ဓိအလိုမူ အဗျယီဘောအမည်ကိုသာ ပြ၏၊ သမာသ်စပ်ပေးမှုကိုကား အညတ္ထာနုပပတ္တိအစွမ်းဖြင့် စိရင်ပြီးဖြစ်၏ဟု ဆို၏။

## သော် နပုံသကလိင်္ဂေါ

ဤသုတ်ဖြင့် အဗျယီဘောသမာသ်ကို နပုံလိင်ဖြစ်အောင် စီရင်သည်။ အဗျယီဘောသမာသ်သည် ဥပသာရပုဒ်, နိပါတ်ပုဒ်အနက် ပြဋ္ဌာန်းလျက်ရှိသောကြောင့် ဥပသာရ နိပါတ်ထုံးစံအတိုင်း အလိင်ဟု မှတ်ရမည်လား-ဟု ယုံမှားဖွယ်ရှိသောကြောင့်လည်းကောင်း၊ ဒွန် တပ္ပုရိသ်တို့ကဲ့သို့ နောက်ပုဒ်လိင် လိုက်၍ သုံးလိင်ဆက်ဆံလေသလား-ဟု ယုံမှားဖွယ်ရှိသောကြောင့်လည်းကောင်း နပုံလိင်ရှိသည် ဟု စီရင်ရသည်။

## အံ ဝိဘတ္တီနမကာရန္တာ အဗျယီဘာဝါ

ဤသုတ်သည် အကာရန္တအဗျယီဘောနောင် ဝိဘတ်တို့ကို အံပြုသော သုတ်တည်း။

## သရော ရဿော နပုံသကေ

ဤသုတ်သည် သမာသ်၏ အဆုံးသရကို ရဿပြုသော သုတ်တည်း၊ ကစ္စည်းဝုတ္တိအလို အဗျယီဘောသမာသ်၌သာ ပြု၏၊ ရူပအလို အဗျယီဘာဝသဒ္ဒါ မလိုက်စေဘဲ ဒိဂု ဒွန် ဗဟုဗ္ဗီဟိတို့၌လည်း ရဿပြုသေး၏။

http://www.dhammadownload.com



အ့ညသွာ လောပေါ စ

ဤသုတ်သည် အကာရန္တ အဗျယီဘောမှတစ်ပါး ဥ ဣ ကာရန္တ အဗျယီဘောနောင် ဝိဘတ်အားလုံးကို ချေသောသုတ်တည်း။

တဒ္ဒိတသမာသကိတကာ နာမံဝါတဝေတုနာဒိသု စ

ဤသုတ် သုတ်ရင်းဖြင့် တဒ္ဒိတ် သမာသ် ကိတ်ပစ္စယန္တ သဒ္ဒါတို့ကို နာမ်ငဲ့၏၊ စသဒ္ဒါဖြင့် ကိစ္စပစ္စယန္တသဒ္ဒါ၊ ဣတ္ထိပစ္စယန္တသဒ္ဒါတို့ကို နာမ်ငဲ့၏။

သမာသ်၌ နာမ်ငဲ့ရခြင်း အကြောင်း-

တတော စ ဝိဘတ္တိယော သုတ်နှင့်အညီ လိင်နောင် နာမ်နောင်သာ ဝိဘတ်သက်ခွင့် ရှိ၏၊ သမာသ်ကလည်း လိင်မဟုတ်၊ နာမ်မဟုတ်သော ကြောင့် သမာသ်နောင် ဝိဘတ်သက်ခွင့် မရနိုင်၊ ထို့ကြောင့် ဝိဘတ်သက်ခွင့် ရအောင် နာမ်ငဲ့ရလေသည်။

လိင်မမည်ခြင်းအကြောင်း-

မိမိအနက်မှ ကင်းခြင်းကြောင့် သမာသ်သည် လိင်မမည်ပါ။ (ရှု)

၁၊ အဗျယီဘောသမာသ်

(ဆောင်) ဥပသာရ၊ နိပါတကို၊ အဗျယဆိုဘိ၊ ထို၏အနက်၊ ပြဓာန်းလျက်
ပေ၊ ရှေ့ကနေ၊ ခေါ်လေ အဗျယီဘော။ (ပါဠိသိက္ခာ)
ရှေ့ပထမာ၊ နောက်ပုဒ်မှာ၊ သတ္တာ ဝိလောပေါ်။
ပြဓာန်း ရှေ့နေ၊ အဗျယေ၊ ခေါ်လေ အဗျယီဘော။

http://www.dhammadownload.com



အဗျယ-လိင်သုံးပါး ဝိဘတ်ခုနစ်သွယ်တို့ဖြင့် မပျက်စီးနိုင်သောကြောင့်-
ဥပသာရ နိပါတ်ပုဒ်တို့ကို အဗျယ-ဟု ခေါ်၏။

အဗျယီဘောလက္ခဏာ-

၁။ ရှေ့ပုဒ်၌ ပဌမာဝိဘတ်ကျေ၍ နောက်ပုဒ်၌ ဝိဘတ်ခုနစ်သွယ်တို့ တွင် တစ်ခုခု ကျေရခြင်း။

၂။ အဗျယမည်သော ဥပသာရနိပါတ်ပုဒ်တို့ ပြဓာန်း ရှေ့ရှိရခြင်း။

ပြဓာန်းခြင်း-ဥပနဂရံ ၌ နဂရအရ မြို့ကိုမရဘဲ ဥပအရ မြို့၏အနီးကိုသာရခြင်း၊ အန္တောပါသာဒံ ၌ ပါသာဒအရ ပြာသာဒ်ကိုမရဘဲ အန္တောအရ ပြာသာဒ်၏ အတွင်းကိုသာရခြင်း စသည်ကို ပြဓာန်းသည် ဟု-ဆိုလို သည်။

သုဂန္ဓော, အသမော စသော ပုဒ်တို့ကဲ့သို့ ရှေ့ရှိသော်လည်း မပြဓာန်းရာ၌ကား အဗျယီဘော မမည်။

အဗျယီဘောနှင့် နိစ္စသမာသ်-

သူ့ဝိဘတ်နှင့် သူ တစ်ပုဒ်စီ ခွဲမရလောက်အောင် အမြဲစပ်နေသော နှစ်ပုဒ်ကို နိစ္စသမာသ် ဆို၏။

ဥပနဂရံ ၌ ဥပသဒ္ဒါသည် သူ့ချည်းသက်သက် ဥပ-ဟု ခွဲမနေနိုင်ရကား ဥပနဂရံစသော အဗျယီဘောသမာသ်ကို နိစ္စသမာသ်-ဟု ဆို၏။

ထိုသို့ နိစ္စသမာသ်ဖြစ်သည့်အတွက် ခွဲ၍မရသောကြောင့် နဂရဿ ဥပ ဟု မိမိပုဒ်ရင်းဖြင့် ဝိဂ္ဂဟပြု၍ မဖြစ်နိုင်၊ ဥပ၏ အနက်တူဖြစ်သော သမီပပုဒ်ဖြင့်သာ 'နဂရဿ သမီပံ' ဟု ဝိဂ္ဂဟပြု၍ ဖြစ်သည်။

(ဆောင်) အဗျယီဘာဝ, သမာသမှာ, နိစ္စကောန်, စင်စစ်မှန်၍, ပြုရန် ဝိဂြိုဟ်, မရှိဆို၏၊ ဝိဂြိုဟ်ဝါကျ, ပြုလိုကမူ, တစ်ပါးကပုဒ်, ဆောင် ကာထုတ်၍, လုပ်လေ ဝိဂြိုဟ်ဝါကျတည်း။ (ရှဘာဋီ-၁၊ ၅၂၂)

http://www.dhammadownload.com



အဗျယီဘောသမာသ်၌ နိစ္စသမာသ်ဖြစ်၍ (သပဒ)မိမိပုဒ်ရင်းဖြင့် ဝိဂ္ဂဟမပြုနိုင်၊ (အသပဒ)ပုဒ်တစ်ပါးဖြင့် ဝိဂ္ဂဟပြုရမည်ဟူသော စကားသည်လည်း "ပါသာဒဿ အန္တော-အန္တောပါသာဒံ၊ ပါသာဒဿ ဟေဋ္ဌာ-ဟေဋ္ဌာပါသာဒံ" ဟူသော သပဒဝိဂ္ဂဟတို့ကို ထောက်က ယေဘုယျသာ ဖြစ်၏။ (ရူဋီ-၁၂၉)

(ဆောင်) ရှေ့နိပါတ, နောက်နာမနှင့်, တက္ကရှိက, တစ်ချို့မျှ, သပဒ ဝိဂြိုဟ်ပြု။

## အဗျယီဘောသမာသ် ဝိဂြိုဟ်တွင်း လိင်-

အဗျယီဘောသမာသ်၏ ဝိဂြိုဟ်တွင်း၌ ရှေ့နောက်ပုဒ်တို့၏ လိင်ကို မိမိတို့၏ ရှိရင်းပကတိလိင်အတိုင်း ထားရမည်။

## ဝိဘတ်နှင့် ဝုစ်-

ဝိဂြိုဟ်တွင်း အဗျယပုဒ်တို့နှင့် ယင်း၏ ပရိယာယ်ပုဒ်တို့ကို ပထမာ ဧကဝုစ်ဖြင့်သာ များသောအားဖြင့် ထားရသည်။

ထို ဥပသာရ နိပါတ်ပုဒ်တို့သည် သချာအပြား ကံအစရှိသော အပြားတို့၏ မရှိခြင်းကြောင့် ပထမာဧကဝုစ် ဝိဘတ်သာ-ဟု ရူ-၁၃၁၌ ဆို၏၊ ဝိဂြိုဟ် တွင်းရှိ ရှေ့နာမ်ပုဒ်တို့၏ ဝိဘတ်,ဝုစ်တို့ကိုကား အရကောက် အားလျော်စွာ ဝိဘတ်ခုနစ်သွယ်, ဝုစ်နှစ်ပါး သင့်တော်ရာ ထားရမည်။

## ဝိဂြိုဟ်ပြုပြီး ဝိဘတ်, လိင်, ဝုစ်-

မည်သည့် ဝိဂ္ဂဟဖြစ်စေ ဝိဂ္ဂဟပြုပြီး၍ ချရာ၌ကား ပထမာဝိဘတ်ဖြင့်သာ ချရသည်။

လိင်ကိုကား "သော နပုံသကလိင်ဂေါ"အရ နပုံလိင်သာ ထားရမည်၊ သို့သော် ပါဠိတော်၌ အခြားလိင်နှင့် တွေ့ကလည်း ထိုလိင်အတိုင်း ထားနိုင်ပါသည်၊ ဝုစ်ကိုကား ဧကဝုစ် ဗဟုဝုစ် သင့်ရာထားရမည်။

http://www.dhammadownload.com



နပုံလိင် မမြဲ- သော နပုံသကလိင်္ဂေါ-ဟု ဆိုသော်လည်း "ယာ ယာ ပရိသာ ယထာပရိသာ၊ ယော ယော မဂ္ဂေါ ယထာမဂ္ဂေါ" တို့ကို ထောက်က နပုံလိင်အဖြစ်သည် ယေဘုယျသာ။

ကာရန္တ-အဗျယီဘောသမာသ်၌ အာ ဤ ဦ ဆုံးသော ပုဒ်တို့ကို သရော ရဿော နပုံသကေ သုတ်ဖြင့် ရဿပြုထားသောကြောင့် အ, ဣ, ဥ ဟု ကာရန္တသုံးမျိုးသာ ရှိ၏။

အကာရန္တ- ဥပနဂရံ, အဓ္ဓတ္တံ စသည်။
ဣကာရန္တ- အဓိတ္ထိ, အဓိကုမာရိ စသည်။
ဥကာရန္တ- ဥပဂု, ဥပဝဓု စသည်။

အကာရန္တ အဗျယီဘောဂိုဏ်းစဉ်-

အံ ဝိဘတ္တီနမကာရန္တာ စသောသုတ်ဖြင့် ပ-ဒု-စတုတ္ထီ ဝိဘတ်တို့၌ အမြဲ အံပြုရုပ်သာ စဉ်၊ တ-ဆ-သတ္တမီ ဝိဘတ်တို့၌ ဝိကပ်အံပြု၊ ပဉ္စမီဝိဘတ်၌ ဘယ်အခါမှ အံမပြုရ။

(ဆောင်) ပ-ဒု-စ ဟု, သုံးခုနိစ္စ, အံဘာဝ သေသ ချို့ဝိကပ်။
ပဉ္စမီမှာ, အံပြုတာ, ဘယ်ခါ မရှိမှတ်။

| | | |
|---|---|---|
| ဂိုဏ်းစဉ်- | ဥပနဂရံ | ဥပနဂရံ |
| | ဥပနဂရံ | ဥပနဂရံ |
| | ဥပနဂရံ, ဥပနဂရေန | ဥပနဂရံ, ဥပနဂရေဟိ, ဘိ |
| | ဥပနဂရံ | ဥပနဂရံ |
| | ဥပနဂရသ္မာ, မှာ, ရာ | ဥပနဂရေဟိ, ဘိ |
| | ဥပနဂရံ, ဥပနဂရဿ | ဥပနဂရံ, ဥပနဂရာနံ |
| | ဥပနဂရံ, ဥပနဂရသ္မိံ, မှိ, ရေ | ဥပနဂရံ, ဥပနဂရေသု-ဟု |

စဉ်။

http://www.dhammadownload.com



ဤသို့ ရူပသိဒ္ဓိ၌ "န ပဥ္စမျာယမ်ဘာဝေါ"ဟု အတိအလင်း ဆိုထားသော်လည်း ပါဠိတော်များ၌ "အဋ္ဌတ္တာ ဓမ္မာ(ပထမာ ယော)၊ အဋ္ဌတ္တော ဓမ္မော အဋ္ဌတ္တဿ ဓမ္မဿ(သိ+သ)၊ အဋ္ဌတ္တံ-မှ၊ ဝုဋ္ဌာတိ-ထ၏"စသည်ဖြင့် ပဥ္စမီဝိဘတ်ဖြင့် အဋ္ဌတ္တံ ဟု အံပြုလျက်ရှိသောကြောင့်လည်းကောင်း၊ အခြားဝိဘတ်များ၌လည်း ထို့အတူ အံပြု၊ မပြု နှစ်ခုရှိသင့်ရကား ဝိဘတ်အားလုံး၌ပင် အံအပြု မပြုဟု ဆုံးဖြတ်တော်မူသည်။ (ဘာဋီ)

ထို့ကြောင့် ဘာဋီအလို ဝိဘတ်အားလုံး၌ အံပြုရုပ် အပိုထည့်စဉ်။ (အခြေပြုကြည့်)

## ဣ ဥ ကာရန္တ အဗျယီဘော ဂိုဏ်းစဉ်-

ဣ ဥ ကာရန္တ အဗျယီဘောသမာသ်တို့၌ကား "အညသ္မာ လောပေါ စ"သုတ်ဖြင့် ဝိဘတ်အားလုံးတို့ကို ချေ၍ ဂိုဏ်းစဉ်ရသည်။

ဣကာရန္တ- ဝိဘတ်ခုနစ်သွယ် ဝုစ်နှစ်ပါးလုံး၌
　　အဓိကုမာရိ　　အဓိကုမာရိ
　　အဓိကုမာရိ　　အဓိကုမာရိ-ဟုချည်းစဉ်။

ဥကာရန္တ- ဥပဝဓု　　ဥပဝဓု
　　ဥပဝဓု　　ဥပဝဓု-ဟုချည်းစဉ်။

## အဗျယီဘောသမာသ်အပြား

အဗျယီဘောသမာသ်ဝယ် နောက်ပုဒ်၌ ကျေသောဝိဘတ်ကို မှတ်၍ "ပထမာအဗျယီဘော"စသည်ဖြင့် ခုနစ်မျိုးပြားသည်။

ပထမာ-　ယေ ယေ ဝုဍ္ဍာ-ယထာဝုဍ္ဍံ။
ဒုတိယာ-　စိတ္တံ အဓိကိစ္စ ပဝတ္တံ-အဓိစိတ္တံ။
တတိယာ-　ကောကိလေန အဝကုဋ္ဌ ဝနံ-အဝကောကိလံ။
စတုတ္ထီ-　ကမဿ အနုရူပံ-ယထာက္ကမံ။

http://www.dhammadownload.com



ပဥ္စမီ- ဝါနတော နိက္ခန္တ-နိဗ္ဗာန်။
ဆဋ္ဌီ- နဂရဿ သမီပံ-ဥပနဂရံ။
သတ္တမီ- ကုမာရီသုံ အဓိကိစ္စ ပဝတ္တာ ကထာ-အဓိကုမာရိ။

မှတ်ချက်။ ။တတိယာ, ပဥ္စမီ တို့ကို ရှဉ် တပ္ပုရိသ်သမာသ်ဝယ် ထည့်သွင်းပြ ထားသည်။

တစ်နည်း အဗျယီဘောသမာသ်အပြား

သမီပတ္ထ- ဥပနဂရံ စသည်။
အဘာဝတ္ထ- ဒရထာနံ အဘာဝေါ-နိဒ္ဒရထံ။

ဂုဏ်ကို ဟောရာ၌ အဗျယီဘောသမာသ်တည်း၊ ဒြပ်ကို ဟောရာ၌ကား "နတ္ထိ ဒရထော ဧတဿာတိ-နိဒ္ဒရထော" (ပုရိသော)ဟု ဗဟုဗ္ဗိဟိ ဆိုရ၏(နီတိ)

ပစ္ဆတ္ထ- ရထဿ ပစ္ဆာ-အနုရထံ၊ အနုဝါတံ။
ယောဂျတာအတ္ထ- သရူပဿ အနုရူပံ-ယထာသရူပံ။
ရူပဿ ယောဂ္ဂံ-အနုရူပံ။
ဝိစ္ဆတ္ထ- အတ္တာနံ အတ္တာနံ ပတိ-ပစ္စတ္တံ။
အဒ္ဓမာသံ အဒ္ဓမာသံ အနု-အနွဒ္ဓမာသံ။
ယေ ယေ ဝုဍ္ဎာ-ယထာဝုဍ္ဎံ။

အဋ္ဌကထာတို့ အလို- ပတိ ပတိ အတ္တာနံ-ပစ္စတ္တံ၊- ဟု ဆိုပါ။

အတ္တနာတိ ပစ္စတ္တံ၊ အတ္တနီတိ-ပစ္စတ္တံ၊ အတ္တနောတိ-ပစ္စတ္တံ၊ ဟု ဆိုက "ဝိဘတျတ္ထအဗျယီဘော"ဟု နာမည်ပေးပါ။

အာနုပုဗ္ဗိယ- ဇေဋ္ဌာနံ အနုပုဗ္ဗော-အနုဇေဋ္ဌံ။
ဝုဍ္ဎာနံ ပဋိပါဋိ-ယထာဝုဍ္ဎံ။
အနုက္ကမတ္ထအဗျယီဘောဟုလည်း ခေါ်သေး၏။ ၁၃၉

http://www.dhammadownload.com



ပဋိ္ဌဟုသ္မတ္တ- သောတသာ ပဋိလောမ်-ပဋိသောတံ။ ပဋိပထံ။
အဓိကိစ္စပဝတ္တျတ္တ- အတ္တာနံ အဓိကိစ္စ ပဝတ္တံ-အဇ္ဈတ္တံ။
စိတ္တံ အဓိကိစ္စ ပဝတ္တံ-အဓိစိတ္တံ။

မှတ်ချက်။ ။အထက်ပါ ဝိဂ္ဂဟတို့ကို သပြေကန်၌ ဝိဘတျတ္တအဗျယီ ဘောဟု ဆို၏၊ အဓိစိတ္တံ ကိုလည်း ထို့အတူ ဝိဘတျတ္တဟုပင် ဆို၏၊ အဓိကိစ္စ ပဝတ္တာ ကထာ-ပုဒ်ကိုကား ဣတ္ထိသုဟူသော အာဓာရ၏ အာဓေယျကို ပြလို၍ ဆိုသည်ဟု မိန့်၏။

ဘာသာဋီကာ၌ကား "အတ္တာနံ အဓိကိစ္စ ပဝတ္တံ-အဇ္ဈတ္တံ"စသည် ဆိုက အဓိကိစ္စပဝတျတ္တအဗျယီဘော၊ အတ္တနောတိ-အဇ္ဈတ္တံ၊ အတ္တနိတိ-အဇ္ဈတ္တံ စသည်ဖြင့် ဆိုက ဝိဘတျတ္တအဗျယီဘောဟု ဆို၏။ အဓိစိတ္တ၌လည်း နည်းတူ။ အဓိစိတ္တံကို "အဓိကံ စိတ္တံ-အဓိစိတ္တံ"ဟု အဋ္ဌကထာတို့၌ ကမ္မဓာ ရည်းလည်း တွဲကြသေး၏။

မရိယာဒါဘိဝိဓျတ္တ-အာ ပါဏကောဋိယာ-အာပါဏကောဋိကံ။
အာ ကုမာရေဟိ-အာကုမာရံ။
သမီပျတ္တ- ဘိက္ခာယ သမီပံ-သုဘိက္ခံ။ သမ္ပန္နံ ပြဟွံ-သပြဟွံ။ (နိရုတ္တိ)
ပဒတ္ထာနတိက္ကမတ္တ-ကမံ အနတိက္ကမိတွာ-ယထာက္ကမံ။
အစဉ်ကို မလွန်မူ၍ (ဝါ) အစဉ်အတိုင်း။
သတ္တိံ အနတိက္ကမိတွာ-ယထာသတ္တိ။
သတ္တိကို မလွန်မူ၍ (ဝါ) သတ္တိရှိတိုင်း။

ယထာသဒ္ဒါသည် ယောဂျတာ, ဝိစ္ဆာ, ပဒတ္ထာနတိဝတ္တိ, အာနုပုဗ္ဗိယ, သာဒိသ စသော အနက်များကို ဟော၏၊ ထို့ကြောင့် ယထာသဒ္ဒါပါသော ယောဂျတာအတ္တအဗျယီဘော စသည်တို့ကို "ယထာတ္တအဗျယီဘော" ဟုလည်း နာမည်ပေးကြ၏။

http://www.dhammadownload.com



ယထာက္ကမံ စသည်၌ ယထာ၏အနက်ကို ယောဂျတာအနက်ယူ၍-
"ကမဿ အနုရူပံ ယထာက္ကမံ-အစဉ်အားလျော်စွာ"ဟု လည်းကောင်း၊
"သတ္တိယာ အနုရူပံ ယထာသတ္တိ-သတ္တိအားလျော်စွာ"ဟု လည်းကောင်း
ယောဂျတာအတ္ထ အဗျယီဘောလည်း ဖြစ်သင့်သည်သာ။

အဝဓာရဏတ္ထ- ဇီဝဿ ယတ္တကော ပရိစ္ဆေဒေါ-ယာဝဇီဝံ။

အာယုဿ ယတ္တကော ပရိစ္ဆေဒေါ-ယာဝတာယုကံ။

ရုပ်တွက်- ယာဝတာ+သိ+အာယု+သ ဟု ဝိဘတ်သက်၍တွက်။

ယာဝတာယု -ဟု ဖြစ်သောအခါ ကွစိသမာသန္တ စသောသုတ်ဖြင့် ကပစ္စည်း သက်ပါ။

ယတ္တကေန အတ္ထော-ယာဝဒတ္ထံ။

ယတ္တကေန ကို ကြည့်၍ ယာဝ၌ တတိယာဝိဘတ်သက်၍ ချေ၊ ယာဝနောင် နာသက်ရသောကြောင့် "ရှေ့ပထမာ, နောက်ပုဒ်မှာ"စသော စကားလည်း မမြဲကြောင်း မှတ်ပါ။

ပရဘာဂတ္ထ- ပဗ္ဗတဿ တိရော-တိရောပဗ္ဗတံ။

တိရောကုဋ္ဋံ၊ တိရောပါကာရံ၊ အန္တောပါသာဒံ၊ အန္တောနဂရံ-တူ။

သာကလျတ္ထ- သဟ မက္ခိကာယ-သမက္ခိကံ။

ကြိယာဝိသေသနအနက်၌ အံသက်၊ အံ ဝိဘတ္တိနှဖြင့် အံထပ် ပြုပါ။

မှတ်ချက်။ ။ဤကား ရှုနှင့် ဘာဋီတို့ကို အမိကထား၍ ဖော်ပြအပ်သော အဗျယီဘောနာမည်များတည်း၊ အခြားနာမည် အမျိုးမျိုးလည်း ရှိသေး၏၊အနီးစပ်ဆုံးနှင့် အတွေ့များသည့် နာမည်တို့ကိုသာ ဖော်ပြ လိုက်ပါသည်။

http://www.dhammadownload.com



(ဆောင်) သမိပါ ဘာဝ ပန္တတ္ထ၊
ယောဂျာ ဝိဝတ္တ ပုဗ္ဗိယ။
ပဋိလောမ မိကိစ္စ၊
မရိယာ သမိဒ္ဓိ ပဒတ္တ။
အဝဓာရံ ပရဘာဂေ၊
သာကလ္လတ္ထ အဗျယီဘော။

အသင်္ချသမာသ်-

အဗျယီဘောသမာသ် အားလုံးကို "အသင်္ချသမာသ်"ဟုလည်း ခေါ်ကြ၏၊ သင်္ချာမရှိသော ဥပသာရ၊ နိပါတ်ပုဒ်တို့အနက် ပြဓာန်းသော သမာသ်ဖြစ်၍ အသင်္ချသမာသ်ဟု ဆိုသည်။

"အသင်္ချ" န္တိ ဥပသဂ္ဂပဒံ နိပါတပဒဥ္စ ဝုစ္စတိ၊ တံ ဒွယမ္ပိ ဟိ ကေတ္တ ဝဟုတ္တသင်္ချံ ပဋိစ္စ ရူပဝိကာရရဟိတတ္တာ "အသင်္ချ" န္တိ ဝုစ္စတိ။ (နိရုတ္တိ)

လေ့ကျင့်ခန်း သမာသ်ပုံစံများ

| | | |
|---|---|---|
| ဥပသုတိ | ဥပကဏ္ဏကံ | အနုဝသံ |
| ယထာမေ္ဘာ | အုဂ္ဂေကံ . | ဥဇ္ဇုဂင်္ဂါကုမဏ္ဍလံ |
| ဥပရိပါသာဒံ | ပုရေဘတ္တံ | နိမ္မက္ခိကံ |
| ယထာလာဘံ | ပုရာရုဏံ | အန္တောနဂရံ။ |

http://www.dhammadownload.com

## ၂။ တမ္ပဝ်ာရည္သမာသ်

### ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော

ဒွိပဒေ-ဟု သုတ်၌ ဆိုသော်လည်း "ဆင္ဂိတာ ပတိတာ ဥဂ္ဂါပါ-ဆင္ဂိတပတိတဥဂ္ဂါပါ" ဟု လည်းကောင်း၊ စိတ္တသံသဋ္ဌာ စ တေ စိတ္တ-သမုဋ္ဌာနာ စ စိတ္တသဟဘုနော စ စာတိ-စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော" ဟု လည်းကောင်း တိပဒလည်း ရှိ၏ဟု မှတ်ပါ။

**တုလျာဓိကရဏေ-**

အကြောင်းကွဲသော်လည်း အပြီးသတ်ဟောနက်အားဖြင့် ထပ်တူဖြစ်နေသော ပုဒ်များကို တုလျာဓိကရဏ-ဟု ခေါ်၏။

ဒိဋ္ဌပုဗ္ဗောဝယ် ဒိဋ္ဌနှင့် ပုဗ္ဗတို့သည် ဝါကျအခိုက်၌ တုလျာဓိကရဏ မဖြစ်သောကြောင့် "ဒွိပဒေ ကမ္မဓာရယော"ဟူသော ယောဂဝိဘာဂဖြင့် ကမ္မဓာရည်း အမည်မှည့်ရသည်။

### ဥဘော တပ္ပုရိသာ

ဤသုတ်ဖြင့် ကမ္မဓာရည်း, ဒိဂု တို့သည် နောက်ပုဒ်အနက် ပြဋ္ဌာန်းခြင်းဟူသော တပ္ပုရိသ်လက္ခဏာရှိရကား "တပ္ပုရိသ်"အမည်လည်း ရကြသည် ဟု ပြသည်။

ဥဘော တပ္ပုရိသာ သုတ်၌ တပ္ပုရိသ်သည် ကမ္မဓာရည်း ဒိဂု လက္ခဏာတို့နှင့် ရောသော မိဿကတပ္ပုရိသ်တည်း၊ (ဝါ) ပဌမာတပ္ပုရိသ်တည်း။

ဆက်ဦးအံ့၊ တပ္ပုရိသ်သည်-

၁။ မိဿကတပ္ပုရိသ်

၂။ သုဒ္ဓတပ္ပုရိသ် ဟု လည်းကောင်း။

http://www.dhammadownload.com



၁။ ပထမာတပ္ပုရိသ်

၂။ အမာဒိတပ္ပုရိသ် ဟု လည်းကောင်း ကွဲပြားသေး၏။

ထိုတွင် "အမာဒယော ပရပဒေဘိ"သုတ်၌ လာလတ့်သော တပ္ပုရိသ် သည် သုဒ္ဓတပ္ပုရိသ်၊ (ဝါ) အမာဒိတပ္ပုရိသ်တည်း။

အမည်ပေး-မိဿကတပ္ပုရိသ်, ပထမာတပ္ပုရိသ်ဟု နာမည်မပေးကြ၊ သမာသ် ခြောက်မျိုးအရ ရေတွက်အပ်သော ကမ္မဓာရည်း ဒိဂု စသည်ဖြင့် အခြားနှင့် မဆက်ဆံသော နာမည်ထူးသာ ပေးကြရသည်။

သုဒ္ဓတပ္ပုရိသ်၌လည်း ထို့အတူပင်၊ ဒုတိယာတပ္ပုရိသ် စသည်ဖြင့် နာမည်ထူးကိုသာ ပေးကြရသည်၊ သုဒ္ဓတပ္ပုရိသ်ဟု နာမည်မပေးကြ။အမာဒိ တပ္ပုရိသ်ဟုလည်း မပေးကြ။ "အန္တ္တ အတိက္ကန္တ္တ အစ္စန္တ္တ" စသည်တို့ကိုကား အမာဒိပရတပ္ပုရိသ်ဟု နာမည်ပေးရသည်။ (ရူ-၁၉၈)

## သမာသ် ၄ မျိုး

၁။ ပုဗ္ဗပဒတ္ထပဓာနသမာသ်- အဗျယီဘောသမာသ်

၂။ ဥတ္တရပဒတ္ထပဓာနသမာသ်-ကမ္မဓာရယ,ဒိဂု, တပ္ပုရိသ်သမာသ်

၃။ ဥဘယပဒတ္ထပဓာနသမာသ်- ဒွန်သမာသ်

၄။ အညပဒတ္ထပဓာနသမာသ်- ဗဟုဗ္ဗီဟိသမာသ်

ဤသို့ အနက်ပြဌာန်းသည်၏ အစွမ်းဖြင့် လေးမျိုးပြားသည်၊ သမာသ် ခြောက်မျိုးကို လေးမျိုးပြုလိုက ဥဘော တပ္ပုရိသာ သုတ်အရ ကမ္မဓာရည်း ဒိဂု သမာသ်တို့ကို ဥတ္တရပဒတ္ထပဓာနတပ္ပုရိသ်သို့ သွင်းယူရမည် ဟု ဥဘော တပ္ပုရိသာသုတ်က ပြ၏။

http://www.dhammadownload.com



(ဆောင်) ဗျယီသမာသ်, ရှေ့နက်မှတ်ရှေလော, ကမ် တပ် ဒိဂု, နောက်နက်ရှု၍, ဗဟုဗ္ဗီတွက်, အညနက်နှင့်, နောက်ဆက် ဒွန္ဒာ, ဥဘယာသည်, မှတ်ပါ ပဓာနအနက်တည်း။

## မဟတံ မဟာ တုလျာဓိကရဏ ပဒေ

ဤသုတ်သည် ကမ္မဓာရည်း ဗဟုဗ္ဗိဟိ သမာသ်တို့၌ မဟန္တကို မဟာပြု၏၊ မဟတံ-ဟူသော ဗဟုဝုစ်သဒ္ဒါပိုဖြင့် မဟပြု၍ မဟဗ္ဗယ စသည်လည်း ဖြစ်သေး၏။

**မဟတံ မဟာ-**

"မဟတံ မဟာ"ဟူသော ယောဂဝိဘာဂဖြင့် တုလျာဓိကရဏ မဖြစ်သော "မဟန္တိယာ ယာသော-မဟာယာသော"ဟူသော သုဒ္ဓတပ္ပုရိသ်၌ မဟန္တ ကို မဟာပြု၏၊ မဟန္တီ ဟု ပကတိပြုပြီးနောက် ပုံလိင်ငဲ့၊ မဟန္တဖြစ်မှ မဟာပြု ပါ။ မဟန္တသ ဗောဓိ-မဟာဗောဓိ။(ဆဋ္ဌီတပ္ပုရိသ်)

မဟန္တေ သတ္တော-မဟာသတ္တော။(သတ္တမီတပ္ပုရိသ်)

မြတ်သောသဗ္ဗညုတဉာဏ်၌ ငြိကပ်သူ။(ကစ်ဘာဋီ-၂၊ ၁၀)

မဟန္တသ ဘာဝေါ-မဟတ္တံ ဟူသော တဒ္ဓိတ်၌လည်း မဟာပြုပါ၊ ထို့နောက် ဟာ၏ အာကို အရဿပြု။

အနိစ္စဝိဓိ-မဟန္တာရမ္မဏံ ၌ တုလျာဓိကရဏဖြစ်လျက် မဟာ မပြုသောကြောင့် ဤသုတ်သည် အနိစ္စဝိဓိ။

http://www.dhammadownload.com



## ကမ္မဝါစာရယသဒေ ၈

ဤသုတ်ဖြင့် ပုမ္ဗောင်ရာ၌ အင်္ဂါ ၅ ချက်ရှိ၏။

၁။ ကမ္မဝါစာရည်းသမာသ်လည်း ဖြစ်စေ။

၂။ ရှေ့ပုဒ်၌ ကတ္တိုလိင်ကိုထွန်းပြသော ပစ္စည်းလည်း ရှိစေ။

၃။ ရှေ့ပုဒ်သည် ဟောဖူးသော ပုံလိင်ရှိသည်လည်း ဖြစ်စေ။

၄။ ရှေ့ပုဒ် နောက်ပုဒ် တုလျာဓိကရဏလည်း ဖြစ်စေ။

၅။ နောက်ပုဒ်လည်း (နိယတ) ကတ္တိုလိင်ဟော ဖြစ်စေ။

ဤအင်္ဂါတို့နှင့် ပြည့်စုံက ပုမ္ဗောင့်ရမည်။

နိယတကတ္တိုလိင်ဟူသည် ယေဘုယျသာ၊ ဗြာဟ္မဏဒါရိကာ၊ ဗဟုဒါသိကော တို့၌ နောက်ပုဒ် နိယတကတ္တိုလိင်ဟော မဟုတ်။

## ရှေ့ငဲ့ နောက်ငဲ့ ဝါဒကွဲများ

(ဆောင်) ရူပသိဒ် မောဂ္ဂလ္လာန်, ဗျာချုန် ဗျာကရုဏ်း, ကျမ်းအားလုံးက, ပုမ္ဗာဝကို, ရှေ့ငဲ့ဆို၏၊ နီတိ ဧျာသ, နောက်၌ ပြ၏၊ ဝတာရဟာလာ, အစုံငဲ့မှာသည်၊ ရှေ့သာ နှစ်သက်များသတည်း။

ပုမ္ဗောင့်ခြင်း အကျိုး-

ပုမ္ဗောင့်ခြင်းဖြင့် "ပုဗ္ဗပဒေ ကတ္ထိပစ္စယဿ နိဝတ္တိ ဟောတိ" ဟူသော ရှစကားအရ ရှေ့ပုဒ်၌ ကတ္တိုလိင်ဟော ပစ္စည်းတို့ ကျေပျောက်ရခြင်း အကျိုးရှိ၏။

ကုမာရိရတန်၊ သမဏီပဒုမံ စသည်တို့၌ နောက်ပုဒ် ကတ္တိုလိင်ဟော မဟုတ်သောကြောင့် ပုမ္ဗောမငဲ့ရ။

ဂင်္ဂါနဒီ၊ တဏှာနဒီ၊ ပထဝီဓာတု စသည်တို့၌ ရှေ့ပုဒ် ဘာသိတပုမ မဟုတ်သောကြောင့် (အမြဲ ကတ္တိုလိင်ဟော ဖြစ်သောကြောင့်) ပုမ္ဗောမငဲ့ရ။

http://www.dhammadownload.com



နန္ဒာပေါက္ခရဏီဟူ-နန္ဒာဒေဝီ၊ 'ပဌမာဝိဘတ္တိ၊ ဝတ္တမာနာဝိဘတ္တိ စသည်တို့၌ကား သညာသဒ္ဒါ ဖြစ်သောကြောင့် ပုမ္ဗောမငဲ့ရ။ (ရူ)

## အတ္တံ နသ္မ တပ္ပုရိသေ

မိဿကတပ္ပုရိသ်, ပဌမာတပ္ပုရိသ်သမာသ်၌ သုတ်ရင်းဖြင့် နကို အပြု၊ ဗဟုဗ္ဗီဟိ, အဗျယီဘောတို့၌ "အတ္တံ နဿ"ဟူသော ယောဂဝိဘာဂ ဖြင့်ပြု။

အဗြာဟ္မဏော။ (သုတ်ရင်း)

န ဝိဇ္ဇတေ ယောသော ယေသန္တိ-အယောသာ။ (ဗဟုဗ္ဗီဟိ)

ဗြာဟ္မဏဿ အဘာဝေါ-အဗြာဟ္မဏံ။ (အဗျယီဘော)

တစ်နည်း- တပ္ပုရိသသဒ္ဒါသည် ဥပလက္ခဏနည်းမျှသာတည်း၊ ထို့ကြောင့် ဗဟုဗ္ဗီဟိ၊ အဗျယီဘောတို့၌လည်း သုတ်ရင်းဖြင့်ပင် ပြုနိုင်သည်။

## သရေ အန်

တပ္ပုရိသ်, အဗျယီဘောသမာသ်တို့၌ နကို အန်ပြု။

အတ္တံ နဿ တပ္ပုရိသေ သုတ်က လိုက်လာသော တပ္ပုရိသသဒ္ဒါ သည် ဥပလက္ခဏနည်းမျှသာ ဖြစ်၍ ဗဟုဗ္ဗီဟိ၌လည်း အန်ပြု၍ "အနုတ္တ- ရော"စသည် ဖြစ်၏။ တပ္ပုရိသဂ္ဂဟဏမုပလက္ခဏံ။ (ရူ-၂၀၅)

တစ်နည်း- တေသုဝုဒ္ဓိသုတ်ကြီးဖြင့် အန်ပြု။

တစ်နည်း- န် နှင့် အ ရှေ့နောက်ပြန်ပါ။

တစ်နည်း- သရေ အန် ဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် ပြုပါ။ (ရူဘာဋီ-ပ၊ ၅၉၃)

http://www.dhammadownload.com



အ မပြုသော ပုံစံများ-

နတ္ထိ ခံ အဿာတိ-နခေါ။ (လက်သည်း)

နတ္ထိ ကုလံ အဿာတိ-နကုလော။ (မြွေပါ)

န ဣတ္ထိပုမံ-နပုံသကံ။ (သုတ်ကြီးဖြင့် ဣတ္ထိပုမ ကို ပုံသကပြု)

န ခီယတိ န ခရတီတိ-နက္ခတ္တံ။

န မုဠ္ဟတီတိ-နမုစိ။

အန် မပြုရသော ပုံစံများ-

နတ္ထိ အကံ ဒုက္ခံ ဧတ္ထာတိ-နာကံ။ (နတ်ပြည်)

န ဂစ္ဆတီတိ-အဂေါ၊ န အဂေါ-နာဂေါ။ (ဆင် နဂါး စသည်)

နတ္ထိ အန္တံ ယဿာတိ-နန္တကံ။

ဤပုံစံတို့၌ အပြု အန်ပြုသင့်သော်လည်း "နခါဒယော"သုတ်ကတားမြစ်သောကြောင့် မပြုရ။

## ကဒ် ကုဿ

နီတိ, နိဒ္ဒေသတို့၌ ကမ္မဓာရယမိဿကတပ္ပုရိသ်, ဗဟုဗ္ဗီဟိတို့၌ စီရင်သည်ဟု ဆို၏၊ ရူပသိဒ္ဓိနှင့် မောဂ်စသည်တို့ကား တပ္ပုရိသ်အရာသာ၊ ဗဟုဗ္ဗီဟိဖြစ်မူ သရနှောင်းသော်လည်း ကဒ် မပြုရဟု ဆို၏။

ကုစ္ဆိတံ အန္နံ ယဿာတိ-ကဒန္နော။ ကဒသနော။(ပြုပုံစံ)

ကုစ္ဆိတော ဩဒ္ဒေါ ယဿာတိ-ကုဩဒ္ဒေါ။(နိရုတ္တိ)

## ကာပ္ပစ္စေသု စ

ဤသုတ်သည် တပ္ပုရိသ်အရာသာ စီရင်သည်ဟု ရူ, မောဂ်တို့ ဆို၏၊ ဈာသ၌ကား တပ္ပုရိသ်, ဗဟုဗ္ဗီဟိ စီရင်သည်။

http://www.dhammadownload.com



အပွက့် ပုပွံ ယဿာတိ-ကာရုပုပ္ပံ ဟု ပုံစံထုတ်၏။
နိဒ္ဒေသဉ်မူကား သမာသ်အားလုံး စီရင်သည် ဟု ဆို၏။

ဗဟုဝ္ပစ်သဒ္ဒါပို -

ဗဟုဝ္ပစ်သဒ္ဒါပိုဖြင့် အပွတ္ထမဟုတ်သော "ကဏ္ဍိတ"စသော အနက်တို့ဉ်လည်း ကု-ကို ကာပြုသေး၏။

## သမာသ်လက္ခဏာ

(ဆောင်) ၁။ ပဒနှစ်ဆူ, အရတူ, မှတ်ယူ ကမ္မဓာရဲ။
၂။ နှစ်ပုဒ်လုံးမှာ, ပထမာ, သက်ပါ ဝိဂြိုဟ်ထဲ။
၃။ စ တ သဒ္ဒါ, ပါ မပါ, နှစ်ဖြာ သင့်ချည်းပဲ။
၄။ သမာသ်ဉ် တ, ရှေ့လိုက်ရ, ဝါကျ နောက်လိုက်မြဲ။
၅။ မတူ လိင် ဝုစ်, ရှေ့နောက်ပုဒ်တွင်, ရှေ့ပုဒ်တူစွာ, တ သဒ္ဒါ, ထားပါ ဝိဂြိုဟ်ထဲ။

၁။ ရှေ့ပုဒ်နောက်ပုဒ် အရတူသောသမာသ်သည် ကမ္မဓာရည်း သမာသ်မည်၏၊ "မဟာပုရိသော-မြတ်သောယောကျ်ား"ဟူရာဉ် မဟန္တအရ မြတ်သူလည်း ပုရိသဖြစ်၍ ပုရိသအရ ယောကျ်ားဟူသူလည်း မဟန္တ-မြတ်သူ ပင်ဖြစ်ရကား ရှေ့နောက် ပုဒ်နှစ်ပါး အရတူသည် ဟူလို။

၂။ ဝိဂြိုဟ်ပြုရာဉ် ဝိဂြိုဟ်တွင်းရှိ ရှေ့နောက်ပုဒ်များကို ပထမာ ဝိဘတ်ဖြင့် ထားရမည်၊ ဝုစ်ကိုကား ပါဠိတော်ကြည့်၍ သင့်တော်သလို ထားရမည်၊ လိင်ကိုကား မိမိ၏ ပကတိလိင်အတိုင်း ထားရမည်။

ဝိသေသန, ဝိသေသျအဖြစ် ဝိဂြိုဟ်တွင်းမှာ စပ်ရသောပုဒ်များ ဖြစ်က ဝိသေသနထုံးစံအတိုင်း ဝိသေသျ၏ လိင်ဝုစ်ကိုကြည့်၍ ထားရမည်။

သို့သော် နိယတလိင်ဝုစ်ဖြစ်သော "ဝိသတိ စိတ္တာနိ"ကဲ့သို့သော အချို့ပုဒ်တို့ကား နောက်ပုဒ်၏ လိင်ဝုစ်သို့ မလိုက်ပေ။

http://www.dhammadownload.com



ပုံစံ- မဟန္တော စ သော ပုရိသော စာတိ-မဟာပုရိသော။ (ကေဝုစ်ပုံစံ)
မဟန္တာ စ တေ ပုရိသာ စာတိ-မဟာပုရိသာ။ (ဗဟုဝုစ်ပုံစံ)
မဟန္တဉ္စ တံ ဖလဉ္စာတိ-မဟာဖလံ။ (နပုံး ကေဝုစ်)
မဟန္တာနိ စ တာနိ ဖလာနိ စာတိ-မဟာဖလာနိ။ (နပုံး ဗဟုဝုစ်)

၃။ ဝိဂြိုဟ်ပြုရာ၌ စ တ သဒ္ဒါကား ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သင့်သည်သာ။

ပုံစံ- မဟန္တော ပုရိသော-မဟာပုရိသော။
မဟန္တာ ပုရိသာ-မဟာပုရိသာ။

၄-၅။ ယင်းဆောင်ပုဒ်တို့ဖြင့် တသဒ္ဒါလိင်ထားပုံ၊ လိင်လိုက်ပုံ စည်းကမ်းကိုပြ၏၊ တသဒ္ဒါကို သမာသ်တွင်း၌ ရှေ့ပုဒ်နှင့်တူစွာ လိင်ထား၍ ဝါကျ၌ကား နောက်ပုဒ်နှင့်တူစွာ လိင်ထားရမည်၊ လိင်မတူသော ရှေ့နောက်နှစ်ပုဒ်၌ကား ရှေ့ပုဒ်နှင့်တူစွာ လိင်ထားရမည် ဟူလို။

ပုံစံ- အဝိဇ္ဇာ စ သာ နီဝရဏဉ္စာတိ-အဝိဇ္ဇာနီဝရဏံ။

ဤပုံစံကား ရှေ့ပုဒ်နောက်ပုဒ် လိင်မတူသော သမာသ်၌ အဝိဇ္ဇာ-ဟူသော ရှေ့ပုဒ်ဣတ္ထိလိင်နှင့် တူစွာ "သာ"ဟု တသဒ္ဒါကို ထားရပုံတည်း။

ဝါကျ၌ကား "ဝီသတိ တာနိ စိတ္တာနိ ဟောန္တိ"ဟု စိတ္တာနိဟူသော နောက်ပုဒ်လိင်သို့ လိုက်သွားသည်။

သမာသ်ရောက်က- ဝီသတိ စ သာ စိတ္တာနိ စာတိ-ဝီသတိစိတ္တာနိ။
ဝီသတိ စ သာ ပုရိသာ စာတိ-ဝီသတိပုရိသာ။-ဟု

သမာသ်၌ ရှေ့ဝီသတိပုဒ်၏ နိယတဣတ္ထိလိင် ကေဝုစ်သို့ လိုက်ရသည်။

ဝါကျ နောက်လိုက်မြဲ- တစ်ဝါကျတည်းကို ရည်ရွယ်သည်ဟု မှတ်ပါ၊
ဝါကျကွဲ သွားလျှင်ကား ရှေ့ဝါကျရှိ တသဒ္ဒါစွဲရာပုဒ်၏ လိင်ဝုစ်သို့သာ လိုက်ရသည်ဟု မှတ်။

http://www.dhammadownload.com



ဝိဂ္ဂြိုဟ်တွင်း စ,တ သဒ္ဒါတို့၏ အနက်-

ဝိဂ္ဂြိုဟ်ဖါကျတွင်း၌ စ-တသဒ္ဒါတို့ကို "တုလျာဓိကရဏဖြစ်ကြောင်း ထင်ရှားစေဖို့ရာ ထည့်သည်"ဟု ရူပသိဒ္ဓိ၌ ဆို၏။

(ဆောင်)ကမ္မဓာရယ, စ နှစ်လုံးမှာ, သညာ နာမ, နိမိတ် တာဟျတ်, ပြား လတ်သည်ကို, ပြသည် ဆို၏။

ထို အလယ်က, တ တစ်လုံးမှာ, သညီ နာမီ, ဒြပ် အနွတ်, မပြား လတ်ဘဲ, တူလေမြဲဟု, မှတ်စွဲ ကေန် ပြသထည်း။(ဘုရားကြီး)

ရှေးဆရာများ ဝါဒ-

ဘုရားကြီးနိယံ၌ စ-တ သဒ္ဒါတို့ဖြင့် ပြအပ်သော အဓိပ္ပာယ်ကို ခွဲခြား၍ ဆို၏။ စသဒ္ဒါတို့ဖြင့် အမည်သညာ ကွဲပြားကြောင်းကိုလည်းကောင်း, သကာတ် နိမိတ်ချင်း ကွဲပြားကြောင်းကိုလည်းကောင်း, အန္တတ်ချင်း ကွဲပြား ကြောင်းကိုလည်းကောင်း ပြသည်။

တ သဒ္ဒါဖြင့်ကား ထိုသို့ အမည်သညာစသည် ကွဲပြားပါသော် လည်း သညီ နာမီ တာဟျတ္ထဒြပ်ကား မကွဲပြားကြောင်း၊ တုလျာဓိကရဏ ဖြစ်ကြောင်းကို ပြသည်ဟု ရှေးဆရာတို့ဝါဒကို ဘာဋီ၌ ပြထား၏။

နိရုတ္တိဒီပနီ-ဧတ္ထ စ ဣတိ စသဒ္ဒေဟိ ဒွိန္နံ ပဒါနံ သကတ္ထနာနာတ္တံ ဒီပေတိ၊ တံသဒ္ဒေန သကတ္ထနာနတ္တေပိ သကတ္ထာနံ အဓိကရဏဘူတဿ ဒဗ္ဗတ္ထဿ ဧကတ္တံ ဒီပေတိ။ (နိရုတ္တိ-၂၃၃)

စသဒ္ဒါ နှစ်လုံးတို့ဖြင့် ရှေ့နောက်နှစ်ပုဒ်တို့၏ သကာတ်ကွဲပြား ကြောင်းကို ပြ၏၊ တသဒ္ဒါဖြင့် သကာတ်ကွဲသော်လည်း သကာတ်၏မှီရာ ဒြပ်အနက်၏ တစ်ခုတည်းဖြစ်ကြောင်းကို ပြ၏ဟု ဆို၏။

စဉ်းစားဖွယ်-ဝိဂ္ဂြိုဟ်ဝါကျတွင်း၌ ပါသော စ တ သဒ္ဒါတို့၏ အနက်ကို သမာသ်က အမွေခံ၍ဟောရာ၌ တုလျာဓိကရဏဖြစ်ကြောင်း ကိုသာ

http://www.dhammadownload.com



အမွှေခံနိုင်၍ သကတ်စသည် ကွဲပြားကြောင်းကို အမွှေခံ၍ မဟော နိုင်သောကြောင့် " စ သဒ္ဒါက သကတ်ပြားကြောင်း စသည်ကို ပြ၏" ဟူ သော စကားကို စဉ်းစားကြပါကုန်-ဟု ဘာသာဋီကာ၌ မိန့်သည်။

ပုဒ်ပြီး လိင်ဝုစ်-"ကမ် တပ်ထုံး, အဆုံးလိင်နှင့် တိုက်"ဟူသည်နှင့် အညီ နောက်ပုဒ်၏ လိင်ဝုစ်အတိုင်း ပထမာဝိဘတ်ဖြင့် ချရမည်။

## သမာသ်အပြား

၁။ ဝိသေသနပုဗ္ဗပဒကမ္မဓာရည်း
၂။ ဝိသေသနပရပဒကမ္မဓာရည်း
၃။ ဝိသေသနောဘယပဒကမ္မဓာရည်း
၄။ ဥပမာနုတ္တရပဒကမ္မဓာရည်း
၅။ သမ္ဘာဝနာပုဗ္ဗပဒကမ္မဓာရည်း
၆။ အဝဓာရဏာပုဗ္ဗပဒကမ္မဓာရည်း
၇။ နနိပါတပုဗ္ဗပဒကမ္မဓာရည်း
၈။ ကုနိပါတပုဗ္ဗပဒကမ္မဓာရည်း
၉။ ပါဒိပုဗ္ဗပဒကမ္မဓာရည်း ဟု ၉ မျိုးရှိ၏။

(ဆောင်)ဝိသေသန, ပုဗ္ဗ ပရာ, ဥဘယာနှင့်, ဥပမာန, သမ္ဘာဝနာ, အဝဓာ ထည့်, နနိပါတ, ကုပုဗ္ဗရယ်, ပါဒိဆွယ်, ကိုးသွယ် ကမ္မဓာရယာ။

၁။ ဝိသေသနပုဒ် ရှေ့ရှိက ဝိသေသနပုဗ္ဗပဒကမ္မဓာရည်းမည်၏။

ပုံစံကား- မဟန္တော ပုရိသော မဟာပုရိသော။

၂။ ဝိသေသနပုဒ် နောက်ရှိက ဝိသေသနပရပဒကမ္မဓာရည်းမည်၏။

ပုံစံကား- သာရိပုတ္တတ္ထေရော။ (ဝိသေသနုတ္တရပဒလည်း ဟူ၏)

၃။ ရှေ့ နောက် ဝိသေသနနှစ်ပုဒ်လုံးဖြစ်က ဝိသေသနောဘယ

http://www.dhammadownload.com



ပဒ ကမ္မဓာရည်းမည်၏။

ပုံစံကား- သီတုဏှံ၊ ဆိဒ္ဓါဝဆိဒ္ဓံ။

၄။ (က) ဥပမာနပုဒ်ရှေ့ရှိက ဥပမာနပုဗ္ဗပဒကမ္မဓာရည်း မည်၏။

ပုံစံကား- သတ္ထိဝ-ဓားနှင့်တူ၏၊ ဣတိ-သတ္ထိ၊
သတ္ထိ စ သာ သာမာ စာတိ-သတ္ထိသာမာ။ (ရှုဘာငို)
(ခ) ဥပမာနပုဒ်နောက်ရှိက ဥပမာနုတ္တရပဒကမ္မဓာရည်း မည်၏။

ပုံစံကား- မုနိသီဟော၊ ဗုဒ္ဓါဒိစ္စော။

ဤသမာသ်ကို တင်စား၍ ဆိုသောကြောင့် ရူပကသမာသ်ဟုလည်း ခေါ်ကြသေး၏။

(ဆောင်) တည်းဟူသော ရူပကံ ဥေယျံ
တူသောတိ သဒိသံ မတံ
ကဲ့သို့တိ ဥပမာ ဥေယျာ
သမ္ပေက္ခာတိ ပြိုင်မတာ။

ပုံစံကား- ဗုဒ္ဓါဒိစ္စော- ဘုရားတည်းဟူသော နေမင်း။ (ရူပက)
နေမင်းနှင့်တူတော်မူသော ဘုရား။ (သဒိသ)
နေမင်းကဲ့သို့သော ဘုရား။ (ဥပမာ)
နေမင်းဘုရား။ (သမ္ပေက္ခ)

၅။ "သမ္ဘာဝနာ"ဟူသည် ချီပင့် မြှင့်မြှောက်ခြင်းတည်း။ ထိုအနက်ကို ဟောသော ဣတိ ဟုတွာ စသော သဒ္ဒါတို့ဖြင့် ဝိဂြိုဟ်ပြုသော သမာသ်သည် သမ္ဘာဝနာကမ္မဓာရည်းသမာသ် မည်၏။

ရှေ့ပုဒ် နောက်ပုဒ် အရမတူရာ၌ အရတူအောင် ဣတိသဒ္ဒါဖြင့် မြှောက်ပေးလိုက်ခြင်းတည်း။

ဓမ္မော ဣတိ ဗုဒ္ဓိ-ဓမ္မဗုဒ္ဓိ ၌ ဓမ္မအရ တရားကို ရ၏၊ ဗုဒ္ဓိအရ

http://www.dhammadownload.com



အသိဉာဏ်ကို ရ၏၊ အရမတူပေ၊ "ဓမ္မော ပကတိ-တရားဟုဖြစ်သော"ဟု ဆိုလျှင် တရားကို မရ၊ တရားကို အာရုံပြုသော အသိဉာဏ်ရ၏၊ ထို့ကြောင့် အရတူ သွား၏၊ ဤသို့ အရတူသွားအောင် ပကတိသဒ္ဒါက ဝိသေသန မ,ပေး၊ မြှောက်ပေးလိုက်၏၊ ထိုသမာသ်များကို သမ္ဘာဝနာကမ္မဓာရည်း သမာသ်ဟု ခေါ်၏။

(ဆောင်) ဟုတွာ သင်္ခါတ, ဘူတတစ်ထွေ, ဧဝ ပကတိ, သဒ္ဒါရှိက, မှတ်ဘိ
ကမ္မဓာရယာ, ကိုးပါးမှာ, သမ္ဘာဝနာပေ။
ဘူတပုဒ်သာ, ရှိလေရာ, ဟုတွာပုဒ် ကျေမြဲ။
ဟုတွာကျေ, ထိုပုဒ်ပေ, သမ္ဘာဝနာနေမြဲ။

အရမတူရာဝယ် အရတူအောင် မြှောက်မြှင့်ပေးမှသာ သမ္ဘာဝနာ သဘော သက်ရောက်သည့် အတွက်-

ဟေတု ဟုတွာ ပစ္စယော-ဟေတုပစ္စယော။
အလောဘသင်္ခါတံ ကုသလမူလံ-အလောဘကုသလမူလံ။
ဉာဏဘူတံ ဒဿနံ-ဉာဏဒဿနံ၊-စသည်တို့၌ကား ရှေ့ နောက် အရတူသည့်အတွက် ရိုးရိုး ဝိသေသနပုဗ္ဗပဒကမ္မဓာရည်းသာ ဖြစ်သင့်၏ ဟု ရှုဘာဇို၌ မိန့်သည်။

**အဝဓာရဏ ဧဝ-**

အဝဓာရဏ ဧဝနှင့် စပ်၍ အဝဓာရဏသည်-

၁။ အခြားအနက်ကို မတားမြစ်လို၊ မိမိအနက်ကိုသာ ခိုင်မြဲအောင် ဆုံးဖြတ်သော သန္နိဋ္ဌာနာဝဓာရဏ။

၂။ အခြားအနက်ကို တားမြစ်သော နိဝတ္တာပနာဝဓာရဏ-ဟု အဝဓာရဏအနက် နှစ်မျိုးရှိ၏။

ထို နှစ်မျိုးတွင် (၁)သည် သမ္ဘာဝနာကမ္မဓာရည်း၌ ဝင်၍ (၂)သည်

http://www.dhammadownload.com



အဝဓာရဏကမ္မဓာရည်း၌ ဝင်သည်ဟု ပြောရိုးရှိကြ၏။

(၁) ပုံစံ- ရူပမေဝ-အဆင်းသည်ပင်လျှင်၊ အာယတနံ-ရူပါယတနံ။

(၂) ပုံစံ- ဂုဏောဧဝ-ဂုဏ်သည်သာလျှင်၊ ဓနံ-ဂုဏဓနံ။-ဟု ပုံစံထုတ်ကြ၏။

ရူပါယတနံနည်းတူ စကျွန်ုပ်ယံ စသည်ကို ရှု၍ အဝဓာရဏကမ္မဓာရည်းဟု ဆိုသောကြောင့် ထိုပြောရိုးစကားသည် မကောင်းလှ၊ ထို့ကြောင့် ဧဝသဒ္ဒါ ဖြင့် ဝိဂြိုဟ်ပြုရသမျှကို အဝဓာရဏကမ္မဓာရည်းဟုချည်း ဆိုရပေတော့မည်။

၆။ အဝဓာရဏအနက်ဟော ဧဝသဒ္ဒါနှင့် တကွဖြစ်သော ဂုဏော ဧဝ စသောပုဒ်ကို အဝဓာရဏပုဒ်ဟု ခေါ်၏၊ ထိုအဝဓာရဏပုဒ်ရှိသော ကမ္မဓာရည်းသည် အဝဓာရဏကမ္မဓာရည်း မည်၏။

ပုံစံကား- ဂုဏော ဧဝ ဓနံ-ဂုဏဓနံ။

ဧဝ,မေဝ တို့နှင့် စပ်၍-

ဧဝနှင့် ဝိဂ္ဂဟပြုရာ၌ သမာသ်လည်း ရှိ၏၊ တဒ္ဓိတ်လည်း ရှိ၏၊ ဝိဂ္ဂဟ ပြုပုံကို ကြည့်၍ နားလည်အောင် ခွဲမှတ်ထားရမည်၊ "ပုဒ်နက်မရှိက တဗ္ဘာဝ၊ ပစ္စည်းနက်မရှိက သွတ္ထ"ဟူသော စကားကိုလည်း သတိပြုခဲ့ပါ။

ပုံစံကား- ဒါနာနိယေဝ ပထာနိ-ဒါနပထာနိ။ အဝဓာရဏကမ္မဓာရည်း။

| | |
|---|---|
| ဒါနာနိယေဝ ဒါနပထာနိ။<br>ဒိဋ္ဌိယေဝ ဒိဋ္ဌိဂတံ။<br>သုတ္တမေဝ သုတ္တန္တော။ | } တဗ္ဘာဝဝုတ္တိကမ္မဓာရည်း။ |
| ဒေဝေါယေဝ ဒေဝတာ။<br>ကရုဏာယေဝ ကာရုညံ။<br>တိဘူမံယေဝ တေဘူမကံ။ | } သွတ္ထတဒ္ဓိတ်။ |

http://www.dhammadownload.com



အဝဓာရဏကမ္မဓာရည်း၌ ဥဒ္ဒေါ်နောက် သမာသ်ပုဒ်နှစ်ခုလုံးကို ဝါကျတွင်းမှာ ထည့်၍ ဝိဂ္ဂဟပြုသည်၊ တဗ္ဘာဝဝုတ္တိကမ္မဓာရည်း၌ကား အနက်မဲ့ဖြစ်သည့် နောက်ပုဒ်ကို ဝါကျတွင်းထဲမှာ လုံးဝထည့်မဆို၊ ပုဒ်ပြီးမှသာ ပေါ်လာ၏၊ ထို့ကြောင့် ဝါကျတွင်းထဲမှာ ထည့်၍မဆိုသော ပဌဂတ အန္တ ပုဒ်တို့သည် အနက်မဲ့တည်း၊ " မဲ့ "ဟူသည်လည်း အနက်ထူးမရှိ ရှေ့ကဟောသည့်ပုဒ်၏ အနက်ကိုပင် ဟောသည်ဟု ဆိုလိုသည်၊ ထိုသမာသ်များကို တဗ္ဘာဝဝုတ္တိကမ္မဓာရည်းဟု အမည်ထူး နာမည်ပေးကြ၏၊ အနက်ပေးရာ၌ကား "အတ္တောယေဝ အတ္ထဝသော-အနက်"ဟု ပေးရုံသာ။

သုတ္တတဒ္ဓိတ်၌ကား ပုဒ်နှင့် ပစ္စည်းကို သတိပြု၍ နာမည်ပေးရုံသာ တည်း။

၇။ သဒိသ, အည, ဝိရုဒ္ဓ, အဘာဝ အနက်တို့ကို ဟောသော န နိပါတ်ပုဒ် ရှေ့ရှိသောသမာသ်သည် နနိပါတပုဗ္ဗပဒကမ္မဓာရည်း မည်၏။

| | | |
|---|---|---|
| သဒိသ- | န ဗြာဟ္မဏော-အဗြာဟ္မဏော။ | ပရိယုဒါသ။ |
| အည- | န ဗျာကတော-အဗျာကတော။ | ပရိယုဒါသ။ |
| ဝိရုဒ္ဓ- | န ကုသလာ-အကုသလာ။ | ပရိယုဒါသ။ |
| အဘာဝ- | န ကတ္ဝာ-အကတ္ဝာ။ | ပသဇ္ဇ။ |

နသဒ္ဒါသည် သဒိသစသော အနက်တို့ကို ဇောတကတပ်၍ ဟောရာ၌သာ တုလျာဓိကရဏဖြစ်၍ ကမ္မဓာရည်းဖြစ်၏၊ အဘာဝစသော အနက်ကို ဝါစကတပ်၍ တိုက်ရိုက်ဟောရာ၌ကား-

နတ္ထိ ပုတ္တော ယဿာတိ-အပုတ္တကော။

နတ္ထိ ရာဇာ ဧတ္ထာတိ-အရည်၊- ဟု နနိပါတပုဗ္ဗပဒဗဟုဗ္ဗိဟိ ဖြစ်၏၊ အနက်ကိုသတိပြု၍ သမာသ်ခွဲရမည်။

http://www.dhammadownload.com



နဉ် ပဋိသေဓအမည်-

၁။ နသဒ္ဒါသည် နောက်ပုဒ်၏ အနက်ကို တားမြစ်ရာ၌ ထိုတားမြစ်အပ်သော ဝတ္ထု(ကြိယာ)၏ လုံးဝမရှိတော့ခြင်း (အဘာဝ) သည် ပသဇ္ဇပဋိသေဓမည်၏။

၂။ တားမြစ်အပ်သော ဝတ္ထုမှ တစ်မျိုးတစ်ခြား အလားတူဝတ္ထု၊ အခြားဝတ္ထု၊ ဆန့်ကျင်ဘက်ဝတ္ထုများကို နသဒ္ဒါက ဟောနေသေးလျှင် ပရိယုဒါသပဋိသေဓမည်၏။ ပုံစံများကား ရှေ့၌ပြခဲ့ပြီ။

ပသဇ္ဇပဋိသေဓသည် "န ကတွာ အကတွာ"ဟု တားမြစ်ရာ၌ တားသောဝတ္ထုမှ တစ်ပါးသောဝတ္ထုကို ခွင့်ပြုချက်မရှိ လုံးဝတားမြစ်သည် ဟူလို။

ပရိယုဒါသကား ဝတ္ထုတစ်ခုကို တားရာ၌ တားသောဝတ္ထုနှင့် အလားတူသော ဝတ္ထုတစ်မျိုးမျိုးကို ခွင့်ပြုသေး၏၊ ဟောနေသေး၏။

ပသဇ္ဇပဋိသေဓသည် အဘာဝအနက်ကို ဟော၏၊ ပရိယုဒါသပဋိသေဓသည် သဒိသ, အည, ဝိရုဒ္ဓအနက်တို့ကို ဟော၏။

ပသဇ္ဇပဋိသေဓော, လက္ခဏံ ဝတ္ထုနတ္ထိတာ၊
ဝတ္ထုတော အညတြ ဝုတ္တိ, ပရိယုဒါသလက္ခဏံ။ (ရှ)

တဒဘာဝမတ္တဇောတကော နကာရော၊ ကြိယာမတ္တနိသေဓောတိ ဝုတ္တံ ဟောတိ။ (နိရုတ္တိ-၂၃၇)

တံသဒိသာဒိဇောတကော၊ ဒဗ္ဗနိသေဓောတိ ဝုတ္တံ ဟောတိ။

(ဆောင်) ပသဇ္ဇမှာ, ကြိယာကို, သေချာမြစ်ချ, အဘာဝဟု, အမှတ်ပြုလော၊ ပရိယုကား, ဒြပ်များကို, မြစ်တားပြီးဘိ၊ တံသဒိသ, စသည်ဆက်ပြ, အနက်ရသည်, မြွက်ဟ ဋီကာအလိုတည်း။ (ဘာဋီ)

ပသဇ္ဇမှာ, ကြိယာ, ကြွင်းမှာ ဒြပ်မြစ်။

http://www.dhammadownload.com



**နောက်ပုဒ် ပဓာနဖြစ်ပုံ-**

အပြာပုဆိုးကောင်း နနိပါတ်ပုဒ်သည် "ပုဆိုးတု"ဟူသော အနက်ကို ထွန်းပြရုံသာ ဖြစ်၏၊ ပြာပုဆိုးကောဟူသော ပုဒ်ရင်းကပင် "ပုဆိုးတု"ဟူသော အနက်ကို တိုက်ရိုက်ဟော၏၊ ထိုသို့ ပြာပုဆိုးကောပုဒ်၏ "ပုဆိုးတု"ဟူသော အနက်သာ ပဓာနအားဖြင့် ဖြစ်နေသောကြောင့် "ဥတ္တရပဒတ္ထပဓာန သမာသ်" ဖြစ်တော့သည် ဟူလို။

**နနိပါတ်နှင့် သမာသ်ဖြစ်နိုင်ကြောင်း-**

အတုအယောင်ကို အစစ်အမှန် ထင်မှတ်၍ ပြောဆိုနေသူ၏ အသိလွဲနေကြောင်း ထင်ရှားစေဖို့ရာ " န "ဟူသော ပဋိသေဓကို စီရင်ခြင်းသည် သင့် မြတ်၏၊ ထို့ကြောင့် အပြာပုဆိုးကော-ဟူသော သမာသ်လည်း ဖြစ်နိုင်သည်သာ ဟူလို။

ပရဿ မိစ္ဆာဉာဏတ္တာ-ချာပနာယောပပဇ္ဇတေ။ (ရူ)

၈။ အပ္ပတ္တ ကုစ္ဆိတအနက်ကို ဟောသော ကုနိပါတ်ပုဒ် ရှေ့ရှိသော ကမ္မဓာရည်းသည် ကုနိပါတပုဗ္ဗပဒကမ္မဓာရည်း မည်၏။

ပုံစံ- ကာဒန္နံ စသည်။

၉။ ပ စသော ဥပသာရပုဒ် ရှေ့ရှိသော သမာသ်သည် ပါဒိပုဗ္ဗပဒ ကမ္မဓာရည်း မည်၏။

ပုံစံ- ပဓာနံ ဝစနံ-ပါဝစနံ။
ပကဋ္ဌာနံ အာဠှိ-ပါဠိ။

**ဒိဋ္ဌပုဗ္ဗော, ပဟာရော စသော သမာသ်-**

ဒိဋ္ဌော ပုဗ္ဗန္တိ-ဒိဋ္ဌပုဗ္ဗော။ သုတပုဗ္ဗော၊ ဂတပုဗ္ဗော။

ရုပ်တွက်- ဒိဋ္ဌ ပုဗ္ဗ တည်၊ သိ အံ သက်၊ ဒိဋ္ဌော ပုဗ္ဗံ-ဟု ဝါကျဖြစ်၏၊

http://www.dhammadownload.com



နာမာနံ သမာသော-ဟူသော ယောဂဝိဘာဂဖြင့် သမာသ်မှည့်၊ ဝိဘတ်ချေ၊ ဒိဋ္ဌပုဗ္ဗ-ဟု ပကတိပြု၊ နာမ်ငဲ့၊ သိသက်၊ ဩပြု။ (ဘာဋီ)

ရှု-ဂဏ္ဌိ၌ ဒွိပဒေ ကမ္မဓာရယော-ဖြင့် ကမ္မဓာရည်းမှည့်၍ တွက်၏၊ ရှုဘာဋီ၌ကား ယုတ္တတ္တဖြစ်သည့်အတွက် နာမာနံ သမာသော ယုတ္တတ္ထော သုတ်ရင်းဖြင့်ပင် မှည့်နိုင်၏ဟု ဆို၏။

ဤပုဒ်ကို ရှု-စာကိုယ်နှင့် ဂဏ္ဌိတို့အလို ကမ္မဓာရည်းဟု ဆိုရသော်လည်း နီတိ, နိရုတ္တိတို့အလို တပ္ပုရိသ်သမာသ်သာတည်း။

သဒ္ဒနီတိ၌ "ဣမေသံ ပန တုလျာဓိကရဏတ္တံ န ဒိဿတိ၊ ကေနိမေ ကာရဏေန ကမ္မဓာရယသမာသာ ဟောန္တီတိ ကာရဏံ ပရိယေသိတဗ္ဗံ"ဟု ကမ္မဓာရည်းသမာသ် နာမည်ပေးသည်ကို မကြိုက်ပေ။ (နီတိသုတ္တ-၁၉၄)

ပုဗ္ဗေ ဒိဋ္ဌော-ဒိဋ္ဌပုဗ္ဗော။ (သတ္တမီတပ္ပုရိသ်)

ရုပ်တွက်- ပုဗ္ဗ ဒိဋ္ဌ တည်၊ ပုဗ္ဗေ ဒိဋ္ဌော-ဟု ဝါကျဖြစ်အောင်ပြု၊ ပုဗ္ဗဒိဋ္ဌ-ဟု ဖြစ်ပြီးနောက် သုတ်ကြီးဖြင့် ရှေ့နောက်ပြန်၍ ဒိဋ္ဌပုဗ္ဗ-ဟု ဖြစ်၏။ (နီတိ, နိရုတ္တိ)

ကာယဿ ပုဗ္ဗံ-ပုဗ္ဗကာယော။ ပစ္ဆာကာယော။

ဟံသာနံ ရာဇာ-ရာဇဟံသော။

ရတ္တိယာ အမံ-အမရတ္တံ။ ပုဗ္ဗရတ္တံ။ (ဆဋ္ဌီတပ္ပုရိသ်)

ဤသို့ နောက်ပုဒ်ကို ရှေ့ထား၍ ဆိုသော တပ္ပုရိသ်မျိုးကို "ဒုရာဇာနမဂ္ဂတပ္ပုရိသ်-အသိခက်သော တပ္ပုရိသ်သမာသ်"ဟု သဒ္ဒနီတိ ဆိုလိုသည်။

ပ ဟရဏံ . ပဟာရော-

ပ+ဟရ တည်၊ ပ-နောင် သိ၊ ဟရနောင် ဘာဝေ ဏ-ဖြင့် ဏသက်၊ ကာရိတ်မှည့်၊ အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ နာမ်ငဲ့၊ သိသက်၊ ဩပြု၊ သဗ္ဗာသဖြင့်

http://www.dhammadownload.com



ပနောင် သိကို ချေ၊ (ပ ဟာရော) ပဟာရဏ-ပုတ်ခတ်ခြင်း၊ ဣတိ အတွေ-၌၊ "နာမာနံ သမာသော"ဟူသော ယောဂဝိဘာဂဖြင့် သမာသ်မှည့်၊ ဝိဘတ် ချေ၊ နာမ်ထပ်ငဲ့၊ သိသက်၊ ဩပြု။ (ဘာဋီ)

ဤသမာသ်တို့ကို ဘာဋီ၌ ပါဒိပုဗ္ဗပဒကမ္မဓာရည်း ဟု ယူတော်မူသည်၊ ရူပသိဒ္ဓိ၌ ပ, ပရာ စသော ဥပသာရပုဒ်တို့သည် ဓာတွတ္ထာနုကူလဖြစ်၍ အနက် သီးခြား မရှိရကား ဟာရဏ စသော နောက်ပုဒ်တို့နှင့် စပ်၍မဖြစ် သောကြောင့် အယုတ္တသမာသ်သာ ဖြစ်၏၊ တဗ္ဗာဝဝုတ္တိကမ္မဓာရည်း မည်၏ ဟု ဆိုသည်။

## ယုတ္တ အယုတ္တသမာသ်-

တစ်ပုဒ်တည်းကိုပင် ယုတ္တ,အယုတ္တ နှစ်မျိုးရအောင် ဝိဂြိုဟ်ပြုကြ သည်လည်း ရှိသေး၏၊ ထိုသို့ ပြုရာ၌ ယုတ္တသမာသ်ဝယ် ကွဲလွဲချက် မရှိပေ၊ အယုတ္တသမာသ်၌ကား ပုဒ်စစ်နှင့် အခြားကျမ်းများ ပြုပုံမတူပေ၊ ယုတ္တ အယုတ္တ နှစ်မျိုးရသော သမာသ်၌ အခြေခံအင်္ဂါ ၃-ချက်ရှိ၏။

၁။ နဟူသော ပဋိသေဓပုဒ်နှင့် ယှဉ်ခြင်း။

၂။ ခြားဆည်းသော အပဓာနပုဒ်ရှိခြင်း။

၃။ ပဓာနဖြစ်သော ကြိယာပုဒ်ရှိခြင်း။ (ဝိဂ္ဂဟနယ-၈၅)

နဟူသော ပဋိသေဓနိပါတ်သည်' ပဓာနပုဒ်ကိုသာ မြစ်၍ အပဓာနပုဒ်ကို မမြစ်သည်ကိုလည်း မှတ်သားခဲ့ပါ။

ပုံစံ- အပုနဂေယျာ- န ပုန အပုန၊

အပုန ဂေယျာ-အပုနဂေယျာ။ (အယုတ္တ)

ဤပြယုဂ်၌ နဟူသောပုဒ်ကို မစပ်သင့်သော ပုနပုဒ်နှင့် စပ်သော ကြောင့် အယုတ္တသမာသ်ဟု ဆိုကြသည်၊ အယုတ္တကို ဤသို့တွဲသည်ကား ပုဒ်စစ်တည်း။

http://www.dhammadownload.com



တစ်နည်း- ပုန န ဂီယတီတိ-အပုနဂေယျာ။ (အယုတ္တ)

(ဆောင်) ရှေ့ပုဒ် နောက်ဆိုင်, တစ်ပြိုင်တည်းကျင်း, ကိတ်လည်းသွင်း, မည်ခြင်း အယုတ္တ။ (ရွှေရေးဆောင်-၄၂၇ ပုဒ်)

သုံးပုဒ်ရှိရာတွင် ရှေ့ဆုံးပုဒ်ကို နောက်ကြိယာပုဒ်၌ စပ်ဆိုင်၍ တစ်ပြိုင်တည်း ကိတန္တသမာသ်သွင်းကား ဝိဂြိုဟ်ကျင်းအပ်သည်ရှိသော် အယုတ္တသမာသ်မည်၏။

သူရိယံ န ပဿန္တီတိ-အသူရိယပဿာနိ။

အယုတ္တကို ဤသို့တွဲသည်ကား သာရတ္ထဋီကာစသော ဋီကာတို့နှင့် ရွှေရေးဆောင်နိယံတို့တည်း။

(ဆောင်) အဗျယီဘာဝ, အယုတ္တပါ, ဤနှစ်ဖြာ, နိစ္စသာဟု မှတ်အပ်စွ။ (ရွှေရေးဆောင်နိယံ)

ဤနိယံအရ အယုတ္တသမာသ်သည် နိစ္စသမာသ်ဖြစ်၏၊ ထို့ကြောင့် နိစ္စသမာသ်ထုံးစံအတိုင်း အသပဒဝိဂ္ဂဟပြုရမည် ဖြစ်၏၊

အပုန ဂေယျာ-အပုနဂေယျာ ဟု ပြုကြသောနည်း၌ သပဒဖြစ်၍ နိစ္စသမာသ်ထဲသို့ မဝင်၊ သာရတ္ထဋီကာနှင့် ရွှေရေးဆောင်နိယံတို့အရသာ နိစ္စသမာသ်ထဲသို့ ဝင်နိုင်သည်ဟု ထင်မိသည်။

(ဆောင်) အလယ်နောက်မှာ, တွဲပြီးခါပေ, ရှေ့ပုဒ်နေ, ချဉ်းလေယုတ္တ, ဖြစ်ပြန်ရ။

အလယ်ပုဒ်ကို နောက်ပုဒ်နှင့် ရှေးဦးစွာတွဲပြီးလျှင် ရှေ့ဆုံးပုဒ်နှင့် ဆက်တွဲသော် ယုတ္တသမာသ် ဖြစ်ရပြန်၏။

ပုံစံ- ပုန ဂေယျာ-ပုနဂေယျာ၊ န ပုနဂေယျာ-အပုနဂေယျာ။
သူရိယံ ပဿန္တီတိ-သူရိယပဿာနိ။

http://www.dhammadownload.com



န သူရိယပဿာနိ-အသူရိယပဿာနိ။(ယုတ္တသမာသ်)

(ဆောင်) ယုတ္တမှန်လှ, န ဟူက, နောက်မှ တွဲကြရာ။
အယုတ္တမူ, ဦးစွာယူ, နောက်မူ ဆက်တွဲပါ။ (ပုဒ်စစ်နည်း)

ပုဒ်စစ်နည်းအတိုင်း န-ကိုအရင်တွဲသော်လည်း ယုတ္တဟုဆိုကြသည့် ပုံစံများလည်း ရှိသေး၏။

**အဂဟိတဂ္ဂဟဏံ-** န ဂဟိတံ အဂဟိတံ။
အဂဟိတသ္သ ဂဟဏံ-အဂဟိတဂ္ဂဟဏံ။ (ယုတ္တ)
မယူအပ်သေးသည်ကို ယူခြင်း။
ဂဟိတံ န ဂဏှာတီတိ-အဂဟိတဂ္ဂဟဏံ။ (အယုတ္တ)
ယူအပ်ပြီးသည်ကို မယူခြင်း။ (ဝိဂ္ဂဟနယကျမ်း)
ဂဟိတသ္သ ဂဟဏံ-ဂဟိတဂ္ဂဟဏံ။
န ဂဟိတဂ္ဂဟဏံ-အဂဟိတဂ္ဂဟဏံ။-ဟု တွဲ၍ ယုတ္တဟုလည်း ဆိုနိုင်သည်သာ။
ယူအပ်ပြီးသည်ကို ယူခြင်း မဟုတ်သည်၊-ဟု ပေး။

ထို့ကြောင့်- အတ္တံ ကာမေန္တီတိ-အတ္တကာမာ။
န အတ္တကာမာ-အနတ္တကာမာ။
အထဝါ- န အတ္တော-အနတ္တော။
အနတ္တံ ကာမေန္တီတိ-အနတ္တကာမာဣစ္စာဒိနာ ဝါကျေ ယောဇိတေ ပန ယုတ္တသမာသာ ဟောန္တိ၊ (နိရုတ္တိ-၂၃၈)ဟု ယုတ္တသမာသ် လည်း ဖြစ်နိုင်ကြောင်းကို ပြ၏။

န ပဋိသေဓ-အယုတ္တ၌ နသည် ကြိယာကိုမြစ်သော ပသဇ္ဇပဋိသေဓ တည်း၊ ထို့ကြောင့် "အတ္တံ န ကာမေန္တီတိ-အနတ္တကာမာ"ဟု ပြုကြ သောနည်းသာ ပို၍သင့်ဖွယ်ရှိသည်ဟု ယူဆမိပေသည်။

http://www.dhammadownload.com



ပုံစံ- အသဏ္ဍာရပကတော၊ အပ္ပထုလ္လနုသေဝိတာ၊ နည်းတူ။

လိင်နှင့် ဂိုဏ်းစဉ်-

"ကမ် တပ်ထုံး, အဆုံးလိင်နှင့် တိုက်"-ဟူသည်နှင့်အညီ နောက်ပုဒ်၏ လိင်အတိုင်း ဆိုင်ရာဂိုဏ်းသွင်း၍ စဉ်လေ။

" သမာသ်ပုံစံများ "

| | | |
|---|---|---|
| မဟာဝီရော | မဟာမုနိ | မဟာဗလံ |
| သပ္ပုရိသော | ဥတ္တမပုရိသော | ပုင်္ဂပုရိသော |
| သေတဟတ္ထိ | လောဟိတစန္ဒနံ | ခတ္တိယကညာ |
| ရတ္တလတာ | ဗြာဟ္မဏဒါရိကာ | ခတ္တိယကုမာရိ |
| တရုဏဗြာဟ္မဏီ | ပုရတ္ထိမကာယော | ပုရာဏဝိဟာရော |
| ကတရနိကာယော | ဟေတုပစ္စယော | ဗဟုလီကတံ |
| မဟာကဿပတ္ထေရော | မဟောသဓပဏ္ဍိတော | သိန္ဓုနော |
| ခဂ္ဂခုရွော | အန္ဓဗဓိရော | ကတာကတံ |
| ဆိဒ္ဒါဝဆိဒ္ဒံ | ဥစ္စာဝစံ | ဂတပစ္စာဂတံ |
| မုနိဝသဘော | ဗုဒ္ဓနာဂေါ | ဗုဒ္ဓါဒိစ္စော |
| သဒ္ဓမ္မရံသိ | သမဏပုဏ္ဍရီကော | ဓမ္မသညာ |
| ဓမ္မသင်္ခါတော | ဓမ္မသမ္မတော | ပါဏသညာ |
| အသုဘသညာ | အတ္တဒိဋ္ဌိ | သဒ္ဒါဓနံ |
| စက္ခုန္ဒြိယံ | ရူပါရမ္မဏံ | အဿမဏော |
| အပရိယာပန္နာ | အလောဘော | အမိတ္တော |
| အနဿော | အနုပဝါဒေါ | ကုပုတ္တော |
| ကာလဝဏ္ဏံ | ကာပုရိသော | ပါဝစနံ |

http://www.dhammadownload.com



| | | |
|---|---|---|
| သမာစာန် | ဝိမတိ | အကိဒေဝေါ |
| အစိသိလံ | သုဂန္ဓော | အဿဒ္ဓဘောဇီ |
| အဖာသုကာမော | အပဟိတကာမော | ဥဇ္ဇိနယော |
| ဥဒ္ဓမ္မော | ကုသောဇ္ဇော | ပဏီတံ |

## ၃။ ဒိဂုသမာသ်

### ဒိဂုသေဿကထ္တံ

ဤသုတ်သည် သမာဟာရဒိဂုအရာ၌ နပုံလိင် ကေဝုစ် ဖြစ်အောင် စီရင်သော ဝိဓိသုတ်တည်း၊ ထို့ကြောင့် "တဲယော သိဂ်ါ-တိသိဂ်"စသည်၌ နပုံလိင် ကေဝုစ် ဖြစ်သွားရ၏။

### သချ်ာပုဗ္ဗော ဒိဂု

သချ်ာပုဗ္ဗော ဒိဂု-ဟု ဆိုသည့်အတိုင်း ဒိဂုသမာသ်၌ သချ်ာရှေ့ရှိခြင်း လက္ခဏာသည် ပဓာနဖြစ်၏၊ ထို့ကြောင့် ဤသုတ်ဖြင့် သချ်ာရှေ့ရှိသော ကမ္မဓာရည်းသမာသ်ကိုပင် ဒိဂုဟု အမည်တပ်ပေးပါ။

### ကွစိ သမာသန္တဂတာနမကာရန္တော

အကာရန္တော-ကို အကာရော+အန္တော ဟု ပုဒ်ဖြတ်၊ အခြေပြုအတိုင်း အနက်ပေးပါ။

ဤနည်းအရ ဒေဝရာဇ၊ သတ္တာဟ၊ ဒွိရတ္တ စသည်တို့၏ အဆုံးသရကို အ,ပြုမည်၊ ကာရသဒ္ဒါပိုဖြင့် သမာသန္တနာမ်ပုဒ်တို့၏ အဆုံးသရကို အာ, ဣပြု၍ ပစ္စက္ခဓမ္မာ, သုရဘိဂန္ဓိ စသည်ဖြစ်ခြင်း, ဗဟုဗ္ဗီဟိသမာသ်

http://www.dhammadownload.com



ရသည်၌ သမာသ်အဆုံးဝယ် အချို့ ကပစ္စည်းသက်ရခြင်း အကျိုးရှိ၏။
(ကစ္စည်း၊ ရူ-ပ,နည်း)

တစ်နည်း- အကာရန္တော-ကို အ+ကာ+အန္တော ဟု ဖြတ်၊ ရအာဂုမ်တည်း။

သုတ်နက်- သမာသန္တဂတာနံ-သမာသ်ပုဒ်၏အဆုံး၌ တည်သော (ရာဇရတ္တိ အစရှိသော)နာမ်တို့၏၊ အန္တော-အဆုံးဖြစ်၍၊ အ ကာ-အပစ္စည်း က ပစ္စည်းတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏-ဟု သုတ်နက်ပေး။ (ရူ-ဒုနည်း)

ဤနည်းအလို သုတ်ရင်းဖြင့် အပစ္စည်း,ကပစ္စည်း သက်သည်၊ ကာရသဒ္ဒါ မပို၊ ဤနည်း၌ ပစ္စက္ခဓမ္မာ၊ သုရဘိဂန္ဓိရုပ်များ မပြီးနိုင်၊ ထို့ ကြောင့် ထိုရုပ်တို့ကို ဓနုမှာ စ-၌ စသဒ္ဒါဖြင့် အာပစ္စည်းသက်၍လည်းကောင်း၊ သုတ်ကြီးဖြင့် ဂန္ဓ ၏ အကို ဣပြု၍လည်းကောင်း ရှုနှင့် ရှုဋီတို့၌ ပြီးကြ သည်။

အချုပ် အားဖြင့် -

ကစ္စည်း၌ သုတ်ရင်းဖြင့် အ,ပြု၊ ကာရသဒ္ဒါပိုဖြင့် အာ ဣ ပြု၍ ကပစ္စည်းသက်သည်။

ရှု၌ကား သုတ်ရင်းဖြင့် အ,ပြု၊ ကာရသဒ္ဒါပိုဖြင့် ဣပြု၊ ကပစ္စည်း သက်။

တစ်နည်း-သုတ်ရင်းဖြင့်ပင် အပစ္စည်း ကပစ္စည်း နှစ်မျိုးသက်ဟု နှစ်နည်း ဖွင့်သွား၏။

ထို့ကြောင့် သမာသ်အဆုံး၌ ကပစ္စည်းသက်ခွင့် ကြုံလျှင် ဤသုတ် ကို သတိရပါ။ ကစ္စည်းအလို ကာရသဒ္ဒါပို၊ ရှုအလို ဒုတိယနည်းအရ သုတ်ရင်းဖြင့်ပင် သက်နိုင်ပါသည်။

http://www.dhammadownload.com



ဂိုဏ်းဖျက်သုတ် -

ဤသုတ်ဖြင့် ရာဇ၏ အကို အထပ်ပြုလိုက်သဖြင့် သျှာ စ-သုတ် အစီအရင်သည် ဆုတ်နစ်လေတော့၏၊ ထို့ကြောင့် ပုရိသာဒိဂိုဏ်း ထုံးစံ အတိုင်း ဒေဝရာဇော, ဒေဝရာဇာ စသည်ဖြင့် ရုပ်စဉ်ရမည်။

ကွစိသဒ္ဒါ မြစ်သောကြောင့် ဤသုတ်ဖြင့် အ မပြုရာ၌ကား ရာဇာဒိ ဂိုဏ်းထုံးစံအတိုင်း သျှာ စ-စသောသုတ်တို့ဖြင့် စီရင်၍ ဒေဝရာဇာ, ဒေဝရာဇာနော စသည်ဖြင့် ရုပ်စဉ်ရမည်။

ဤသုတ်ဖြင့် စီရင်ရာ၌ ရာဇာဒိဂိုဏ်းသာ ပျက်သည်မဟုတ်၊ ပရမာဟော ၌ မနောဂိုဏ်းပျက်၍ ပုရိသာဒိဂိုဏ်းဖြစ်၏၊ ပဉ္စဂဝံ၊ ဒွဂ်လံ၊ အဟော ရတ္တံ စသည်၌ ရတ္တာဒိဂိုဏ်းပျက်၍ စိတ္တာဒိဂိုဏ်း ဖြစ်၏၊ ပဉ္စနဒံ၊ သတ္တဂေါဒါ ဝရံ ၌ နဒါဒိဂိုဏ်းပျက်၍ စိတ္တာဒိဂိုဏ်းဝင် ဖြစ်၏။

ဤသို့ ဤသုတ်က စီရင်လိုက်ခြင်းကြောင့် ဆိုင်ရာနောက်ပုဒ်၏ ဂိုဏ်းများပျက်၍ ပုံလိင်ဖြစ်လျှင် ပုရိသာဒိ၊ နပုံလိင်ဖြစ်လျှင် စိတ္တာဒိ၊ ဣတ္ထိလိင်ဖြစ်လျှင် ကညာဒိတို့သို့ ထိုက်သလို ဝင်သွားကြသည်ကို သတိပြု ပါလေ။

ဒိဂုသမာသ်-သင်္ချာပုဗ္ဗော ဒိဂု အရ သင်္ချာရှေ့ရှိသော ကမ္မဓာရည်းသမာသ် သည်ပင် ဒိဂုအမည်ရသည့် အတွက် ဝိဂ္ဂဟပြုပုံ အဓိပ္ပာယ်နှင့် စပ်၍ ကမ္မဓာရည်း ထုံးစံအတိုင်းပင် ဖြစ်၏။

(ဆောင်) ကမ္မဓာရယ, သမာသပင်, ရှေ့ကသင်္ချာ, ရှိလေရာ, ဆင့်ကာ ဒိဂုခေါ်။

ဤဒိဂုသမာသ်ဝယ် သမာသ်ပုဒ်တိုင်း၌ သင်္ချာသဒ္ဒါ ပါသည့် အတွက် သင်္ချာသဒ္ဒါတို့၏ လိင် ဂိုဏ်း စုစ်တို့ကို သတိပြုရမည်။

http://www.dhammadownload.com



(ဆောင်) ဒွိစ ဒွာရသ်, သုံးလိင်မှတ်, မြဲလတ် ဗဟုဝုစ်၊
ဝိသတျာဒိ, နဝုတိ, ဣတ္တိ ကေဝုစ်။
သတံ စအုံး, သခ်ေဆုံး, နပုံး ကေဝုစ်။
ကောဋိ သုံးလီ, ခေါဘိဏီ, ဣတ္တိ ကေဝုစ်။
အစုခွဲပုံ, အားလုံးစုံ, မှတ်တုံ ဗဟုဝုစ်။

သုံးလိင်ရသော သချာတို့၌ကား နောက်ပုဒ်၏ လိင်အတိုင်း လိုက်၍ ထားရမည်။

ပုံစံ- တယော လောကာ-တိလောကာ။
တိဏ္ဏိ မလာနိ-တိမလံ။
တိသော ရတ္တိယော-တိရတ္တံ။ (တိသဒ္ဒါ လိင်သုံးပါးသို့ လိုက်ပုံ)
စတ္တာရော ပထာ-စတုပ္ပထံ။
စတ္တာရိ သစ္စာနိ-စတုသစ္စံ။
စတဿော ဒိသာ-စတုဒ္ဒိသံ။ (စတုသဒ္ဒါ လိင်သုံးပါးသို့ လိုက်ပုံ)

လိင်ဝုစ်မြဲသော သချာတို့ကိုကား မြဲသည့်အတိုင်း ထားရုံသာ တည်း။

ပုံစံ- ဝိသတိ စိတ္တာနိ-ဝိသတိစိတ္တာနိ။
သဟဿံ ပေသကာရာ-သဟဿပေသကာရာ။

သချာရှေ့ရှိလျက် အခြားသမာသ် အမည်ပေးတြပုံ-

ဒွေ သတာနိ-ဒွိသတံ။ (ဒိဂု)
ဒွိဟိ ဂုဏိတံ သတံ-ဒွိသတံ။ (မရှေ့လောပီတပ္ပုရိသ်)
သတဿ ဒွိကံ-ဒွိသတံ။ (တပ္ပုရိသ်)

ဒိဂုသမာသ်၌ ဝါကျတွင်းဝယ် ရှေ့ပုဒ် နောက်ပုဒ်တို့၌ များသော အားဖြင့် ပထမာကျေ၏၊ တပ္ပုရိသ်၌ကား ရှေ့ပုဒ်ဝယ် ဒုတိယာစသော ဝိဘတ်များ ကျေ၏၊ ဤသို့ ဝိဘတ်ကျေပုံ, ဝါကျခင်းပုံတို့ကို ကြည့်၍

http://www.dhammadownload.com



အခြားသမာသ် နာမည်များလည်း ပေးရသေးသည်။

ဒိဂုသမာသ် အပြား-

၁။ သမာဟာရဒိဂု

၂။ အသမာဟာရဒိဂု ဟု ၂-မျိုးပြား၏။

ထိုတွင် အပေါင်းပြဋ္ဌာန်းမှု သမာဟာရဒိဂုမည်၏၊ အစိတ်ပြဋ္ဌာန်းမှု အသမာဟာရဒိဂုမည်၏။ (ရှင်-၁၄၆)

သို့မဟုတ်- ပါဠိတော်၌ ဧကသင်္ချာမှ တစ်ပါး ဒွိ,တိ စသော သင်္ချာတို့ဖြင့် နပုံလိင်ဧကဝုစ်ရှိမှု သမာဟာရဒိဂုမည်၏။

ဧကပုတ္တော၊ ဧကာဟံ၊ ဧကကုလံ၊ ဧကပညာ-ဟု လိင်သုံးပါးတွင် ဧကသင်္ချာဖြင့် ဧကဝုစ်ရှိရာ၌လည်းကောင်း၊ လိင်သုံးပါးတွင် ဒွိ,တိစသော သင်္ချာတို့ဖြင့် ဗဟုဝုစ်ရှိရာ၌လည်းကောင်း အသမာဟာရဒိဂုမည်၏။

ဆက်ဦးအံ့၊ သမာဟာရဒိဂုသည် အပေါင်းပြဋ္ဌာန်းသည်ဖြစ်ရာ ပေါင်း၍ရသော ဒွိ, တိ စသော သင်္ချာတို့သာ သမာဟာရဒိဂု၌ ဖြစ်နိုင်၏၊ ဧကသင်္ချာဖြင့် သမာဟာရဒိဂု မည်သည့်အခါမျှ မဖြစ်နိုင်။ ၁-သင်္ချာတစ်ခုတည်း၌ အပေါင်းဟူသော စကားသည် မရနိုင်၊ နှစ်ခုရှိမှ ပေါင်း၍ရမည်ကို သတိပြုပါ။

အသမာဟာရဒိဂုသည် အစိတ်ပြဋ္ဌာန်းသည်ဖြစ်ရာ ဧကသင်္ချာဖြင့် ဧကဝုစ်လည်း ရှိနိုင်၏၊ ဒွိ,တိသင်္ချာတို့ဖြင့် ဗဟုဝုစ်လည်း ရှိနိုင်သည်။

ပုံစံ- တိလောကံ၊ ဒွိရတ္တံ၊ စတုသစ္စံ။ (သမာဟာရ)
ဧကမူလော၊ ဧကာဟံ၊ ဧကိတ္ထီ။ (အသမာဟာရဧကဝုစ်)
တိဘဝါ၊ ပဉ္စိန္ဒြိယာနိ၊ စတုဒိသာ။ (အသမာဟာရဗဟုဝုစ်)

သမာဟာရနှင့် အသမာဟာရဧကဝုစ်-

သမာဟာရ၌ ဧကသင်္ချာမရှိ၊ ဒွိ တိ စသောသင်္ချာတို့ဖြင့်သာ ရှိ၏

http://www.dhammadownload.com



နပုံ လိင် ကေဝုစ် မြဲ၏၊ အသမာဟာရနကဝုစ်၌ ကေသန်ျာဖြင့် လိင်သုံးပါး ဆက်ဆံ၏။ ပုံစံကား ထင်ရှားပြီး ဖြစ်၏။

ဂိုဏ်းစဉ်ပုံ-သမာဟာရဒိဂုံ၌ "ဒိဂုသေကတ္တံ"သုတ်အရ လည်းကောင်း၊ တတ္ထ သဗ္ဗတ္ထေကဝစနမေဝ ဟောတိ"ဟူသော (ရူ-၁၉၁)အရသော် လည်းကောင်း ဝိဘတ်အားလုံး၌ နပုံလိင်, ကေဝုစ်ချည်း စဉ်ပါ။

စဉ်ပုံ - တိလောကံ

တိလောကံ

တိလောကေန စသည်ဖြင့် ဝိဘတ်ခုနစ်သွယ် စဉ်ပါ။

အသမာဟာရဒိဂုံ၌ကား ပါဠိတော်၌ ရှိသည့် လိင်ဝုစ်အတိုင်း စဉ်ပါ၊ ပုံလိင်ကေဝုစ်ရှိက ပုရိသာဒိ ကေဝုစ်ချည်းစဉ်၊ ဗဟုဝုစ်ရှိက ပုရိသာဒိ ဗဟုဝုစ် ချည်းစဉ်ပါ။

စဉ်ပုံ - ကေပုဂ္ဂလော

ကေပုဂ္ဂလံ

ကေပုဂ္ဂလေန စသည်။

တိဘဝါ

တိဘဝေ

တိဘဝေဟိ, တိဘဝေဘိ စသည်။

နပုံ, ကေဝုစ်ရှိက- ကောဟံ

ကောဟံ

ဧကာဟေန စသည်။

ဗဟုဝုစ်ရှိက- ပဉ္စိန္ဒြိယာ, ပဉ္စိန္ဒြိယာနိ

ပဉ္စိန္ဒြိယေ, ပဉ္စိန္ဒြိယာနိ

ပဉ္စိန္ဒြိယေဟိ, ပဉ္စိန္ဒြိယေဘိ၊ စသည်

http://www.dhammadownload.com



ထိ, ကေဝုစ်ရှိက- နကြွိုတ္တိ
ကေိတ္တိ, ကေိတ္တိယံ
ကေိတ္တိယာ ဟု နဒါဒိ ကေဝုစ်ချည်းလည်းကောင်း
ထိ, ဗဟုဝုစ်ရှိက- စတုဒ္ဒိသာ, စတုဒ္ဒိသာယော
စတုဒ္ဒိသာ, စတုဒ္ဒိသာယော
စတုဒ္ဒိသာဟိ, စတုဒ္ဒိသာဘိ စသည် ဗဟုဝုစ်ချည်း
စဉ်ပါ။

ရုပ်တွက်- ဒွေ ရတ္တိယော-ဒွိရတ္တံ။

ဒွိ ရတ္တိ တည်၊ ဒွေ ရတ္တိယော ဟု ဝါကျဖြစ်အောင်ပြု၊ ဒွိပဒေ စသောသုတ်ဖြင့် သမာသ်စပ်၍ ကမ္မဓာရည်းမှည့်၊ သမာသ်မှည့်၊ ဝိဘတ်ချေ ဒွိ ရတ္တိ-ဟု ပကတိပြု၊ သင်္ချာပုဗ္ဗော ဒိဂု-ဖြင့် ဒိဂုမှည့်၊ ဥဘော တပ္ပုရိသာ-ဖြင့် တပ္ပုရိသ်မှည့်၊ ကွစိ သမာသန္တ-စသောသုတ်ဖြင့် တ္တိ ၏ အဆုံးဣကို အပြု၊ နပုံးကေတ်ငဲ့၊ သိသက်၊ အံပြု။ (ကစွည်းနှင့် ရူ-ပနည်း)

တစ်နည်း ဒွိ ရတ္တိ-ဟု ပကတိပြု၊ ဒိဂုစသည် မှည့်၊ ကွစိ သမာသန္တ စသောသုတ်ဖြင့် အပစ္စည်းသက်၊ တ္တိ ခွင်း၊ သရလောပေါဖြင့် က္လချေ၊ နောက် အကို အ-ဟု ပကတိပြု၊ တ္တ အသိ့ကပ်၊ နပုံကေတ်စသည်။ (ရူ-ဒုနည်း) ဒွိရတ္တာဒီသု အပစ္စယော။ (ရူဋီ)

(ဆောင်) ဒိဂုသမာသ, ရုပ်တွက်ကြမူ, ကမ္မဓာရည်း, ရိုးရာနည်းဖြင့်, ပကတိမှု, တိုင်အောင်ပြုလော၊ ဒိဂု ထို့နောက်, တပ္ပုရိသ်လှော်က် ၍, ထို့နောက် ဆက်လက်, ကေတ်နပုံး, သုံးသင့် သုံးပါ, နားမ်ငဲ့ ကာ, ဆိုင်ရာဂိုဏ်းသွင်းလေ။ (ကစ်ဘာဋီ-ပ၊ ၅၀၃)

ဒွိရတ္တံ၌ အပစ္စည်းသက်သောနည်းဝယ် အပစ္စည်းနှင့် စပ်သော

http://www.dhammadownload.com



ကြောင့် တဒွိတ်ဟု မဆိုသင့်ပါသလော ဟူမူ "ဒွိရတ္တိ သမာသ်ပြီးမှ အပစ္စည်း သက်ရသော်လည်း သစ်ပင်မှထွက်သော အညွန့်သည် သစ်ပင်၏ အစိတ်အပိုင်းဖြစ်သကဲ့သို့ သမာသ်မှထွက်သော အပစ္စည်းသည်လည်း သမာသ်၏ အစိတ်အပိုင်းသာ ဖြစ်ရသည်၊ တဒွိတ်ဟု မဆိုသင့်"ဟူလို။

(ဆောင်) သမာသ်အပြီးတွင်, ပစ္စည်းဝင်လည်း, သစ်ပင်မှဆက်, ရွက်ညွန့်ထွက်သို့, မပျက်သမာသ်, ခေါ်ဆိုအပ်, မှတ်လေတဒွိတ်မဆိုနှင့်။ (ရှုဘာဋီ-၁၊ ၅၉၈)

## " သမာသ်ပုံစံများ "

| | | |
|---|---|---|
| တိဒဏ္ဍံ | တိမလံ | တိလက္ခဏံ |
| ပဉ္စသိက္ခာပဒံ | သဠာယတနံ | သတ္တာဟံ |
| သတယောဇနံ | ဒသသီလံ | ဒွင်္ဂုလံ |
| ဒွိရတ္တံ | တိရတ္တံ | ဧကမေ့ဝ |
| ဧကပုတ္တော | တိဘဝါ | စတုဒ္ဒိသာ |
| ဒသသဟဿစက္ကဝါဠာနိ | တိပည့် | တိဘဝံ |
| စတုပ္ပထံ | ဒွိသတံ | တိသတံ |
| စတုသတံ | ပဉ္စသတံ | ဒွိသဟဿံ |
| တိသဟဿံ | စတုသဟဿံ | ပဉ္စသဟဿံ |
| ဒွိသတသဟဿံ | ဒွိပဒံ | တိဘူမံ။ |

http://www.dhammadownload.com

# ၄။ တပ္ပုရိသ်သမာသ်

## အမာဒယော ပရပဒေဘိ

ဤသုတ်သည် သမာသ်စပ်မှု တပ္ပုရိသ်မှည့်မှု နှစ်မျိုးလုံးကို ပြ၏။ အမာဒယောအရ အံအစရှိသော ဝိဘတ်များသာ ရသော်လည်း ဝိဘတ်များသည် တတော စ ဝိဘတ္တိယော-အရ လိုက်နောင်သက်ရသောကြောင့် ထိုဝိဘတ်ဆုံးသော ပုဒ်များကို အမာဒယောအရ အဝိနာဘာဝနည်းအားဖြင့် ယူပါ။

### ဤသုတ်၌ တပ္ပုရိသ်-

ဤသုတ် တပ္ပုရိသ်သည် ကမ္မဓာရည်း ဒိဂု လက္ခဏာတို့နှင့် မရောသော "သုဒ္ဓတပ္ပုရိသ်"၊ ရှေ့ပုဒ်၌ အံစသော ဝိဘတ်ခြောက်မျိုးတွင် တစ်မျိုးမျိုးကျေသော "အမာဒိတပ္ပုရိသ်" တည်း။

ဥဘော တပ္ပုရိသာ-၌ကား "မိဿကတပ္ပုရိသ်"၊ န ဗြာဟ္မဏော စသည်ဖြင့် ရှေ့ပုဒ်၌ ပထမာကျေသော ပထမာတပ္ပုရိသ်တည်း၊ ဤသုတ်၌ အလိုမရှိပေ။

## တပ္ပုရိသ် လက္ခဏာ

(ဆောင်) အံစသည် ကျေ၊ ရှေ့ပုဒ်နေ၊ နောက်ကျေ ပထမာ။
တပ္ပုရိသ၊ နောက်ပုဒ်ရ၊ သုဒ္ဓလက္ခဏာ။

၁။ ရှေ့ပုဒ်၌ အံစသောဝိဘတ်တို့တွင် တစ်လုံးလုံး ကျေခြင်း။
၂။ နောက်ပုဒ်၌ ပထမာဝိဘတ်ကျေခြင်း အားဖြင့် နှစ်ပါးတည်း။

### ဝါကျတွင်း လိင်, ဝိဘတ်, ဝုစ်-

ဝါကျတွင်း၌ ရှေ့ပုဒ်ကို မိမိတို့ ပကတိလိင်အတိုင်း၊ ကျေသော

http://www.dhammadownload.com



ဝိဘတ်အတိုင်း၊ ဝုစ်အတိုင်း ထား၍ ဝိဂ္ဂဟပြုပါ။

ဝါကျတွင်း၌ နောက်ပုဒ်ကိုကား အဘိဓေယျလိင်ဝုစ်အတိုင်း ပထမာဝိဘတ်ဖြင့် ထား၍ ဝိဂ္ဂဟပြုပါ။

ပုဒ်ပြီး လိင်ဝုစ်-

ဝိဂ္ဂဟပြုပြီး၍ ချရာ၌ကား အဘိဓေယျလိင်ဝုစ်အတိုင်း ပထမာ ဝိဘတ်ဖြင့် ချပါ။

**တပ္ပုရိသ်သမာသ်အပြား-**

တပ္ပုရိသ်သမာသ်သည် ရှေ့ပုဒ်၌ အံစသောဝိဘတ် ၆-လုံး ကျေသည့်အတွက် ဒုတိယာတပ္ပုရိသ် စသောအားဖြင့် ၆-ပါး ပြား၏။

## ဒုတိယာတပ္ပုရိသ်

ပုံစံ။ ဘူမိံ ဂတော-ဘူမိဂတော။ (ပုရိသော)
ဘူမိံ ဂတာ-ဘူမိဂတာ။ (ပုရိသာ)
ဘူမိံ ဂတံ-ဘူမိဂတံ။ (ကုလံ)
ဘူမိံ ဂတာနိ-ဘူမိဂတာနိ။ (ကုလာနိ)
ဘူမိံ ဂတာ-ဘူမိဂတာ။ (ကညာ)
ဘူမိံ ဂတာယော-ဘူမိဂတာယော။ (ကညာယော)

ပထမာတပ္ပုရိသ် ရှိသောဝါဒ-

"သရဏဂတော"ကို ရှု၍ ဒုတိယာတပ္ပုရိသ်ဟု ဆိုသော်လည်း သဒ္ဒနီတိ ၌ကား "ကတ္ထစိ ဒုတိယာ န ဘဝတိ၊ သရဏံ ဂ္ဂတိ ဂတော- ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူ"ဟု ဂ္ဂတိသဒ္ဒါကျေ၍ သရဏံ၌ ပထမာ ဝိဘတ်သက်ရသော ပထမာသုဒ္ဓတပ္ပုရိသ်လည်း ရှိ၏ဟု ကြံတော်မူသည်။
(နီတိသုတ္တ-၁၉၅)

http://www.dhammadownload.com



သမာသ်မဖြစ်သော ဌာနများ-

တဝန္တု, မာန, အန္တ စသော ပစ္စည်းဆုံးသော ကိတ်ပုဒ်များနှင့်ကား သမာသ်မဖြစ်၊ ဝါကျအတိုင်းသာ ရှိရသည်ဟု ရူပသိဒ္ဓိ၌ ဆို၏။

(ဆောင်)တဝန္တု တာဝီ, တစ်လီ မာန, အန္တ အာနာ, တုံ တွာ တုန, တွာန သဒ္ဒါ, နောက်ပုဒ်ပါမူ, န သဒ္ဒါမှ, ကြွင်းပဒနှင့်, ဝါကျသာမှတ်, သမာသ်မဖြစ်, ဆိုတုံလှစ်၏။ (ရူဘာဋီ-၁၊ ၆၀၄)

အထက်ပါပုဒ်တို့နှင့် ယှဉ်ရာ၌ ရှုအကြောင်းပြများ-

ဝိဘာသာ ရက္ခတိဏ-စသောသုတ်မှ ဝဝတ္ထိတအနက်ရှိသော ဝိဘာသာသဒ္ဒါ လိုက်လာသောကြောင့်လည်းကောင်း၊ သမာသ်ဖြစ်သော အခါ ထိုဝါကျ၏အနက်ကို မဟောနိုင်သောကြောင့်လည်းကောင်းတည်း။

ဖြစ်နိုင်သည့် အကြောင်းများ-

ထိုပုဒ်အားလုံးတို့သည် နသဒ္ဒါနှင့် တွဲရာ၌ကား "န ဘုတ္တဝါ-အဘုတ္တဝါ၊ န ကာတုန-အကာတုန" စသည်ဖြင့် နနိပါတပုဗ္ဗပဒကမ္မဓာရည်းဖြစ်သေး၏။

နောက်ပုဒ်ပါမူ-

ထိုပုဒ်အချို့သည် မိမိတို့က ရှေ့ကနေပါမူ "လဒ္ဓမာနဝိသေသော၊ ပဋိစ္စသမုပ္ပာဒေါ၊ ဥပါဒါယရူပံ၊ ဂန္တုကာမော၊ ဒါတုကာမော စသည်ဖြင့် သမာသ်ဖြစ်သေး၏။ (နီတိသုတ္တ-၁၈၀)

မဂ္ဂံ ဂစ္ဆန္တော, ဂုဏမဟန္တော-

ဤပုံစံတို့တွင် မဂ္ဂံ ဂစ္ဆန္တော-သည် သွားခြင်းကိစ္စ မပြီးဆုံးသေးသော ဝိပ္ပကတပုဒ်ဖြစ်သောကြောင့် သမာသ်မဖြစ်၊ ဂုဏမဟန္တောကား ဝိပ္ပကတ ပုဒ် မဟုတ်သောကြောင့် အန္တပစ္စည်းဆုံးသော်လည်း သမာသ်ဖြစ်၏ဟု

http://www.dhammadownload.com



နီတိသုတ္တ၌ "ဝိပ္ပကတေန ကိ-အဒ္ဓါနုမဂ္ဂပ္ပဋိပန္နော၊ ဂုဏမဟန္တော" စသည်ဖြင့် ကိုထုတ်၍ ပြဆို၏။

ကာကေဟိ ပါတဗ္ဗာ၊ ဒဿနေန ပဟာတဗ္ဗာ၊ ပုဏ္ဏော မန္တာဏိ-ပုတ္တော စသည်တို့၌ သမာသ်စပ်လျှင် အရွတ်အဖတ် ခက်သောကြောင့်လည်းကောင်း၊ အနက်မှန်ကို မသိလောက်သောကြောင့်လည်းကောင်း သမာသ်မဖြစ်-ဟု ဆိုသည်။ (နီတိသုတ္တ-၁၈၁)

## တတိယာတပ္ပုရိသ်

ယင်းသမာသ်ကို ကိတ,ကိစ္စ ပစ္စည်းဆုံးသောပုဒ်၊ ပုဗ္ဗ, သဒိသ, သမ, ဦန အနက်ရှိသောပုဒ်၊ သကလ, နိပုဏ, မိဿက, သခိလ အစရှိသောပုဒ်တို့နှင့် တွဲစပ်ရမည်။

ဗုဒ္ဓေန ဘာသိတော-ဗုဒ္ဓဘာသိတော။

(ဆောင်) ကမ္မသာခနေ, နောက်ပုဒ်ပြ, ရှေ့ကပုဒ်နှင့် တတိယာတွဲမြဲ။

နောက်ပုဒ် ကမ္မဝါစကသည် ကံကိုဟောသောကြောင့် အဝုတ္တကတ္တားကိုသာ အလိုရှိအပ်ရကား တတိယာတပ္ပုရိသ် တွဲရသည်။

ဘာသိတဗ္ဗောတိ-ဘာသိတော။

ဗုဒ္ဓေန ဘာသိတော-ဗုဒ္ဓဘာသိတော-ဟု တွဲပါဟူလို။

မဇ္ဈေလောပီ တပ္ပုရိသ်-

ဂုဠေန သံသဋ္ဌော ဩဒနော-ဂုဠောဒနော။

ဤသမာသ်မျိုးကို အလယ်က သံသဋ္ဌပုဒ်ကျေသောကြောင့် မဇ္ဈေလောပီ တတိယာတပ္ပုရိသ်ဟု ခေါ်၏။

ရုပ်တွက်- ဂုဠ သံသဋ္ဌ ဩဒန တည်၊ ဂုဠေန သံသဋ္ဌော ဩဒနော ဟု ဝါကျဖြစ်အောင်ပြု၊ သမာသ်စပ်၊ တပ္ပုရိသ်မှည့်၊ သမာသ်မှည့်၊

http://www.dhammadownload.com



ဝိဘတ် ချေ၊ ဝုတ္တတ္ထာနမပ္ပယောဂေါ-ဟူသော ပရိဘာသာဖြင့် သံသဋ္ဌပုဒ်ကို ချေ၊ ဂုဠ ဩဒန ဟု ပကတိပြု၊ နာမ်ငဲ့ စသည်။

ဇမ္ဗုဒီပေါ၊ အဿရထော၊ မဂ္ဂစိတ္တံ စသည်တို့လည်း နည်းတူ တွက်ပါ။

## စတုတ္ထီတပ္ပုရိသ်

ယင်းသမာသ်ကို ထိုဧ၏ဥစ္စာဖြစ်သော အနက်၊ အတ္ထသဒ္ဒါ၊ ဟိတ သဒ္ဒါ ဒေယျအစရှိသော သဒ္ဒါတို့နှင့် တွဲစပ်ရမည်။

ပုံစံ- ကထိနဿ ဒုဿံ-ကထိနဒုဿံ။

အတ္ထသဒ္ဒါနှင့် သမာသ်ဖြစ်ရာ၌-

နိစ္စသမာသ်ဖြစ်၍ မိမိအတ္ထပုဒ်ရင်းဖြင့် ဝိဂြိုဟ်မပြုရ၊ အတ္ထ၏ အနက်ကို ဟောနိုင်သော အခြားပုဒ်နှင့်သာ ဝိဂြိုဟ်ပြုရမည်ဟု ဆို၏။

အခြားပုဒ်ဟူရာ၌ "အတ္ထာယ"ဟူသော ပုဒ်ကိုပင် ရူနှင့် ရူဋီ၊ ဝိဂ္ဂဟ နယကျမ်းတို့ ပြဆိုကြသည်၊ ယဿ အတ္ထာယ-ယဒတ္ထော ဟု ပြုလိုကြ၏။

အတ္ထသဒ္ဒေန နိစ္စသမာသတ္တာ အတ္ထာယာတိ အညပဒဝိဂ္ဂဟော, သဗ္ဗ လိင်္ဂတာ စ။ (ရူဋီ-၁၄၉)

ဘာသာဋီကာ၌ကား-

နိစ္စသမာသ်ဖြစ်၍ အခြားပုဒ်နှင့် ဝိဂ္ဂဟပြုရမည်ဟူသော စကားကို ဆန့်ကျင်စေ၍ "အတ္ထ" ဟူသော မိမိပုဒ်ရင်းဖြင့်ပင် ဝိဂ္ဂဟလုပ်ထားသော ကြောင့်လည်းကောင်း၊ "နောက်ပုဒ်၌ ပထမာကျေရမည်"ဟူသော တပ္ပုရိသ် ထုံးစံကို လွန်ဆန်လျက် ရှိသောကြောင့်လည်းကောင်း၊ " ယဿ အတ္ထာယ- ယဒတ္ထော" ဟု မဆိုသင့်ဟု မိန့်တော်မူ၏။

ပုံလိင်၌ "ယဿ အယံ ယဒတ္ထော၊ တေဿ အယံ-တဒတ္ထော"ဟု လည်းကောင်း၊ နပုံလိင်၌ ယဿ ဣဒံ-ယဒတ္ထံ စသည်ဖြင့်လည်းကောင်း၊

http://www.dhammadownload.com



ပြုစေလိုရာ၏။

**ကိမတ္ထံ, အတ္တတ္ထံ, ပရတ္ထံ စသည်-**

ကိဿ ဣဒံ-ကိမတ္ထံ၊ အတ္တနော ဣဒံ-အတ္တတ္ထံ၊ အဘယ်အဖို့နည်း စသည်ဖြင့် ပေးပါ။ ဤသို့ စတုတ္ထီပြုခြင်းသည် သက္ကတစသည်ကို မှီးသော ရှုအလိုသာတည်း။

ပိဋကတ်တော်၌ ထိုပြယုဂ်များသည် စတုတ္ထီသမာသ် မဟုတ်၊ ဆဋ္ဌီတပ္ပုရိသ်၊ ကမ္မဓာရည်း၊ ဗဟုဗ္ဗီဟိ စသည်များသာ ထိုက်သလို ဖြစ်ကြသည်ဟု ဘာသာဋီကာ၌ မိန့်သည်။

ကိဿ အတ္ထော-ကိမတ္ထော ဟု ဆဋ္ဌီတပ္ပုရိသ်ဖြစ်ရေး ကော အတ္ထော ကိမတ္ထော၊ အဘယ်သို့သော အကျိုးနည်း ဟု ကမ္မဓာရည်းဖြစ်စေ၊ ကော အတ္ထော (ပယောဇနံ) ယဿာတိ-ကိမတ္ထံ၊ အဘယ်အကျိုးရှိသနည်း ဟု ဗဟုဗ္ဗီဟိဖြစ်စေ သင့်ရာပြုရမည်။

**ဘိက္ခုသံဃတ္ထော, သံဝရတ္ထော-**

ဘိက္ခုသံဃဿ အယံ-ဘိက္ခုသံဃတ္ထော၊ သံဝရဿ အယံ-သံဝရတ္ထော၊ ဤကား သက္ကတစသည်ကို မှီးသော ရှုအလိုသာတည်း။

ပါဠိအတိုင်းမူ " ဘိက္ခုသံဃဿ အတ္ထော-ဘိက္ခုသံဃတ္ထော၊ ဟု ပြုရမည်၊ နိစ္စသမာသ်လည်း မဟုတ်၊ ဆဋ္ဌီတပ္ပုရိသ်သာ၊ သုံးလိင်မရှိ၊ အတ္ထ၏ မူလလိင်အတိုင်းသာ၊ သုံးလိင်လိုက "ဘိက္ခုသံဃဿ အတ္ထော ယဿာတိ-ဘိက္ခုဆံဃတ္ထော၊ တ္ထာ၊ တ္ထံ ဟု ပြုရမည်။

"သံဝရဿ အတ္ထော-သံဝရတ္ထော၊ စောင့်ရှောက်ခြင်း၏ အကျိုး"ဟု ဆဋ္ဌီတပ္ပုရိသ်ဖြစ်စေ၊ "သံဝရော စ သော အတ္ထော စာတိ-သံဝရတ္ထော၊ စောင့်ရှောက်ခြင်းဟူသော အကျိုး"ဟု ကမ္မဓာရည်းဖြစ်စေ တွဲပါ။

http://www.dhammadownload.com



ရူပသိဒ္ဓိဂဏ္ဌိ -

ရူပဋီကာ၌ကား ရူအတိုင်း စတုတ္ထီတပ္ပုရိသ်ပင် ပြု၏၊ သို့သော် "ဘိက္ခုသံယဿ အတ္ထော-ဘိက္ခုသံယတ္ထော" ဟု ပြု၏၊ အယံ နှင့် မပြု၊ ဝိဂြိုဟ်နက်ကြားရာ၌သာ "ဘိက္ခုသံယဿ-အား၊ အတ္ထာယ-အား"ဟု အတ္ထော ဟူသောပထမန္တကို အတ္ထာယ ဟူသော စတုတ္ထျန္တ ပုဒ်တစ်ပါးနှင့် အနက်ကြား၏။

## ပဉ္စမီတပ္ပုရိသ်

ယင်းသမာသ်ကို ဖဲခွာခြင်းအနက်ရှိသောပုဒ်၊ ကြောက်ခြင်းအနက်ရှိသောပုဒ်၊ ရှောင်ကြဉ်ခြင်းအနက်ရှိသောပုဒ်၊ လွတ်ခြင်းအနက်ရှိသောပုဒ်အစရှိသည်တို့နှင့် တွဲစပ်ရ၏။

ပုံစံ- မေထုနာပေတော စသည်။

## ဆဋ္ဌီတပ္ပုရိသ်

(ဆောင်) ကရဏ အဓိကရဏ, နောက်ပုဒ်ပြု, ရှေ့ကပုဒ်နှင့် ဆဋ္ဌီတွဲမြဲ။
ဘာဝသာနေ, နောက်ပုဒ်ပြု, ရှေ့ကပုဒ်နှင့် ကမ္မတ္ထဆဋ္ဌီ တွဲမြဲ။

ဤသို့သော နိယံများအရ ကရဏတ္ထ, အဓိကရဏတ္ထ, ဘာဝတ္ထဖြစ်သော ကိတန္တနောက်ပုဒ်တို့နှင့်လည်းကောင်း၊ ဇနက ဇည, အဝယဝအဝယဝီစသောအားဖြင့် စပ်ခြင်းရှိသော သမ္ဗန္ဓိနာမ်ပုဒ်တို့နှင့် လည်းကောင်း၊ တွဲစပ်အပ်သော သမာသ်သည် ဆဋ္ဌီတပ္ပုရိသ်သမာသ်မည်၏။

ပုံစံ- ရညော ပုတ္တော-ရာဇပုတ္တော။ (ဇနက ဇည)
သင်္ယုတိ တ္တောတိ-သင်္ဂဟော။ (အဓိကရဏတ္ထ)
အဘိဓမ္မတ္ထာနံ သင်္ဂဟော-အဘိဓမ္မတ္ထသင်္ဂဟော။
ဂဟိယတေ ဂဟဏံ။ (ဘာဝတ္ထ)
ဟတ္ထဿ ဂဟဏံ-ဟတ္ထဂ္ဂဟဏံ။

http://www.dhammadownload.com



## ဒီယတိ တောယာတိ-ဒါန်။ (ကရဏတ္ထ)

ဝိဘာသာဝိကာရတော ကွစိ ဝါကျမေဝ-

ဝိဘာသာရုက္ခတိဏ-စသောသုတ်မှ ဝိဘာသာသဒ္ဒါ လိုက်လာသောကြောင့် အချို့အရာ၌ ကမ္ဗဿ+ကတ္တာရော စသည်ဖြင့် ဝါကျသာရှိရသည်။ ကမ္ဗကတ္တာရော စသည်ဖြင့် သမာသ်မရှိရ ဟူလို။ (ရူ-၁၉၇)

တုပစ္စယန္တပုဒ်၊ တတိယစသည်ကဲ့သို့ ပူရဏအနက်ရှိသော ပစ္စည်းဆုံးသောပုဒ်၊ ခတ္တိယောကဲ့သို့ နိဒ္ဓါရဏီယပုဒ်၊ အန္တမာနပစ္စယန္တပုဒ်၊ တဒ္ဓိတ်ဘာဝပစ္စယန္တပုဒ်၊ တိတ္တတ္ထပုဒ်တို့နှင့် ဆဋ္ဌီယန္တရှေ့ပုဒ်သည် သမာသ်မဖြစ်။

(ဆောင်)တု ပူရဏ, ပစ္စယန္တနှင့်, ဘာဝတစ်လီ, နိဒ္ဓါရဏီယ, တိတ္တတ္ထပြင်,
မာန အန္တာ, နောက်ပုဒ်ပါမူ, ဝါကျသာမှတ်, သမာသ်ဆဋ္ဌီ, မဖြစ်ပြီ,
ထိုဤ ကျမ်းအထွက်။ (ရူဘာဋီ-၂၊ ၃)

ပုံစံ- ကမ္ဗဿ ကတ္တာရော။ (တုပစ္စယန္တ)
ပဏ္ဍဿ အဋ္ဌမီ။ (ပူရဏပစ္စည်း)
မနုဿာနံ ခတ္တိယော သူရော။ (နိဒ္ဓါရဏီယ)

ဤ၌ ခတ္တိယောသည် သူရောဟူသော ပုဒ်တစ်ပါးကို ငဲ့နေသည့်အတွက် ယုတ္တတ္ထမဖြစ်၍သာ နိဒ္ဓါရဏသမာသ်မဖြစ်ဘဲ ရှိရသည်၊ အကယ်၍ မငဲ့ဘဲရှိခဲ့ပါမူ ယုတ္တတ္ထဖြစ်၍ သမာသ်ဖြစ်နိုင်၏။

ပုံစံ- ပုရိသာနံ ဥတ္တမော-ပုရိသုတ္တမော။
ဒွိပဒါနံ ဥတ္တမော-ဒွိပဒုတ္တမော။
ဒေဝါနံ ဒေဝေါ-ဒေဝဒေဝေါ။
ဝိဟာရဿ ကရော်န္တော။ (အန္တပစ္စယ)
ဂေဟဿ ကရမာနော။ (မာနပစ္စယ)

http://www.dhammadownload.com



ဖလာနံ အတိတ္တော။ (တိတ္တတ္ထ)

ဘရော ရဉ္စော, ပုတ္တော ဒေဝဒတ္တဿ-

ရဉ္စောနှင့် ပုတ္တောသည် အချင်းချင်း နီးကပ်နေသော်လည်း အချင်းချင်း ငဲ့မှုမရှိ၍ ယုတ္တတ္ထမဖြစ်သောကြောင့် သမာသ်မဖြစ်။

ဘဂဝတော သာဝကသံဃော-

ဤပုံစံ၌ သာဝကသဒ္ဒါသည် ဘဂဝတောဟူသော သမ္ဗန်ပုဒ်တစ်ပါးကို ငဲ့နေသော်လည်း "သာဝကာနံ သံဃော-သာဝကသံဃော"ဟု သမာသ်ပြီးသော အခါ "ဘုရားရှင်၏ တပည့်တို့၏ အပေါင်း"ဟု ဘဂဝတောကို သာဝကာနံ၌ စပ်၍ ဝါကျတုန်းကကဲ့သို့ အနက်ကိုသိစေနိုင်သည်၏ အဖြစ်ကြောင့် သမာသ်ဖြစ်သေး၏။(ရူ-၁၉၇)

သမ္ဗန္ဓိသဒ္ဒါနံ ပန နိစ္စံ သာပေက္ခတ္တေပိ ဂမကတ္တာ သမာသော။ (ရူ)

## သတ္တမီတပ္ပုရိသ်

နောက်ပုဒ်ပြဓာန်းသည် ဖြစ်၍ ရှေးသတ္တမျန္တပုဒ်နှင့် တွဲစပ်သော တပ္ပုရိသ်သည် သတ္တမီတပ္ပုရိသ်မည်၏။

ပုံစံ- ရူပေ သညာ-ရူပသညာ။

## " ကိတန္တသမာသ် "

ကမ္မံ ကရောတီတိ-ကမ္မကာရော၊ ဤကဲ့သို့ ဝိဂ္ဂဟပြုသော ပုဒ်မျိုးကို ကမ္မံ ကာရ-ဟု ကာရနောင် ဝိဘတ်မသက်ခင်(နာမ်ပုဒ်မဖြစ်ခင်)ကမ္မံ နှင့် ကာရကို သမာသ်စပ်ရသောကြောင့် "ကိတန္တဒုတိယာတပ္ပုရိသ်သမာသ်"ဟု ခေါ်၏။

http://www.dhammadownload.com



ဤစကားအရ ကိတန္တသမာသ်၌ နာမ်ဝိဘတ်မသက်ခင် ကိတ်ပစ္စယန္တ အခိုက်မှာ ရှေ့ပုဒ်နှင့် သမာသ်စပ်ရမည်၊ ကမ္မံ+ကာရော ဟု ကာရနောင် နာမ်ဝိဘတ်သက်ပြီးမှ သမာသ်စပ်လျှင် ကိတန္တမခေါ်ဘဲ ဘုမ္မိ ဂတော- ဘူမိဂတော ကဲ့သို့ ရိုးရိုးသမာသ်သာ ဖြစ်သင့်တော့သည်။

ကိတန္တသမာသ်များကို နိစ္စသမာသ်၊ ဥပပဒသမာသ်ဟုလည်း ခေါ်ကြသေး၏။

"ကမ္မံ ကာရော"ဟု ဝါကျအဖြစ်ဖြင့် ခွဲ၍မရနိုင်၊ မဖြစ်နိုင်ဘဲ "ကမ္မ ကာရော"ဟု သမာသ်အဖြစ်ဖြင့်သာ ဖြစ်နိုင် ရှိနိုင်သောကြောင့် နိစ္စသမာသ် (ဝုတ္တိယေဝ)ဟု ရှု၍ဆိုသည်။

နိစ္စသမာသ်ဖြစ်၍ မိမိပုဒ်ရင်းဖြင့် ကမ္မံ ကာရော-ကမ္မကာရော ဟု ဝိဂ္ဂဟပြု၍ မဖြစ်နိုင်၊ ကာရော၏ ပရိယာယ်ဖြစ်သော ကရောတိဟူသော ပုဒ်တစ်ပါးဖြင့် ဝိဂ္ဂဟပြုရသည်။

ပါဠိ၌ ကာရော-ချည်းသက်သက် "ပြုလုပ်တတ်သူ"ဟူသော ကတ္တား အနက်ကို ဟောလျက် မရှိနိုင်၊ ပြုခြင်း ပြုအပ်သောအမှု ဟူသောအနက်ကို ဟောလျက်ကား ရှိနိုင်၏၊ ထို့ကြောင့် ကာရော၏အနက်တူ ကရောတိ ပုဒ်တစ်ပါးဖြင့် ဝိဂ္ဂဟပြုရသည်။

ခြားနားချက်-

ကိတန္တသမာသ် ရုပ်တွက်ရာ၌ ရှုနှင့် ရှင်ဋီတို့ မတူကြပေ၊ ရှု၌ ကမ္မံ ကာရော-ဟု ကာရနောင် နာမ်ဝိဘတ်သက်ပြီးမှ သမာသ်စပ်၏၊ ရှင်ဋီကာ ကား ကမ္မံ ကာရ-ဟု ကာရနောင် ကိတ်ပစ္စယန္တဆုံးခိုက် နာမ်ဝိဘတ်မသက် ခင် သမာသ်စပ်၏၊ ကိတန္တသမာသ်ဟု ဆိုသည့်အတွက် ရှင်ဋီနည်းက ပို၍ သဘာဝကျသည်-ဟု ဘာသာဋီကာ၌ မိန့်သည်။

ရုပ်တွက်- ကမ္မ+ကရ တည်၊ ခတ်မှည့်၊ အဆုံးသရချေ၊ ကမ္မနောင်

http://www.dhammadownload.com



အံသက်၊ ခွင်း ချေ ကပ်၊ ဓာတုယာ ကမ္မာဒိမှိ ဏော-ဖြင့် ဏ သက်၊ ကာရိတ် ငဲ့၊ အနုဗန် ချေ၊ ဝုဒ္ဓိပြု ရ် အ သို့ကပ်၊ (ကမ္မ ကာရ) အမာ ဒယောဖြင့် ကမ္မနှင့် ကာရကို သမာသ်စပ်၊ တပ္ပုရိသ်မှည့်၊ သာမညသမာသ် မှည့်၊ တေသံ ဝိဘတ္တိယော ဖြင့် ကမ္မဴ၌ အံကိုချေ၊ ပကတိစသျ-ဖြင့် ကမ္မ ဟု ပကတိပြု၊ နာမ်ငဲ့ သိသက်၊ ဩပြု ခွင်း ချေ ကပ်။ (ရူဋိ၊ ဘာဋိ)

တစ်နည်း- ကမ္မ ကရ တည် ။ ပ ။ ရ် အ သို့ကပ်၊ နာမ်ငဲ့ သိသက်၊ ဩပြု ရ ခွင်း ချေ ကပ်၊ (ကမ္မ ကာရော) အမာဒယောဖြင့် ကမ္မနှင့် ကာရောကို သမာသ်စပ်ခြင်းစသည်ပြု ။ပ။ ကမ္မကာရ-ဟု ပကတိပြု၊ နာမ်ငဲ့ သိသက်၊ ဩပြု စသည်။ (ရူ)

ရူနည်း၌ နာမ်နှစ်ကြိမ်ငဲ့သည် ပထမအကြိမ်ငဲ့ခြင်းက "ကိတကန္တတ္တာ-ကိတ်ပစ္စည်း အဆုံးရှိသည်၏အဖြစ်ကြောင့်"ဟု အကြောင်းပြသည်၊ ဒုတိယ အကြိမ်ငဲ့ခြင်းက "သမာသတ္တာ-သမာသ်၏အဖြစ်ကြောင့်" ဟု ရူ-၃၄၈ ၌ အကြောင်းပြလေသည်။

(ဆောင်)ကမ္မ + ကာရ, ပြီးရုံမျှ၌, သမာသမှု, ရူဋိပြု၍, ကမ္မ + ကာရော, ပြီးသောခါတွင်, စပ်ချင်သမာသ်, ရူကမှတ်သည်, နှစ်ရပ်ဝါဒ အထူး တည်း။

အမာဒိပရတပ္ပုရိသ်-

တပ္ပုရိသ်သမာသ်ထုံးစံသည် "ဘူမိ ဂတော"စသည်ကဲ့သို့ အမာဒိ ဝိဘတျန္တပုဒ်သည် ရှေ့နေ၍ ပထမာဝိဘတျန္တပုဒ်က နောက်နေမြဲတည်း၊ အစ္စန္တံ စသည်တို့ကား အတိ+အန္တ စသည်ဖြင့် (အတိနောင် သိသက် ချေထားသော) ပထမာဝိဘတျန္တပုဒ်သည် ရှေ့နေ၍ အန္တံစသော အမာဒိ ဝိဘတျန္တပုဒ်များက နောက်နေလျက် ရှိနေ၏၊ ထိုတပ္ပုရိသ်မျိုးကို "အမာဒိ

http://www.dhammadownload.com



ပရတပ္ပုရိသ်"ဟု ခေါ်၏။

ရုပ်တွက်- တဒနုပရောဓေနာတိ ဝုတ္တတ္တာ ယထာဘိဓာနံ တပ္ပုရိသေ ကွစိ အစ္စန္တာဒီသု အမာဒိဝိဘတျန္တံ ပုဗ္ဗပဒံ ပရံ သမ္ဘဝတိ။(ရူ-၁၉၈)

အန္တ+အတိ တည်၊ အန္တနောင် အံသက်၊ ခွင်း ချေ ကပ်၊ အတိနောင် သိသက် ချေ၊ အန္တံ အတိ ဟု ဝါကျဖြစ်၊ အမာဒယောဖြင့် သမာသ်ပြု၊ တပ္ပုရိသ် မှည့်၊ ယုတ္တတ္တမှည့်၊ ဝိဘတ်ချေ၊ အန္တ အတိ ဟု ပကတိပြု၊ တေသုဝုဒ္ဓိ-ဖြင့် အန္တ အတိ-ကို အတိ အန္တ-ဟု ရှေ့နောက်ပြန်၊ စ် ပြု ဒွေဘော်လာ ကပ်၊ နာမ်ငဲ့ သိသက် အံပြု၊ ခွင်း ချေ ကပ်၊ ပြီး၏။

(ကြွင်းပုံစံ နည်းမှီတွက်)

အစ္စန္တံ, နိဗ္ဗာနံ, ဥပရိဂင်္ဂ-

ဤပုံစံတို့၌ အဗျယီဘောလေလော၊ တပ္ပုရိသ်လေလော ဟု ယုံမှားဖွယ် ရှိ၏၊ ရူပသိဒ္ဓိ၌ပင် တပ္ပုရိသ်ခဏ်း၌ ပြဆိုထား၏၊ ထို့ကြောင့် ထိုကဲ့သို့သော သမာသ်မျိုးကို ဤသို့ ခွဲခြားမှတ်သားသင့်သည်။

ဥပသာရပုဒ်တို့သည် များသောအားဖြင့် သမိပတ္ထစသော ဂုဏ်အနက်ကို ဟောတတ်ကြ၏၊ သမိပ-စသော ဒြပ်အနက်ကို မဟောတတ်ကြ။

ထို့ကြောင့် ဥပသာရပုဒ်တို့သည် သမိပတ္ထစသော ဂုဏ်အနက်ကို ပဓာနအားဖြင့် ဟောက အဗျယီဘောဟု သတ်မှတ်၍ သမိပစသော ဒြပ်အနက်ကိုဟောက အခြားသမာသ်တစ်မျိုးမျိုး ဖြစ်သင့်၏ ဟု မှတ်ပါ။

နိဗ္ဗာန်ပုဒ်ကို ပုဒ်စစ်က အဗျယီဘောဟု ဆို၍ ရူပသိဒ္ဓိက ပဌမိ တပ္ပုရိသ် ဟု ဆိုထား၏။ အဗျယီဘောဟု ယူက နိဥပသာရ၏ "လွတ်မြောက်ခြင်း နိက္ခန္တ ဂုဏ်"ကို၊ တပ္ပုရိသ်ဟု ယူက "နိဗ္ဗာန်ဟူသော သဘာဝဒြပ်"ကို၊ ဤသို့ နှစ်မျိုးခွဲ၍ ယူရပေတော့မည်။

ထို့ကြောင့် သာရတ္ထဋီကာ၌ "သုတိယာ သမိပံ ဥပသုတိ၊

http://www.dhammadownload.com



သဒ္ဒသမိပ န္တိ ဝုတ္တံ ဟောတိ၊ ဥပေစ္စ သုယျတိ ဧတ္ထာတိ ဥပဿုတိ၊ ဌာနံ" ဟု သမိပ သမိပီ နှစ်မျိုးရအောင် ဖွင့်ပြသွား၏။

သို့သော် အဇ္ဈတ္တံ-အဇ္ဈတ္တတရား ဟု ဖြပ်ဟော အဗျယီဘောလည်း ရှိပေသေး၏၊ ထို့ကြောင့် ဝတ္တိစ္စာအားလျော်စွာ ယူရန်သာဖြစ်တော့၏။

ဥပရိဂင်္ဂ စသည်၌ "ဂင်္ဂါမြစ်၏ အထက်, အောက်" စသည်ဖြင့် အထည်ဖြပ် မပြဌာန်းရာ၌ အဗျယီဘောဖြစ်သင့်၍ "ဂင်္ဂါမြစ်၏ အထက် အရပ်၊ အောက် အရပ်"စသည်ဖြင့် အထည်ဖြပ်ပြဌာန်းရာ၌ တပ္ပုရိသ်ဟု ခွဲခြား၍ ယူပါ။

### " သမာသ်ပုံစံများ "

| | | |
|---|---|---|
| ဓမ္မနိဿိတော | ဘဝါတိတော | ကာလာတီတော |
| ပမာဏာတိက္ကန္တံ | သုခပ္ပတ္တော | သောတာပန္နော |
| နိရောဓသမာပန္နော | သဗ္ဗရတ္တိသောဘနော | အတ္ထကာမော |
| ဓမ္မဓရော | သတ္ထုဝဏ္ဏိတော | ဝိညုဂရဟိတော |
| သယံကတံ | ရောဂပိဠိတော | အဂ္ဂိဒဍ္ဍော |
| ကုစ္ဆာပကတော | သီလသမ္ပန္နော | စတုဝဂ္ဂကရဏီယံ |
| အာစရိယပူဇကော | ပါဒပေါ | မာသပုဗ္ဗော |
| မာတုသဒိသော | ကေ္တနဝိသတိ | ဝါစာနိပုဏော |
| ပုညတ္ထိကော | ဂုဠောဒနော | အဿရထော |
| ကာယဒုစ္စရိတဝိရတိ | ကမ္မဇံ | ဇစ္စန္ဓော |
| ယာဂုတဏ္ဍုလာ | ဂမိကဘတ္တံ | ယဒတ္ထော |
| တေဒတ္ထော | ကိမတ္ထံ | ဗုဒ္ဓဒေယျံ |
| ပိဏ္ဍပါတပဋိက္ကန္တော | သာသနစုတော | အာပတ္တိဝုဋ္ဌာနံ |
| သဗ္ဗာဘဝနိဿဋော | အမနုဿဘယံ | ကောဒသ |

http://www.dhammadownload.com



| | | |
|---|---|---|
| ကမ္ဗသမုဋ္ဌိတံ | ဥက္ကဋ္ဌုက္ကဋ္ဌ | ဥရဂေါ |
| ပုပ္ဖဂန္ဓော | မရဏာဿတိ | ဣတ္ထိရူပံ |
| ဇမ္ဗုသာခါ | စက္ခုဝိညာဏံ | ဓမ္မာဘိရတိ |
| ဓမ္မဂါရဝေါ | အရညဝါသော | ဝိကာလဘောဇနံ |
| ဂါမသူကရော | ဣတ္ထိစုတ္တော | ဝနစရော |
| ကုဋ္ဌိသဃော | ထလဋ္ဌော | ပဗ္ဗတဋ္ဌော |
| ပက်ဇံ | အန္တောသမာပတ္တိ | အဒ္ဓမာသံ |
| အဓမာသံ | ပဥ္စာရတ္တံ | သာယန္ဟံ |
| မနသိကာရော | မဋ္ဌေကလျာဏံ | ဥရသိလောမော |
| အစ္စန္တံ | အတိဝေလာ | ပဏ္ဍိတကော |
| အန္ဓတ္တံ | အဝကောကိလ | အလံကမ္မော |
| အလံဝစနော | နိဗ္ဗာနံ | နိက္ကိလေသာ |
| ပါစရိယော | ပယျကော | ဥပရိဂင် |
| ဟေဋ္ဌာနဒီ | ရာဇဟံသော | အဓကဟာပဏံ |
| အဓရတ္တံ | သဟသာကတံ | ပုဗ္ဗေနိဝါသော |
| အန္တေဝါသီ | သရသိဇံ | |

## ၅။ ဗဟုဗ္ဗီဟိသမာသ်

အညပဒတ္ထေသု ဗဟုဗ္ဗီဟိ

ဤသုတ်ဖြင့် သမာသ်စပ်၍ ဗဟုဗ္ဗီဟိသမာသ် အမည်မှည့်သည်။

ဣတ္ထိယံ ဘာသိတပုမိတ္ထီ ပုမာဝ စေ

ဤသုတ်သည် ကမ္မဓာရယသညေ စ ဟု အထက်၌ ဆိုအပ်လတ့်

http://www.dhammadownload.com



သောကြောင့် ဗဟုဗ္ဗိဟိသမာသ်၌သာ ပုဗ္ဗောင့်မည်။

ပုဗ္ဗောင့်မှုနှင့် စပ်၍ ကမ္မဓာရယသဉ္ဇော စ-၌ ဆိုခဲ့သည့်အတိုင်း ဤ ဗဟုဗ္ဗိဟိသမာသ်၌လည်း နည်းမှီ၍ မှတ်ပါ။

## နဒီမှာ စ

သမာသ်ပုဒ်အဆုံး၌ ဖြစ်သော နဒီမည်သော ဤ ဦ အက္ခရာမှ နောက်၌ ကပစ္စည်းသက်သော သုတ်တည်း၊ စသဒ္ဒါဖြင့် တုပစ္စည်းအဆုံး ရှိသော သဒ္ဒါမှနောက်၌ ကပစ္စည်းသက်။

ဗဟုနဒိကော-စသည်၌ ကွစိ သမာသန္တ-စသော သုတ်၌ ကာရ သဒ္ဒါပိုဖြင့် ပစ္စည်းသက်လျှင် ပြီးကောင်းသော်လည်း ထိုသုတ်အစီအရင် မမြဲရကား ဤသုတ်ကို ထပ်၍ဆိုသည့်အတွက် နဒီမည်သော ဤ ဦ တို့ နောက်၌ အမြဲ ကပစ္စည်း သက်ရခြင်းအကျိုးရှိ၏။

## ဓနုမှာ စ

သမာသ်အဆုံး၌ ဖြစ်သော ဓနုသဒ္ဒါနောင် အာပစ္စည်းသက်၊ စသဒ္ဒါ ဖြင့် ဓမ္မစသော သဒ္ဒါနောင် အာပစ္စည်းသက်။

## သမာသန္တပစ္စည်းများ

| | |
|---|---|
| ကွစိ သမာသန္တဂတာနမကာရန္တော- | အပစ္စည်း၊ ကပစ္စည်း |
| နဒီမှာ စ- | ကပစ္စည်း |
| ဓနုမှာ စ- | အာပစ္စည်း။ |

HSA

http://www.dhammadownload.com



## ကွစာဒိမဇ္ဈုတ္တရာနံ ဒီဃရဿာ ပစ္စယေသု စ...

ဤသုတ်သည် ဇိနဝစနာ့နုပရောဓအားလျော်စွာ ပုဒ်တို့၏ အစ အလယ် အဆုံးတို့၌ ဒီဃ,ရဿပြုမည်။

| | |
|---|---|
| ပါကဋော- | အာဒိဒီဃ |
| အနူပယာတော- | မဇ္ဈေဒီဃ |
| မဓုဝါ- | ဥတ္တရဒီဃ |
| အဇ္ဇဝံ- | အာဒိရဿ |
| ဣတ္ထိရူပံ- | မဇ္ဈေရဿ |
| ဗဟုနဒီကော- | ကပစ္စယ၊ ဥတ္တရရဿ |
| ဒဏ္ဍိတာ- | တာပစ္စယ၊ ဥတ္တရရဿ |

ဗဟုဗ္ဗီဟိသမာသ်-

သမာသ်စပ်အပ်သော ပုဒ်ကို သကပဒ-ဟု ခေါ်၏၊ သမာသ်စပ်ရာတွင် မပါဝင်သောပုဒ်ကို အညပဒ-ဟု ခေါ်၏၊ ဒိန္နော သုင်္ကော ယဿာတိ-ဒိန္နသုင်္ကော ၌ ဒိန္နပုဒ် သုင်္ကပုဒ်တို့သည် သကပဒ၊ ယဿသည် အညပဒဖြစ်၏ ဟူလို။

ဒိန္နသုင်္ကော-ဟု သမာသ်စပ်ပြီးသောအခါ ဒိန္နအရကိုလည်း မရ၊ သုင်္က အရကိုလည်း မရဘဲ၊ ယဿအရ အညပုဒ်၏အနက်ကိုသာ ပဓာန အားဖြင့် အရကောက်ရ၏၊ ထိုသမာသ်ကို ဗဟုဗ္ဗီဟိသမာသ်ဟု ခေါ်သည်။

(ဆောင်) သမာသ်ပုဒ်တွင်, မပါဝင်ရ, ထိုပဒ, အညပဒခေါ်။
ထိုအညပုဒ်, အရထုတ်, ဗဟုဗ္ဗီဟိခေါ်။ (ပါဠိသိက္ခာ)

"အညပဒတ္ထပဓာနော ဟိ ဗဟုဗ္ဗီဟိ။ ဗဟုဗ္ဗီဟိ စာယံ အဘိဓေယျလိင်္ဂဝစနော"ဟူသော ရူပသိဒ္ဓိ(၂၀၀)အရ-

http://www.dhammadownload.com



ဝိတာနိ ဣန္ဒြိယာနိ ယေနာတိ-ဝိတိန္ဒြိယော/ယံ။ (ပုံ, နပုံ ဧကဝုစ်)
ဝိတာနိ ဣန္ဒြိယာနိ ယေဟီတိ-ဝိတိန္ဒြိယာ/ယာနိ။ (ပုံ, နပုံ ဗဟုဝုစ်)
ဝိတာနိ ဣန္ဒြိယာနိ ယာယာတိ-ဝိတိန္ဒြိယာ။ (ဣတ္ထိလိင်ဧကဝုစ်)
ဝိတာနိ ဣန္ဒြိယာနိ ယာဟီတိ-ဝိတိန္ဒြိယာယော။ (ထီလိင်ဗဟုဝုစ်)
ဟု အဘိဓေယျ လိင်ဝုစ်အတိုင်း ချရသည်။

ဤသို့လျှင် လိုရာအနက်ကို ရအောင် အညပဒတ္ထ၏ လိင်ဝုစ်ကို အထူး သတိပြုရမည်၊ ထိုသို့ အညပဒတ္ထ၏ လိင်ဝုစ်နှင့် အရတူလေသောကြောင့် "ဗဟုဗ္ဗီထုတ်, အညပုဒ်, လိင်ဝုစ်ကြည့်၍ကိုက်"ဟု ဆိုရပေသည်။

**အညပုဒ် အတု, အစစ်-**

ဗဟုဗ္ဗီဟိသမာသ်ဝယ် ဝိဂ္ဂြိုဟ်တွင်း၌ ပါသော ယံ ယေန-စသော သဗ္ဗနာမ်ပုဒ်များသည် အညပုဒ်အစစ်များ မဟုတ်ကြ၊ အညပုဒ်အစစ်ကို အထူးပြုတတ်၊ ညွှန်ပြတတ်သော ဝိသေသနတို့သာတည်း။

အညပုဒ်အစစ်ကား အဘိဓေယျပုဒ်၊ အရကောက်ရသောပုဒ်သာတည်း၊ ဝိတိန္ဒြိယော-၌ သမဏောကို အရကောက်ရ၍ သမဏောသည်သာ အညပုဒ်အစစ်တည်း၊ ဤသို့စသည်ဖြင့် ထိုထိုသမာသ်၏ ဟောနက်ကိုပြသော ပုဒ်ကိုသာ အညပုဒ်အစစ်ဟု မှတ်ပါ။ (ဘာဋီ)

သမာသပဒ၊ အညပဒ၊ အညပဒတ္ထ သုံးမျိုးတို့တွင် အညပဒတ္ထကို မမှတ်သားဘဲ အညပဒသက်သက်ဖြင့် သမာသ်ပုဒ်ပြီး၏ လိင်ဝုစ်ကို ချယူရန် မလွယ်ကူပေ၊ အညပဒဖြင့် ညွှန်ပြအပ်သော အညပဒတ္ထကို ကြည့်ရှု၍သာ သမာသ်ပုဒ်ပြီး၏ လိင်ဝုစ်ကို ချယူရ၏။

ထို့ကြောင့် အညပဒထက် အညပဒတ္ထက အရေးပါ၏၊ ပဓာနဖြစ်၏၊ အညပဒတ္ထပဓာနော ဟိ ဗဟုဗ္ဗီဟိ၊ ထိုသို့ အရေးပါသည့်အတွက် "အနုစိတ်ကာ မိပ္ပာယ်ရှာမူ ။ပ။ ပဓာနထုတ်, ထိုသည့်ပုဒ်သာ"ဟု ဘာသာဋီကာ၌ ဆိုပေသည်။

http://www.dhammadownload.com



အညပဒတ္ထကိုပင် အညပဒဟု ပဓာနနည်းအားဖြင့် ဆိုလိုက်ခြင်းကို ထိုသို့ ဆိုရကောင်းလားဟု ချင့်မြော်သူတို့ မစောကြောသင့်တော့ပေ။

(ဆောင်)ယတေတိမ, ဤလေးဝကို, အညပုဒ်ဟု, ခေါ်လေ့ပြုလည်း, အနုစိတ်ကာ, ဓိပ္ပာယ်ရှာမူ, သံယာရာမ, စသည်ပြလျက်, ပဓာန ထုတ်, ထိုသည့်ပုဒ်သာ, အညပုဒ်ခေါ်, သင့်လျော်သည်, ချင့်မြော် သူတို့ မှတ်ဖွယ်ကို။ (ရှုဘာဋီ-၂၊ ၁၈)

ဝိဂြိုဟ်တွင်း ရှေ့နောက်ပုဒ်-

ဝိဂြိုဟ်တွင်း ရှေ့နောက်ပုဒ်တို့ကို ကေဝုစ် ဗဟုဝုစ် သင့်လျော်သလို ထားရမည်၊ လိင်ကိုကား မိမိတို့၏ ပကတိလိင်အတိုင်း ထားရမည်၊ ဝိသေသန ဝိသေသျအဖြစ်ဖြင့် စပ်သောပုဒ်မျိုးဖြစ်က ဝိသေသနထုံးစံ အတိုင်း ဝိသေသျ၏ လိင်ဝုစ်သို့ လိုက်၍ထားရမည်၊ ဝိဘတ်ကိုကား တိပဒဗဟုဗ္ဗီဟိ၊ သဟပုဗ္ဗ ပဒပထမာဗဟုဗ္ဗီဟိ၊ ဒွိပဒဘိန္နာဓိကရဏဗဟုဗ္ဗီဟိ၊ ဒိသန္တရာဠဝတ္ထု၊ ဗျတိဟာရ လက္ခဏာ စသည်တို့မှတစ်ပါး များသောအားဖြင့် ပထမာဝိဘတ်နှင့်သာ ထားရ၏။

ပုဒ်ပြီး လိင်ဝုစ်-

ဗဟုဗ္ဗီဟိသမာသ်၌ အညပုဒ်ပဓာနဖြစ်သည့်အတွက် ဝိဂြိုဟ်ပုဒ်ပြီး လိင်ဝုစ်ကို အညပဒတ္ထကြည့်၍ ချရသည်၊ ဝါကျတွင်းက ရှေ့နောက်ပုဒ် တို့နှင့် လုံးဝမဆိုင်ပါ။

## ဗဟုဗ္ဗီဟိသမာသ်အပြား

၁။ ဒွိပဒတုလျာဓိကရဏဗဟုဗ္ဗီဟိ
၂။ ဒွိပဒဘိန္နာဓိကရဏဗဟုဗ္ဗီဟိ
၃။ တိပဒဗဟုဗ္ဗီဟိ

http://www.dhammadownload.com



၄။ နန်ိပါတပုဗ္ဗပဒဗဟုဗ္ဗီဟိ
၅။ ကုနိပါတပုဗ္ဗပဒဗဟုဗ္ဗီဟိ
၆။ သဟပုဗ္ဗပဒဗဟုဗ္ဗီဟိ
၇။ ဥပမာနပုဗ္ဗပဒဗဟုဗ္ဗီဟိ
၈။ သင်္ချာဘယပဒဗဟုဗ္ဗီဟိ
၉။ ဒိသန္တရာဠတ္ထဗဟုဗ္ဗီဟိ
၁၀။ ဗျတိဟာရလက္ခဏဗဟုဗ္ဗီဟိ-ဟု ၁၀-မျိုးရှိ၏။

(ဆောင်)တုလျ ဘိန္န, တိပဒါနှင့်, နနိပါတ, ကု သဟတည်း, ဥပမာနေ့၊ သင်္ချောဘယ, ဒိသန္တရာ, ဗျတိဟာ, ဆယ်ဖြာ ဗဟုဗ္ဗီဟိ။

၁။ ဇိတာနိ ဣန္ဒြိယာနိ အနေနာတိ-ဇိတိန္ဒြိယော။

ဤ၌ ဇိတ ဣန္ဒြိယ နှစ်ပုဒ်ဖြစ်သောကြောင့်လည်းကောင်း၊ ထို ဇိတ ဣန္ဒြိယတို့သည် အချင်းချင်းဝိဘတ်တူ၍ တုလျာဓိကရဏဖြစ်သော ကြောင့်လည်းကောင်း ဒွိပဒတုလျာဓိကရဏဗဟုဗ္ဗီဟိသမာသ်ဟု ခေါ်သည်။

၂။ ဆတ္တံ ပါဏိမှိ အဿာတိ-ဆတ္တပါဏိ။ (ဒွိပဒဘိန္နာဓိကရဏ)
၃။ ဩဏီတော ပတ္တတော ပါဏိ အဿာတိ-ဏိ။ (တိပဒ)
၄။ နတ္ထိ သံဝါသော ဧတေနာတိ-အသံဝါသော။ (နနိပါတပုဗ္ဗပဒ)
၅။ ကုစ္ဆိတာ ပုတ္တာ ယေသန္တိ-ကုပုတ္တာ။ (ကုနိပါတပုဗ္ဗပဒ)
၆။ သဟ ဝိတက္ကေန ယံ ဝတ္တတီတိ-သဝိတက္ကံ။ (သဟပုဗ္ဗပဒ)
၇။ သုဝဏ္ဏဿ ဝဏ္ဏော-သုဝဏ္ဏဝဏ္ဏော။
သုဝဏ္ဏဝဏ္ဏော ဝိယ ဝဏ္ဏော ယဿာတိ-သုဝဏ္ဏဝဏ္ဏော။
ဥပမာနောပမေယျဘာဝပ္ပသိဒ္ဓတ္ထံ ဣဝသဒ္ဒပ္ပယောဂေါ။ (ရှ-၂၀၆)

ရှုပ်တွက်- သုဝဏ္ဏဝဏ္ဏ ဝိယ ဝဏ္ဏ ယ ဟု တည်၊ သုဝဏ္ဏဝဏ္ဏော ဝိယ ဝဏ္ဏော ယဿ ဟု ဝါကျဖြစ်အောင်ပြု၊ သမာသ်စသည် စီရင်၊

http://www.dhammadownload.com



သုဝဏ္ဏဝဏ္ဏ ဝဏ္ဏ-ဟု ပကတိပြု၊ ဝုတ္တတ္ထာနဖြင့် သုဝဏ္ဏဝဏ္ဏ-ဟူသော ရှေ့ပုဒ်ဝယ် ဝဏ္ဏ-ဟူသော နောက်ပုဒ်ကို ချေ။

ချေသင့်သော ဝဏ္ဏ-

ပုဗ္ဗပဒေ ဥတ္တရပဒလောပေါ-ဟု ဆိုသည့်အတွက် သုဝဏ္ဏဝဏ္ဏ-ဟူသော ရှေ့ပုဒ်၏ နောက်ဝဏ္ဏပုဒ်ကိုသာ ချေသင့်သည်၊ ဒါမှသာ ဥတ္တရပဒလောပေါ-ဟူသော ရူပသိဒ္ဓိစကားနှင့် ညီမည်။

သုဝဏ္ဏဿ ဝဏ္ဏော ဝိယ ဝဏ္ဏော ယဿာတိ-သုဝဏ္ဏဝဏ္ဏော ဟု ဆို၍ သုဝဏ္ဏ ဝဏ္ဏ ဝဏ္ဏ ဟု ပကတိပြုသည့်အခါ ဥတ္တရပဒလောပ မဖြစ်၊ မဇ္ဈေလောပသာ ဖြစ်နိုင်၏။

နောက်ဆုံးဝဏ္ဏကိုလည်း မချေသင့်-

ဝဏ္ဏ နှစ်ပုဒ်တို့တွင် ရှေ့ဝဏ္ဏသည် ဥပမာမျှသာ ဖြစ်၍ အပဓာန တည်း၊ နောက်ဝဏ္ဏသာလျှင် ဘုရားရှင်၏ အဆင်းဟော ဥပမေယျဖြစ်၍ ပဓာနတည်း၊ ထို့ကြောင့် အပဓာနကိုသာ ချေပစ်ရမည်၊ ပဓာနကို ချေပစ်ရိုး မရှိ၊ ထို့ကြောင့် နောက်ဆုံးဝဏ္ဏပုဒ်ကိုလည်း မချေသင့်။

၈။ ဝါသဒ္ဒါသည်ပင် (သမာသ်ပြီးရာတွင် မပါဝင်သဖြင့် သမာသ်ပုဒ်မှ တစ်ပါးသော) အညပုဒ်ဖြစ်၏၊ ယင်းဝါသဒ္ဒါ၏ အနက်၌ သင်္ချာနှစ်ပုဒ် ရှိသော ဗဟုဗ္ဗီဟိသည် သင်္ချောဘယပဒဗဟုဗ္ဗီဟိ မည်၏။

ဒွေ ဝါ တယော ဝါ ပတ္တာ-ဒွတ္တိပတ္တာ။

ဆ ဝါ ပဉ္စ ဝါ ဝါစာ-ဆပ္ပဉ္စဝါစာ။

ရုပ်တွက်- ဒွိ ဝါ တိ ဝါ ပတ္တ တည်၊ ဒွိ တိ ပတ္တ တို့နောင် ယောသက်၊ ဝါ နောင် သိသက် ချေ၊ ဒွေ ဝါ တယော ဝါ ပတ္တာ ဟု ဝါကျ ဖြစ်စေ၊ သမာသ်စသည် စီရင်၊ ဝုတ္တတ္ထာနဖြင့် ဝါ နှစ်ပုဒ်ကို ချေ၊ ဒွိတိပတ္တ-ဟု ပကတိ ပြု၊ ဒွေကဒ္ဒာနမာကာရော ဝါ-ဖြင့် ဒွိ၏ ဣကို အာပြု၊ ကွစာဒိဖြင့်

http://www.dhammadownload.com



ဘာကို အ ရဿပြု၊ တ်-လာ၊ နာမ်ငဲ့ ယောသက် စသည်။

ထိုသချော်ဘယပဒသမာသ်၏ နှစ်ပက္ခကို သုံးသပ်သောကြောင့် များသည်၏အဖြစ်ကြောင့် ဗဟုဝုစ်ဝိဘတ်အရာတည်း-ဟု ပဉ္စိကာမှာ ဆို၏၊ ရူပသိဒ္ဓိ၌ကား ဧကဝုစ်လည်း ရှိ၏-ဟု ရူဂဏ္ဌိ(ပ-၇၃၆)၌ ဆို၏။

၉။ တူရူဖြစ်သော အရပ်မျက်နှာကို မရမူ၍ အထောင့်ဖြစ်သော အရပ်မျက်နှာကိုရသော ဗဟုဗ္ဗိဟိသည် ဒိသန္တရာဠဝတ္ထဗဟုဗ္ဗိဟိမည်၏။

ပုဗ္ဗဿာ စ ဒက္ခိဏဿာ စ ယဒန္တရာဠံ သာယံ ပုဗ္ဗဒက္ခိဏာ။

ဤနည်း၌ ပုဗ္ဗာနှင့် ဒက္ခိဏာသည် အနက်အရမတူကြ၍ တုလျာဓိကရဏမဖြစ်သောကြောင့် ဣတ္ထိယံ ဘာသိတ-စသောသုတ်ဖြင့် ပုမ္ဘောမငဲ့ရ။

ရုပ်တွက်- ပုဗ္ဗာ သ၊ ဒက္ခိဏာ သ၊ ယ သိ တည်၊ ပုဗ္ဗဿာ စ ဒက္ခိဏဿာ စ ယံ-ဟု ဝါကျပြီးစေ၊ သမာသ်စသည် စီရင်၊ ပုဗ္ဗာ ဒက္ခိဏာ-ဟု ပကတိပြု၊ ကွစာဒိဖြင့် ပုဗ္ဗာ၌ ရဿပြု၊ နာမ်ငဲ့ သိသက် ချေ။

တစ်နည်း- ပုဗ္ဗာ စ သာ ဒက္ခိဏာ စာတိ-ပုဗ္ဗဒက္ခိဏာ။

ဤသို့ ကမ္မဓာရည်းပြုက ရှေ့နောက်နှစ်ပုဒ်တို့ တုလျာဓိကရဏဖြစ်သောကြောင့် ကမ္မဓာရယသညာ စ-ဖြင့် ရှေ့ပုဗ္ဗာကို ပုမ္ဘောငဲ့ပါ။

ဥတ္တရပဒတ္ထပဓာနတ္တာ-ဟိတ်သည် ကမ္မဓာရည်းသမာသ် ဖြစ်နိုင်ခြင်း၏အကြောင်းတည်း၊ ပုမ္ဘောငဲ့ခြင်း၏ အကြောင်းမဟုတ်။ (ရူဘာဋီ-၂၅၂)

ထိုသို့ ကမ္မဓာရည်းပြုက "သဗ္ဗနာမိကဝိဓာနမ္ပိ နိစ္စံ ဘဝတိယေဝ" ဟု ရူပသိဒ္ဓိ၌ မိန့်၏၊ ဗဟုဗ္ဗိဟိပြုက ဗဟုဗ္ဗိဟိမှိ စ-သုတ်ဖြင့် တားမြစ်ခိုက် သဗ္ဗနာမ်အစီအရင်များ မဖြစ်၊ သို့သော် ဗဟုဗ္ဗိဟိမှိ စ-၌ စသဒ္ဒါသည် သုတ်ရင်း၏ တားမြစ်ချက်ကို တစ်ဖန်နစ်စေခြင်း "နိဝတ္တာပနာဝဓာရဏ" အနက်ရှိ၏၊ ထို့ကြောင့် သဗ္ဗနာမ်အစီအရင် ဖြစ်ပြန်၏၊ သို့သော် မမြဲဟု မှတ်သင့်သည်။

http://www.dhammadownload.com



စသဒ္ဒဂ္ဂဟဏေန ဒိသတ္တသဗ္ဗနာမာနံ ဗဟုဗ္ဗီဟိမှိ သဗ္ဗနာမိက ဝိဓာနံ ဝ ဟောတိ။ (ရူ-၁၀၁)

မည်သည့်သမာသ် ပြုသည်ဖြစ်စေ ဒိသတ္တသဗ္ဗနာမ်၌ သဗ္ဗနာမ်အစီအရင်ဖြစ်သည့်အတွက် ဣတ္ထိလိင် "သဗ္ဗာ"အတိုင်း ရုပ်စဉ်သင့်တော့သည်။

၁၀။ သမာသ်ပုဒ်အချင်းချင်း ဆန့်ကျင်သော အနက်ကို ဟောသော ဗဟုဗ္ဗီဟိသည် ဗျတိဟာရလက္ခဏဗဟုဗ္ဗီဟိ မည်၏။

ကေသေသု စ ကေသေသု စ ဂဟေတွာ ဣဒံ ယုဒ္ဓံ ပဝတ္တတိ တိကေသာကေသိ။

ရုပ်တွက်- ကေသ ကေသ ဂဟေတွာ ဣမ တည်၊ ကေသေသု စ ကေသေသု စ ဂဟေတွာ ဣဒံ-ဟု ဝါကျပြီးစေ၊ သမာသ်စသည် စီရင်၊ ဝုတ္တတ္ထာနဖြင့် ဂဟေတွာ ဣမ တို့ကိုချေ၊ ကေသ ကေသ-ဟု ပကတိပြု၊ ကွစာဒိဖြင့် အလယ်၌ ဒီဃပြု၊ တေသုဝုဒ္ဓိဖြင့် အဆုံးသရကို ဣ-ပြု၊ နာမ်ငဲ့ သိသက် ချေ၊ ကေသာကေသိ-ဟု နပုံလိင်ရုပ်ဖြစ်၏။

ရုပ်စဉ်- ကေသာကေသိ၊ ဒဏ္ဍာဒဏ္ဍိ-တို့ ဝိဘတ်ခုနစ်သွယ် ဝုစ်နှစ်ပါးတို့၌ ရုပ်ထူးမရှိဟု မောဂ္ဂလ္လာန်ပဉ္စိကာမှာ ဆို၏။ (ရူဋီ)

## တစ်နည်း ဗဟုဗ္ဗီဟိသမာသ် အပြား

ဗဟုဗ္ဗီဟိသမာသ်ဝယ် အညပုဒ်၌သက်သော ဝိဘတ်အလိုက် ပထမာဗဟုဗ္ဗီဟိ စသောအားဖြင့်လည်း ခုနစ်ပါး ပြားသေး၏။

ပထမာဗဟုဗ္ဗီဟိသမာသ်-

| | |
|---|---|
| သဝိတက္ကံ၊ သဝိစာရံ- | သဟပုဗ္ဗပဒပထမာဗဟုဗ္ဗီဟိ |
| ကာကသူရော- | ဥပမာနပုဗ္ဗပဒ ။ |
| ဒ္ဝတ္တိပတ္တာ- | သင်္ချာဘယပဒ ။ |
| ပုဗ္ဗဒက္ခိဏာ- | ဒိသန္တရာဋ္ဌတ္ထ ။ |

http://www.dhammadownload.com



ကေသာကေသိ- ဗျတိဟာရလက္ခဏ ။

ဒုတိယာဗဟုဗ္ဗီဟိ-

အာဂတာ သမဏာ ဣမံ သံဃာရာမန္တိ-အာဂတသမဏော။

မှတ်ချက် - သမာသ်ပြီးသောအခါ သမာသ်ပုဒ်ကပင် ကံအနက်ကို ဟော အပ်သည်၏အဖြစ်ကြောင့် ဒုတိယာဝိဘတ်တည်းဟူသော မိမိသည် ဟောဖို့ရာအနက်မရှိတော့သဖြင့် အာဂတသမဏော နောက်၌ ဒုတိယာဝိဘတ် မသက်ရတော့ဘဲ လိင်အနက်ကို ထွန်းပြခြင်းငှါ ပဌမာ ဝိဘတ်သာ သက်ရတော့သည်။ (ရှု၊ ၂၀၀)

တတိယာဗဟုဗ္ဗီဟိ-

အညပုဒ်နှင့် သမာသ်ပုဒ်တစ်စိတ်တို့ ကတ္တား ကြိယာအဖြစ်ဖြင့် စပ်၍ ရလျှင်လည်းကောင်း၊ သဟာဒိယောဂ သဟာဒိယောဂဝန္တအဖြစ်ဖြင့် စပ်၍ ရလျှင်လည်းကောင်း၊ ကရိုဏ်း, ကြိယာအဖြစ်ဖြင့် စပ်၍ ရလျှင် လည်းကောင်း တတိယာဗဟုဗ္ဗီဟိသမာသ် ဖြစ်နိုင်၏။

ပုံစံ- ဇိတာနိ ဣန္ဒြိယာနိ အနေနာတိ-ယော။
သုခေါ သံဝါသော ဧတေနာတိ-သုခသံဝါသော။
ဆိန္နော ရုက္ခော ယေနာတိ-ဆိန္နရုက္ခော။

ကံဟော ပုဒ်တစ်စိတ်-

သမာသ်ပုဒ်၌ ကံဟောပုဒ်တစ်စိတ်ပါက တတိယာပြုရသည် ဟု ဆိုကြသည်၊ ကံဟောပုဒ်တစ်စိတ်ပါတိုင်း တတိယာမဖြစ်ပေ၊ အညပုဒ်ကတ္တား နှင့် ကံဟောကြိယာ သမာသ်ပုဒ်တစ်စိတ်တို့ စပ်နိုင်မှသာ တတိယာဖြစ်နိုင်ပါ သည်၊ ထို့ကြောင့် အညပုဒ်သည် ကံဟောပစ္စည်းနှင့်ယှဉ်သော သမာသ်ပုဒ် တစ်စိတ်၏ ကတ္တားဖြစ်ထိုက်လျှင် တတိယာတွဲအပ်၏၊ မဖြစ်ထိုက်လျှင် ဝတုတ္ထီ ဆဋ္ဌီ သင့်ရာတွဲအပ်၏။

http://www.dhammadownload.com



ဇိတိန္ဒြိယော-ကို ဝါကျပြုက "အနေန ဣန္ဒြိယာနိ ဇိတာနိ"ဟု ပြုရမည်၊ ဇိတာနိ၏ အဝုတ္တကတ္တားသည် အနေနဟူသော အညပုဒ်တည်း၊ ကံ-ကား ဣန္ဒြိယာနိတည်း၊ ဤသို့ ကတ္တားဖြစ်နိုင်မှသာ တတိယာဟု မှတ်ရမည်။

ဒိန္နသုင်္ကော၌ ဒိန္နသည် ကံဟောပုဒ်တစ်စိတ်ကား ဟုတ်၏၊ သို့သော် ဒိန္န၏ ကတ္တားကား ရာဇာဟူသော အညပုဒ် မဖြစ်နိုင်၊ တိုင်းသူပြည်သားတို့သည်သာ ဒိန္န၏ ကတ္တားဖြစ်နိုင်သည်၊ ဝါကျပြုလုပ်က "မဟာဇနေန ရညော သုင်္ကော ဒိန္နော"ဟု ဖြစ်၏၊ ထို့ကြောင့် အညပုဒ်ရာဇာသည် ပေးတတ်သူ မဟုတ်၊ ပေးအပ် ပေးရာသာ ဖြစ်၍ တတိယာမဖြစ်၊ ဒိန္နသုင်္ကော-အခွန်ကိုပေးအပ်သော မင်း ဟု အနက်မှတ်ပါ။

စတုတ္ထီ ဗဟုဗ္ဗီဟိ-

ပုံစံ- ဉပနီတံ ဘောဇနံ အဿာတိ-ဉပနီတဘောဇနော။ (သမဏော)

ဤ၌ သမဏောဟူသော အညပုဒ်သည် ဉပနီတ၏ ကတ္တား မဖြစ်နိုင်၊ ဉပါသကေန သာ ကတ္တားဖြစ်နိုင်၏၊ ထို့ကြောင့် တတိယာမဖြစ်နိုင်၊ အညပုဒ်နှင့် သမာသ်ပုဒ်တစ်စိတ်တို့ သမ္ပဒါန် သမ္ပဒါနီအဖြစ်ဖြင့် စပ်ရသောကြောင့် စတုတ္ထီဗဟုဗ္ဗီဟိသာ ဖြစ်တော့၏။

ပဉ္စမီ ဗဟုဗ္ဗီဟိ-

အညပုဒ်နှင့် သမာသ်ပုဒ်တစ်စိတ်တို့ အပါဒါန် အပါဒါနီ အဖြစ်ဖြင့် စာစပ်၍ရလျှင် ပဉ္စမီဗဟုဗ္ဗီဟိ ဖြစ်နိုင်၏။

ပုံစံ- အပေတံ ဝိညာဏံ အသ္မာတိ-အပေတဝိညာဏော။ (ကာယော)

ဆဋ္ဌီ ဗဟုဗ္ဗီဟိ-

အညပုဒ်နှင့် သမာသ်ပုဒ်တစ်စိတ်တို့ သမ္ဗန်,သမ္ဗန္ဓီအဖြစ်ဖြင့် စာစပ်၍ရလျှင် ဆဋ္ဌီဗဟုဗ္ဗီဟိ ဖြစ်နိုင်၏။

http://www.dhammadownload.com



ပုံစံ- ဆန္ဒော ဇာတော အဿာတိ-ဆန္ဒဇာတော။
ဇာတော ဆန္ဒော အဿာတိ-ဇာတဆန္ဒော။

ဆန္ဒဇာတ, ဇာတဆန္ဒ-

ဆန္ဒဇာတစသည်တို့၌ ဝိသေသန,ဝိသေသျတို့၏ ဝဒန္တပုဂ္ဂိုလ် အလိုအတိုင်း ဖြစ်နိုင်ကုန်သည်၏အဖြစ်ကြောင့် ဆန္ဒဇာတဖြစ်စေ၊ ဇာတဆန္ဒဖြစ်စေ ကြိုက်သလို ထားနိုင်ပါသည်၊ နှစ်ပါဌ်လုံး သင့်သည်ချည်း။

သဥ္ဇာတပီတိသောမနဿော၊ မာသဇာတော၊ ဆိန္နဟတ္ထော-စသည် တို့လည်း နည်းတူမှတ်ပါ။ (ရူ-၂၀၂)

စတုတ္ထီနှင့် ဆဋ္ဌီခွဲခြားချက်-

မြန်မာနိဿယတို့၌ ဆဋ္ဌီဖြစ်လောက်သော အရာဝယ် အတ္ထ သန္တိ စသော ကြိယာကိုငဲ့၍ စတုတ္ထီသံ "အား"ဟု မြန်မာပြန်ကြသည်၊ မြန်မာပြည်ဖြစ် သီလက္ခန်ဋီကာသစ်၌ပင် "အဿာတိ ဝါ နတ္ထီတိ ဧတ္ထ ကြိယာ ပဋိဂ္ဂါ-ဟကဝစနံ"၊ အဿသည် နတ္ထိ၌ စပ်ဖို့ရာ ကြိယာပဋိဂ္ဂါဟကသမ္ပဒါန်ဟု ဖွင့်သွား၏။

အမှန်မှာ "ယဿာ ပနဿ ကိဉ္စိ" ဟူသော သီ-အဋ္ဌကထာ(နှာ-၅) လာ စကားသည် "ထိုအရှင်အာနန္ဒာ၏ မျက်မှောက်မဟုတ်သော သုတ္တ ဂေယျ စသည် မရှိ"ဟု ဆဋ္ဌီသာတည်း၊ အတ္ထ နတ္ထိ စသော ကြိယာတို့သည် သမ္ပဒါန်ကို ငဲ့သည် ဟု သမ္ပဒါန်အခန်း၌ မဆိုခဲ့ချေ။

ထို့ကြောင့် ဗဟုဗ္ဗီဟိသမာသ်ဝါကျမှန်လျှင် အတ္ထိစသည်တို့ ထည့်ရရိုး ဖြစ်နေရကား ထိုကြိယာများ၌ စပ်၍ စတုတ္ထီသမာသ်ဟု မမှတ် သင့်၊ ပဋိဂ္ဂါဟကလက္ခဏာ(ခံယူခြင်းသဘော)ပါသော အရာ၌သာ စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ် ဖြစ်သင့်၍ ခံယူခြင်းသဘောမပါလျှင် ဆဋ္ဌီသာ ဟု ခွဲခြား သင့်ပါသည်။(ဘာဋီ)

http://www.dhammadownload.com



သတ္တမီ ဗဟုဗ္ဗီဟိ-

အညပုဒ်နှင့် သမာသ်ပုဒ်တစ်စိတ်တို့ အာဓာရ, အာဓေယ် အဖြစ်ဖြင့် စာစပ်၍ရလျှင် သတ္တမီဗဟုဗ္ဗီဟိ တွဲစပ်ရ၏။

ပုံစံ- သုလဘော ပိဏ္ဍော ဣမသ္မိန္တိ-သုလဘပိဏ္ဍော။ (ဒေသော)

တဂ္ဂုဏ, အတဂ္ဂုဏ-

(ဆောင်)အညပုဒ်နက်တွင်, သမာသ်နက်ဝင်, ယင်းလျှင်မှတ်ကြ တဂ္ဂုဏ။

အညပုဒ်နက်တွင်, သမာသ်နက်မဝင်, ယင်းလျှင်မှတ်ကြ အတဂ္ဂုဏ။

တဂ္ဂုဏအရ သမာသ်ပုဒ်များကို ရ၏၊ အညပုဒ်၏အနက်ကို ယူသဖြင့် သမာသ်ပုဒ်အနက် တဂ္ဂုဏကိုလည်း ယူပြီးဖြစ်သောသမာသ်သည် တဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိ မည်၏။

တစ်နည်း- သမာသ်ပုဒ်အရနှင့် အညပုဒ်အရတို့သည် အစိတ် အပေါင်း၊ သတ္တိ, သတ္တိမန္တ၊ နိဿိတ, နိဿယ ဖြစ်၍ တူသောသဏ္ဍာန်၊ တူသောဓမ္မ ဖြစ်ကြလျှင် တဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိ မည်၏။

ပုံစံ- လမ္ဗော ကဏ္ဏော ယဿာတိ-လမ္ဗကဏ္ဏော။

ဤပြယုဂ်၌ ယဿဟူသော အညပုဒ်အရ ယောကျ်ားကိုယူသဖြင့် လမ္ဗကဏ္ဏအရ တွဲလျားကျသောနားလည်း တပါတည်း ယူပြီးဖြစ်တော့၏။

ပုံစံ- နီလော ပဋော ယဿာတိ-နီလပဋော။

ဤပြယုဂ်၌ ယဿဟူသော အညပုဒ်အရ ယောကျ်ားကိုယူသဖြင့် နီလပဋဟူသော သမာသ်ပုဒ်အရ ဝတ်ထားသောပုဆိုးကိုလည်း တပါတည်း ယူပြီးဖြစ်တော့၏၊ ပုဆိုးချွတ်ထားခဲ့၍ မဖြစ်ပေ။

အတဂ္ဂုဏ-

အညပုဒ်အနက်ကို ယူသဖြင့် ဝိသေသနဖြစ်သော သမာသ်ပုဒ်

http://www.dhammadownload.com



အနက်(တ်ဂ္ဂုဏ)ကို မယူနိုင်သောသမာသ်သည် အတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗိဟိမည်၏။

တစ်နည်း- သမာသ်ပုဒ်အရ ဒြပ်တခြား၊ အညပုဒ်အရလည်း ဒြပ်တခြား ဖြစ်၍ သမာသတ္ထ, အညပဒတ္ထသည် ပြားသောသဏ္ဌာန်၊ ပြားသောမွေဒြပ် ရှိကြလျှင် အတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗိဟိ မည်၏။

ပုံစံ- ဒိန္နသုကော။

ဤပြယုဂ်၌ ယဿဟူသော အညပုဒ်အရ မင်းကိုယူသဖြင့် ဒိန္န သုက် ဟူသော သမာသ်ပုဒ်အရ ပေးအပ်သော အခွန်ကို မယူအပ်၊ မယူနိုင်သောကြောင့် အတဂ္ဂုဏ။

ဒိန္နသုက်-ဟူသော သမာသတ္ထဒြပ်တခြား၊ ယဿ-ဟူသော အညပဒတ္ထ ဒြပ်တခြားဖြစ်၍ ဒြပ်ပြားသည်ကို သတိပြုပါ။

တဂ္ဂုဏ နှစ်မျိုး-

၁။ အညပုဒ်အနက်၌ သမာသ်ပုဒ်၏ အနက်နှင့်တကွ သိအပ်သော ဗဟုဗ္ဗိဟိသည် အညပဒတ္ထတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗိဟိ မည်၏။

ပုံစံ- လမ္ဗကဏ္ဏော၊ ဆိန္နဟတ္ထော စသည်။

၂။ ယှဉ်ဘက်အားဖြင့် သမာသ်ပုဒ်၏ အနက်နှင့်တကွ သိအပ်သော ဗဟုဗ္ဗိဟိသည် ပယောဂတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗိဟိ မည်၏။

ပုံစံ- နီလပဋော၊ ဗုဒ္ဓပ္ပမုခေါ၊ သပရိဝါရော စသည်။

အညပုဒ်အနက်နှင့် သမာသ်ပုဒ်အနက်တို့ အတူတကွ ဖြစ်ကြရာ၌ ထိုအညပုဒ်အနက်နှင့် သမာသ်ပုဒ်အနက်တို့ အချင်းချင်း ခွဲခွာ၍ မရစကောင်းက အညပဒတ္ထ၊ ခွဲခွာ၍ ရစကောင်းက ပယောဂဟု အလွယ်မှတ်ပါ။

http://www.dhammadownload.com



တဟိရတ္ထ, အန္တောရတ္ထ ဗဟုဗ္ဗီဟိ-

သမာသ်ပုဒ်တစ်စိတ်သည် အညပုဒ်၏ ဝိသေသနဖြစ်သော ဗဟုဗ္ဗီဟိသည် တဟိရတ္ထဗဟုဗ္ဗီဟိသမာသ် မည်၏။

ဤနည်း၌ သမာသ်ပုဒ်အချင်းချင်း ဝိဘတ်မတူ၊ သမာသ်ပုဒ်တစ်စိတ်နှင့် အညပုဒ်တို့ ဝိဘတ်တူကြသည်။

ပုံစံ- မာသော ဇာတဿ အဿာတိ-မာသဇာတော။

အစိရံ ပက္ကန္တဿ ယဿာတိ-အစိရပက္ကန္တော။

အစိရံ ပဗ္ဗဇိတဿ အဿာတိ-အစိရပဗ္ဗဇိတော။

သမာသ်ပုဒ်တစ်စိတ်သည် အညပုဒ်၏ ဝိသေသနမဖြစ်သော ဗဟုဗ္ဗီဟိသည် အန္တောရတ္ထ(အတဟိရတ္ထ)ဗဟုဗ္ဗီဟိ မည်၏။

ဤနည်း၌ သမာသ်ပုဒ်အချင်းချင်း ဝိဘတ်တူ၍ သမာသ်ပုဒ်တစ်စိတ်နှင့် အညပုဒ်တို့ ဝိဘတ်မတူကြ။

ပုံစံ- အစိရံ ပက္ကန္တံ အဿာတိ-အစိရပက္ကန္တော။

အစိရံ ပဗ္ဗဇိတံ အဿာတိ-အစိရပဗ္ဗဇိတော။

(ဆောင်) တဟိရမှာ, အတီတာ, ဘောမှာ အတဟိ။

တဟိရ, အတဟိရ နှစ်မျိုးရအောင် ဝိဂ္ဂဟပြုရာဝယ် တဟိရ ပြုလိုက သမာသ်၏ နောက်ပုဒ်တစ်စိတ်ကို အတီတကာလိကဝိဂ္ဂဟ ပြုရ၏၊ အတဟိရတ္ထပြုလိုက ဘာဝသာဓနဝိဂ္ဂဟ ပြုရ၏၊ အောက်ပါ ပုံစံတို့ကို လေ့လာပါ။

ပုံစံ- အပက္ကမီတိ-ပက္ကန္တော။

အစိရံ ပက္ကန္တဿ အဿာတိ-အစိရပက္ကန္တော။ (တဟိရတ္ထ)

ပက္ကမနံ ပက္ကန္တံ။

အစိရံ ပက္ကန္တံ အဿာတိ-အစိရပက္ကန္တော။ (အတဟိရတ္ထ)

http://www.dhammadownload.com



ပစ္စဝိတ်-ပစ္စဝိတော။
အစိရံ ပစ္စဝိတာသ အဿာတိ-အစိရပစ္စဝိတော။ (ဗာဟိရတ္ထ)
ပစ္စဝေနံ ပစ္စဝိတံ။
အစိရံ ပစ္စဝိတံ အဿာတိ-အစိရပစ္စဝိတော။ (အဗာဟိရတ္ထ)

တစ်နည်း- အထ ဝါ သဗ္ဗောပိ ဗဟုဗ္ဗီဟိသမာသော ဗာဟိရတ္ထော နာမ၊ အညပဒတ္ထေန ဂဟေတဗ္ဗတ္တာ။ ဒွန္ဒာဒယော ပန အဗာဟိရတ္ထော နာမ၊ ဗဟိဒ္ဓါနိကဥ္စတ္တာ။ (နီတိသုတ္တ-၂၀၈)

## " သမာသ်ပုံစံများ "

| | | |
|---|---|---|
| ဒိဋ္ဌဓမ္မော | ဝိတမာရော | နီရယော |
| ဥပနီတဘောဇနော | ဒွိပဒေါ | ဝိဂတမလော |
| ပတ္တဓမ္မော | ကတကိစ္စော | ပဉ္စစက္ခု |
| နိဂ္ဂတဇနော | နိက္ကိလေသော | တေဝိဇ္ဇော |
| အပေတဝိညာဏော | စတုပ္ပဒေါ | ဆဠဘိညော |
| ဒသဗလော | သုဂန္ဓိ | ဒုဂ္ဂန္ဓိ |
| ဥဘတောဗျဥ္ဇနကော | ဒုဿီလော | ခန္တိဗလော |
| ဣန္ဒနာမော | ပဟူတဇိဝှော | မဟာပညော |
| ပညာဝိသုဒ္ဓိကော | သမဏဘတ္တိကော | ဗဟုကုမာရိကံ |
| အာကိဏ္ဏမနုဿာ | ကေရတ္တိဝါသော | ဒုမ္မနော |
| ဒဏ္ဍပါဏိ | ဒါနဇ္ဈာသယော | သဒ္ဓမ္မဂါရဝေါ |
| သီဟပုဗ္ဗဒ္ဓကာယော | အသံဝါသာ | အသမော |
| တဏ္ဍာကုလကဇာတာ | အနာသဝါ | သဝိတက္ကံ |
| သဝိတက္ကော | သပ္ပီတိကော | သပရိဝါရော |

http://www.dhammadownload.com



| | | |
|---|---|---|
| စက္ခုဘူတော | အန္ဓဘူတော | အနုတ္တရော |
| ဓောရယှော | ဗြဟ္မဿရော | ဒွိဟတ္ထိဟံ |
| သတ္တဋ္ဌမာသံ | ဧကယောဇနဒွိယောဇနာနိ | ဝဏ္ဍာသော |
| မုဋ္ဌဿတိ | သုဒ္ဓကာဠကာနိ | ဟိရိမနာ |
| ကိစ္ဆလာဘာ | ဟီနတိရစ္ဆာနယောနိ | ဒွိဘူမံ |
| အဘာဝိတသီလော | အဘာဝိတကာယာ | အဘာဝိတစိတ္တာ |

## ၆။ ဒွန္ဒသမာသ်

### တထာ ဒွန္ဒေ။ ပ ။ ဒိနဥ

ဤသုတ် တထာသဒ္ဒါဖြင့် "ထိုသမာဟာရဒိဂုအတိုင်းပင် ဤဒွန္ဒသမာသ်၌လည်း ဧကတ္တ နပုံသကတ္တဖြစ်သည်"ဟု ညွှန်ပြသည်။

ဒွန္ဒေအရ သမာဟာရဒွန္ဒကိုသာ ယူပါ၊ ထို့ကြောင့် ဤသုတ်ဖြင့် ပါဏိတူရိယ စသည်တို့ကို သမာဟာရဒွန္ဒဖြစ်အောင် နပုံးဧကတ်ငဲ့မည်။

**အာဒိသဒ္ဒါ-**

(ဆောင်)လိင်ချင်းဆန့်ကျင်, သင်္ချာသဒ္ဒါ, ပရိမာဏ, ပစနနှင့်, စဏ္ဍာလမှု,
ဆယ်ခုဒိသတ်, အာဒိမှတ်, ဧကတ်နပုံး ငဲ့သတည်း။(ဘာဋီ)

| | |
|---|---|
| လိင်ချင်းဆန့်ကျင် - | ဒါသီ စ ဒါသော စ-ဒါသိဒါသံ။ |
| သင်္ချာသဒ္ဒါ- | ဧကကဥ္စ ဒုကဥ္စ-ဧကဒုကံ။ |
| ပရိမာဏတ္ထ - | ဒီဃော စ မဏ္ဍိမော စ-ဒီဃမဏ္ဍိမံ။ |
| ပစနနှင့် - | ဩရဗ္ဘိကာ စ သူကရိကာ စ-ရိကံ။ |
| စဏ္ဍာလမှု- | သပါကော စ စဏ္ဍာလော စ-လံ။ |

http://www.dhammadownload.com



ဆယ်ခုဒိသတ်- ပုဗ္ဗာ စ အပရာ စ-ပုဗ္ဗာပရံ။

## ဝိဘာသာ ရုက္ခ။ ပ ။ ဒိနဥ္စ

ဤသုတ်ကား သစ်ပင်စသည်ဟောသော သဒ္ဒါတို့ကို ဒွန်တွဲရာ၌ ရံခါ နပုံးကေတ်ငဲ့၍ ရံခါ မငဲ့ရဟု ညွှန်ပြသောသုတ်တည်း။

ဤသုတ်၌ ဝိဘာသာ-ဟု ဆိုသောကြောင့် ရှေ့သုတ်လာ ပါဏျင်္ဂတ္ထ စသော သဒ္ဒါတို့၌ နပုံးကေတ်မြဲ၍ ဤသုတ်လာ ရုက္ခစသောသဒ္ဒါတို့၌ နပုံးကေတ် မမြဲ-ဟု သိစေသည်။

အာဒိသဒ္ဒါဖြင့် -
(ဆောင်)ဒြပ်မဖက်, ဆန့်ကျင်ဘက်ဂုဏ်, ငှက်မျိုးစုံနှင့်, တစ်ဖုံဟင်းလျာ,
နက်ဒိသာဟု, ဝိဘာသာသုတ်, အာဒိပုဒ်, ဖွင့်ထုတ် တလာဝတာ။

ဒြပ်မ။ပ။ဂုဏ်- ကုသလာကုသလံ၊ ကုသလာကုသလာ ဝါ။
ငှက်မျိုးစုံနှင့်- ဟံသာ စ ဗကာ စ-ဟံသဗကံ၊ ဟံသဗကာ ဝါ။
တစ်ဖုံဟင်းလျာ-ဒဓိဃတံ၊ ဒဓိဃတာနိ ဝါ။
နက်ဒိသာဟု-ပုဗ္ဗာပရံ၊ ပုဗ္ဗာပရာ ဝါ။

## နာမာနံ သမုစ္စယော ဒွန္ဒော

ဤသုတ်သည် ဒွန်အမည်မှည့်သော သုတ်တည်း။ နာမာနံ အလိုက် မခံဘဲ ထပ်၍ဆိုသဖြင့် နာမ်ပုဒ် နှစ်ပုဒ်သာမက သုံးပုဒ် လေးပုဒ်စသော နာမ်ပုဒ်များလည်း ဒွန်သမာသ်ဖြစ်နိုင်၏-ဟု ပြသည်။ (ဋီ)

သမုစ္စယော- သမဏော စ ဗြာဟ္မဏော စ-သမဏဗြာဟ္မဏာ။

သမဏော စ ၌ စသဒ္ဒါသည် ရဟန်းအပြင် ပုဏ္ဏားဟူသော အနက်

http://www.dhammadownload.com



ကိုလည်း ပေါင်းဆည်းပေး၏၊ မြာပဗ္ဗဏော စ ၌ စသဒ္ဒါသည် ပုဗ္ဗဏ္ဏအပြင် ရဟန်းဟူသော အနက်ကိုလည်း ပေါင်းဆည်းပေး၏၊ ဤသို့ ရဟန်းအနက်ပေါ်၌ ပုဏ္ဏားအနက် ပါဝင်လာအောင်၊ ပုဏ္ဏားအနက်ပေါ်၌ ရဟန်းအနက် ပါဝင်လာအောင် ပေါင်းဆည်းပေးခြင်းသည် သမုစ္စည်းမည်၏။

သမုစ္စည်း အပြား-

၁။ ကေဝလသမုစ္စည်း

၂။ အန္ဝာစယသမုစ္စည်း

၃။ ဣတရီတရယောဂသမုစ္စည်း

၄။ သမာဟာရသမုစ္စည်း-ဟု ၄-မျိုးပြား၏။

မှတ်ချက်။ ။အသမာဟာရနှင့် ဣတရီတရယောဂသမုစ္စည်း အတူတူပင်တည်း။

ပုံစံ- ၁။ စီဝရံ ပိဏ္ဍပါတံ စ, ပစ္စယံ သယနာသနံ အဒါသိ။

၂။ ဘိက္ခံ စရ, ဂါဝေါ စ အာနယ။

၃။ သမဏဗြာဟ္မဏာ။

၄။ စက္ခုသောတံ။

သမာသ်ဖြစ် မဖြစ်-

ကေဝလသမုစ္စည်း၊ အန္ဝာစယသမုစ္စည်းတို့သည် သမာသ်မဖြစ်၊ အကြောင်းကား-ကြိယာကို ငဲ့ခြင်းရှိသည့်အတွက် နာမ်ပုဒ်တို့၏ အချင်းချင်း ယုတ္တတ္ထမဖြစ်ကုန်သည်၏ အဖြစ်ကြောင့်တည်း။

ဣတရီတရ, သမာဟာရတို့သည် သမာသ်ဖြစ်ကုန်၏၊ အကြောင်းကား နာမ်ပုဒ်တို့၏ အချင်းချင်း ယုတ္တတ္ထဖြစ်ကုန်သည်၏ အဖြစ်ကြောင့်တည်း။ (ရှု-၂၀၈)

ဒွန္ဒော- ဒွန္ဒသဒ္ဒါသည် အစုံအစုံဟူသော အနက်ကို ဟောသကဲ့သို့ ထို့အတူ

http://www.dhammadownload.com



အစုံအစုံဟူသောအနက်ကို ရသောသမာသ်သည် ဒွန္ဒသမာသ် မည်၏။ သမဏဗြာဟ္မဏာ-၌ ရဟန်းတစ်မျိုး၊ ပုဏ္ဏားတစ်မျိုးတည်းသာ မရဘဲ၊ ရဟန်းပုဏ္ဏား နှစ်မျိုးစုံကို ရသည်ဟူလို။

## ဇာယာယ တုဒံဇာနိ ပတိမှိ

ဤသုတ်သည် ပတိသဒ္ဒါကြောင့် ဇာယာသဒ္ဒါကို တုဒံအပြု၊ ဇာနိ အပြု-ဟုလည်းကောင်း။ တု-ကို နိပါတ်ပုဒ်တစ်ခုကြံ၍ ဒံ အပြု၊ ဇာနိ-အပြုဟု လည်းကောင်း ဝါဒကွဲ၏။

ဒွန်၌ ယေဘုယျစည်းကမ်း-

၁။ ပူဇော်အပ်သော အနက်ဟောသဒ္ဒါ

၂။ နည်းသော သရရှိသော သဒ္ဒါ

၃။ ဣဝဏ် ဥဝဏ် အဆုံးရှိသော သဒ္ဒါ

၄။ အစ၌ သရရှိသော အကာရန္တသဒ္ဒါတို့ကို များသောအားဖြင့် ရှေ့၌ထားက ဒွန်တွဲရ၏၊ နှစ်ပုဒ်ထက်များသော ဒွန်ပုဒ်တို့၌ကား မမြဲပေ။

ပုံစံ- ၁။ မာတာပိတရော၊ သမဏဗြာဟ္မဏာ။

၂။ စန္ဒသူရိယာ၊ နိဂမဇနပဒါ။

၃။ အဂ္ဂိဓူမာ၊ ဓာတုလိင်္ဂါနိ။

၄။ အတ္ထော စ ဓမ္မော စ အတ္ထဓမ္မာ။ အတ္ထသဒ္ဒါ။

အစ္စိတပ္ပသရံ ပုဗ္ဗံ-

ဇာယာပတိ၌ အစ္စိတပ္ပသရံ ပုဗ္ဗံ-အရ ပတိသဒ္ဒါကို ရှေ့ထားသင့်သော်လည်း "ရာဇဒန္တာဒိ အာကတိဂိုဏ်းဖြစ်သောကြောင့်"ပတိနှင့် ဇာယာကို ရှေ့နောက်ပြန်၍ ဇာယာပတိ ဖြစ်ရသည်-ဟု သဒ္ဒတဗျာကရဏ်းတို့ ဆိုကြသတတ်။ (ကစ္စည်းဘာသာဋီကာ-၂ ၄၅)

http://www.dhammadownload.com



ဇာယာပတိ ပုံစံ၌ ပတိသဒ္ဒါနှောင်းရာ၌ ဇာယာသဒ္ဒါကို စီရင်သော ကြောင့် ဇာယာသဒ္ဒါပင် ရှေ့နေ၏၊ အပယုတ်ပင် ရှေ့နေ၏-ဟု ရူပသိဒ္ဓိ ဂဏ္ဌိ(ပ-၇၅၀)၌ ဆို၏။

(ဆောင်) အနက်စုံတွဲ, ရစမြဲ, မှတ်စွဲ ဒွန်သမာသ်။
ပထမာကျေ, စ ပါစေ, မသွေ ဝိဂြိုဟ်မှတ်။
နှစ်ပုဒ် သုံးပုဒ်, စသည်ထုတ်ပေ, တွဲလေသမျှ, ပုဒ်နက်ရ, မှတ်ကြ ဒွန်သမာသ်။
ကေဝုစ်ချ, ဗဟုဝုစ်ချ, နှစ်ဝ ရှိသည်မှတ်။

ဤဆောင်ပုဒ်များအရ နှစ်ပုဒ်တွဲက နှစ်ပုဒ်၊ သုံးပုဒ်တွဲက သုံးပုဒ်၊ စသည်ဖြင့် တွဲလေသမျှ ပုဒ်အနက် အရကောက်ရသော သမာသ်သည် ဒွန်သမာသ်တည်း၊ ထိုသို့ နှစ်ပုဒ်အနက် အရကောက်ရသောကြောင့် "ဥဘယပဒတ္ထပဓာနော ဟိ ဒွန္ဒော"ဟု ရှုက ဆို၏၊ ဒွန်သည် နှစ်ပုဒ်အနက် ပြဓာန်း၏။

ပထမာကျေ, စ ပါစေ-ဟူသည့်အတိုင်း ဝိဂ္ဂဟဝါကျအတွင်း၌ ပထမာဝိဘတ်ဖြင့်သာ ထားရမည်၊ ကေဝိဘတ္တိကာနံ-ဟု ဆိုသည့်အတွက် ဝိဘတ်တူဖို့သာ ပဓာနတည်း၊ ရှေ့နောက် ကေဝုစ်ဗဟုဝုစ် မတူလည်း ဒွန်တွဲနိုင်သည်၊ ထို့ကြောင့် သားအများ သမီးတစ်ယောက်ကို "ပုတ္တာ စ ဓီတာ စ-ပုတ္တဓီတရော" ဟု လည်းကောင်း၊ သားသမီးအများ မယား တစ်ယောက်ကို "ပုတ္တာ စ ဒါရော စ-ပုတ္တဒါရော"ဟု လည်းကောင်း တွဲနိုင် သည်။

သမဏော စ ဗြာဟ္မဏော စ-ဏာ။
သမဏာ စ ဗြာဟ္မဏာ စ-ဏာ။
သမဏော စ ဗြာဟ္မဏာ စ-ဏာ။

http://www.dhammadownload.com



သမဏော စ ဗြာဟ္မဏော စ-ဏာ။-ဟု လေးမျိုးတွဲနိုင်သည်ကို သတိ ပြုပါ။

စသဒ္ဒါကိုကား မပါမဖြစ် ထည့်ပေးရမည်၊ ထိုစသဒ္ဒါ ပါမှသာ သမာသ်၏ သမုစ္စည်းအနက်ကို ပြနိုင်သည်။ ဧကဝုစ် ဗဟုဝုစ်ကိုကား သင့်တော်သလို ထားရမည်၊ လိင်ကိုကား မိမိပကတိလိင်အတိုင်း ထားရမည်။

ဝိသေသန ဝိသေသျအဖြစ်အားဖြင့် ဒွန်၌ လိုက်စရာ မရှိပေ၊ ကိုယ့်လိင်ဝုစ်နှင့်ကိုယ် တသီးတခြား ထားရုံသာတည်း၊ ဝိဂ္ဂဟပြုပြီး၍ ချရာ၌ကား ပါဠိတော်၌ရှိသည့် လိင်ဝုစ်အတိုင်း ချပါလေ။

ဒွန်အပြား-

၁။ သမာဟာရဒွန်

၂။ ဣတရီတရယောဂဒွန် (အသမာဟာရဒွန်)ဟု နှစ်မျိုးပြား၏။

သမာဟာရ, ဒိ ဒွန္ဒ, ဧက နပုံးဆိုက်-ဟူသည်နှင့် အညီ ဒိဂုသမာသ်ကဲ့သို့ သမာဟာရဒွန်၌လည်း တထာ ဒွန္ဒေသုတ်ဖြင့် နပုံဧကတ်ငဲ့၍ နပုံလိင် ဧကဝုစ်ရှိရသည်၊ သို့သော် သမာဟာရဒွန်၌ ဧကဝုစ်အဖြစ်ကား မြဲ၏၊ နပုံလိင်အဖြစ်ကား မမြဲ၊ ရံခါ ဣတ္ထိလိင် ပုံလိင်ရှိသေး၏၊ ထို့ကြောင့် ဒွန်၌ ဧကဝုစ်ရှိက သမာဟာရ ဗဟုဝုစ်ရှိက အသမာဟာရ (ဣတရီတရ ယောဂ) ဟု ခွဲခြားမှတ်ပါ။

ပုံစံ- အာဂတော စ အနာဂတော စ-တော။ (ပုံလိင်သမာဟာရ)
ပဋိသန္ဓိပ္ပဝတ္တိယံ၊ ဆန္ဒပါရိသုဒ္ဓိ။ (ဣတ္ထိလိင်သမာဟာရ)

အံမော နိဂ္ဂဟီတံ ဈလပေဟီတိ ဧတ္ထ 'အံမော' တိ နိဒ္ဒေသ ဒဿန-တော ကတ္ထစိ နပုံသကလိင်္ဂတ္တံ န ဟောတီတိ ဒဋ္ဌဗ္ဗံ၊ တေန "အာဓိပစ္စ-ပရိဝါရော, ဆန္ဒပါရိသုဒ္ဓိ, ပဋိသန္ဓိပ္ပဝတ္တိယ"န္တိ အာဒိ သိဇ္ဈတိ။(ရူ-၂၁၂)

http://www.dhammadownload.com



ဒွန် ဥဘယပဒတ္ထပဓာနဖြစ်သော်လည်း "ကေတ္တိဘာဝေါ သမာသ လက္ခဏံ"ဟူသော စကားနှင့် မဆန့်ကျင်ပုံ-

သဒိသာဒိအတ္ထေပိ သဒ္ဒပ္ပဝတ္တိသမ္ဘဝေန ဒွိန္နံ ပဒါနံ ကေဣဏော ယေဝ အတ္ထဒွယဒီပကတ္တာ န ဝိရောဓော။

အထ ဝါ ဒွိန္နမ္ပိ ယထာဝုတ္တသမုစ္စယဒီပကတ္တာ အတ္တိ ဒွန္ဒေ- ပေကတ္တိတာတိ န ကောစိ ဝိရောဓော။ (ရှ-၂၀၈၊ ရှဘာဋီ-၂၊ ၆၀)

ဂိုဏ်းစဉ်- သမာဟာရဒွန်၌ "သဗ္ဗတ္ထေကဝစနမေဝ"ဟု ဆိုသည့်အတွက် ဝိဘတ်အားလုံး ကေဝုစ်ချည်း စဉ်ပါ။

ယေဘုယျအားဖြင့် စိတ္တာဒိ ကေဝုစ်ချည်းစဉ်၊ ဣတ္ထိလိင် ပုံလိင်၌ သမာဟာရကို တွေ့လည်း ယင်းလိင်အားလျော်စွာ, ဂိုဏ်းအားလျော်စွာ ကေဝုစ်ချည်း စဉ်။

ဣတရီတရ(အသမာဟာရ)၌ အဝယဝပဓာနတ္တာ-အစိတ်အစိတ် ပြဋ္ဌာန်းသည်၏ အဖြစ်ကြောင့်၊ သဗ္ဗတ္ထ ဗဟုဝစနမေဝ-ဟု ဆိုသည့်အတွက် ဝိဘတ်အားလုံး ဂိုဏ်းအားလျော်စွာ ဗဟုဝုစ်ချည်း စဉ်ပါ။ (ရှ-၂၀၉)

ကေတ္တာဘာဝေ ဗဟုဝစနံ ပရသောဝ လိင်္ဂ-ဟု ဆိုသည့်အတွက် ဣတရီတရဒွန်သည် ဗဟုဝုစ်ချည်းရှိရာ နောက်ပုဒ်၏ လိင်အတိုင်း ဆိုင်ရာ ဂိုဏ်းသွင်း၍ ဗဟုဝုစ်ချည်း စဉ်ပါ။

အချုပ်အားဖြင့် ဒွန်သမာသ်၌ ပါဠိတော်ဝယ် ရှိသည့်ဝုစ်အတိုင်း၊ ကေဝုစ်ရှိက ဆိုင်ရာဂိုဏ်းသွင်း၍ ကေဝုစ်ချည်း စဉ်၊ ဗဟုဝုစ်ရှိက ဆိုင်ရာ ဂိုဏ်းသွင်း၍ ဗဟုဝုစ်ချည်း စဉ်ပါ။

http://www.dhammadownload.com



## "အခြားအသုံးပြုသည့် အမည်ထူးများ"

လက္ခဏာကွဲလျက် ကိစ္စတူအနက်ရှိသော သဒ္ဒါတို့ကို တွဲစပ်ထား သောကြောင့် အောက်ပါပုံစံတို့ကို "ဝိသဘာဂတ္ထဒွန်"ဟု ခေါ်သည်။

သီလပညာဏံ၊ သမထဝိပဿနံ၊ နာမရူပံ၊ ဟိရောတ္တပ္ပံ၊ ထိနမိဒ္ဓံ၊
သတိသမ္ပဇညံ၊ ဥဒ္ဒစ္စကုက္ကုစ္စံ။

အချင်းချင်း လိင်သည် အထူးပြုအပ်ကုန်သော သဒ္ဒါတို့ကို တွဲစပ် ထားသောကြောင့် အောက်ပါပုံစံတို့ကို "အညောညလိင်္ဂဝိသေသိတ ဒွန်" ဟု ခေါ်သည်။

ဒါသိဒါသံ၊ ဣတ္ထိပုမံ၊ ပတ္တစီဝရံ၊ သာခါပလာသံ။

အချင်းချင်း ဆန့်ကျင်ဘက်သဘောရှိသော အနက်ဟောသဒ္ဒါတို့ ကို တွဲစပ်ထားသောကြောင့် အောက်ပါ ပုံစံတို့ကို "အညောညပ္ပဋိပက္ခဓမ္မ ဒွန်"ဟု ခေါ်သည်။

ကုသလာကုသလံ၊ သာဝဇ္ဇာနဝဇ္ဇံ၊ ဟီနပ္ပဏီတံ၊ ကဏှသုက္ကံ၊
သုခဒုက္ခံ၊ ပဋိယာနုနယံ၊ ရတ္တိန္ဒိဝံ၊ အဟောရတ္တံ။

ဤကား အသုံးပြုများသော သမာသ်နာမည်များသာတည်း၊ သုတ် စဉ်၌ပါသော အနက်များအတိုင်း "ဟတ္ထပါဒါ" ကို "ပါဏျင်္ဂတ္ထဒွန်"၊ "ဂီတဝါဒိတံ" ကို "တူရိယင်္ဂတ္ထဒွန်" စသည်ဖြင့် အသုံးပြုနိုင်၊ နာမည်ပေးနိုင် သည်သာ။

## သမာသ် ၆-မျိုးလုံးနှင့် ဆိုင်သော
## လေ့ကျင့်ခန်း ပုံစံများ

| | | |
|---|---|---|
| သဘာဂါပတ္တိယော | ဒေသိတာပတ္တိကဿ | ဘိက္ခုသံဃဿ |
| ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ | အသံဝါသော | အဒိန္နံ |
| သုက္ကဝိဿဋ္ဌိ | ကာယသံသဂ္ဂံ | ဟတ္ထဂ္ဂါဟံ |
| သုဂတဝိဒတ္ထိယာ | ပုဗ္ဗကိစ္စံ | ဝေရူပါယ |
| အသန္တိယာ | မုသာဝါဒေ | ဝေဏိဂ္ဂါဟံ ဝါ |
| အဿာမိကံ | ပုရိသမတိံ | ဆာရတ္တံ |
| ပုရာဏစီဝရံ | အညာတိကာယ | ဘိက္ခုဂဏနာ |
| ဝိသုဒ္ဓါပေက္ခော | ဒုဋ္ဌုဝိတေန | တထာရူပံ |
| ဝတ္ထုဒေသနာယ | သဿာမိကံ | အမူလကေန |
| တိစီဝရေန | တုဏှီဘူတော | ဇာတရူပရဇတံ |
| ကမ္မပ္ပတ္တာ | အပ္ပသဒ္ဒေါ | ပတ္တသညီ |
| ဒုဗ္ဗဏ္ဏံ | ကောသိယမိဿကံ | ဆဗ္ဗဿာနိ |
| ဣတ္ထိနာမံ | အပ္ပဝါရိတော | ကယဝိက္ကယံ |
| ဧဠကလောမာနံ | ဧကုဒ္ဒေသော | ဘိက္ခုသမ္မုတိယာ |
| သေနာသနေသု | အနုပသမ္ပန္နံ | အစ္ဆိန္နစီဝရော |
| ပဏီတဘောဇနာနိ | ဝိကာလေ | အစေလကဿ |
| သဘတ္တော | ပစ္ဆာဘတ္တံ | ခမ္ဘကတော |
| အနာဟဋေ | အညာဏကေန | ဥဏှသမယော |
| ဥပဿုတိံ | သုဂတစီဝရံ | ရတနသမ္မတံ |
| အနိက္ခန္တရာဇကေ | ယာနဂတဿ | ထေရဿ |
| သကဗဠေန | ဝဿိကသာဋိကာ | အနတ္တမနော |
| သာသင်္ကသမ္မတာနိ | အနတိရိတ္တံ | ပုရေဘတ္တံ |

http://www.dhammadownload.com

http://www.dhammadownload.com



| | | |
|---|---|---|
| သိက္ခာပဒေဟိ | ဗျတ္တံ | ယထာသန္တုဋ္ဌံ |
| မုဒ္ဒါဘိသိတ္တဿ | ဗြဟ္မစရိယာ | ထေယျသတ္တေ |
| ဦနဝီသတိဝဿံ | ခုဒ္ဒါနုခုဒ္ဒကေဟိ | သုတ္တာဂတံ |
| ဘက္ကူနဇာတာနံ | အနိဂ္ဂတရတနကေ | ခိယနဓမ္မံ |
| ဆပ္ပဥ္စဝါစာဟိ | အတ္ထင်္ဂတေ | ပုဗ္ဗပဂတံ |
| သပ္ပါဏကံ | ပါနီယတ္ထာလကံ | သာမိသေန |
| နိဂမံ | ဘိက္ခုနိပရိပါစိတံ | သတ္ထဂမနီယော |
| ဝိနိစ္ဆယကထာယ | ဝေဋ္ဌိတသီသဿ | ပတ္တဓာဝနံ |
| ဆတ္တပါဏိဿ | သသိတ္ထကံ | အဂိလာနော |
| ဒိရတ္တံ | ဂိဟိသမာရမ္ဘာ | အန္တရယရေ |
| ဒသာဟံ | ဥဒ္ဒံဂါမိနိ | ဂဟပတိ |
| သုဝိတံ | ဟတ္ထပါသော | အသပ္ပါယံ |
| အတ္တုဒ္ဒေသံ | အနတ္ထိတော | စိဏ္ဏမာနတ္တော |
| ပရိဝုဋ္ဌပရိဝါသော | ဘိက္ခုနုပဿယံ | အာမိသဟေတု |
| သပ္ပဋိဘယာနိ | အပ္ပဟရိတေ | သဟတ္ထာ |
| အတိရေကပတ္တော | အပ္ပဋိသံဝိဒိတံ | ဝိကပ္ပံ |
| စီဝရစေတာပန္နံ | အာဟစ္စပါဒကံ . | သဟတ္ထာ |
| အစ္စေကစီဝရံ | သုဒ္ဓကာဠကာနံ | နာနပ္ပကာရကံ |
| သေနာဗျူဟံ | ကလျာဏဓမ္မံ | အတ္တုပနာယိကံ |
| မရဏဝဏ္ဏံ | သညာစိကာယ | အနာရမ္ဘံ |
| သပရိက္ကမနံ | တထာနာသိတံ | အနိကဒဿနံ |
| အင်္ဂုလိပတောဒကေန | ဝိဝါဒါပန္နာနံ | ကလဟဇာတာနံ |
| အာဝသထပိဏ္ဍော | ပုရိသဝိဂ္ဂဟေန | သမဏုဒ္ဒေသော |
| အစိမာနာ | ပါတိမောက္ခံ | ဂါမန္တံ |

http://www.dhammadownload.com



| | | |
|---|---|---|
| မေထုနုပသံဟိတာဟိ | ဘိက္ခုမာနတ္တာယ | နိသီဒနသန္ထတံ |
| ပုရာဏသန္ထတဿ | အသန္တေ | အပစ္စက္ခာယ |
| မေထုနုပသံဟိတေန | ဒုဗ္ဗစဇာတိကော | ဥဿက္ကိကာယ |
| ဥဒ္ဒေသပရိယာပန္နေသု | ပတ္တပရိယန္တော | ဩကိဒ္ဓိတ္တစက္ခု |
| အညမညဝစနေန | တိရစ္ဆာနဂတာယ | သုသံဝုတော |
| သုပ္ပဋိစ္ဆန္နော | ပါပသမာစာရော | ဝဂ္ဂဝါဒကာ |
| စီဝရတ္ထိကေန | အလံကမ္မနိယေ | သဒ္ဓေယျဝစသာ |
| ပဉ္စမာပတ္တိကာ | သံယာဒိသေသော | သမ္မုခါဝိနယော။ |

“ အတွေ့အကြုံသည် အကောင်းဆုံး ဆရာဖြစ်သည် ”

သမာသ်ကျဉ်း ပြီး၏

--------

http://www.dhammadownload.com

# ၂၊ တဒ္ဓိတ်ကျဉ်း

တဒ္ဓိတ- တသ္မာ ဟိတာ တဒ္ဓိတာ။ (ပဥ္စမိတပ္ပုရိသ်)

ဤဝစနတ္ထအရ သုံးပါးအပြားရှိသော လိင်မှနောက်၌ ဆက်စပ် သက်အပ်သော ပစ္စည်းတို့ကို "တဒ္ဓိတ်"ဟု ခေါ်၏။

"တိဝိဓလိင်္ဂတော"ဟူသော ရူအရ "ပေါရိသံ"စသည်၌ ပုရိသ ဟူသော သုဒ္ဓလိင်နောင် တဒ္ဓိတ် ဏ-ပစ္စည်းသက်၏။

"ရာဇပုရိသတ္တံ"စသည်၌ ရာဇပုရိသ-ဟူသော သမာသ်လိင် နောင် တဒ္ဓိတ် တ္တ-ပစ္စည်းသက်၏။

"ဒဏ္ဍိတ္တံ" စသည်၌ ဒဏ္ဍီ-ဟူသော တဒ္ဓိတ်လိင်နောင်မှာပင် တဒ္ဓိတ် တ္တ-ပစ္စည်း ထပ်သက်၏။

ယေဘုယျနည်း-တိဝိဓလိင်္ဂတောကို ယေဘုယျနည်း (များသော)အားဖြင့် ဆိုသည်၊ ဖေဟိပသိကော စသည်၌ကား လိင်မဟုတ်သော "ဖေဟိ- ပဿ" ဟူသော အာချာတ်ပုဒ်နောက်၌ပင် ဏိကပစ္စည်း သက်သေး၏။ (ဋီ)

တစ်နည်း-တေသံ ဟိတာ တဒ္ဓိတာ။ (ဆဋ္ဌီတပ္ပုရိသ်)

ဤဝစနတ္ထအရ ထိုနာမ်တို့အား ကျေးဇူးများသဖြင့် ထိုနာမ်တို့၏ စီးပွားဖြစ်ကုန်သော ပစ္စည်းတို့ကို "တဒ္ဓိတ်"ဟု ခေါ်၏။

နာမ်အပြား-ဓာတ်ပစ္စည်း ခွဲ၍မရသော တိဿ,ဒတ္တစသောရုဋ္ဌီနာမ် (တိဿတ္တံ)၊ ဓာတ်ပစ္စည်း ခွဲ၍ရကောင်းသော ပုရိသစသော ကိတ်နာမ်(ပေါရိသံ)၊ ရာဇပုရိသစသော သမာသ်နာမ်(ရာဇပုတ္တကော)၊ ဒဏ္ဍီစသော တဒ္ဓိတ်နာမ်(ဒဏ္ဍိတ္တံ)၊ အချို့နိပါတ်ပုဒ်များ (ဥပရိမော- ဥပရိ +က္ကမ၊ အချို့ဥပသာရပုဒ်များ (ဥတ္တမော- ဥ+တမ) ပါဝင်ကြသည်။

http://www.dhammadownload.com



တဒွိတ်အမည်-"ကာဒိပစ္စယာနမေတံ နာမံဝစနံ" အရ တဒွိတ်ဟူသော အမည်သည် ကစသောပစ္စည်းများ၏ အမည်သာတည်း။

(ဆောင်) နာမ်ပုဒ်အများ, အနက်ထွားအောင်, စီးပွားကိုပြု, ပစ္စည်းစု, မှတ်ရှု တဒွိတ်ခေါ်။ (ပါဠိသိက္ခာ)

ထိုပစ္စည်းနှင့် တကွဖြစ်သော ဝါသိဋ္ဌောစသောပုဒ်များကား သဟစရဏနည်း, ပုဒ်နှင့် ပစ္စည်းဖြစ်၍ မကင်းစကောင်းသော အဝိနာဘာဝနည်း, အစိတ်ပစ္စည်း၏ တဒွိတအမည်ကို အပေါင်းတစ်ပုဒ်လုံးပေါ်၌ တင်စားသော ကေဒေသူပစာရနည်း (အဝယဝူပစာရနည်း)အားဖြင့် တဒွိတမည်၏။

ထို ကစသောပစ္စည်းများကို ပြုရာကျမ်းမှုကား ထို တဒွိတမည်သော ပစ္စည်းတို့၏ တည်ရာဖြစ်သောကြောင့် ဌာနျူပစာရအားဖြင့် တဒွိတမည်၏။

သဒ္ဒနီတိဝါဒ-တဒွိတဟူသော နာမည်သည် ကစသောပစ္စည်းများ၏ နာမည်လည်း ဟုတ်၏၊ ဉာဏ်ဖြင့် ကြံစည်ပြုလုပ်အပ်သော ကေသေသ်နှင့် သချာအစီအရင်များ၏ နာမည်လည်း ဟုတ်၏။

ကေသေသ်စသော တဒွိတ်များ ပါဝင်နိုင်အောင် တဒွိတပုဒ်ကိုလည်း "အတ္တာဓိဂမာယ ပဋိပန္နာနံ တဒတ္ထသာကေတ္တာ တေသံ သဝနင္ဂဟဏ-ဓာရဏာဘိယုတ္တာနံ ကုလပုတ္တာနံ ဟိတံ အနုကူလံ-တဒွိတံ" ဟု ပြုတော်မူသေး၏။ (နီတိသုတ္တ-၂၃၁)

နာမ်တို့၏ စီးပွားဖြစ်ပုံ-

ပုရိသသဒ္ဒါသည် တဒွိတ်ပစ္စည်း မသက်ခင်က "ယောကျ်ား"ဟူသော အနက်ကိုသာ ဟောနိုင်သော်လည်း "ပုရိသော ပမာဏံ အဿ"ဟူသော ဝိဂြိုဟ်နက်၌ ကပစ္စည်းနှင့် တွဲဖက်သောအခါ "ပေါရိသံ"ဟု ဖြစ်၍ ယောကျ်ားတစ်ရပ်လောက် အတိုင်းအရှည်ရှိသော အရာဝတ္ထုစသည်ကို ဟောသဖြင့်

http://www.dhammadownload.com



- ပုရိသောပဟူသော နာမ်ပုဒ်မှာ အနက်တည်းဟူသောစီးပွား တိုးတက်လာသည်ကို ဆိုလိုပါသည်။ (ဘာဋီ)

## တဒ္ဓိတ်အပြား

(ဆောင်) အပစ္စ နေကတ်, အဿတ် သချာ, ဘာဝါ ဗျယ, ဤခြောက်ဝ၊ ပြား ထ တဒ္ဓိတ်တည်း။

## ဝါ ဏ'ပစ္စေ

ဝါသိဋ္ဌော-ဝသော ယဿ အတ္တိတိ ဝသိ။ (စွမ်းရည်သတ္တိ ရှိသူ)
ဝသိန် ဝိသေသော ဝသိဋ္ဌော။

ဝသိနောင် ဝိသေသအနက်၌ ဣဋ္ဌပစ္စည်းသက်၍ စွမ်းရည်သတ္တိ အထူးရှိသော ရသေ့တစ်ယောက်ကို ဝသိဋ္ဌ-ဟု ခေါ်သည်။

ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော။ (ပုံ)
ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌီ။ (ထိ)
ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌံ။ (နပုံ)
အရညေ တပသာ ဝသတီတိ ဝါသိဋ္ဌော။ (ဂဋ္ဌုန်ပျံ-၈၂)

**အပစ္စံဟု နပုံလိင်ချည်း ချရပုံ-**

အပစ္စအရ ပုတ္တာဒိသန္တာန ရသောကြောင့် သန္တာနောကို ငဲ့၍ပုံလိင်ဖြင့် ထားသင့်သည် မဟုတ်ပါလော၊ ဏျပစ္စည်းသည် "ဏျ တ္တ တ္တနဆုံး, ဤသုံးလုံး, နပုံး ကေန်မြဲ" ဟူသည်နှင့်အညီ များသောအားဖြင့် နပုံလိင်ကို ထွန်းပြ၏၊ ထို့ကြောင့် သဒ္ဒလိင်လိုက်၍ အပစ္စံ-ဟု နပုံလိင်ထားသည်၊ အဘိဓာန်၌လည်း နပုံလိင်ပင် ရှိ၏။

http://www.dhammadownload.com



နိဒ္ဒေသအဆို -

အဗျတ္တေ ဂုဏသန္တေဟေ, နပုံသကမိဟုစ္စတေ၊

ဓေ ဟိ သဒ္ဒပ္ပကတိ, ဒီပေတဗ္ဗာ ဝိဘာဝိနာ။-ဟူသော ဂါထာကို ကိုးကား၍ လိင်အားဖြင့် မထင်ရှားသောကြောင့် နပုံလိင်ချရသည်ဟု နိဒ္ဒေသ ၌ ဆိုသည်။

အဗျတ္တေ-၂ လိင် ၃ လိင် ဆက်ဆံသောကြောင့် မည်သည့်လိင်ဟု မထင်ရှားသော၊ ဂုဏသန္တေဟေ-လိင်အားဖြင့် ယုံမှားဖွယ်ရှိသောဂုဏ် ဝိသေသနပုဒ်မျိုး၌၊ နပုံသကံ-ကို၊ ဣဟ-၌၊ ဥစ္စတေ-၏၊ ဓေ ဟိ-လျှင်၊ သဒ္ဒပ္ပကတိ-သဒ္ဒါထုံးစံကို၊ ဝိဘာဝိနာ-ပညာရှိသည်၊ ဒီပေတဗ္ဗာ-ပြထိုက်၏။

ဇာလာဝတာရ-

သာမညေဘိမတေ သဒ္ဒေါ, နိဒ္ဒိဿတိ ပုမေန ဝါ၊

နပုံသကေန ဝါ ပိတိ, သဒ္ဒသတ္ထဝိဒူ ဝိဒုံ။

သာမညေ-လိင်သာမညကို၊ အဘိမတေ-အလိုရှိအပ် ဆိုလိုအပ်သော်၊ သဒ္ဒေါ-ကို၊ ပုမေန ဝါ-ပုလိင်ဖြင့် ဖြစ်စေ၊ နပုံသကေန ဝါ ပိ-ဖြစ်စေ၊ နိဒ္ဒိဿတိ-အပ်၏၊ ဣတိ-ဤနည်းကို၊ သဒ္ဒသတ္ထဝိဒူ-သဒ္ဒါကျမ်းသိ ပညာရှိတို့သည်၊ ဝိဒုံ-သိကြကုန်၏။

လိင်သုံးပါးနှင့် ဆက်ဆံ၍ သာမညဖြစ်သောကြောင့် အပစ္စံဟု နပုံလိင်ညွှန်ပြထားသည်။

သက္ကတနှင့် မောဂ္ဂလ္လာန်ပဒသာဓနကို၌ ပုံ, ဣတ္ထိရုပ်သာ ပြကြ၏၊ နပုံလိင်ရုပ်ကို မပြကြ။ (ကစ်ဘာဋီ)

ဝါသိဋ္ဌ/ဝါသေဋ္ဌ-

ဝါသိဋ္ဌပုဒ်သည် ပါဠိသုံးအားဖြင့် ဣကို ဧသုဝုဒ္ဓိဖြင့် ပြေ၍ "ဝါသေဋ္ဌ"ဟု ဖြစ်၏။ (အံ-၃၊ ၁၉၇၊ နိတိ)

http://www.dhammadownload.com



အပစ္စပုဒ် ဟောနက်-

အပစ္စသဒ္ဒါသည် သားဟူသော အနက်ကိုသာ ဟောသည်မဟုတ်၊ သား သမီး မြေး မြစ် တပည့်စသော အမျိုးအနွယ် အစဉ်အဆက်ဖြစ်သူများကို ယထာရဟဟောသည် ဟု မှတ်ပါ။

အပစ္စအနက်၌ ဏ-

"တဿ+အပစ္စမိစ္စေတသ္မိံ အတ္ထေ" (ကစ်)ကို ထောက်၍ "ဏ" ပစ္စည်းသည် ဆဋ္ဌီဝိဘတ်၏ သမ္ဗန်အနက်နှင့်တကွ အပစ္စပုဒ်၏အနက်ကို ဟောသည်ဟု မှတ်ပါ။

သ နှင့် အပစ္စပုဒ် ချေ-

"ဝသိဋ္ဌဿ+အပစ္စံ"ဟူသော အနက်၌ ဏပစ္စည်းသက်သောအခါ ထို ဏပစ္စည်းက သဝိဘတ်၏အနက်နှင့် အပစ္စ၏အနက်ကို ဟောသောကြောင့် ထို သနှင့် အပစ္စပုဒ်တို့ ကျေပျောက်ရတော့သည်။

ရုပ်တွက် အစဉ်-

၁။ ဝသိဋ္ဌ+အပစ္စ တည်၍ ဝသိဋ္ဌဿ+အပစ္စံ ဟု ဝိဂ္ဂြိုဟ်ဝါကျဖြစ်အောင် နာမ်ရုပ်တွက်၊

၂။ ဝသိဋ္ဌဿ-၏၊ အပစ္စံ-တည်း၊ ဣတိ အတ္ထေ-၌ ဟု ဆို၊

၃။ ဏ ဏပစ္စေ ဖြင့် ဝသိဋ္ဌနောင် ဏပစ္စည်းသက်၊

၄။ ဝုတ္တတ္ထာနမပ္ပယောဂေါ-ဟူသော ပရိဘာသာဖြင့် အပစ္စပုဒ်ကို ချေ၊

မှတ်ချက်။ ။အပစ္စပုဒ်ကို ချေလိုက်လျှင် သိ၏ကာရိယ အံလည်း အလိုလိုပျောက်၏။

၅။ တေသံ ဝိဘတ္တိယော လောပါ စ-ဖြင့် သဝိဘတ်ကို ချေ၊

မှတ်ချက်။ ။သ-အာဂုံကား အလိုလိုပျောက်၏၊ မဟိရုဟနည်းမျိုးချည်းတည်း(ရှု)။ ကစ္စည်းဝုတ္တိအလို တေသံ ဝိဘတ္တိယော လောပါ

http://www.dhammadownload.com



စ သုတ်၌ တေသံ သဒ္ဒါပိုဖြင့် သ-သိ ဝိဘတ်, သအာဂုမ်, အပစ္စပုဒ်တို့ကို ချေ။ နျာသ၌မူ ဝုတ္တာတ္တာနမပ္ပယောဂေဖြင့် အပစ္စပုဒ်ကို ချေ၍ တေသံ သဒ္ဒါပိုဖြင့် သဝိဘတ်ကို ချေသည်။

၆။ ပကတိ စဿ သရန္တဿ-ဖြင့် ဝသိဋ္ဌကို ဝသိဋ္ဌဟု ပကတိပြု။

မှတ်ချက်။ ။ဤရုပ်ဝယ် ပကတိပြုရန် ရူပသိဒ္ဓိမပြသော်လည်း ပကတိ စဿ သရန္တဿ သုတ်တုန်းက တဒ္ဓိတပစ္စယသမ္ဗန္ဓိလိင်များကို ပကတိ ပြုရမည်ဟု ဆိုခဲ့သောကြောင့်လည်းကောင်း, ဇောယျော ကတ္တိကာဒီဟိ သုတ်၌ ပကတိပြုဖို့ရန် ပြထားသောကြောင့်လည်းကောင်း ဤရုပ်၌လည်း ပကတိပြုရမည်ဟု မှတ်ပါ။ ထိုသို့ ပကတိပြုရာ၌ အချို့က (ဏ်)အနုဗန် ချေပြီးနောက် "ဝသိဋ္ဌ+အ"ကို ဝသိဋ္ဌ+အ-ဟု ပကတိပြုကြ၏၊ "ပကတိပြု" ဟူသည် နဂိုမူလ(သရန္တအတိုင်း, ဗျဉ္ဇနန္တ အတိုင်း)ရှိနေကြောင်း သိသာအောင် ပကတိပြုရခြင်းဖြစ်သည်၊ ဏ်-အနုဗန် ကျေ၍ ကျန်ရစ်သော (အ)ပစ္စည်းသည် နဂိုမူလ ပကတိတွင် မပါဝင်ခဲ့ပေ၊ ထို့ကြောင့် "ဝသိဋ္ဌ" ဟုသာ ပကတိ ပြုရမည်။

ထို့ပြင် "ပကတိ စဿ"သုတ်လာ စသဒ္ဒါဖြင့် တချို့က ပကတိပြုကြ၏၊ သုတ်ရင်းဖြင့် ပြုနိုင်ကြောင်းကို ထိုသုတ်ပြန်ကြည့်ပါ။

၇။ တေသံ ဏော လောပံဖြင့် ဏ်အနုဗန်ကို ချေ။

၈။ ဝုဒ္ဓါဒိသရဿ ဝါ-စသောသုတ်ဖြင့် ဝဏ်အကို အာဝုဒ္ဓိပြု။

မှတ်ချက်။ ။အနုဗန်ချေခြင်း ဝုဒ္ဓိပြုခြင်းကား ဝါသိဋ္ဌနှင့်တူသော အချို့ရုပ်များနှင့်သာ ဆိုင်၏၊ ဏ်အနုဗန်မပါသောရုပ်, နဂိုကဝုဒ္ဓိဖြစ်နေသော ဂေါတမ စသောရုပ်များ၌ကား ဤ ၇-၈ အစီအစဉ်များ မလို။

၉။ သရလောပေါစသောသုတ်ဖြင့် ဋ္ဌ၏အကို ချေ၊ နေ... ၌ပကတိပြု၍ ကပ်၊ နာမ်ငှဲ။

http://www.dhammadownload.com



နာမ်ငဲ့ရခြင်း အကြောင်း-

တဒ္ဓိတ်ပစ္စည်း ဆုံးနေသောကြောင့် "ပစ္စည်း၏ သတ္တိနက်ကိုသာ ဟောလေရော့သလား"ဟု ယုံမှားဖွယ်ရှိရကား ဒြပ်ဟောနာမ်ဖြစ်ကြောင်း သိသာအောင် နာမ်ငဲ့ရလေသည်။

၁၀။ သိသက်၊ ညြပြု စသည်။

ဤကား ရူပသိဒ္ဓိတွက်စဉ်တည်း၊ ဣတ္ထိလိင်၌ကား နာမ်မငဲ့မိ ဣတ္ထိဇောတကပစ္စည်း သက်ပါ။

(ဆောင်) တဒ္ဓိတ်ရုပ်ကို, တွက်ကြလိုလျှင်, ဝိဂ္ဂြိုဟ် ဝါကျ, ဖြစ်အောင်ပြုဖို့, မူလနာမ်ရုပ်, ပြီးအောင်လုပ်၍, ဖော်ထုတ် ထိုနက်, ပစ္စည်းသက်ဘိ, ပရိဘာသာ, ရွတ်ဆိုကာဖြင့်, နောက်ပါ ပုဒ်ချေ, တေသံဝိဘတ်, သုတ်ဖြင့် မှတ်၍, ဝိဘတ်လည်း ချေ, နဂိုနေမှု, ပကတိပြုလျက်, နုဗန်ဝုဒ္ဓိ, ပြုခွင့်ရှိက, ပြုပြီးမှလျှင်, သရလောပေါ, ချေကပ်သောဖြင့်, ဇောတကိတ္ထိလည်း, သက်၍ပြီးမှ, နာမ်ငဲ့ရသည်, ရူပသိဒ္ဓိတွက်စဉ်တည်း။ (ကစ်ဘာ)

ဝသိဋ္ဌ+အပစ္စ တည်-

မောဂ္ဂလ္လာန်နိဿယ၌ကား "ဝသိဋ္ဌ"ဟုသာ တည်၍ "အပစ္စ" ပုဒ်ကို မတည်ဘဲ "ဝသိဋ္ဌ၏+သား"ဟူသော အနက်၌ ဝသိဋ္ဌဿနောင် ပစ္စည်း သက်သည်။

ရူပသိဒ္ဓိ၌ကား "ဝသိဋ္ဌဿ+အပစ္စ"န္တိ တိ ဝိဂ္ဂဟေ-ဟု ရုပ်တည်တုန်းကပင် အပစ္စသဒ္ဒါ ပါ၏၊ "တဒ္ဓိတ်ပစ္စည်း ဆိုင်းထမ်းနည်း" အရ နှစ်ပုဒ် အလယ်၌ ပစ္စည်းသက်ရသည် ဟူသော ဝါဒအလိုလည်း "ဝသိဋ္ဌ+အပစ္စ" ဟု နှစ်ပုဒ်ပင် ရုပ်တည်ရကြောင်း သိသာ၏၊ ထို့ကြောင့် နှစ်ပုဒ်တည်ပါ။

ဝါ ဏာ'ပစ္စေ ၌ ဝါ-

"ဝေတိ ဝါကျသမာသဝိကပ္ပနတ္ထံ" (မောဂ်-၄၊ ၁) ဝါ ဏာ'ပစ္စေ-၌ ဝါ

http://www.dhammadownload.com



သည်- ၁။ ဝါသိဋ္ဌော-ဟူသော တဒ္ဓိတ်,
၂။ ဝသိဋ္ဌဿ အပစ္စံ-ဟူသော ဝါကျ
၃။ ဝသိဋ္ဌာပစ္စံ-ဟူသော သမာသ်-
ဤသုံးမျိုး ဖြစ်နိုင်သည်ဟု ပြသည်။

ဏာယန ဏာန ဝစ္ဆာဒိတော

ဤသုတ်သည် ဏာယန ဏာန ပစ္စည်းသက်၍ ရုပ်ပြီးပုံ အခြင်းအရာ တူသော သဒ္ဒါစုကိုသာ ယူသော "အာကတိဂဏ"သုတ်တည်း။

ထို့ကြောင့် ဝစ္ဆာဒိတော-၌ အာဒိသဒ္ဒါလည်း ပကာရ(အတူ) အနက်ဟောတည်းဟု ယူ။

အတူဟူရာ၌လည်း ဏာယန ဏာန ပစ္စည်းသက်ရာဌာနချင်း တူသည်ဟု မှတ်ပါ။

မောဂ္ဂလ္လာယနော/မောဂ္ဂလ္လာနော-

မုဂ္ဂလဿ အပစ္စံ မောဂ္ဂလ္လော။

အတော ဏ ဝါ-၌ ဝါဖြင့် ဏျသက်၊ ဝိဘတ်,အပစ္စ, ဏ်အနုဗန် တို့ကို ချေ၊ မုဂ္ဂလဟု ပကတိပြု၊ သံယောဂန္တဖြစ်သောကြောင့် ဝေသုဝုဒ္ဓိဖြင့် မု ၌ ဩဝုဒ္ဓိပြု၊ အဝဏ္ဏော ယေ လောပဥ္စဖြင့် လ၏ အသရကိုချေ၊ ယဝတံ စသောသုတ်ဖြင့် လျကို လပြု၊ ဒွေဘော်လာ၊ နာမ်ငဲ့ သိသက်၊ ဩပြု၊ မောဂ္ဂလ္လော ပြီး၏။

မောဂ္ဂလ္လဿ အပစ္စံ မောဂ္ဂလ္လာယနော။ မောဂ္ဂလ္လာနော။

ကစ္စာယနော- ကတဿ အပစ္စံ ကစ္စော။ ကတ+ဏျ။ (မောဂ်-သျ)

ကစ္စဿ အပစ္စံ ကစ္စာယနော။ ကစ္စ+ဏာယန။

http://www.dhammadownload.com



## ဏေယျော ကတ္တိကာဒိဟိ

ကတ္တိကာဒိဟိ၌ အာဒိသဒ္ဒါသည် ပကာရ(အတူ)အနက်ကို ဟော၏၊ ကတ္တိကာကဲ့သို့ အပစ္စအနက်၌ ဏေယျပစ္စည်းသက်၍ ရုပ်ပြီးပုံချင်းတူသော "ဝိနတာ ရောဟိဏီ"စသည်တို့ကို အာဒိဖြင့် ယူ။

ကစ္စည်း၌ "တေဟိ ဏေယျော"ဟု ကတ္တိကာ စသည်ကို "အနွယ်ဟောသဒ္ဒါ"ဟု ဆို၏၊ ယင်းကို မနှစ်သက်၍ "ဣတ္ထိယံ ဝတ္တမာနေဟိ လိင်္ဂေဟိ"ဟု ရှု၍ဆိုပေသည်။

ကတ္တိကာ, ဝိနတာ စသည်သည် အာကာရန္တ ဣတ္ထိလိင်တည်း၊ ရောဟိဏီ, နဒီ စသည်ကား ဤကာရန္တ ဣတ္ထိလိင်တည်း။

ဤသို့ ယအမည်ရှိသော အာကာရန္တ, ပအမည်ရသော ဤကာရန္တ ဣတ္ထိလိင်များကို ရည်ရွယ်၍ "ဣတ္ထိယံ ဝတ္တမာနေဟိ လိင်္ဂေဟိ"ဟု ဆိုပေသည်။

ထိုသို့ ဆိုသော်လည်း မောဂ္ဂလ္လာန် ပဉ္စိကာ(၄၊ ၃)၌ ဏေယျပစ္စည်းသည် များသောအားဖြင့် ယ-ပ နောင် သက်၏၊ အတ္တိ, ပဏ္ဍု စသော အချို့ ပုံလိင်နောင်လည်း သက်သေး၏ဟု ဆိုသည်။

အတ္တိဿ ဣသိနော အပစ္စံ- အတ္တေယျော။
အတ္တိရသေ့၏ သား။
ပဏ္ဍုဿ ရညော အပစ္စံ- ပဏ္ဍေယျော။(မောဂ်-သ၊ ၂၊ ၄၃)
ပဏ္ဍုမင်း၏ သား-ဟု ပုံလိင်ဣကာရန္တနောင်လည်း ဏေယ ပစ္စည်းသက်သည့် ပုံစံကို ပြသေး၏။

ယောဂဝိဘာဂ-

(ဆောင်) ဏေယျောသုတ်ပြ, ဝိဘာဂဖြင့်, ယံ ဘာဂ ... ... ပက္ခန္တ, ယတ္ထ ဘဝေါ, ဇာတောလည်းမှတ်, သံဝဏ ...

http://www.dhammadownload.com



သာစု, ဟိတရှုလေ, ဒီယတေ အဿ, များလှအနက်, ဏေယျသက်၏၊ ရှုပသိဒ်မှာ, ဏရာဂုါပြ, သုတ်၌ စဖြင့်, ဏေယျသက်နည်း, တစ်မျိုးဆည်းသည့်, ရှုပ်ပြီးခြင်းသာ လိုရင်းတည်း။(ကစ်ဘာဋီ-၂၊ ၉၄)

ယောဂဝိဘာဂ-

အောက်ပါပုံစံများ၌ "ဏေယျော"ဟူသော ဒွိတကရဏာယောဂဝိဘာဂဖြင့်လည်းကောင်း, အပစ္စေ-ဟူသော အလိုက်ကိုကြည်သော ဝိနာဓိကာရယောဂဝိဘာဂဖြင့်လည်းကောင်း သက်ပါ။

ယံ ဘာဝဟော-သုစိနော ဘာဝေါ- သောစေယျံ။

အဓိပတိနော ဘာဝေါ- အာဓိပတေယျံ။

ယတော ပဏ္ဍန္တ-ပဗ္ဗတတော ပဏ္ဍာ ပဗ္ဗတေယျာ။

ယတ္ထ ဘဝေါ- ပဗ္ဗတေ ဘဝေါ-ပဗ္ဗတေယျော။

ဂင်္ဂါယံ ဘဝေါ-ဂင်္ဂေယျော။

ကောသေ ဘဝံ-ကောသေယျံ။ (ဝတ္ထံ)

ဗာရာဏသိယံ ဘဝံ-ဗာရာဏသေယျံ။ (ဝတ္ထံ)

ဇာတောလည်းမှတ်- ဂင်္ဂါယံ ဇာတော-ဂင်္ဂေယျော။

ဗာရာဏသိယံ ဇာတော-ဗာရာဏသေယျော။

သဗ္ဗတော ကော-သုတ်ဖြင့် ကလာလျှင် ဗာရာဏသေယျကော ဟု ဖြစ်၏။

ကုလေ ဇာတော-ကောလေယျော၊ ကောလေယျကော။

ဝနေ ဇာတံ-ဝါနေယျံ။ (ပုပ္ဖံ)

သံဝဇတိ- ကုလေ သံဝဍ္ဎော-ကောလေယျော။

အရဟတိ-ဒက္ခိဏံ အရဟတီတိ-ဒက္ခိဏေယျော။

သာစု- ပထေ သာစု-ပါထေယျံ။

အတိထိမှိ သာစု-အာတိထေယျံ။

http://www.dhammadownload.com



သသ ပဓိ-သပတိ။ သပတိမှိ သာဝု-သာပတေယျံ။

ဟိတ- ပထသ ဟိတံ-ပါထေယျံ။

သပတိသ ဟိတံ-သာပတေယျံ။

အတိထိနော ဟိတံ-အာတိထေယျံ။

ပဒီပသ ဟိတံ-ပဒီပေယျံ။

မာတု ဟိတော-မတ္တေယျော။ (ဒွေဘော်လာ၊ မာ၌ ရဿပြု)

ပိတု ဟိတော-ပေတ္တေယျော။

ပိ၌ ဣကို ဧဝုဒ္ဓိပြုပြီးမှ ဒွေဘော်လာပါ။

အဿ ဒီယတေ- ဒက္ခိဏာ ဝမ္မန္တီ တောယာတိ-ဒက္ခိဏာ။

ဒက္ခိဏာ အဿ ဒီယတေတိ-ဒက္ခိဏေယျော။

ဒီယတေ ၏ ဝုတ္တကံဖြစ်၍ "ဒက္ခိဏာ" ဟု ပဌမာဖြင့် ဆိုပါ။

များလှ အနက်-ဟာရာဏသိယံ ဝသတီတိ-ဟာရာဏသေယျော။

ဟာရာဏသေယျကော။ ဤသို့ စသည်ဖြင့် အခြားအနက်များ၌လည်း ဏေယျပစ္စည်းကို တွေ့က ဤသုတ် ယောဂဝိဘာဂဖြင့် သက်ပါ။

ရူပသိဒ်မှာ။ပ။တည်း -ရူပသိဒ္ဓိ၌ "ဇာတ, ဝသတိ, ဟိတ, အရဟာတိ"ဤ ၄-နက်ကိုသာ ယူ၍ ထိုအနက်များ၌ ဏေယျပစ္စည်းကို "ဏာ ရာဂါ-တဿေဒမညတ္ထေသု စ" ၌ စသဒ္ဒါဖြင့် သက်၏။ (ရူ-၂၃၀)

(ဆောင်) ပယ်ချ ဒီယတေ, ဟိတေ အရဟာတိ, ဝသတိ ဇာတာ, ၄-နက်မှ.

မှတ်ပါ ရူအလို။

ဏာရာဂါပြ, သုတ်၌ စ, သက်ကြ ရူအလို။

http://www.dhammadownload.com



## အတော ဏီ ဝါ

အတော-တဿာ အကာရတော-

"ဝသိဠ"စသည်တို့လည်း အကာရန္တပင် ဖြစ်၏၊ သို့သော် ထိုဝသိဠ စသော အကာရန္တမှာ အနွယ်၏ အစယောက်ျားကိုဟောသော "ဂေါတ္တာဒိ" အကာရန္တဖြစ်၏။

ဤသုတ်လာ အကာရန္တကား သာမည အကာရန္တတည်း၊ ထို့ကြောင့် ဝသိဠစသော ဂေါတ္တာဒိအကာရန္တနောင် "ဏ-ဏာယန-ဏာန"သက်၍ ဂေါတ္တာဒိမဟုတ်သော သာမညအကာရန္တနောင် ဤသုတ်ဖြင့် ဏိပစ္စည်း သက်ပါ။

ဏိ- သကျဿ ပုတ္တော-သကျပုတ္တော၊
သကျပုတ္တဿ အပစ္စံ-သကျပုတ္တိ။

ဝါ သဒ္ဒါ- ဤသုတ်၌ ဝါသဒ္ဒါသည် အတ္ထန္တရဝိကပ္ပနအနက်ရှိ၏၊ သုတ်ရင်းဖြင့် ဏိပစ္စည်းသက်၍ ဝါသဒ္ဒါဖြင့် ဏိကပစ္စည်းသက်ခြင်းဟူသော အနက်တစ်မျိုးကို စီရင်ပြန်သည် ဟူလို။

(ဆောင်) အတ္ထန္တရ, ဝိကပ်ပြသည့်, အတောဏီ ဝါ, ဝါသဒ္ဒါဖြင့်, ဏိကာ ဏိယ, ဏျ ဥ နှင့် ယ ဣယမှန်, ဿ သဏ် ဏတည်, ကိုးပစ္စည်း သက်နည်း ကျမ်းတို့လာ။ (ကစ်ဘာဋီ-၂၊ ၉၇)

ဏိက,ဏိယ-သကျပုတ္တဿ အပစ္စံ-သကျပုတ္တိကော၊ သကျပုတ္တိယော။

ရူပသိဒ္ဓိအလို ဏိယပစ္စည်းမလို၊ "တေသုဝုဒ္ဓိတိ အာဒိနာ ကကာရဿ ယကာရော၊ သကျပုတ္တိယော"ဟု ဆို၏။

ဏျ- အဒိတိယာ အပစ္စံ-အာဒိစ္စော။
ကုဏ္ဍနိယာ အပစ္စံ-ကောဏ္ဍညော။
ကုရုနံ အပစ္စံ-ကောရဗျော။

http://www.dhammadownload.com



အဒိတိ+ဏျ၊ အကို အာဝုဒ္ဓိပြု၊ အဝဏ္ဏော ယေ လောပဥ္စ-၌ စသဒ္ဒါဖြင့် တိ၌ ဣကိုချေ၊ တ် ယသို့ကပ်၊ တျကို စပြု၊ ဒွေဘော်လာ။

ကုဏ္ဍနီ+ဏျ၊ အပစ္စ စသည်ချေ၊ ကုဏ္ဍနီ+ယ ဟုဖြစ်၏၊ အဝဏ္ဏော ယေ လောပဥ္စ-၌ စသဒ္ဒါဖြင့် နီ၌ ဤကိုချေ၊ ယသို့ ကပ်၊ ကုဏ္ဍန္ယ-ဟု ဖြစ်၏၊ တေသုဝုဒ္ဓိဖြင့် ကု ၌ ဥကို ဩဝုဒ္ဓိပြု၊ နျကို ဉ ပြု၊ ဒွေဘော်လာ၊ နာမ်ငဲ့ စသည်။

ကုရု+ဏျ၊ ကု ၌ ဩဝုဒ္ဓိပြု၊ တေသုဝုဒ္ဓိဖြင့် ရု ၌ ဥကို အဝပြု၊ ဒေါသေ စ-၌ စဖြင့် ဝကို ဗပြု စသည်။

ဥ- ရဋ္ဌော အပစ္စံ-ရာဌဥော။
ဖြဟ္မုနော အပစ္စံ-ဖြဟ္မဥော။
ယ- ခတ္တဿ အပစ္စံ-ခတျော။ တ တစ်လုံးကို ချေပါ။
ဣယ- ခတ္တဿ အပစ္စံ-ခတ္တိယော။
ဿ, ဥဿ- မနုနော အပစ္စံ-မနုဿော။
ဿဏ်, ဥဿဏ်-မနုနော အပစ္စံ-မာနုဿော။

သဒ္ဒနီတိ(၂၇၂)၌ ဿ-ဿဏ် ပစ္စည်း မယူ၊ ဥဿ-ဥဿဏ် ပစ္စည်း ဟု ယူတော်မူသည်၊ မနော ဥဿော ဥဿန္ဓော တေဿာတိ-မနုဿော ဟု လည်းကောင်း, မနော ဥဿန္ဓ တေဿာတိ-မနုဿော ဟုလည်းကောင်း ပြုက သမာသ်၊ ဟိတာဟိတံ မနတိ ဇာနာတီတိ-မနုဿော ဟုပြုက ကိတ်ဖြစ်၏။

ဏ- ပဉ္စာလာနံ အပစ္စံ-ပဉ္စာလော။
ကောသလာနံ အပစ္စံ-ကောသလော။
မဂဓာနံ အပစ္စံ-မာဂဓော။

မဏ္ဍဗ္ဗ, မဏ္ဍဗျ ရုပ်များပြီးဖို့ရာ အချို့ကျမ်းတို့၌ ဗပစ္စည်း ဗျပစ္စည်းများ ကို ပြကြသေး၏။ သို့သော် "မဏ္ဍပေ ဇာတတ္တာ မဏ္ဍဗျာဘွေဝ နား

http://www.dhammadownload.com



အကံသု" ဟု မဏ္ဍိမဋ္ဌ-၃၊ ၅၅-၌ မိန့်သောကြောင့် ဇာတအနက်၌ ဏျ သက်၍ ပကို တေသုဝုဒ္ဓိဖြင့် ဗပြုလျှင် "မဏ္ဍာဗျော"ဟု ပြီးနိုင်ရကား ဗ,ဗျ ပစ္စည်းများ လိုမည်မထင်။ (ကစ်ဘာဋီ-၂၊ ၉၇)

(ဆောင်) အတော ဏ် ဝါ, ဝါသဒ္ဒါဖြင့်, ဏိကာ ဏိယ, ဏျ ဗျနှင့်, ဥ ဥဿု သဏ်, ခုနစ်တန်, သက်ရန်ကျမ်း၌လာ။ (သပြေကန်)

## ဏဝေါ ပဂ္ဂါဒိဟိ

ဥပဂွါဒိဟိ-ဥပဂွါဒိဟိ ၌ အာဒိသဒ္ဒါသည် ပကာရ(အတူ)အနက် ရှိ၏၊ထို့ကြောင့် ဥပဂုနှင့် ဥကာရန္တချင်းတူသော မနု, ဘဂ္ဂု, ပဏ္ဍု စသည်ကိုယူ။

ဥပဂုဿ အပစ္စံ-ဩပဂဝေါ။

မနုနော အပစ္စံ-မာနဝေါ။

ဘဂ္ဂုဿ အပစ္စံ-ဘဂ္ဂဝေါ။

မနု+ဏဝ၊ ဒေါ ဓဿ စ-၌ စသဒ္ဒါဖြင့် နကို ဏပြုက "မာဏဝေါ"ဟု လည်းပြီး၏၊ သပြေကန်၌ "မာနော ယဿ အတ္ထီတိ-မာနဝေါ၊ အဿတ္ထိတဒ္ဓိတ်လုပ်၊ ကေသဝေါ ကဲ့သို့ ဝပစ္စည်းသက်၍လည်း ပြီး၏။

မာနုသော၌ မနုနောင် ဏပစ္စည်းသက်(ဂဏ္ဍိ-၃၊ ၃၁-၌ ဝါဏာ ပစ္စေ သုတ်ဖြင့် ဏပစ္စည်းသက်၏) မာနု+အ ဟုဖြစ်သောအခါ သုတ်ကြီးဖြင့် ဖြစ်စေ, သ သရေ ဝါ ဂမော-သုတ်၌ အလိုက်ကြဉ်သော ဝိနာဝိကာရယောဂ ဝိဘာဂဖြင့်ဖြစ်စေ သလာလျှင် မာနုသ-ဟု ဖြစ်၏(ရူ-၂၂၁)။ မောဂ်၌ သဏ်၊ နီတိ၌ ဥသဏ် ပစ္စည်းတည်း။

ဩပဂဝေါ-စသော ရုပ်များသည် ဏပစ္စည်းသက်၍ တေသုဝုဒ္ဓိဖြင့် ဥကို အဝပြုလျှင်လည်း ပြီးနိုင်သည်သာ၊ ထို့ကြောင့် ကလာပ်နှင့်မောဂ္ဂလ္လာန်

http://www.dhammadownload.com



နိဿယ (၃၊၇၉)တို့၌ ဝါသိဋ္ဌော ကဲ့သို့ ဩပဂဝေါကိုလည်း ဏာပစ္စည်းဖြင့် ရုပ်ပြီးစေကြသည်။ (ကစ်ဘာဋီ)

ဏေရ ဝိဓဝါဒိတော

ဏေရ- ဝိဓဝါယ အပစ္စံ-ဝေဓဝေရော။ (မုဆိုးမ၏ သား)
ဝိဂတော ဓဝေါ ဧတိဿာတိ-ဝိဓဝါ။ (သမာသ်)
(ကင်းသော လင်ရှိသော မုဆိုးမ)
သန္တာသံ ဓုနောတီတိ-ဓဝေါ၊ ဓူ-ကမ္ပနေ၊ အ၊ လင်။ (ဓာန်ဋီ)
(နဲ) ဝိဓဝံ ဤရတိ ဂစ္ဆတီတိ-ဝေဓဝေရော။
ဝိဓဝါ သဒ္ဒူပပဒ ဤရဓာတ်၊ ဏ။ ကိတန္တသမာသ်။
(မုဆိုးမကို သွားလာတတ်သော ယောကျ်ား ဟု ပေး)
(နဲ) ဝိဓဝါယ အတ္ထိကော-ဝေဓဝေရော။ (မုဆိုးမဖြင့် အလိုရှိသူ)
ဝိဓဝံ ဣစ္ဆတီတိ-ဝေဓဝေရော။ (မုဆိုးမကို အလိုရှိသူ)

"ဝေဓဝေရာတိ-ဝိဓဝိတ္ထိကာမာ ပုရိသာ" ဟူသော ဝေဿန်ဇာတ် အဋ္ဌကထာ(ဇာဋ္ဌ-၇၊ ၂၇၈)နှင့် ညီ၏။ (ဘာဋီ)

သမဏဿ အပစ္စံ-သာမဏေရော၊ သာမဏေရီ။
သမဏေဟိ ဤရေတဗ္ဗော ပဝတ္တေတဗ္ဗောတိ-သာမဏေရော။

အပစ္စ ပစ္စည်းပေါင်း-

ဝါ ဏာ ပစ္စေ စသော ခြောက်သုတ်ဖြင့် သက်ရသော ဏ, ဏာယန, ဏာန, ဏေယျ, ဏိ, ဏဝ, ဏေရ ဟု (၇)ပစ္စည်း၊ အတော ဏိ ဝါ ၌ ဝါဖြင့် သက်ရသော ဏိက, ဏိယ, ဏျ, ဉ, ယ, ဣယ, ဿ, သဏ်, ဏ ဟု (၉) ပစ္စည်း၊ ပေါင်းက အပစ္စအနက်၌ သက်ရသော ပစ္စည်းပေါင်း (၁၆)ပစ္စည်း ရှိ၏။

http://www.dhammadownload.com



ဝါ ကာ'ပစ္စေသုတ်၌ ကာပစ္စည်းမှာ ဂေါတ္တသဒ္ဒါနောင်သက်၍ အခြော ကိ ဝါ-သုတ်၌ ဝါသဒ္ဒါဖြင့် သက်ရသော ကာပစ္စည်းမှာ ဂေါတ္တမဟုတ်သော သဒ္ဒါနောင်သက်၏၊ ထို့ကြောင့် ဏာပစ္စည်း နှစ်ထပ်ပါနေ၏၊ အခြားပစ္စည်း များကို အပစ္စအနက်၌ တွေ့ခဲ့လျှင်လည်း ယခုပြဆိုအပ်ခဲ့သော သုတ်တို့၏ ဝါသဒ္ဒါ စသည်တို့ဖြင့် သက်ပါလေ။

(ဆောင်)သုတ်ရင်းသက်ရာ, ခုနစ်ဖြာနှင့်, ဝါအတွက်တိုး, ပစ္စည်းကိုးဟု, နှစ်မျိုးပေါင်းက, ဆယ့်ခြောက်ဝ, အပစ္စတ္ထပစ္စည်းတည်း။(ဘာဋီ)

ရူပသိဒ္ဓိ စာကိုယ်၏ အလိုအားဖြင့်ကား အပစ္စတ္ထပစ္စည်းပေါင်း (၉)မျိုး ရှိ၏။

(ဆောင်) ကျမ်းရင်း ခုနစ်ဖြာ, ဝါ မှာ ဏိက, ဏျပစ္စယာ, ဤကိုးဖြာသည်, မှတ်ပါ အပစ္စတ္ထတည်း။ (ဂဏ္ဍိ)

## ယေန ဝါ သံသဋ္ဌံ တရတိ စရတိ ဝဟတိ ဏိကော

ဤသုတ်သည် တိလေန-စသော တတိယန္တလိင်ပုဒ်များနောင် သံသဋ္ဌ စသော အနက်များ၌ ဏိကပစ္စည်းသက်၏။

ဏိကပစ္စည်းသည် ထို ယေနစသည်၌ ပါဝင်သော ကရိုဏ်းအနက် နှင့် သံသဋ္ဌစသောအနက် နှစ်မျိုးလုံးကိုပင် ဟော၏။

ယေန ဝါ သံသဋ္ဌံဖြင့် ရှေ့သဟာဒိယောဂနှင့် နောက်ကမ္မဝါစ္စ အနက် နှစ်ပါးကို ဖော်ပြသည်၊ ဏိကပစ္စည်းဟူသော တဒ္ဓိတ်ဝါစကကြီးက သဟာဒိ ယောဂနှင့် ကမ္မဝါစ္စ အနက်နှစ်ပါးကို ဟောသည်ဟူလို။

ယေန တရတိ စသည်ဖြင့် ရှေ့ကရိုဏ်း, နောက်ကတ္တားဝါစ္စ အနက် နှစ်ပါးကို ဖော်ပြသည်၊ သဟာဒိယောဂတ္တကို ကရိုဏ်းဝိဘတ်၏ အနက်ပင် ဖြစ်၍ ကရဏတ္ထ၌ သွင်းသည်။ (သမြေကန်-၂၁၈၃)

http://www.dhammadownload.com



သံသဋ္ဌာဒိ အနေကတ္ထတဒ္ဓိတ်-

ဤသုတ်၏ တဒ္ဓိတ်အမည်သည် အပစ္စ နေကတ်-စသော တဒ္ဓိတ်ခြောက်ပါးတွင် အနေကတ္ထတဒ္ဓိတ်တည်း၊ တိလေန သံသဋ္ဌံ-စသော ဝါကျဝယ် သံသဋ္ဌပုဒ်ကျေသည့် အတွက် ကျေသည့်ပုဒ်အားလျော်စွာ 'သံသဋ္ဌတဒ္ဓိတ်' စသည်ဖြင့် နာမည်မှည့်ပါ။

အနေကတ္ထတဒ္ဓိတ်ဟူသော အမည်သည် သာမည၊ သံသဋ္ဌတဒ္ဓိတ်ဟူသော အမည်သည် ဝိသေသတည်း၊ ထိုနှစ်ပါးတွင် ဝိသေသအမည်ကိုသာ အမည်မှည့်ပါလေ။

သံသဋ္ဌ- တိလေန သံသဋ္ဌံ-တေလိကံ။ (ဘောဇနံ)
တိလေန သံသဋ္ဌော-တေလိကော။ (ဩဒနော)
တိလေန သံသဋ္ဌာ-တေလိကီ။ တေလိကာ။ (ယာဂု)

တေလိကီ/တေလိကာ-

ဏာဝ ဏိက ဏေယျ ဏ န္တုဟိ-သုတ်အရ ဤပစ္စည်းချည်း သက်သင့်သော်လည်း နဒါဒိတော ဝါ ဤ- သုတ်မှ လိုက်စေအပ်သော ဝါသဒ္ဒါကြောင့် (ဝါသဒ္ဒါ၏ ဝိကပ်ပြုမှုကြောင့်) ဤပစ္စည်း မသက်ဘဲ အာပစ္စည်း ထိုက်သည့်အားလျော်စွာသက်၍ တေလိကာ-ယာဂု ဟုလည်း ဖြစ်နိုင်သည်သာ။(ဘာဋီ)

ရူပသိဒ္ဓိကား တမဓိတေသုတ်၌ "သတ္တသံတိကာ၊ ဋ္ဌော ဏာဝဏိကာဒိသုတ္တေ အနုဝတ္တိတဝါဂ္ဂဟဏေန ဤပစ္စယော န ဟောတိ"ဆိုသကဲ့သို့ ဤ တေလိကီ၌လည်း အထူးမရှိ မဆိုသောကြောင့် "တေလိကီ"ဟူသော သိဟိုဠ်ပါဠိမူပါဌ်သာ မူလပါဌ်မှန်ဟု ဆို၏။ တေလိကာပါဌ်ကို အတည်မပြု။

ကရတိ- နာဝါယ တရတီတိ-နာဝိကော။
ဥဠုမ္ပေန တရတီတိ-ဩဠုမ္ပိကော။

http://www.dhammadownload.com



ဥလယတိ ဂစ္ဆတီတိ-ဥဋ္ဌု၊ (ဥ+လီ+ဥ။ ထိ-နပုံ)

ဥဋ္ဌုတော ဒကတော ပါတိ ရက္ခတီတိ-ဥဋ္ဌုမ္ဗော။ (ခာန်ဒွိ)

ဥဋ္ဌု-ပါ ဓာတ်၊ အ ပစ္စည်းဖြင့် ဥဋ္ဌုပေါ-ဟူလိုလျက် နိဂ္ဂဟိတ်လာ၍ ဥဋ္ဌုမ္ဗော ဟု ဖြစ်၏။

(နဲ) ဥဋ္ဌုမ္ဗိ ဇလေ ပါတီတိ-ဥဋ္ဌုမ္ဗော။ (ထောမ)

စရတိ- ပဗ္ဗတေန စရတီတိ-ပတ္တိကော။

ခမ္မေန ဉာယေန စရတိ ပဝတ္တတီတိ-ဓမ္မိကော။

အသင့်အားဖြင့် ဖြစ်သူ (ဝါ) တရားသဖြင့် ကျင့်သူ။

(နာဂါ ပစ္စောရောဟိတွာ ပတ္တိကောဝ-၌ကား ပဒ္ဓတီတိ-ပတ္တိ၊ ပတ္တိဧဝ ပတ္တိကော ဟု ကြံပါ။ ဓမ္မံ စရတီတိ-ဓမ္မိကော ကား ဤသုတ်နှင့် မဆိုင်သေး)

ဝါသဒ္ဒါ ၂-မျိုး-

တိလေန သံသဋ္ဌံ ဝါ (ကစ်)၌ ဝါသည် ဝါ ဏ ပစ္စေသုတ်မှ လိုက်လာသော ဝါတည်း၊ ယင်းဝါသဒ္ဒါဖြင့် ဏိကပစ္စည်း မမြဲကြောင်းကို ပြဆိုသောကြောင့် "တေလိကံ"ဟူသော တဒ္ဓိတ်အပြင် တိလေန သံသဋ္ဌံ ဟူသော ဝါကျလည်း ရှိနိုင်ဖို့ရန် ဝိကပ်ပြုသည်။

ယေန ဝါ-၌ ဝါသည်ကား ယေန သံသဋ္ဌံ စသည်ဖြင့် ဝါကျဘေဒ အနက်အပြင် အတ္ထန္တရဝိကပ္ပနအနက်လည်း ရှိ၏ဟု ကြံ၍ "ဝါတိ ဝိကပ္ပန-တ္ထေန"(ကစ်) စသည်ကို မိန့်သည်၊ ထို ဝါသဒ္ဒါဖြင့် သံသဋ္ဌစသော အနက်မှ တစ်ပါး ဝသတိ, ဇာတ စသော အခြားအနက်များ၌လည်း ဏိကပစ္စည်း သက်၏ဟု ကစ္စည်း၌ ဆို၏။

ရာဇဂဟေ ဝသတီတိ-ရာဇဂဟိကော။

ရာဇဂဟေ ဇာတော-ရာဇဂဟိကော။

မာဂဓိကော, သာဝတ္ထိကော, ကာပိလဝတ္ထိကော, ပါဋလိပုတ္တိကော, ဝေသာလိကော-စသည်တို့လည်း နည်းတူ။

http://www.dhammadownload.com



ရှုပသိဒ္ဓိ၌ကား ဤရုပ်များကို နောက်သုတ်လာ "တေန ကတာဒိ"၌ အာဒိအရ ယူ၍ စီရင်၏၊ ဤသုတ် ဝါသဒ္ဒါဖြင့်ကား "ဂစ္ဆတိ"အနက် တစ်ခု ကိုသာ ပြသည်။

ပရဿ ဒါရေ-ပရဒါရော၊ ပရဒါရံ ဂစ္ဆတီတိ-ပါရဒါရိကော။
ပထံ ဂစ္ဆတီတိ-ပထိကော။
မဂ္ဂံ ဂစ္ဆတီတိ-မဂ္ဂိကော။
ပညာသယောဇနံ ဂစ္ဆတီတိ-ပညာသယောဇနိကော။(မောဂ်-သျ)

(ဆောင်) ယေန ဝါ ပါ, ဝါသဒ္ဒါကား, သက်ပါ ဂစ္ဆတိ, အနက်ရှိ, မှတ်ဘိ ရှု၌ဆို။

အခြားကျမ်းများ အဆို -

ဤသုတ်လာ ဝါသဒ္ဒါဖြင့် ဏိကပစ္စည်းမှတစ်ပါး ဏက, ဏေယျက (ယျေက) အာဇာနီယ, ဉ, ဣမန္တ ပစ္စည်းများကိုလည်း ဆည်းယူနိုင်သေး၏ ဟု (ဘာလာဝတာရ စသည်၌) ဆို၏။

ဏက- ကုသိနာရာယံ ဇာတော-ကောသိနာရကော။

ဏေယျက,ယျေက- ဘာရာဏသိယံ ဇာတော-ဘာရာဏသေယျကော။
စမ္ပာယံ ဇာတော-စမ္ပေယျကော။ (ဝသတိ, ဣဿရ-တူ)

အာဇာနီယ-အဿဇာတိယာ ဝိသိဋ္ဌော-အဿာဇာနီယော။

ဉ- အင္ဂတ္တိ ဇာနိတဗ္ဗံ-အင်္ဂည်။

ဇာနိတဗ္ဗအနက်၌ ဉ ပစ္စည်း။ ဘာလာဝတာရ၌ ဏက-ယျေက-ဉ-အာဇာနီယ-ဟု ပစ္စည်း ၄-မျိုးထုတ်၏၊ သပြေကန်၌ "ဣမန္တ"-ပစ္စည်းနှင့် "ပါပိမာ"ကိုပါ ပုံစံထုတ်၏။

ရှုပသိဒ္ဓိအလိုအားဖြင့်ကား "ဏ ရာဂါ တဿေဒမညတ္ထေသု စ"သုတ် ဝယ် အညတ္ထသဒ္ဒါဖြင့် ဇာတစသောအနက်များ၌ ဏပစ္စည်း၊ သေဒ္ဒါဖြင့်

http://www.dhammadownload.com



ဧကဝယျကပစ္စည်းသက်ပြီး သဗ္ဗတော ကော-သုတ်ဖြင့် ကလာ၍ ပြီးပုံကိုပြ သောကြောင့် ထိုရုပ်များ ပြီးဖို့ရန် ဏက-ဧကဝယျက ပစ္စည်းများ မလိုပေ။

"သေဒေါ် အဿတရော တဿာ-ဇာနီယော တု ကုလီနကော"ဟူ သော အဘိဓာန်အရ "အာဇာနီယ"သည်ပင် သီးခြားပုဒ်တစ်ခု ဖြစ်၍ "အဿော စ သော အာဇာနီယော စာတိ-အဿာဇာနီယော"-ဟု ပြီးနိုင်သောကြောင့် အာဇာနီယပစ္စည်း ဟု မဆိုထိုက်ပေ။

အဂ္ဂည-၌လည်း အဂ္ဂသဒ္ဒူပပဒ ဉာဓာတ်၊ ကံဟော အပစ္စည်း၊ ဥ ဒွေ ဘော်လာ၍ ပြီးနိုင်သောကြောင့် ဥ ပစ္စည်းလည်း မလိုပေ။

ပါပိမာရုပ် ပြီးဖို့ရန် အဿတ္ထိအနက်၌ ဣမန္တုပစ္စည်းကိုကား သတ္ထာ ဒိဟိ မန္တု သုတ်ဖြင့် သက်လတ့်၊ ထို့ကြောင့် ထိုပစ္စည်းများကို ဤသုတ် ဝါသဒ္ဒါ၏ အရာဟု မဆိုထိုက်ပေ။ (ကစ်ဘာဋီ-၂၊ ၁၀၄)

## တမဝိတေ ။ပ။ သု စ

တမဝိတေ-ဝိနယံ အဝေစ္စ အဓီတေတိ-ဝေနယိကော။

သုတ္တန္တံ အဓီတေတိ-သုတ္တန္တိကော။

ဗျာကရဏံ အဓီတေတိ-ဝေယျာကရဏိကော။

တံ တံ သဒ္ဒံ တဒတ္ထဥ္စ ဗျာကရောတိ အာစိက္ခတိ ဒေသေနာတိ-ဏံ။

(နဲ) ဗျာကရိယန္တေ ဗျုပ္ပာဒိယန္တေ ပတိပါဒိယန္တေ သဒ္ဒါ ယေနာတိ-ဏံ။

ဗျာကရဏ+အဓီတေ တည်၊ ဏိကသက် စသည်၊ ဗျာကရဏ+ဣက ဟု ဖြစ်ရာ ပကတိ စသ-ဖြင့် သရအဆုံးရှိသော ဗျာကရဏ ကို ဝိအာတရဏ ဟု ပကတိပြု၊ ဝခွင်း ဣကြွင်း၊ ဝုဒ္ဓါဒိသရဿ ဝါ ဖြင့် ဣကို ဧပြေသင့်သော် လည်း မာယူနမာဂမော ဌာနေ-သုတ်က မြစ်သောကြောင့် မပြုရ၊ ဣဝဏ္ဏော ယံ နဝါ-ဖြင့် ဣကို ယပြု၊ (ကစ္စည်းဝုတ္တိ နိဒ္ဒေသအလို ဣကို ဧမှည့်၊ ယဝကာရာ စ ဖြင့် ဣကို ယပြု)၊ မာယူနမာဂမော ဌာနေ-ဖြင့် ယအပြု၏

http://www.dhammadownload.com



ရှေ့၌ လော၊ သဒ္ဒိသဒ္ဒေဘော် ယျပြု၊ ဝ် သေို့ ကပ်၊ ယျကို အာသို့ ကပ်၊ ဏာ ဣသို့ ကပ် စသည်။ (ဂဏ္ဍိ)

ဝိနယံ ဝိဒတိ ဇာနာတီတိ-ဝေနယိကော ဟုလည်း ပြုနိုင်သည်။

ဗဟုဝုစ်၌ ဝိနယံ အဓိယန္တေ(အဇ္ဈာယန္တေ)တိ-ဝေနယိကာ ဟု ပြုပါ၊ အဇ္ဈာယန္တေ ၌ အဓိ-ဣ၊ ကတ္တားပုဒ်ဟော အန္တေ၊ အဓိကို အဇ္ဈပြု၊ ဣကို ဧပြု၊ ဧကို အာယပြု၊ အဇ္ဈာယန္တေ ဟု ဖြစ်၏။

တေန ကတာဒိ-ကာယေန ကတော-ကာယိကော။ (ပယောဂေါ)

ကာယေန ကတံ ကမ္မံ-ကာယိကံ။

ဝစသာ ကတံ-ဝါစသိကံ။ မာနသိကံ။

ဝစသာ, မနသာ တို့နောင် ဏိကသက်၊ အနုဗန်, ဝိဘတ်တို့ကို ချေ၍ ပကတိပြုသော အခါ ဝစ-ဣက၊ မန-ဣက ဟု ဖြစ်၏၊ ဝုဒ္ဓါဒိသရသံ ဝါ ဖြင့် ဝုဒ္ဓိပြု၊ သ သရေ ဝါဂမော သုတ်၌ အာဒိသဒ္ဒါဖြင့် (သ်)လာပါ။

ဤ ဝစ, မန တို့သည် မနောဂိုဏ်းပင် ဖြစ်သော်လည်း နောက်သရ များက ဝိဘတ်၏ အာဒေသသရမဟုတ်၊ ပစ္စည်းသရဖြစ်နေသောကြောင့် မနောဂဏာဒိတော သ္မိံနာနမိအာ-သုတ်မှ သ သရေ ဝါဂမော-သုတ်သို့ လိုက်စေအပ်သော အာဒိသဒ္ဒါဖြင့် (သ်)လာဟု ဆိုသည်၊ သ သရေ ဝါဂမော သုတ်ရင်းကား ဝိဘတ်၏ အာဒေသဖြစ်သော သရနှောင်းရာ၌သာ "မနသာ, ဝစသာ" စသည်ဖြင့် (သ်)လာသည်၊ ဤကား ကစ္စည်းဝုတ္တိနှင့် ဗာလာဝတာရ, န္ယာသတို့ အလိုသာတည်း။

ကစ်ဘာဋီ-ဒု၊ ၁၀၆၊ သပြေကန်တို့၌ သ သရေ ဝါဂမော သုတ်ရင်းဖြင့် ပင် သလာကြ၏၊ ယခုလက်ရှိ ရူပသိဒ္ဓိမူ၌လည်း "ဧတ္ထ စ သ သရေ ဝါဂမောတိသုတ္တေ ဝတ္တိတဝါသဒ္ဒေန"ဟု ရှိ၏၊ ရူဘာဋီ ဂဏ္ဍိတို့နှင့် ဆရာတော် ဦးဗုဓ်မူ ရူသျှတို့၌ "အနုဝတ္တာဒိသဒ္ဒေန"ကို အနက်ပြန်ဆိုတော်မူ ကြ၏၊ ထို ဆရာတော် များလက်ထက်၌ ထိုကဲ့သို့ပင် မူရှိပုံရသည်၊ ထိုသို့ရှိက

http://www.dhammadownload.com



"ဝဝတ္ထိတ္ဝဝိဘ္ဘာသတ္တောယံ ဝါသဒ္ဒေါ" ဟူသော (ရှု-၅၂)ရှေးစကားနှင့် မညီဖြစ်မည်။

ထို့ကြောင့် ယခုမူအတိုင်း "ဝဝတ္ထိတဝါသဒ္ဒေန ပစ္စယေ ပရေပိ" ဟု ရှိမှ ရှေ့နောက်ညီမည်၊ သို့မဟုတ် "ဝေဓ္ဓ စ သ သရေ ဝါဂမောတိ သုတ္တေန ပစ္စယသရေပိ သာဂမော"ဟု သီမူအတိုင်းရှိက ပိုကောင်းမည်။

အချို့ကား ဝါသဒ္ဒါဖြင့် (ဿ်)လာကြ၏၊ ဝါသဒ္ဒါဖြင့် ဝိဓိသုံးမျိုးကို ပိုင်းခြားပြသည် ဟု သ သရေ ဝါဂမောသုတ်၌ ဆိုခဲ့၏၊ ဝဝတ္ထိတဝါသဒ္ဒါ ကြောင့် ဟု အနက်မှတ်၊ ဝါသဒ္ဒါဖြင့် ဟု အနက်မမှတ်သင့်၊ ထို့ကြောင့် ဝါသဒ္ဒါ ဖြင့် (ဿ်)မလာသင့်ပေ။

ထေရေဟိ ကတာ-ထေရိကာ။

ပဥ္စသတေဟိ ကတာ-ပဥ္စသတိကာ။

သတ္တသတေဟိ ကတာ-သတ္တသတိကာ။

နဒါဒိတော ဝါ ဤ သုတ်မှ ဏ ဝဏိကသုတ်သို့ လိုက်လာသော ဝါသဒ္ဒါက တားမြစ်သောကြောင့် သတ္တသတိကာ စသည်၌ ဤ မသက်ဘဲ အာ-သာ သက်ရသည်။

သန္ဓိ ဓာန- သရီရေ သန္ဓိဓာနာ-သာရီရိကာ။

မနသ္မိံ သန္ဓိဓာနာ-မာနသိကာ။ (စိတ်၌ စွဲကပ်သော ဝေဒနာ)

နိယုတ္တ- ဒွါရေ နိယုတ္တော-ဒေါဝါရိကော။

အာဘိဓမ္မိကော၊ ဩဒရိကော၊ ရထိကော၊ ပထိကော-တို့ နည်းတူဆို၊

ဒွေ အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတ္ထာတိ-ဒွါရံ၊ ဒွိသဒ္ဒူပပဒ အရဓာတ်၊ ဏပစ္စည်း၊ ဒွိ+အာရဟု ဖြစ်သောအခါ "ဝိသတိဒသေသု ဗာ ဒွိဿ တု"သုတ်၌ တုသဒ္ဒါ ဖြင့် ဒွိကို ဒုပြု၊ (ဒု+အာရ) ဝမောဒုဒန္တာနံ-၌ ဝမောဒူနံ ဟူသော ယောဂဝိဘာဂဖြင့် ဥကို ဝပြု၍ ဒွါရဟု ဖြစ်၏။

ထို့နောက် ဒွါရေ နိယုတ္တော ဟု ဝါကျဖြစ်အောင်ပြု၊ တမဓိတေဖြင့်

http://www.dhammadownload.com



ဏိကသက် စသည်စီရင်၊ ဒွါရ-ဟု ပကတိပြု၊ ဥမှ ဖြစ်လာသော ဝဇ်၊ ဝုဒ္ဓိ အဖြစ်ကို မြစ်၍ ဩဝုဒ္ဓိလာ၊ (ဒ်-ဩ-ဝါရ-ဣက)ဒေါဝါရိက ဟု ဖြစ်၏။

ဂဏ္ဌိနှင့် သပြေကန်တို့၌ ဒွါရကို ဒု+အာရ ဟု ပကတိပြုဟု ဆို၏၊ ထိုသို့ပြုပြီးမှ ဥကို ဝပြု၏၊ နောက် ဩဝုဒ္ဓိလာ၏။

သဒ္ဒနီတိ၌ကား ဒွါရ-ဟု တည်ပုဒ်အတိုင်း ပကတိပြုပြီးနောက် ဒွါရသ ဒု အာရာတိ (၈၅၄)ဟူသော နိပါတနသုတ်ဖြင့် ဒွါရကို ဒုအာရပြု၏။

ဝေယျာကရဏိကော, သောဝဂ္ဂိကံ တို့၌လည်း ဗျာကရဏ, သဂ္ဂ ဟု ပကတိပြုပြီးသောအခါ ဆိုင်ရာနိပါတနသုတ်များဖြင့် "ဝိ+အာကရဏ၊ သု+အဂ္ဂ" ဟု ပြုတော်မူ၍ စီရင်၏။ ဒ် ဝ အာရ (ဒွါရ) ၌ ဝအပြု၏ ရှေ့၌ (ဝရှေ့၌) ဩလာက ဒေါဝါရ-ဟု ပြီးနိုင်သည်သာ။

ဒု+အာရ ဟု ပကတိအပြုကို မြင်သဖြင့် ဒု-ကား ဥပသာရပုဒ်ဟု မှတ်၊ ဒွိသဏ္ဍာသဒ္ဒါ၏ ကာရိယမဟုတ်ဟု သိအပ်၏ ဟု ဂဏ္ဌိ၌ဆို၏။

ဒုဋ္ဌနေ ဝါရယန္တိ ယသ္မာ ရက္ခကာတိ-ဒွါရံ၊ ဥလောပေါ-ဟူသော ဓာန်ဋီ အရကား ဒု-ဖြစ်သင့်၏၊ ဒွေ ဇနာ, ဒွေ ကိစ္စာနိ စသည်ဖြင့် ဆိုသော ဝိဂ္ဂဟများ အလိုကား ဒွိ-သဏ္ဍာသဒ္ဒါသာ ဖြစ်သင့်သည်။

နဝံ ကမ္ဗံ-နဝကမ္ဗံ၊ နဝကမ္မေ နိယုတ္တော-နာဝကမ္မိကော။ ဝုဒ္ဓိပြု။

ဝုဒ္ဓိမပြုက "နဝကမ္မိကော"ဟု ဖြစ်၏၊ ကျမ်းဂန်တို့၌မူ ဝုဒ္ဓိမပြုဘဲ "နဝကမ္မိ- ကော" ဟု အရှိများ၏၊ မောဂ္ဂလ္လာန်၌ နဝကမ္မ+ဣက ဟု ခွဲ၍ "နဝကမ္မိကော"ဟု ပုံစံထုတ်၏။

သိပ္ပတ္ထ- ဝီဏာ အဿ သိပ္ပံ-ဝေဏိကော။ (အဿသိပ္ပငံဒ္ဓိတ်)

ဝီဏာ-ကို ဝီဏာယ ဝါဒနံ-ဝီဏာ ဟု ပြု၊ နောက်ပုဒ်အကျေ်ကြေ၊ သို့မဟုတ် ဌာနူပစာရအားဖြင့် စောင်းတီးခြင်းကြိယာတိုင်အောင် ယူ၊

ဘဏ္ဍတ္ထ- ဂန္ဓော အဿ ဘဏ္ဍန္တိ-ဂန္ဓိကော။ (အဿဘဏ္ဍဇာဒ္ဓိတ်)

တေလံ အဿ ဘဏ္ဍန္တိ-တေလိကော။ (ဆိုကုန်သည်)

http://www.dhammadownload.com



တိလံ အဿ ဘဏ္ဍန္တိ-တေလိကော။ (နှမ်းကုန်သည်)

ဇိဝိက- ဥရဏ္ဏံ ဟန္ဒာ ဇီဝတီတိ-ဩရဗ္ဘိကော။ (ဟန္ဒာဇီဝတိတဒ္ဓိတ်)
ဥရဗ္ဘော အဿ ဇီဝိကာတိ-ဩရဗ္ဘိကော။ (အဿဇီဝိကာတဒ္ဓိတ်)

မာဂဝိကော, သူကရိကော-တို့လည်း နည်းတူ၊ မာဂဝိကော-၌ မဂ+ဏ္ဍက ဟုဖြစ်သောအခါ ဝုဒ္ဓိပြု၊ တေသုဝုဒ္ဓိဖြင့် (ဝ်)လာ၍ မာဂဝိက ဟုဖြစ်၏။ မောဂ်သျှဉ် "မိဂေ, မဂေ ဟန္တီတိ-မာဂဝိကော"ဟု ပြု၏၊ တဒမိနာဒီနိ-ဖြင့် မိဂ, မဂ သဒ္ဒါတို့ကို မဂဝပြုဟု ဆို၏။

တမိယမာနောပိ န ရဝတီတိ-ဥရဗ္ဘော။ ဥ-ရှေ့ရှိသော ရုဓာတ်၊ သဒ္ဒေ၊ ဘော၊ ဗ္ဘောပိ ဥကာရော ပဋိသေဓေ။ (ဓာန်ဋီ)

(နဲ) ဥရု အတိရေကံ တိဗ္ဗံ ဝိသာလံ ဘမတီတိ-ဥရဗ္ဘော။(ပန်းကုံး)
ဥရု-သဒ္ဒူပပဒ ဘမုဓာတ်၊ ကွိ၊ ရု ၌ ဥကို အပြု၊ ဗဒွေဘော်လာ။

အာဒိဂ္ဂဟဏေန-

(ဆောင်) ဟတ ဗန္ဓ, အာဝုဓနှင့်, အာဟာစ ပရိမာဏံ, ကီတံ အရဟတိ, ရာသိ ပသန္ဒာ, သန္တကာ ဒိဗ္ဗ, ဝုတ္တိပြ၏။

ရူပသိဒ်မှာ, အာဂတာနှင့်, ဇာတာ သမ္ဘူ, နည်းတူ သီလ, ဝသဝိဒိတာ, ဘတ္တိကာ သကတ္တ, သံဝတ္တန္တော, ပယောဇနဟု, ဆယ်ခုတစ်ဖန်, တိုးတက်ပြန်၏၊ မောဂ္ဂလ္လာန်ကား, ဘဝ ဥဋ္ဌတိ, ခဏတိနှင့်, ဇီဝတိ ဇိတ,၂စသည်နက်မျိုး, တိုးလေသမျှ, ဏိကဆိုင်ရာ, အဖြာဖြာသည်, သက်ပါ တမဓိတေဖြင့်တည်း။ (ကစ်ဘာဋီ-၂၊ ၁၁၃)

ဟတ- ဇာလေန ဟတော-ဇာလိကော။
ဇာလေန ဟနတီတိ-ဇာလိကော။
ဗလိသေန ဟနတီတိ-ဗာလိသိကော။

ဗန္ဓ(ဒ္ဓ)- သုတ္တေန ဗန္ဓော-သုတ္တိကော။

http://www.dhammadownload.com



ဝရတ္တေန ဗန္ဓော-ဝါရတ္တိကော။ (ဆင်)

အာဝုဓ- စာပေါ် အသ္သ အာဝုဓံ(အာဝုဓော)-စာပိကော။

တောမရော အသ္သ အာဝုဓံ-တောမရိကော။

ရှူနှင့် ကစ္စည်း၌ "အာဝုဓော"ဟု ပုံလိင်ရှိ၏၊ အဘိဓာန်၌ကား "အာဝုဓံ" ဟု နပုံလိင်ရှိ၏။

အာဗာဓ- ဝါတော အသ္သ အာဗာဓောတိ-ဝါတိကော။

သိလိသ္သတေ အတြာတိ-သေမှံ၊ သေမှော။ (သေမှ ပုံ-နပုံ)

သေမှံ အသ္သ အာဗာဓောတိ-သေမှိကော။

အပိဒဓာတီတိ-ပိတ္တံ။

ပိတ္တံ အသ္သ အာဗာဓောတိ-ပိတ္တိကော။

ပရိမာဏ- ကုမ္ဘော အသ္သ ပရိမာဏန္တိ-ကုမ္ဘိကံ။

ကီတံ- ဝတ္ထေန ကီတံ ဘဏ္ဍံ-ဝတ္ထိကံ။

ကုမ္ဘေန ကီတံ ဘဏ္ဍံ-ကုမ္ဘိကံ။

သတေန ကီတံ-သာတိကံ။

ကိင်္ကိဏိယာ ကီတံ-ကိင်္ကိဏိကံ။

အဘိဓာန်(၂၈၆)ဂါထာ၌ ကိင်္ကိဏိ ခုဒ္ဒဃဏ္ဋိကာ-ဟု ရှိ၏၊ ကစ္စည်း၌ ကိင်္ကဏိကံ-ဟု ရှိ၏၊ ကိင်္ကဏိယာ ကီတံ-ကိင်္ကဏိကံ၊ (သပြေကန်)။ ကိံ ကုစ္ဆိတံ ကဏတီတိ-ကိင်္ကဏီ၊ ကိံ+ကဏ+ဏ+ဤ၊ နဒါဒိ၊ ကိင်္ကိဏီတိပိ ပါဌန္တရံ၊ တဒါ ယဒါဒိ။ ခြေချောင်းဝတ် ချူငယ်(ဓာန်ငြိ)။ မောဂ္ဂလ္လာန်၌ကား "ကဏတိ သဒ္ဒံ ကရောတီတိ-ကိင်္ကဏိကာ။ ကဏ+ကိက+အာ၊ ကသ္သ ဒွိတ္တံ၊ အသ္သ ဣတ္တံ၊ နိဂ္ဂဟီတာဂမော စ၊ ဃဏ္ဋိကာ-ချူ" ဟု ရှိ၏။

ဤ ကီတအနက်၌ အရင်းမူလ အဖိုးအနက်ကို ဟောသော သဒ္ဒါနောင်သာ ဏိကပစ္စည်း သက်ရမည်၊ ဝယ်သူကတ္တားနောင် မသက်ရ၊ ထို့ကြောင့် "ဒေဝဒတ္တေန ကီတံ-ဒေဝဒတ္တိကံ"-ဟု မဖြစ်၊ ဘာကြောင့်နည်း "ဒေဝဒတ္တိကံ

http://www.dhammadownload.com



.ဟူသောသဒ္ဒါက ဒေဝဒတ်သည် ဝယ်အပ်သော ဥစ္စာဟူသော အနက်ကို မဟောနိုင်သောကြောင့်တည်း" ဟု မောဂ္ဂလ္လာန်၌ ဆို၏။

အရဟတိ-ကုမ္ဘံ အရဟာတီတိ-ကုမ္ဘိကော။

ဒဿနံ ဒိဋ္ဌံ၊ ဒိဋ္ဌမေဝ သန္ဒိဋ္ဌံ။ (သံ-အနက်မဲ့) .

သန္ဒိဋ္ဌံ အရဟာတီတိ-သန္ဒိဋ္ဌိကော။

သဟဿံ အရဟာတီတိ-သာဟဿိကော။

ဝဿေ ဝါသော-ဝဿံ၊ ဝဿံ အရဟာတီတိ-ဝဿိကော။

ဝဿိတုံ အရဟာတီတိ-ဝဿိကော။ (မူပံ-ဌ၊ ဋီ)

ကော ဝဿိကော၊ ကော ဟေမန္တိကော၊ ကော ဂိမှိကော-တို့၌ လည်း နည်းတူ။

ဟေ ပဿ ဣမံ ဝိဓိံ အရဟာတီတိ-ဟေပဿိကော။

ဟေ ပဿ ဣတိ ဣမံ ဝိဓိံ အရဟတိ-ဟု ဝါကျပြု၍ ဏိကသက်၊ ဖော်ကို တဒ္ဓိတ်မှည့် ဣတိ ဣမံ ဝိဓိံ အရဟာတိတို့ကို ချေ၊ ဝိဘတ်တို့ကိုချေ၊ အနုဗန်ချေ၊ ဟေ ပဿ ဣက-ဟု ပကတိပြု၊ ခွင်း ချေ ကပ်၊ ဟေပဿိက ကို နာမ်ငဲ့ စသည်။ (ဂဏ္ဌိ)

ဘာဋီ၌ ဟေ ပဿ ဣတိ အရဟတိ တည်၍တွက်၏။

ဋီကာ- ဟေ နှင့် ပဿ သည် အာချာတ်ကြိယာတည်း၊ ထိုကြိယာနောင် "ဟေ ပဿ အရဟတိ"ဟု ဝိဂြိုဟ်ပြု၍ ပဿဟူသော အာချာတ်ပုဒ်နောင် ဏိကပစ္စည်း သက်။

ထိုအလို "ဟေပဿိကော-လာလော ရှုလှည့်လော, ဤသို့ဖြစ်သော အစီအရင်ကို ထိုက်၏"ဟု အနက်ပေး။ (ဘာဋီ)

(နဲ) ဟေ ပဿ-တို့သည် နဂိုရ်က အာချာတ်ပုဒ်ဖြစ်သော်လည်း ဟေပဿိကော၌ ပါသော ဟေပဿတို့ကား အာချာတ်ပုဒ်ကို အတုပြုအပ်သော အနုကရဏနာမ်ပုဒ်ဖြစ်၏။ (မောဂ်-ပဥ္စိကာ)

http://www.dhammadownload.com



ဤသို့အလို "ဟေဝပဿိကော-ဇဟေပဿဟူသော ဤအစီအရင်ကို ထိုက်ပါပေ၏"ဟု အနက်ပေးပါ။ (ဘာဋီ)

ဟေဝ ပဿံ အရဟာတီတိ-ဟေဝပဿိကော။

ဟေဝ ပဿ အရဟာတိ- တည်၊ ဟေဝပဿနောင် အံသက်၊ ဟေဝပဿံ အရဟာတိ-ဟု ဝါကျဖြစ်၏ဟု စသည်ဖြင့် ဆက်တွက်။(မောဂ်-ပဉ္စိကာ-၄,၂၁)

ရာသိ- ကုမ္ဘသ ရာသိ-ကုမ္ဘိကံ။

ပသန္နာ- ဗုဒ္ဓေ ပသန္နော-ဗုဒ္ဓိကော။

သန္တကာ- သံဃဿ သန္တကော-သံဃိကော။ (ဝိဟာရော)

သံဃဿ သန္တကံ-သံဃိကံ။ (စီဝရံ)

သန္တကတဒ္ဓိတ်အရာဝယ် "ဗုဒ္ဓဿ အံယံ-ဗုဒ္ဓိကော၊ သံဃဿ ဣဒံ-သံဃိကံ"-ဟု ဣဒံတဒ္ဓိတ်လည်း ရှိ၏။

ဒိဗ္ဗ- အင္ဂေန ဒိဗ္ဗတီတိ-အင်္ဂိကော။

ဤကား ကစ္စည်းဝုတ္တိ၌ အာဒိဖြင့်ယူအပ်သော အနက် (၁၁)နက်တည်း။

အာဂတ- မာတိတော အာဂတံ-မတ္တိကံ။ (နာမံ)

ပိတိတော အာဂတံ-ပေတ္တိကံ။ (နာမံ)

ရာဇဂဟတော အာဂတော-ရာဇဂဟိကော။

ရူပသိဒ္ဓိနှင့် ဂဏ္ဌိတို့၌ မာတိကံ, ပိ(ပီ)တိကံ-ဟု ရှိ၏၊ ရူ၌ ပေတ္တိကံ ဟု ရှိ၏၊ အပါဒါန-ဒု၊ ၃၉၂-၌ နာမံကို အရကောက်ရာ၌ပင် "န မယှံ မတ္တိကံ နာမံ, န ပိ ပေတ္တိကသမ္ဘဝံ"ဟု ရှိ၏၊ မောဂ္ဂလ္လာန် နိဿယ (၃-၇၅)၌လည်း "မတ္တိကံ, ပေတ္တိကံ"ဟုပင်ရှိ၏၊ ရူပသိဒ္ဓိ၌ကား မတ္တိကံ ပေတ္တိကံ ပြီးဖို့ရာ မာတိက-ဟု ပြီးသောအခါ တဒ္ဓေဘော်လာ၊ မာ၌ ရဿပြု၊ ပီတိက-ဟု ပြီးသောအခါ ရှေးဦးစွာ ဧဝုဒ္ဓိပြုပြီးမှ တဒ္ဓေဘော်လာဟု ...

http://www.dhammadownload.com



ဇာတ- အပါယေ ဇာတော-အာပါယိကော။
နိရယေ ဇာတော-နေရယိကော။
ဝသေယျ ဇာတံ-ဝါသိကံ။
ရာဇဂဟေ ဇာတော-ရာဇဂဟိကော။
စတုဒ္ဒသေ ဇာတော-စာတုဒ္ဒသိကော။
ကပိလဝတ္ထုမှိ ဇာတော-ကာပိလဝတ္ထိကော။
သာဝတ္ထိကော, ဝေသာလိကော-စသည်တို့လည်း နည်းတူ။
သမ္ဘူတ- မာတိတော သမ္ဘူတံ-မတ္တိကံ။
ပိတိတော သမ္ဘူတံ-ပေတ္တိကံ။ (ဒွိတ္တံ ၊ ရဿော စ)
သီလ- ပံသုကူလံ သီလံ အဿာတိ-ပံသုကူလိကော။
ပံသုကူလိကော-၌ ပံသုကူလ အရ ပံသုကူသက်နိးဖြပ်ကို မယူဘဲ ထို သက်နိးကို ဆောင်ခြင်း, ဝတ်ရုံသုံးစွဲခြင်း ကြိယာကို ဌာနူပစာရအားဖြင့် ယူရမည်။ "ပံသုကူလဓာရဏံ ပံသုကူလန္တိ ဥပစာရတော ဝုတ္တံ"-(ဋီ)
(နဲ) ပံသုကူလဿ ဓာရဏံ-ပံသုကူလံ။
ပံသုကူလဓာရဏံ-ဟူလိုလျက် ဥတ္တရပဒလောပအားဖြင့် ပံသုကူလံ ဟု ဆိုထားသည်။
"ပံသုကူလာဒိဓာရဏံ ပံသုကူလာဒိ ဥတ္တရပဒလောပေန"-(မူဋီ)
တိစီဝရံ သီလံ အဿာတိ-တေစီဝရိကော။
တီဏိ စီဝရာနိ-တိစီဝရံ၊ တိစီဝရဿ ဓာရဏံ-တိစီဝရံ၊
အရညေ ဝသနံ-အရညံ၊
အရညံ သီလံ အဿာတိ-အာရညိကော။
ရုက္ခဿ မူလံ-ရုက္ခမူလံ၊ ရုက္ခမူလေ ဝသနံ-ရုက္ခမူလံ၊
ရုက္ခမူလံ သီလံ အဿာတိ-ရုက္ခမူလိကော။
(သောသာနိကော-နည်းတူပြုပါ၊ တဿီလတဒ္ဓိတ်)

http://www.dhammadownload.com



ဝသ- ရာဇဂဟေ ဝသတီတိ-ရာဇဂဟိကော။
မဂဓေသု ဝသတီတိ-မာဂဓိကော။ (နာဂရိကော, ဂါမိကောတဲ့)
ဘတ္တိ- စတ္တာရော မဟာရာဇာနော-စတုမဟာရာဇံ၊
စတုမဟာရာဇေ ဘတ္တိ ဧတေသန္တိ-စာတုမဟာရာဇိကာ။
သကတ္ထ,သွတ္ထ- အသင်္ခါရောယေဝ အသင်္ခါရိကံ။
နာမမေဝ နာမိကံ။ နိပါတောယေဝ-နေပါတိကံ။
နိယျာတိ ဧတေနာတိ-နိယျာနံ၊ နိယျာနမေဝ-နိယျာနိကံ။
ဝိနယမေဝ-ဝေနယိကော။ (သကတ္ထ၌ ဏိက၊ မူဋီ)
သံဝတ္တ- လောကာယ သံဝတ္တတီတိ-လောကိကော။
တေသု-ဖြင့် ကကို ယပြုက "လောကိယော"ဟု ဖြစ်၏။
သဂ္ဂါယ သံဝတ္တတီတိ-သောဝဂ္ဂိကော။
သဂ္ဂ-သည် "သုဋ္ဌု အဂ္ဂေါ-သဂ္ဂေါ၊ သုဋ္ဌု အဇတိ ဂစ္ဆတီတိ-သဂ္ဂေါ" အရ 'သု+အဂ္ဂ'မှ ဖြစ်လာ၏၊ သု+အဂ္ဂ+ဏိက ဟု ဖြစ်သောအခါ ဝမောဒုနံ- ဟူသော ယောဂဝိဘာဂဖြင့် ဥကို ဝပြု၊ (သ်-ဝဂ္ဂ-ဏိက) မာယူနမာဂမော ဌာနေ-ဖြင့် ဝ၏ ရှေ့၌ ဩလာ၊ သောဝဂ္ဂိက ဟု ဖြစ်၏။(ရူဘာဋီ-၂၊ ၁၂၄)
သဂ္ဂံ အရဟတီတိ-သောဝဂ္ဂိကာ။ (သီဋ္ဌ-၁၄၃)
သဂ္ဂဿ ဟိတာ-သောဝဂ္ဂိကာ။ (သံဋ္ဌ-၁၊ ၁၄၆။ ပါထိဋ္ဌ-၃၆)
သုဝဂ္ဂေ ဒေန္တီတိ-သောဝဂ္ဂိကော။ (အံဋ္ဌ)
သဂ္ဂေ နိယုတ္တာ-သောဝဂ္ဂိကာ။ (ဒီဋီ-၃၊ ၃၀)
သုဝဂ္ဂေ နိယုတ္တာ-သောဝဂ္ဂိကာ။(အံဋီ-၂၊ ၃၀၉)
ဤသို့လည်း ဋ္ဌ-ဋီတို့ ဖွင့်ဆိုကြသေး၏။
ပုန ဘဝေါ-ပုနဗ္ဘဝေါ၊
ပုနဗ္ဘဝါယ သံဝတ္တတီတိ-ပေါနောဘဝိကော။
ပုနဗ္ဘဝ+သံဝတ္တတီ-တည်း၊ ပုနဗ္ဘဝါယ သံဝတ္တတီ... ...ဂငှည်း

http://www.dhammadownload.com



သွက်၊ ဏ်အနုဗန်ပစ္စည်းကြောင့် ပ၏ ဥကို ဩဝုဒ္ဓိပြု ပေါ-ဟုဖြစ်၏၊ (ပေါန္တာ+က္ကက) နၢ၏အကို ဩပြုလျှင် နော ဟုဖြစ်၏၊ (ပေါနောဇ္ဇဝိက) ဩဒီယ ရှေ့ကရောက်လျှင် (ဗ)လည်း အလိုလိုပျောက်၍ "ပေါနောဘဝိက"ဟု ဖြစ်၏။ (ရူဘာဋီ၊ မောဂ်သျ)

ပယောဇန-ဥပမိ ပယောဇနံ အဿာတိ-ဩပမိကံ။ (ဂန္ထိ)

ဥပမိ တဿ ပယောဇနံ-ဩပမိကံ။

ဘ၀- သရဒေ ဘဝေါ-သာရဒိကော။

ဥဉ္စတိ- ပဒရေ-ဆီးသီးတို့ကို၊ ဥဉ္စတိ-ရှာတတ်၏၊ ဣတိ-ပဒရိကော။

ခဏတိ- ခဏိတ္တိယာ ခဏတိတိ-ခဏိတ္တိကော။ တူးရွင်းဖြင့် တူးတတ်သူ။

ဇီဝတိ- ဝေတနေန ဇီဝတီတိ-ဝေတနိကော။ လခဖြင့် အသက်မွေးသူ။

ဘတိယာ ဇီဝတီတိ-ဘတိကော။

ကယေန ဇီဝတီတိ-ကယိကော။

ကယဝိက္ကယေန ဇီဝတီတိ-ကယဝိက္ကယိကော။

ဝုဒ္ဓိမရောက်ရသော ပုံစံများ၌ ဣက-ပစ္စည်းဟု မောဂ္ဂလ္လာန်ဆို၏။

ဇီတ- အင္ဂေဟိ ဇိတံ-အင်္ဂိကံ။

သလာကာယ ဇိတံ-သာလာကိကံ။

## ဏ ရာဂါ တဿေဒမညတ္ထေသု ၈

ရာဂတ္တ- ကသာဝေန ရတ္တံ-ကာသာဝံ။

ကသာယေန ရတ္တံ-ကာသာယံ။

ကုသုမ္ဘေန ရတ္တံ-ကောသုမ္ဘံ။

ကံ ပါနီယံ သောဝတေတိ-ကသာဝေါ။ က-သီဓာတ်၊ အဝ၊ ပုံ-နပုံ။

(နဲ) ကံ သဝါပေတီတိ-ကသာဝေါ။ က-သု ဓာတ်၊ သဝနေ၊ ဏ။ (ဓာန်ဋီ)

ကုသတိ အဝှါယတီတိ-ကုသုမ္ဘံ။ ကုသ+ဘ၊ ကုသဓာတ်၏ အဆုံး၌

http://www.dhammadownload.com



ဥမ်လာ၊ ပုံ-နပုံ (မောဂ်)။ ကသာယ-၌ ကသဓာတ် အယဖြင့် 'ကသာယ'ဟု ဖြစ်ရာ ယကို ဝပြုလျှင် ကသာဝ-ဟုဖြစ်၏။ (ကစ်ဘာဋီ-၁၊ ၁၁၄)

ဣဒမတ္ထ- မဟိသဿ ဣဒံ-မာဟိသံ။ (မံသံ)

သုဂတဿ ဣဒံ-သောဂတံ။ (သာသနံ)

ဣသိဿ ဣဒံ-အာရိသံ။

ဉသဘဿ ဣဒံ-အာသဘံ။ (ဌာနံ)

ဉသဘဿ အယံ-အာသဘီ။ (ဝါစာ)

ဣဒံအနက်၌ အခြားပစ္စည်းများ-

သဿ အယံ-သကော။ (မိမိ၏ ဥစ္စာ)

ရညော ဣဒံ-ရာဇကံ။ (မင်း၏ ဥစ္စာ၊ ကပစ္စည်း)

ကဝိနော ဣဒံ-ကဗျံ။ (ကဝိ၏ ဥစ္စာဖြစ်သော အဖွဲ့၊ ယပစ္စည်း)

တုမှာကံ ဣဒံ-တုမှာကံ။ (သင်တို့၏ ဥစ္စာ)

အမှာကံ ဣဒံ- အမှာကံ။ (ငါတို့၏ ဥစ္စာ)

တုမှ, အမှ သဒ္ဒါနောင် "တဒမိနာဒီနိ"ဟူသော မောဂ်သုတ်ဖြင့် (နဲ)ဇာသုဝုဒ္ဓိဖြင့် ဣဒံအနက်၌ ဏပစ္စည်းသက်၊ တေသုဝုဒ္ဓိသုတ်ကြီးဖြင့်ပင် တုမှာက, အမှာက, တဝ, မမ, တုယှ, မယှ, တာဝက, မာမက-ပြုပါ။

တဝ ဣဒံ-တာဝံ။ မမ ဣဒံ-မမံ။

တဝ ဣဒံ-တုယှံ။ တာဝကံ။

မမ ဣဒံ-မယှံ။ မာမကံ။

ရှပ် ဘိက္ခဝေ န တုမှာကံ-သင်တို့၏ ဥစ္စာမဟုတ်၊ သံဝိဇ္ဇတိ မမံ ယေသန္တိ-သမမာ-ငါ့ဥစ္စာဟု သိမ်းပိုက်ခြင်းရှိသူတို့၊ အမမာ-ငါ့ဥစ္စာဟု သိမ်းပိုက်ခြင်း မရှိသူတို့၊ န မေ တေ ဘိက္ခူ မာမကာ(စတုက္က)၊ မမ ဣမေ-မာမကာ ဟု ပြုပါ။

http://www.dhammadownload.com



တေ (အဿဝါကိဇာ) ဗုဒ္ဓမာမကာ-(ဝေရဥ္စ)၌ "မမ အယံတိ မမော၊ က္လာဒံအနက်၌ ဏာပစ္စည်းသက်၍ ပြီး၏၊ မမံ ဝိယ ကရောန္တီတိ-မာမကာ၊ ငါ့ ဥစ္စာကဲ့သို့ ပြုကျင့်တတ်(မြတ်နိုးတတ်)သူတို့၊ မမံဟူသော ဒုတိယန္တနောင် ကရဓာတ်၏အနက်၌ "မာတွတ္တေ နာမသ္မိ"သုတ်ဖြင့် က္လာပစ္စည်းသက်၊ ထို့နောက် ဏွုပစ္စည်းသက်၍ က္လာချေလျှင် မာမက-ပြီးသည်"ဟု ကြံသင့်၏။

(နဲ) မမ အယံ မာမကော၊ ဗုဒ္ဓေါ မာမကော ဧတေသန္တိ-ဗုဒ္ဓမာမကာ၊ ဟုပြုပါ။ (ကစ်ဘာဋီ-၃၊ ၁၁၇)

(ဆောင်) အဝိဒူရ, အာဂတနှင့်, ဇာတ နိယုတ်, ဆင့်ထုတ်သမ္ဘူဟ, အဿ ဒေဝတာ, တစ်ဖြာ အဓီတေ, ဝိသယေ က္လစ္ဆေ့ ရှိသည့် နိဗ္ဗတ္တ, နိဝါသ က္လသရော, ကစ္စည်းဟော၏။ ဘဝေါ-အရဟာတိ, ဝိကာရ ပရိမာဏ်, ရှုပြပြန်၏၊ ပဌမံ ဒိဌ, နိတိကလျှင်, စသည်အပြား, အနက်များဝယ်, ဏ ရာဂါပြ, အညတ္ထဖြင့်, သက်ကြ ဏာပစ္စည်းကိုတည်း။(ကစ်ဘာဋီ)

**က္လစ္ဆေဝမာဒယော-**

ဏ ရာဂါ ဝာဿေဒမညတ္တေသု စ-သုတ်၌ အညတ္ထအရ အနက်များကို အဝိဒူရ, အာဂတ, ဇာတ, နိယုတ္တ, သမ္ဘူဟ, အဿဒေဝတာ, အဓီတေ, ဝိသယ, က္လစ္ဆေ, နိဗ္ဗတ္တ, နိဝါသ, က္လသရ-အားဖြင့် အနက် ဆယ့်တစ်နက်မျှ တိုက်ရိုက်ပြပြီး၍ ဏာပစ္စည်းသက်၍ ပြီးကောင်းသော အခြားအနက်များ ရှိသေးလျှင်လည်း ယှဉ်စပ်သုံးစွဲပါလေ ဟု ပြလိုသော ကြောင့် "က္လစ္ဆေ ဝမာဒယော ယောဇေတဗ္ဗာ"ဟု ကစ္စည်း၌ မိန့်သည်။

ထို အာဒိသဒ္ဒါဖြင့် ရှု၌ ပြထားသော ဘဝ, အရဟ, ဝိကာရ, ပရိမာဏ အနက်များကိုလည်းကောင်း, ပဌမံ ဒိဋ္ဌ စသော အနက်များကိုလည်းကောင်း ဆည်းယူပါ။

http://www.dhammadownload.com



မညတ္တေသု စ ဌ် စသဒ္ဒါ-

"အညတ္တေသု စ-ဌ် စသဒ္ဒါဖြင့် ဏတစသောအနက်၌ ဏေယျ ပစ္စည်းသက်ဖို့ရန် ဆည်း၏"ဟု ရူပသိဒ္ဓိ၌ ဆို၏။

အရှင်ကစ္စည်း၏ အလိုမှာ "ဏ ရာဂါ+တသေဒံ"ဟူသော ရှေ့ ၂ နက်ကို ပေါင်းသော ဝုတ္တသမုစ္စည်းခေါ် သမ္ပိဏ္ဍနအနက်သာ ဖြစ်ထိုက်သည် ဟု ကစ္စည်းဘာသာဋီကာ၌ မိန့်သည်။

စသဒ္ဒေါ အညမညသမုစ္စယတ္ထော-အနက်ချင်းချင်း ဆည်း။

စဂ္ဂဟဏမေတ္ထ စ ရာဂတ္ထဝါစကတော အညတ္တ သဒ္ဒဂ္ဂဟဏာစ္စ သမ္ပိဏ္ဍေတိ။(ဈာသ-၂၉၅)

ဧင်းအလိုသော် ဏပစ္စည်းသည် ရာဂတ္ထဝါစကသဒ္ဒါနောင်သာ ဖြစ်သည် မဟုတ်၊ တစ်ပါးသော သဒ္ဒါနောင်လည်း ဖြစ်သေး၏-ဟု သမ္ပိဏ္ဍန အနက်ရှိ၏ ဟူလို။ (အဘယာရာမမူ, သုတ်နက်ဂဏ္ဌိ)

ရှေ့၌ ပြဆိုသော အနက်များ၌ ဏေယျပစ္စည်းကိုကား ရှုအလို ဤသုတ် စသဒ္ဒါ၊ ကစ္စည်းအလို ဏေယျော ကတ္တိကာဒီဟိ၌ "ဏေယျော"ဟူသော ယောဂဝိဘာဂဖြင့် သက်ပါ။ စသဒ္ဒါ၏ ပုံစံများကို ယင်းသုတ်၌ ပြခဲ့ပြီ။

အဝိဒူရ- ဥဒုမ္ဗရဿ အဝိဒူရေ ပဝတ္တံ-ဩဒုမ္ဗရံ။(ကစ်-အဝိဒူရပဝတ္တာတဒ္ဓိတ်)

(နဲ) ဥဒုမ္ဗရဿ အဝိဒူရေ ဘဝံ-ဩဒုမ္ဗရံ။ (ရှု-အဝိဒူရဘဝတဒ္ဓိတ်)

ဤ၌ ရှုအဆိုသာ "တဿ အဝိဒူရေ ဘဝတ္တာ ဥယျာနမ္ပိ အမ္ဗလဋ္ဌိကာ တွေဝ သင်္ချံ ဂတံ"ဟူသော ဗြဟ္မဇာလသုတ် အဋ္ဌကထာနှင့် ညီသည်။

ဝိဒိသာယ အဝိဒူရေ ဘဝေါ-ဝေဒိသော။ (ဂါမော)

အာဂတ- မထုရာယ အာဂတော-မာထုရော။ (ဇနော)

အင်္ဂေဟိ အာဂတော-အင်္ဂေါ။

ရာဇဂဟာ အာဂတော-ရာဇဂဟော။

အရိဟိ မထိယတိ အာလောဠီယတီတိ-မထုရာ။(နဂရံ) မထ-မန္ထ-

http://www.dhammadownload.com



ဝိလောဠနေ၊ ဥရ-ပစ္စည်း၊ ဣတ္ထိ အာ။(မှော်) ထ-ကို ဓ-ပြု၍ ပါဠိ၌"မဓုရာ" ဟု အရှိများ၏။ (ပန်းကုံး)

ဓာတ- မထုရာယံ ဇာတော-မာထုရော။ (ဓနော)
မထုရာယံ ဇာတာ-မာထုရာ။ (ဂဏိကာ)
မထုရာယံ ဇာတံ-မာထုရံ။ (ဝတ္ထံ)

မာထုရကော, ရာဇဂဟကော-စသည်တို့၌ကား သဗ္ဗတော ကော-သုတ် ၌ သဗ္ဗတောသဒ္ဒါပိုဖြင့် ကအက္ခရာ လာပါ။

ဤ၌ (က)ကို ပစ္စည်းဟု မဆို၊ အာဂုမ်(အပိုလာသော အက္ခရာ)ဟု ဆို၏၊ ရှေ့ သကတ္ထပစ္စည်းကို ပြရာ "ပေါတကော"(ရူဘာဋီ-၂ ၁၂၆)၌ ကကို သကတ္ထပစ္စည်းဟု ဆိုခဲ့၏၊ ထို့ကြောင့် သမာသ်အဆုံး၌ က-ကို သမာသန္တ (က)ပစ္စည်းဟုလည်းကောင်း, တဒ္ဓိတ်အဆုံး၌ က-ကို အာဂုမ်ဟုလည်းကောင်း, ကိတ်နှင့် သုဒ္ဓနာမ်တို့၏ နောက်၌ က-ကို သကတ္ထပစ္စည်းဟုလည်းကောင်း ခွဲရလျှင် သင့်မည်ထင်သည်၊ ကစ္စည်း ရူပသိဒ္ဓိတို့၌ကား ထိုကဲ့သို့ ခွဲခြားချက် မရှိ၊ ဟီနကော, ပေါတကော(ရူ-၂၃၄)တို့၌ က-ကိုလည်း အာဂုမ်ဟုပင် ဆိုသည်။ (ရူ-ဘာဋီ၊ ၂၊ ၁၃၃)

ဝေသာလိယံ ဇာတော-ဝေသာလော။ ဝေသာလကော။
ကုသိနာရေ ဇာတော-ကောသိနာရော။ ကောသိနာရကော။
သာကေတ္တော, နာဂရော-တို့လည်း နည်းတူဆိုပါ။
အင်္ဂေသု ဇာတော-အင်္ဂေါ။

မာဂဓော, ကောသလော, ဒေဝဒဟော, ကမ္ဗောဇော, ဂန္ဓာရော, သိန္ဓဝေါ စသည့် တိုင်းဟောသဒ္ဒါတို့၌လည်း နည်းတူဆိုပါ။ သိန္ဓူသု ဇာတော-သိန္ဓဝေါ အရ လူ,သိန္ဓောမြင်း ၂ မျိုးလုံးရ၏၊ သိန္ဓု+အ ဟု ဖြစ်သောအခါ ဝေသုဝုဒ္ဓိဖြင့် ဥ-ကို အဝပြုပါ။

http://www.dhammadownload.com



ဇနပဒနာခံမေသု ပန သဗ္ဗတ္ထ ဗဟုဝစနမေဝ ဘဝတိ-(ရူ-၂၂၈)ဟု ဆိုသောကြောင့် ဇနပုဒ်(တိုင်းဟော)သဒ္ဒါတို့ ဗဟုဝုစ်ချည်း ရှိရမည်။

အင်္ဂေသု ဇာတော-

အင်္ဂေဟိ အာဂတော-

အင်္ဂါ အဿ နိဝါသော-

အင်္ဂါနံ ဣဿရော-စသည်ဖြင့် ဗဟုဝုစ်ချည်း ရှိရမည်။

ကောသလေသု-ကဲ့သို့ ရုဠှီ(တင်စားအပ်သော)သဒ္ဒါတို့သည် မတင်စားမီက ရှိရင်းစွဲဖြစ်သော လိင်, သချာများသို့ လိုက်လေ့ရှိကြ၏၊ နောက်ပဓာနပုဒ်၏ လိင်, သချာသို့ လိုက်လေ့မရှိကြ၊ ထို့ကြောင့် "ကောသလေသု ဇနပဒေ-ကောသလမည်ကုန်သော ဇနပုဒ်၌"ဟု ကောသလေသု ကို ဗဟုဝုစ်ထား၍ တစ်ခုတည်းဖြစ်သော ဇနပုဒ်ကို ဧကဝုစ်အတိုင်း ထားသည်။

ဇာတဖြစ် နှင့် ဘဝဖြစ်-

ကာလ ဒေသအလိုက် ပေါ် ပေါက်ခြင်း, မွေးဖွားခြင်းသဘောရှိသော ဖြစ်ခြင်းကို "ဇာတ"ဟု ခေါ် ၏။

ထိုသို့ မဟုတ်သော ဖြစ်ခြင်းဟူသမျှကို "ဘဝ"ဟု ခေါ် သည်။(ရူ-ဘာဋီ)

ပါရာဇိကဏ်လာ ဝေရဥ္ဇော-ကိုကား "ဝေရဥ္ဇာယံ ဇာတော, ဝေရဥ္ဇာ အဿ နိဝါသော-ဝေရဥ္ဇော"-ဟု ဇာတ, အဿနိဝါသ တဒ္ဓိတ်နှစ်မျိုးသာ ဖြစ်သင့်သည်၊ ဣဿရ, အာဂတ အနက်များ မသင့်။ (ဘာဋီ)

နိယုတ္တ- ကတ္တိကာယ နိယုတ္တော မာသော-ကတ္တိကော။

အဂ္ဂိသဒိသတ္တာ ကန္တတိ ဆိန္ဒတီတိ-ကတ္တိကာ၊ ကတိဓာတ်၊တိပစ္စည်း၊ ကပစ္စည်း။ ကတ္တိ အာ၊ ကြတ္တိကာကြယ် (ဓာန်ဋီ)။ ကရောန္တိ ကိစ္စံ ဧတ္ထာတိ-ကတ္တိကော၊ ကရဓာတ်၊ တိကပစ္စည်း၊ ပုံ၊ တန်ဆောင်မုန်းလ။ (မောဂ်-၇၊၂၈)

မဂသိရေန ယုတ္တော မာသော-မာဂသိရော။ (နတ်တော်လ)

http://www.dhammadownload.com



သမ္ပဟာ- သိက္ခာနံ သမ္ပဟော-သိက္ခော။
ကပေါတာနံ သမ္ပဟော-ကာပေါတော။

ကပစွည်းသက်၊ ချေသင့်ရာ ချေ၍ "သိက္ခ+အ"ဟု ဖြစ်သည့်အခါ ခွင်းချေကပ်၍ သိက္ခော စသည် ပြီး၏၊ ကာတန္တဝုတ္တိနှင့် မောဂ္ဂလ္လာန်တို့၌ "သိက္ခံ"ဟု နပုံလိင်ထားကြ၏၊ ဝုတ္တိဆရာသည် ကာတန္တသုတ်ကို မှီ၍ ဤသုတ်၌ အညတ္ထအရ သမူဟတ္ထပုံစံများကို ပြထားဟန်တူသည်၊ အရှင်ကစ္စည်းဆရာကမူ "သမူဟတ္ထေ ကဏ် ဏာ"ဟု သီးခြား သုတ်တည်လတ့်ဖြစ်သောကြောင့် သမူဟတဒ္ဓိတ်ပုံစံများကို ဤသုတ်၌ ပြလိုမည်မထင်၊ ရူနှင့် နီတိတို့၌ ဤပုံစံများကို သမူဟတ္ထေ ကဏ် ဏာ သုတ်ကျမှပင် ထုတ်ကြသည်။ (ဘာဋီ)

အဿဒေဝတာ-ဗုဒ္ဓေါ အဿ ဒေဝတာတိ-ဗုဒ္ဓေါ။
ဘုရားဟူသော နတ်ရှိသူ၊ ဘုရားကို ကိုးကွယ်သူ။

အဓိတေ- ဗျာကရဏံ အဓိတေ-ဝေယျာကရဏော။

ဝိသယေ- ဝသာတီနံ ဝိသယော ဒေသော-ဝါသာတော။ (ဝိသယတဒ္ဓိတ်)

ဝသာတိမင်းတို့၏ နယ်ပယ်ဖြစ်သော အရပ်။ ဝသံ-အဆီကို၊ အဒန္တိ ဘက္ခန္တီတိ-ဝသာဒါ၊ ဝသာဒါနံ ဝိသယော ဒေသော-ဝါသာဒေါ ဟုလည်း နိရုတ္တိ ဒီပနီ-(၂၉၇)၌ ဆိုသေး၏။

ဣစေတ္ထိ- ဥဒုမ္ဗရာ အသ္မိံ သန္တီတိ-ဩဒုမ္ဗရော။ (ဣစေတ္ထိတဒ္ဓိတ်)
ပဗ္ဗဇာ အသ္မိံ သန္တီတိ-ပဗ္ဗဇော။ ပြိန်းမြက်ရှိရာ အရပ်။

နိဗ္ဗတ္တ- သာဂရေဟိ နိဗ္ဗတ္တော-သာဂရော။
ကုသမ္ဗေန ဣသိနာ နိဗ္ဗတ္တာ-ကောသမ္ဗီ။
သဟာသေန ဓနေန နိဗ္ဗတ္တာ-သာဟာသီ။ (ပရိခါ)

တစ်ထောင်ဖြင့်+ကြောင့် ဖြစ်သော ကျုံး၊ ဤသို့လျှင် ရှေ့ပုဒ်၌ ဟိတ်, ကတ္တား, ကရိုဏ်းအနက်များ ထိုက်သလို ဖြစ်ထိုက်သည်ဟု မောင်၌ ဆိုသည်။

ပယသာ နိဗ္ဗတ္တံ-ပါယာသံ။ ပါယာသော။

http://www.dhammadownload.com



ပါတဗ္ဗောတိ-ပါယော၊ ပါ+ဏ၊ အသိတဗ္ဗောတိ-အာသော၊ ပါယော စ အာသော စ ပါယာသော ဟုလည်း ရှိ၏။ ပါတဗ္ဗော စ အသိတဗ္ဗော စာတိ ပါယာသော၊ အာကာရန္တာနမာယော၊ ပါ+ဏ၊ အသ+ဏ ဟု ဓာန်ငြိမ်သူ့ လည်း ရှိ၏။

အဿ နိဝါသ- မထုရာ အဿ နိဝါသော-မာထုရော။
တဿရ- မထုရာယ တဿရော-မာထုရော။ (ကစ်)
ဘဝ- မနသိ ဘဝံ-မာနသံ။ ဥရသိ ဘဝေါ-ဩရသော။
ဥဒကေ ဘဝေါ-ဩဒကော။ (မဏ္ဍော)
နဂရေ ဘဝေါ-နာဂရော။
မနသ္မိံ ဘဝေါ-မာနသော။ (ဋီ)
မိတ္တေ ဘဝါ-မေတ္တာ။ မေတ္တိ။ ပုရေ ဘဝါ-ပေါရီ။

မိတ္တေနောင် ဘဝအနက်၌ ဏပစ္စည်းသက်၍ မိတ္တဟုဖြစ်သောအခါ (သံယောဂန္တဖြစ်သောကြောင့် ဝုဒ္ဓါဒိသရဿ ဝါ-ဖြင့် ဝုဒ္ဓိမပြုဘဲ) တေသုဝုဒ္ဓိဖြင့် ဝုဒ္ဓိပြု။ ဣတ္ထိ-အာ သက်၍ မေတ္တာ၊ ဤ-သက်၍ မေတ္တိ ဟု ဖြစ်၏။

အရဟတိ-သဟဿံ အရဟတီတိ-သာဟဿီ။ (ဂါထာ)
ဝိကာရ- အယသော ဝိကာရော-အာယသော။
သုဝဏ္ဏေန ဝိကာရော-သောဝဏ္ဏော။
ပရိမာဏ-ပုရိသော ပရိမာဏံ အဿာတိ-ပေါရိသံ။ (အဿပရိမာဏ)
ပဋ္ဌမံ ဒိဋ္ဌ-ဝရုဏေန ပဋ္ဌမံ ဒိဋ္ဌာ-ဝါရုဏီ။
ဝရုဏရသေ့သည် ပဋ္ဌမတွေ့အပ်သော သေရည်၊ နဒါဒိ ဤသက်ပါ။
သူရေန ပဋ္ဌမံ ဒိဋ္ဌာ-သုရာ။
သူရမည်သော မုဆိုးသည် ပဋ္ဌမတွေ့အပ်သော သေရည်၊ သူ၌ ရဿပြု။

http://www.dhammadownload.com



နီတိ- သူရေန ကတ္တာ-သူရာ။
ဝရုဏေန ကတာ-ဝါရုဏီ။

သူရေန ကတာ-ဟူသောအနက်၌ သူရနောင် အာပစ္စည်းသက်၊ သူ၌ ရဿပြု၍၊ ဝရုဏေန ကတာ-ဟူသောအနက်၌ ဝရုဏနောင် ဤ-ပစ္စည်း သက်၊ ဝ-၌ အကိုလည်း အာဒိယပြုဟု နီတိဆို၏။

## ဇာတာဒိနမိမိယာ ၈

ဇာတာဒိ၌ အာဒိအရ-

အာဒိသဒ္ဒါဖြင့် နိယုတ္တ, အဿတ္ထိ, ဘဝ, ဣဒံ အနက်စသည်တို့၌ ဣမ-ဣယ-ဣက ပစ္စည်းများသက်, စသဒ္ဒါဖြင့် နိယုတ္တဗ္ဗ၌ ကိယပစ္စည်း သက်ဟု ကစ္စည်း၌ ဆို၏။

ဤ အာဒိသဒ္ဒါဖြင့် ဣကပစ္စည်းလည်း သက်ရမည်ဟု ဆိုခြင်းသည် မကောင်း၊ ဘာ့ကြောင့်နည်း. . ဇာတအနက်နောင် ထိုင်သော အာဒိသဒ္ဒါ ဖြင့် ဇာတကဲ့သို့သော အနက်များကိုသာ ယူသင့်၍ ပစ္စည်းကို မယူသင့်သော ကြောင့်တည်း။

အာဒိဖြင့် ဇာတကဲ့သို့သော အနက်များကို ယူ၍ စဖြင့် ဣကပစ္စည်း ကို ဆည်းယူသော ရူပသိဒ္ဓိသာလျှင် ထုံးစံကျပေသည်။

ထို့ကြောင့် အာဒိဖြင့် နိယုတ္တဗ္ဗ အဿတ္ထိစသော အနက်များ၌ ဣမ ဣယပစ္စည်းသက်၊ စသဒ္ဒါဖြင့် ယင်းအနက်တို့၌ ဣကပစ္စည်းသက်ဟု ခွဲယူပါ။

အချုပ်အားဖြင့်. . သုတ်ရင်းဖြင့် ဇာတအနက်၌ ဣမ-ဣယ သက်၊ အာဒိဖြင့် နိယုတ္တ အဿတ္ထိစသော အနက်တို့၌ ဣမ-ဣယ သက်၊ စသဒ္ဒါ ဖြင့် ဣက ကိယ ယ ဏျ ပစ္စည်းများ သက်ပါ။

နိယုတ္တစသောအနက်၌ ဣကပစ္စည်းကို ကစ္စည်းအလို အာဒိသဒ္ဒါ၊

http://www.dhammadownload.com



ရှုအလို စသဒ္ဒါဖြင့် သက်ပါ။

ဇာတ- ပစ္စာ ဇာတော-ပစ္စိမော။

အန္တိမော၊ မဇ္ဈိမော၊ ပုရိမော၊ ဥပရိမော၊ ဟေဋ္ဌိမော-စသည်တို့လည်း နည်းတူ၊ ပစ္စာ အန္တေ မဇ္ဈေ ပုရာ ဥပရိ ဟေဋ္ဌာတို့သည် နိပါတ်ပုဒ်ဖြစ်၍ သို့ သက် ချေပါ။

မနုဿဇာတိယာ ဇာတော-မနုဿဇာတိယော။ (ဣယ)

(ဆောင်) ဇာတာဒိဒွ်ဳ, အာဒိအရ, နိယုတ္တ အဿတ္ထိ, မှတ်ဘိ ဘဝံ, နက် ဣဒံတည်း။ သက်ရန် ဣမိယာ, စသဒ္ဒါဖြင့်, ဣကလည်း သက်, နိဗ္ဗတ် နက်ဝယ်, သက်လေ ဣမ, မောဂ္ဂလ္လာန်ပြ၏၊ နိယုတ္တ ဣဒံ, နက် နှစ်တန်မူ, သက်နံ့ ကိယ, ယ ဏျ ဟု, ထိုနှစ်ခုကား, သာဓု ဟိတ, ဘဝ ဇာတာ, ရှဲ့ မှာ၏, ပရိယာပန္န, ဝိဒိတနှင့်, သမ္ဘူတ သုံးနက်, သက်လေ ဣယ, ဣက နှစ်ထွေ, ဓာရေတိမူ, မှတ်ယူ အာယိက, ဘဝတိဒွ်ဳ, အစွဆိုက်ပြီး, တစ်နည်းစွဲမှတ်, အဿတ္ထိဝယ်, မိကဆွယ် သည်, မှတ်ဖွယ်ကျမ်းဆို အချုပ်တည်း။ (ကစ်ဘာဋီ-၂၊ ၁၃၄)

နိယုတ္တ- အန္တေ နိယုတ္တော-အန္တိမော၊ အန္တိယော၊ (ဣမ-ဣယ၊ သုတ်ရင်း) အန္တိကော၊ (ဣက၊ ကစ်အလို-အာဒိ၊ ရှုအလို-စသဒ္ဒါဖြင့် သက်)

အဿတ္ထိ- ပုတ္တော အဿ အတ္ထီတိ-ပုတ္တိမော၊ ယော၊ ကော။ (အဿတ္ထိ) ပုတ္တော တသ္မိံ ဝိဇ္ဇတီတိ-ပုတ္တိမော။ (အတ္ထျတ္ထတဒ္ဓိတ်)

အဿတ္ထိအနက်ဝယ် သတ္တာဒီပိက မန္တ္တသုတ်၌ "သတ္တာဒီပိက+ဣမန္တ္တ" ဟု ဝိသုံကရဏာယောဂဝိဘာဂပြု၍လည်း "ဣမန္တ္တ"ပစ္စည်းသက်လျှင် "ပုတ္တိမာ-သားရှိသူ"ဟုလည်း ရုပ်တစ်မျိုးရှိသေး၏။

ဟာနဘာဂေါ အဿ အတ္ထီတိ-ဟာနဘာဂိယော။ (မောဂ်-သျှ)

ကပ္ပံ အဿ အတ္ထီတိ-ကပ္ပိယော။ (အပ်သည်ကို ပြုခြင်းရှိသူ)

http://www.dhammadownload.com



ကိတ္တိ အဿ အတ္ထိတိ-ကိတ္တိမော။ (ကျော်စောခြင်း ရှိသူ)

ဘဝ- ဩရေ ဘဝေါ-ဩရိမော။ (ဤဘက်၌ ဖြစ်သော ဆိပ်ကမ်း)

ပါရေ ဘဝေါ-ပါရိမော။

တိရော ဘဝံ-တိရိယံ။

ပုရတ္ထာ ဘဝေါ-ပုရတ္ထိမော။

ပုရာ ဘဝေါ-ပုရိမော။

ဇာမိယာ ပက္ခော-ဇာမိပက္ခော၊ ဇာမိပက္ခေ ဘဝါ-ပက္ခိယာ။

ပဥ္စ ဝဂ္ဂေါ-ပဥ္စဝဂ္ဂေါ၊ ပဥ္စဝဂ္ဂေ ဘဝါ-ပဥ္စဝဂ္ဂိယာ။

ဆဝဂ္ဂေ ဘဝါ-ဆဗ္ဗဂ္ဂိယာ။

ဥဒရေ ဘဝံ-ဥဒရိယံ။

ဣဒံ- အတ္တနော ဣဒံ-အတ္တနိယံ။

အတ္တ+ဣယ ဟုဖြစ်သောအခါ တေသုဝုဒ္ဓိဖြင့် (န်)လာပါ၊ မောဂ္ဂလ္လာန် အလိုအားဖြင့် " နိယ"ပစ္စည်းဟု မှတ်။

နိဗ္ဗတ္တ- ဂေါပ္ပန္နံ ဂေါပ္ပော၊ ဂေါပ္ပေန နိဗ္ဗတ္တံ ဂေါပ္ပိမံ။

ဂန္ထေန နိဗ္ဗတ္တံ-ဂန္ထိမံ။ ဝေဓေန နိဗ္ဗတ္တံ-ဝေဓိမံ။

ဝေဌေန နိဗ္ဗတ္တံ-ဝေဌိမံ။ ဂါယေန နိဗ္ဗတ္တံ-ဝါယိမံ။

ကိယ- ဇာတိယာ အန္ဓော-ဇစ္စန္ဓော၊ ဇစ္စန္ဓေ နိယုတ္တော-ဇစ္စန္ဓကိယော။

သဿ အယံ-သကိယော။ (မိမိ၏ ဥစ္စာ)

ပရဿ အယံ-ပရကိယော။ (သူတစ်ပါး၏ ဥစ္စာ)

ယ- ကမ္မနိ သာဓု-ကမ္မညံ။

သဘာယံ သာဓု-သဗ္ဘံ။ (ဝစနံ)

မေဓာယ ဟိတံ-မေဇ္ဈံ။

ပါဒါနံ ဟိတံ-ပဇ္ဇံ။

ရထဿ ဟိတာ-ရစ္ဆာ။

http://www.dhammadownload.com



ဂါမေ ဘဝေါ-ဂမ္ဗော။
ကဝိမှိ ဘဝံ-ကဗျံ။
ထနတော ဇာတံ-ထည်။
ခေါဒယ သံဝတ္တတီတိ-ခေည်။

ဏျ- ပရိသာယံ သာဓု-ပါရိသဇ္ဇော။

ဏျ-သက်၊ ပရိသာ+ယ ဟု ဖြစ်သောအခါ ဝုဒ္ဓါဒိသရဿ ဝါ ဖြင့် ဝုဒ္ဓိ ပြု၊ တေသုဝုဒ္ဓိဖြင့် ဒ်-လာ၊ ယဝတံဖြင့် ဒျကို ဇပြု၊ ဒွေဘော်လာ၊ ကွစာဒိ-ဖြင့် သာ၌ ရဿပြု၊ ပါရိသဇ္ဇ ဟု ဖြစ်၏။

သမဏာနံ ဟိတာ-သာမညာ။
ဗြာဟ္မဏာနံ ဟိတာ-ဗြာဟ္မညာ။
အရူပေ ဘဝါ-အာရုပ္ပာ။

ဣယ, ဣက- လောကေ ပရိယာပန္နံ-လောကိယံ။
လောကေ ဝိဒိတံ-လောကိယံ။
လောကေန သမ္မတံ-လောကိယံ။

ဣယ-ပစ္စည်းသက်ပါ။ ဣက-ပစ္စည်း၌ လောကိကော ဟု ဖြစ်၏၊ သပြေကန်၌ ဏိယ, ဏိက ဟု ဆို၏၊ ဝုဒ္ဓိမရောက်လျှင် ဣယ, ဣက၊ ရောက်လျှင် ဏိယ,ဏိကဟု ခွဲက သာ၍ကောင်းမည်ထင်သည်။

အာယိက- ဣဏံ ဓာရေတီတိ-ဣဏာယိကော။

အစ္စ- အမာ သဟ ဘဝတီတိ-အမစ္စော။

အမာ နောင် ဘဝတိအနက်၌ အစ္စပစ္စည်းသက်ပါ။

မိက- ဂါဝေါ အဿ သန္တီတိ-ဂေါမိကော။ (အဿတ္ထိအနက်၌ မိက)

http://www.dhammadownload.com



## သမူဟတ္ထေ ကဏ် ဏာ

မနုဿာနံ သမူဟော-မာနုဿကော။(ကဏ်) မာနုဿော။(ဏ)

အဿနံ သမူဟော-အဿကော။

ဘိက္ခာနံ သမူဟော-ဘိက္ခော။

သိက္ခာနံ သမူဟော-သိက္ခော။

ဒွိန္နံ သမူဟော-ဒွယံ။ တိဏ္ဏံ သမူဟော-တယံ။

ဒွယံ-တယံ တို့၌ ဏပစ္စည်းသက်၍ ဒွိ+အ ဟု ဖြစ်သောအခါ ကစ္စည်းအလို ဈလာနမိယုဝါ သရေ ဝါ-သုတ်၌ ဝါ သဒ္ဒါဖြင့်၊ ရူအလို တေသုဝုဒ္ဓိဖြင့် ဣကို အယပြုပါ။

မောဂ္ဂလ္လာန်၌ ဥဘ-ဒွိ-တိ သဒ္ဒါတို့နောင် အံသ(အဖို့အစု)အနက်၌ အယပစ္စည်းသက်၍ ဥဘယံ, ဒွယံ-နှစ်ဖို့ရှိသော အပေါင်း၊ တယံ-သုံးဖို့ရှိသော အပေါင်း ဟု ဖြစ်၏။

ဥဘော အံသာ အဿာတိ-ဥဘယံ။

ဒွေ အံသာ အဿာတိ-ဒွယံ။-စသည်ဖြင့် ပြုပါ။

အဝယဝဟူသော အနက်၌လည်း အယပစ္စည်းသက်သေး၏။

ဒွေ အဝယဝါ အဿာတိ-ဒွယံ။

နှစ်ခုသော အစိတ်ရှိသော အပေါင်း ဟု ပေး။

(ဆောင်) သမူဟတ္ထေ, သုတ်အနေဝယ်, ထွေထွေယောဂ, ဝိဘာဂဖြင့်, ဇာတ ဣဒံ, နက်နှစ်တန်ဝယ်, ကဏ်ပစ္စယ, သက်ကုန်ကြ၏၊ ဏိက မှာမူ, နက်သမူဟတ်, သက်ကုန်လတ်ဟု, ကျမ်းမြတ်ထိုထို မိန့်သတည်း။ (ကစ်ဘာဋီ-၂ ၁၃၅)

ဇာတ- တိသော ဘူမိယော-တိဘူမံ။ (ဒိဂု)

တိဘူမေ ဇာတံ-တေဘူမကံ။

http://www.dhammadownload.com



ဇာတအနက်ဝယ် 'ကဏ်ဏာ'ဟူသော ယောဂဝိဘာဂဖြင့် ကဏ်ပစ္စည်း သက်ပါ၊ တေဘူမိကံ ဟု ရှိရာ၌ တမဓိတေသုတ်ဖြင့် ဇာတအနက်၌ ဏိက သက်ပါ။ ဋီကာကျော်၌ကား "တိဿော ဘူမိယော ဣမဿာတိ-တိဘူမံ၊ တိဘူမံယေဝ-တေဘူမကံ"ဟု ပြု၍ သွဲတ္ထ၌ ကဏ်ပစ္စည်းသက်စေလို၏။

ဣဒံ- မနုဿာနံ ဣဒံ-မာနုဿကံ။

မနုဿာနံ ဣမာနိ-မာနုဿကာနိ။

ဏိက- အပူပါနံ သမူဟော-အာပူပိကံ။

မုန့်တို့၏ အပေါင်း၊ သမူဟတ္ထေ-ဟူသော ယောဂဝိဘာဂဖြင့် ဏိက သက်ပါ၊ တစ်နည်းအားဖြင့် "တိုးလေသမျှ, ဏိကဆိုင်ရာ, အဖြာဖြာသည်, သက်ပါ တမဓိတေဖြင့်တည်း"အရ တမဓိတေသုတ် အာဒိသဒ္ဒါဖြင့် သက်ပါ။

## ဂါမ ဇန ဗန္ဓု သဟာယာဒိဟိ တာ

ဂါမာနံ သမူဟော-ဂါမတာ။

ဇနာနံ သမူဟော-ဇနတာ။

ဗန္ဓူနံ သမူဟော-ဗန္ဓုတာ။

နဂရေ ဇာတာ-နာဂရာ၊ နာဂရာနံ သမူဟော-နာဂရတာ။

တာ ဟူသော ယောဂဝိဘာဂ-

ဒေဝေါယေဝ-ဒေဝတာ။

ဣဒပ္ပစ္စယာယေဝ-ဣဒပ္ပစ္စယတာ။

ဒေဝ+ဓဝ တည်း ယ်လာ၊ ဤသုတ်၌ တာ-ဟူသောယောဂဝိဘာဂဖြင့် တာပစ္စည်းသက်၊ ဧဝပုဒ် ဝိဘတ်တို့ကို ချေ၊ သိသက် ချေ။

**နိစ္စ ဣတ္ထိလိင် -**

တာပစ္စယန္တပုဒ်တို့သည် ပင်ကိုယ်သဘောအတိုင်းပင် ဣတ္ထိလိင်

http://www.dhammadownload.com



ရှိကြသောကြောင့် အာပစ္စည်း ထပ်၍သက်ဖွယ်မလို။

သွတ္ထ(သကတ္ထ)-

ဒေဝဟူသော မူလပုဒ်သည် သကမည်၏၊ ထိုပုဒ်၏ နတ်ဟူသော အနက်သည် သကတ္ထမည်၏၊ တာပစ္စည်းသည် ထိုသကတ္ထ၌ ဖြစ်၏၊ ဒေဝနှင့် တွဲဘက်၍ နတ်ဟူသောအနက်ကိုပင် ဟော၏ဟူလို၊ ထို့ကြောင့် တာပစ္စည်းသည် လုံးလုံးအနက်မရှိသော ပစ္စည်းမဟုတ်၊ ရှေ့ပုဒ်၏အနက်သည်ပင် ပစ္စည်း၏ အနက်လည်းဖြစ်သည်၊ "န တု သဒ္ဒါ အနတ္ထာ- အနက်မရှိသော သဒ္ဒါတို့ မရှိကြ"ဟူသော ပရိဘာသာနှင့် အညီ တာပစ္စည်း အနက်ရှိသည် ဟူလို။ (ကစ်ဘာဋီ-၂၊ ၂၃၆)

## တဒဿ ဌာနမိယော စ

ကစ္စည်း, ရူ, သဒ္ဒနီတိတို့၌ " မိယော"ဟု ရှိ၏၊ သိမ္မ, တလာဝတာရ, ရူဂဏ္ဌိတို့၌ "မီယော"ဟု ရှိ၏၊ ပုံစံများကိုလည်း မဒနိယံ စသည်ဖြင့် ဒီဃနှင့် ထုတ်ကြသည်။

ဤယပစ္စည်းအဖြစ် ယူသော ဆရာတို့အလို အနိယပစ္စည်းဖြင့်လည်း ပြီးနိုင်ရကား မဒနိယံ၌ တဒ္ဓိတ်, ကိတ် နှစ်မျိုးရကောင်းသည်။

မောဂ္ဂလ္လာန်၌ "မဒနိယန္တိ ကရဏေ-ဓိကရဏေ ဝါ အနိယေန သိဒ္ဓံ"(မောဂ်-၄၊၆၉) ကရဏ အဓိကရဏ၌ အနိယပစ္စည်းဖြင့် ပြီးသော ကိတ်ပုဒ်ဟု ဆိုလိုသည်။

စိတ္တံ ရဇ္ဇေတီတိ-ရဇနီယော။

မဇ္ဇတိ အနေနာတိ-မဒနီယော။

မဇ္ဇတိ ဧတ္ထာတိ-မဒနီယော-ဟု မောဂ်အလို ပြုပါ။

မဒနဿ ဌာနံ-မဒနီယံ။

http://www.dhammadownload.com



ဂမနသ္မာ ဌာနံ-ဂမနိယံ။

ဒုဿနသ္မာ ဌာနံ-ဒုဿနိယံ။

ရဇနသ္မာ ဌာနံ-ရဇနိယံ။ မုစ္ဆနိယံ၊ ဝန္ဒနိယံ စသည်တူ။

အံ-၂၆၀-၌ ဇဝံ ရဇနီယံ ဇဝံ ကမနီယံ-ဟု ဒီဃနှင့် ရှိ၏။ ကထာဝတ္ထုပါဠိ(၂၉၆)၌ ရဇနိယံ, ကမနိယံ-ဟုလည်းကောင်း, မဇ္ဈိမပဏ္ဏာသဋ္ဌ၌ ရဂ်က္ခမော ရဇနိယော-ဟုလည်းကောင်း ရှိ၏။ ဒီဃနှင့် အားကောင်းသည်။

စသဒ္ဒါ- မိယော စ-၌ စသဒ္ဒါကို ဌာနံနောင် ထိုင်စေ၍ ထိုဌာနံနောင် ထိုင်သော စသဒ္ဒါဖြင့် ဟိတ-အာရမဏ-ဘဝ-ခမ-အရဟ အနက်တို့ကို ဆည်းယူပါ။

မိယောနောင် ထိုင်သော စသဒ္ဒါဖြင့်ကား ဣလ-ယျေ-ပစ္စည်းများကို ဆည်းယူ၏ ဟု ဆို၏။

ဟိတ- ဥပါဒါနာနံ ဟိတာ-ဥပါဒါနိယာ။

ဥပါဒါန်တို့၏ စီးပွားဖြစ်သော တရားတို့။

သညောဇနာနံ ဟိတာ-သညောဇနိယာ။

အာရမဏ-ဥပါဒါနာနံ အာရမဏံ-ဥပါဒါနိယံ။

ဘဝ- ဥဒရေ ဘဝံ-ဥဒရိယံ။

ခမ- ကမ္ပသ္မာ ခမံ-ကမ္ပနိယံ။ (နံ လာ)

အရဟ- ဒဿနံ အရဟတီတိ-ဒဿနိယံ။ ဝန္ဒနိယော၊ ပူဇနိယော-တူ။

ဣလ- ရညော ဣဒံ-ရာဇိလံ။ (ရာဇိယံ-ဣယ)

ယျေ- ဒဿနံ အရဟတီတိ-ဒဿနေယျံ။ ဝန္ဒနေယျံ၊ ပူဇနေယျံ-တူ။

မှတ်ချက်-ဥဒရိယံ-ကို ဇာတာဒီန မိမိယာ စ သုတ်၌ အာဒိသဒ္ဒါဖြင့် ပြခဲ့ပြီ၊ ရာဇိယံ-၌လည်း ထို့အတူ ပြီးနိုင်သည်သာ၊ ဒဿနေယျော-ကိုကား ဏေယျော-ဟူသော ယောဂဝိဘာဂဖြင့် ပြီးနိုင်သည်။ (ကစ်ဘာဋီ)

http://www.dhammadownload.com



(ဆွေဒွင့်) တဒဿဿာနု၊ သုတ်၌ စ-ကား၊ ဌာန ဟိတာ၊ ခမာ ဘဝ၊ ရမဏ
နက်၊ သက်လေ က္ကယ၊ ဌာန က္ကလ်၊ အရဟံမှ၊ က္ကယေ-ယျ၊
မိန့်ပြ နိတိ-ရှု။ (သပြေကန်)

## ဥပမတ္ထာယိတတ္တံ

ဤသုတ်သည် ဥပမာအနက်ဝယ် ဥပမာဟောလိင်မှ နောက်၌ အာယိတတ္တ ပစ္စည်းသက်၏။

ဓူမော ဝိယ ဒိဿတီတိ-ဓူမာယိတတ္တံ။

တိမိရံ ဝိယ ဒိဿတီတိ-တိမိရာယိတတ္တံ။

ရူပဏ္ဏိ၌-ရူပသိဒ္ဓိအလို ရုပ်တွက်သော် "ဓူမော ဝိယ ဒိဿတိ" ဟု ဝါကျပြီးစေ၊ ဤသုတ်ဖြင့် ဥပမာနအနက်၌ အာယိတတ္တပစ္စည်းသက်၊ တဒ္ဓိတ်မှည့်၊ သိဝိဘတ် ဝိယပုဒ် ဒိဿတိ-ပုဒ်တို့ကို ချေ၊ ပကတိပြု၊ နာမ်ငဲ့၊ သိသက်၊ အံပြု၊ ခွင်းချေကပ်-ဟု တွက်ပြထား၏။

ဘာဋီ၌ကား ဝိယ ဒိဿတိ အနက်၌ ပစ္စည်းသက်သည် မဟုတ်၊ ဥပမာအနက်(ဝိယအနက်)၌ သက်သောကြောင့် ရုပ်တွက်သည့်အခါ "ဓူမော ဝိယ"ဟုသာ တည်ပါ ဟု မိန့်တော်မူသည်။

ထို့ကြောင့် ဘာဋီအလို ဓူမော ဝိယ တည်၊ ဤသုတ်ဖြင့် အာယိတတ္တ ပစ္စည်းသက်၊ ဝုတ္တတ္ထာနမပ္ပယောဂေါ-ဖြင့် ဝိယကိုချေ၊ ဝိဘတ်ချေ၍တွက်။

မောဂ္ဂလ္လာန်-

မောဂ္ဂလ္လာန်၌ "ဓူမော ဝိယ အာစရတိ"အနက်၌ ဓူမောနောင် အာယနာမဓာတ် ကတ္တုပမာနာဒါစာရေ-ကဲ့သို့သော သုတ်ဖြင့် အာယပစ္စည်း သက်၍ "ဓူမာယ"ဟူသော နာမဓာတ်နောင် ကတ္တားအနက်ဝယ် တပစ္စည်း သက်၊ က္တအာဂုံဖြင့် ဓူမာယိတ-ဟု ဖြစ်ပြီးမှ သကတ္တ၌ ဖြစ်စေ၊ ဘာဝတ္ထ၌

http://www.dhammadownload.com



ဖြစ်စေ တ္တ-ပစ္စည်း သက်၍ "ဓူမာယိတတ္တံ"ဟု ဖြစ်၏-ဟု ပြဆို၏။

မောဂ္ဂလ္လာန်အဆိုသည် "ဓူမာယိတတ္တန္တိ ဓူမာယိတဘာဝံ၊-ဟူသော မာရသံယုတ် အဋ္ဌကထာဖွင့်ပုံနှင့် ညီသည်ဟု ဘာဋီမိန့်သည်။

ဓူမာယိတဿ ဘာဝေါ-ဓူမာယိတတ္တံ။

"ဓူမာယိတတ္တံ-မီးခိုးတိမ်တိုက်ကဲ့သို့ ပြကျင့်တတ်သည်၏ အဖြစ်သည်၊ ဝါ-မီးခိုးတိမ်တိုက်နှင့် တူသော အခိုးလုံးကြီးသည်၊ ဂစ္ဆတေ၀-တသွားတည်း သွားနေတော့သည်သာတည်း"ဟု ပေး။

## ဥပမာတဒ္ဓိတ်၌ ပစ္စည်းယူဆကြပုံ-

အဋ္ဌကထာ, ဋီကာတို့၌ အတွေ့များသော ဥပမာအနက်၌ ဏာပစ္စည်း (သို့မဟုတ်) အပစ္စည်း သက်ရာသုတ်ကို သဒ္ဒါကျမ်းတို့၌ တိုက်ရိုက်မတွေ့ရ၊ ဏာပစ္စည်းကို ဏ ရာဂါ တဿေဒမညတ္ထေသု စ သုတ်ဝယ် အညတ္ထအရ၌ သွင်းယူ၍ သက်သင့်၏၊ အပစ္စည်းကို "ဒိဿန္တညေပိ ပစ္စယာ"ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့် သက်သင့်ကြောင်း မောဂ္ဂလ္လာန်နိဿယ ဏာဒိကဏ္ဍာ (၄၀)သုတ်၌ ဆို၏၊ အပစ္စည်း ဏာပစ္စည်း နှစ်မျိုးလုံးကို "ယဒနု"သုတ်ကြီး ဖြင့်သော်လည်း သက်သင့်၏။

သီဟောဝိယာတိ-သီဟော။ (အကာရန္တ)

ဝိတ္တိဝိယာတိ-ဝိတ္တိ။

ဗဟုဗ္ဗီဟိဝိယာတိ-ဗဟုဗ္ဗီဟိ။ (ဣကာရန္တ)

ဘူရိဝိယာတိ-ဘူရိ။ (ဤကာရန္တ)

စက္ခုဝိယာတိ-စက္ခု။

ဒိဂုဝိယာတိ-ဒိဂု။ (ဥကာရန္တ)

ထိုပုဒ်တို့တွင် အကာရန္တပုဒ်ကို ဏာပစ္စည်း၊ အပစ္စည်းတို့ဖြင့် ရုပ်ငြီးရာ၌ကား ဆရာတို့ တူညီကြ၏၊ ဣ, ဤ, ဥ ကာရန္တပုဒ်တို့ကိုမူ အချို့က ဏ, အပစ္စည်းတို့ဖြင့်ပင် ရုပ်ပြီးတော်မူကြ၏။

http://www.dhammadownload.com



အချို့ကား "ဥပမာတဒ္ဓိတ်၌ ဆုံးသောကာရန်သည်ပင် ပစ္စည်း"ဟု ယူဆတော်မူ၍ ဝိတ္တိ-၌ ဣပစ္စည်း၊ ဘူရိ-၌ ဤပစ္စည်း၊ စက္ခု-၌ ဥပစ္စည်းဟု ယူဆတော်မူကြ၏၊ ဣ, ဤ, ဥကာရန္တပုဒ်တို့၌ ဏ,အပစ္စည်းသက်လျှင် ယင်းပစ္စည်းတစ်ခုလုံးကို ချေရမည်ဖြစ်သဖြင့် နှစ်သက်တော်မမူကြ။

အချို့ဆရာမြတ်တို့ကား. . "ပိတာမဟတ္တိ တဒ္ဓိတလောပံ ကတွာ ဝေဒိတဗ္ဗံ" (ဝိဠ-၁၊ ၁၇၇)ဟူသော ဤအဋ္ဌကထာအဆိုကို ထောက်၍ တဒ္ဓိတ်ပစ္စည်းတစ်ခုလုံး ချေနိုင်သည်ဟု ယူဆကာ ဣကာရန္တစသော ကာရန္တများ၌ ဏ, အ ပစ္စည်းများလည်း သက်နိုင်၏ဟု ယူဆတော်မူကြ၏။

စာချအကျော် ဘုရားကြီးဆရာတော် ဦးနာဒရကား "ဥပမာတဒ္ဓိတ်၌ ပစ္စည်းမှာ လျော်စွာယူ၊ အဘယ့်ကြောင့်နည်း-တဒ္ဓိတ်သည် ဆန်းကြယ်သောကြောင့်တည်း"ဟု (ဝိဂ္ဂဟနယ)၌ မိန့်တော်မူ၏။

အချုပ်မှတ်ရန်ကား အကာရန္တဥပမာတဒ္ဓိတ်၌ ဏ, အ ပစ္စည်းဖြင့် ရုပ်ပြီးပါ၊ ဣကာရန္တစသော ဥပမာတဒ္ဓိတ်များ၌ကား ဏ,အ ပစ္စည်းကို နှစ်သက်လျှင် ဏ,အ ပစ္စည်းသက်၍ ရုပ်ပြီးပါ၊ ဣ, ဥ, ဤ ပစ္စည်းများကို နှစ်သက်လျှင် ဣ, ဥ, ဤ ပစ္စည်းများသက်၍ ရုပ်ပြီးပါ။

မျက်မှောက်ခေတ် အသုံးကား ကာရန္တမရွေး ဏ, အ ပစ္စည်းသက်မှု တွင်ကျယ်နေ၏။ (ဝိဂြိုဟ်ပြုနည်း နိဿရည်း-၁၄၈)

## ဥပမာတဒ္ဓိတ်နှင့် လိင်ဝုစ်-

ဥပမာတဒ္ဓိတ်များဝယ် လိင်ဝုစ်တူသောပုဒ်များကို ဝိဂ္ဂဟပြုရာ၌ အခက်ခဲမရှိပေ၊ ဥပမာနနှင့် ဥပမေယျတို့ လိင်ဝုစ်မတူသော ပုဒ်များ၌ကား ဥပမေယျ၏လိင်ဝုစ်သို့သာ လိုက်ကြရသည်။

ဓုမာယတီတိ-ဓုမာတာ။ (ဖားဖို)

ဓုမာတာဝိယာတိ-ဓုမာတံ။ (သရီရံ လိင်မတူပုံ)

ဒွေ ဒွေ နာဝါ ဥဠုမ္ပာ၊ ဥဠုမ္ပာဝိယာတိ-ဥဠုမ္ပော။ (ပုဒ်စစ်၊ ဝုစ်မတူပုံ)

http://www.dhammadownload.com



ဖျဌွေဟိ အနုစရိတော ပထော-ဝေယဌွေါ။

ဝေယဌွေါဝိယာတိ-ဝေယဌ်။ (ဝိစိကိစ္ဆာနိဝရဏ)

လိင်ဝုစ်မတူရာ၌ ဥပမေယျ၏ လိင်ဝုစ်သို့ လိုက်ရသည်ဟု ဆိုသော်လည်း အချို့ပုဒ်တို့၌ ဥပမာတဒ္ဓိတ် ဆိုခြင်းထက် ရှိရင်းလိင်ဝုစ်အတိုင်းနှင့်ပင် "သဒိသူပစာ"ကြံလိုက်ခြင်းက သာ၍ကောင်းသည်ဟု ထင်မိပေသည်။

မှန်၏- "ရာဇာနော၊ ရဋ္ဌံ သာနုစရံ" (ဓမ္မဋ-၂ ၂၈၃) တို့၌ ဥပမေယျလိင်ဝုစ်သို့လိုက်၍ ဥပမာတဒ္ဓိတ်ပြုက "သဿတုစ္ဆေဒဒိဋ္ဌိယော, ဒွါဒသာယတနာနိ"တို့သို့ လိုက်ရမည် ဖြစ်သည်။

သို့သော်လည်း ပါဠိတော်၌ "ရာဇာနော, ရဋ္ဌံ"ဟုပင် ရှိနေသည်၊ ထို့ကြောင့် ထိုကဲ့သို့သောပုဒ်တို့၌ ဥပမာတဒ္ဓိတ်ကြံခြင်းထက် သဒိသူပစာကြံခြင်းက သာ၍ကောင်းသည်ဟု မှတ်ပါ။

## တန္နိဿိတတ္ထေ လော

ဒုဋ္ဌ နိဿိတံ-ဒုဋ္ဌလ္လံ။ ဒုဋ္ဌ ဌာနံ ဒုဋ္ဌလ္လံ။

ဝေဒံ နိဿိတံ-ဝေဒလ္လံ။ ဝေဒဿ ဌာနံ-ဝေဒလ္လံ။

ဒုဋ္ဌသဒ္ဒါသည် နိပါတ်ပုဒ်တည်း၊ ထို့ကြောင့် ဒုတိယာ, ဆဋ္ဌီ ကျေသည်။

**ဝိဂ္ဂဟတစ်မျိုး**- ဒုဋ္ဌု စ သော ထူလော စာတိ-ဒုဋ္ဌုလ္လော။ (ဝိ-ဋ)

မကောင်းကြမ်းတမ်းသော အကျင့်၊ ဤအလို သမာသ်ပုဒ်တည်း၊ ဒု-ပုဒ်၊ ထူလ-ပုဒ်၊ တဒ္ဓေဘော်လာ၊ ဒေါ ခဿ စ-၌ စသဒ္ဒါဖြင့် ထ္ထ-ကို ဋပြု၊ ဦကို ဥရဿပြု။

ဝိဒ္ဓိ ဓေတေန(ပြာပဓ္ဗာ အဖ္လနာ ကာတဗ္ဗကိစ္စ)န္တိ-ဝေဒေါ။(သူစိ)

ဝေဒံ လဘာပေတီတိ-ဝေဒလ္လံ။

ဉာဏ်နှင့် နှစ်သက်ခြင်းကို ရစေတတ်သည်၏ အဖြစ်ကြောင့် ဝေဒလ္လ၊

http://www.dhammadownload.com



ဝေဒ-လူ့ဘာ့ဓာတ်၊ ကာရိတ်ကျေ၊ ကွိပစ္စည်းဟု ကြံ။ (သီဒိုဟောင်း)

အတ္ထသဒ္ဒါပို -

အတ္ထသဒ္ဒါပိုဖြင့် ဉာနတ္တကို ဆွဲငယ်ယူသည်ဟု နိဒ္ဒေသ၌ ဆို၏၊ ရူပသိဒ္ဓိကား ဉာနသဒ္ဒါ အနုဝတ္တနနည်းအရ လိုက်လာနိုင်သည်ဟု ယူ၏။ ထို့ကြောင့် ဉာနတ္တ၌လည်း လပစ္စည်း သက်နိုင်လေသည်။

ယင်းအတ္ထသဒ္ဒါပိုဖြင့်ပင် ဘာတုအနက်၌လည်း ဥလပစ္စည်း သက်သေး၏ဟု သပြေကန်၌ ဆိုသည်။

မာတု ဘာတာ-မာတုလော။

ဣလ္လိကပစ္စည်း-

ပိသိတံ မံသံ အသန္တိ ဘက္ခန္တီတိ-ပိသာစာ။

ပိသာစာ ဧဝ ပိသာစိလ္လိကာ။

သုတ်ကြီးဖြင့် (ဒိဿန္တဉ္ဉေပိ ပစ္စယာ-ဟူသော မောဂ်သုတ်ဖြင့်) သကတ္တ၌ ဣလ္လိကပစ္စည်းသက်ပါ။

## အာလု တပ္ပဟုလေ

အဘိဇ္ဈာ အဿ ပကတိ-အဘိဇ္ဈာလု။

အဘိဇ္ဈာ အဿ ဗဟုလာ ဝါ-အဘိဇ္ဈာလု။ (ဘိက္ခု-ကဲ့သို့ စဉ်)

သီတံ အဿ ပကတိ, ဗဟုလာ ဝါ-သီတာလု။

ဒယာ အဿ ပကတိ, ဗဟုလာ ဝါ-ဒယာလု။

သဏ္ဍတအဆို -

သီတ ဥဏှ စသော သဒ္ဒါနောင် အသဟနအနက်၌လည်းကောင်း, ဒယာ-စသော သဒ္ဒါနောင် အဿတ္ထိအနက်၌လည်းကောင်း အာလုပစ္စည်း သက်သေး၏။

http://www.dhammadownload.com



သီတံ န သဟတေတိ-သီတာလု။ (အအေးကို သည်းမခံနိုင်သူ)
ဥဏှံ န သဟတေတိ-ဥဏှာလု။
ဒယာ အဿ အတ္ထီတိ-ဒယာလု။ (သနားခြင်း ကရုဏာရှိသူ)
သဒ္ဓါ အဿ အတ္ထီတိ-သဒ္ဓါလု။

အဘိဇ္ဈာလုကော-
အဘိဇ္ဈာ အဿ ပကတိ-အဘိဇ္ဈာလုကော။

သဗ္ဗတော ကော-သုတ်၌ သဗ္ဗတောသဒ္ဒါပိုဖြင့် ကအက္ခရာလာပါ၊ သီတာလုကော, ဒယာလုကော, ပေါတကော, ဟီနကော, ကုမာရကော, မာဏဝကော, မုဒုကော, ဥဇုကော, အပ္ပမတ္တကံ, ဩရမတ္တကံ-စသည် တို့၌လည်း နည်းတူ က-လာဟု ရှု၌ဆိုသည်၊ သကတ္ထတဒ္ဓိတ်ဟု မဆိုလို။

က-အာဂုမ်ကို ပြရာ 'ဒယာလုကော'၏ နောက်၌"တထာ ဟီနေဝ ဟီနကော၊ ဝေ ပေါတကော" ဟု ရှု(၂၃၄)ပြခြင်းသည် အာဂုမ်ကနှင့် သကတ္ထကတို့ အနက်မရှိပုံချင်း တူသည်ကို ပြသည်ဟု ယူဆရန် ဆရာ ဘုန်းကြီးမိန့်၏။

အာဂုမ်ကြံက ရိုးရိုးနာမ်၊ သကတ္ထကြံက တဒ္ဓိတ်နာမ်ဟု ယူပါ။ အဋ္ဌကထာများ၌ သကတ္ထသာ အကြံများကြ၏ ဟု ဆရာဘုန်းကြီး မိန့်သည်။

အပ္ပမတ္တကံ၌ အပ္ပမတ္တ ဟု ဖြစ်သောအခါ ကလာ၍ အပ္ပမတ္တကံ စသည်ဖြစ်ခြင်းသည် ရှုအလိုသာတည်း။

အပ္ပံ မတ္တာ ယဿာတိ-အပ္ပမတ္တကံ။ (သီလံ)

ဩရံ မတ္တာ ယဿာတိ-ဩရမတ္တကံ။ (သီလံ) ဟု သမာသ ဝစနတ္ထ ပြု၍ ကွစိ သမာသန္တသုတ်ဖြင့် ကပစ္စည်းသက်ရလျှင် သာ၍သင့်မည် ထင်သည် ဟု ရှုဘာဋီ၌ မိန့်သည်။

http://www.dhammadownload.com



## ဇာ ဂ္ဂ တာ ဘာဝေတု

အသိဉာဏ်နှင့် သဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းကိုပင် ဘာဝ-ဘော ဟု လည်းကောင်း, သဒ္ဒပ္ပဝတ္တိနိမိတ်ဟုလည်းကောင်း ခေါ်သည်။

ဂေါတ္တ-၌ နွားဇာတ်သည် "နွား"ဟုသိသော အသိဉာဏ်, ဂေါ-သဒ္ဒါတို့ ဖြစ်ပေါ်လာခြင်း၏ အကြောင်းတည်း။ ထို့ကြောင့် ဂေါတ္တ-၌ နွားဇာတ်သည် ဘော, သဒ္ဒပ္ပဝတ္တိနိမိတ်မည်၏-ဟူလို။

ထို ဘာဝ, သဒ္ဒပ္ပဝတ္တိနိမိတ်သည် ဇာတိဘာဝ, ဂုဏဘာဝ, ကြိယာ, ဒဗ္ဗ, နာမဘာဝအားဖြင့် ငါးပါးပြား၏၊ ယင်းအနက်ငါးပါး၌ ဇာ ဂ္ဂ တာ ပစ္စည်းများ သက်မည်ဟူလို။

(ဆောင်) သဒ္ဒါ ဖြစ်ရိပ်, အကြောင်းဟိတ်, နိမိတ် ဘာဝနက်။
ဇာတ် ဂုဏ် ကြိယံ, ဒြပ် နာမ်, ငါးတန် အပြားထွက်။

ယင်း ဘာဝ, သဒ္ဒပ္ပဝတ္တိနိမိတ် ငါးပါးကိုပင် "အတ္တနော ဒဗ္ဗံ-မိမိ၏ တည်ရာဒြပ်ကို၊ ဂုဏေတိ-ထင်ရှားပြုတတ်၏၊ ဣတိ-ကြောင့်"အရ ဂုဏ်ဟု လည်းကောင်း, "ဝိသေသေတိ-မလိုရာအနက်တို့မှ ထူးခြားအောင်ပြုတတ် ၏၊ ဣတိ-ကြောင့်"အရ ဝိသေသနဟု လည်းကောင်း, "သဿ-မိမိ(သဒ္ဒါ၏) ဘော-ဤဉစ္စာတည်း၊ သကော-ဉစ္စာ။ သကောဧဝ အတ္ထော-သကတ္ထော" အရ သကတ်ဟုလည်းကောင်း ခေါ်သေး၏။

ဤသို့အားဖြင့် ဘော, သဒ္ဒပ္ပဝတ္တိနိမိတ်, ဂုဏ်, ဝိသေသန, သကတ်-ဟူသော အမည်များသည် အမည်သာကွဲ၏၊ သရုပ်အားဖြင့်ကား "ဇာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမ်"ဟူသော ငါးပါးတို့သာတည်း။

ထို့ကြောင့် "ဘဝန္တိ ဧတသ္မာ ဗုဒ္ဓိသဒ္ဒါတိ-ဘာဝေါ၊ သဒ္ဒပ္ပဝတ္တိနိမိတ္တံ ဝုစ္စတိ။ ယဿ ဂုဏဿ ဟိ ဘာဝါ၊ ဒဗ္ဗေ ပစ္စယော ဂုဏဝစနေ ဗြဟ္မဏာ ဒိဟိ"ဟု ရှု၌လည်းကောင်း၊ "ယဿ ဂုဏဿာတိ-ဇာတိအာဒိဘေဒဿ

http://www.dhammadownload.com



ဝိသေသနသဿ"ဟု ရှငိ၌လည်းကောင်း မိန့်လေသည်။

ယဿ ဂုဏဿ-အကြင်ဝိသေသနဖြစ်သောဂုဏ်၏။ ဂုဏဝစနေ-ဂုဏ် ဝိသေသနကို ဆိုလိုလသော်-ဟု ဘာဋီ၌လည်းကောင်း။

ယဿ ဂုဏဿ-အကြင်ဇာတ်စသည်ပြားသော ဝိသေသန၏။ ဂုဏဝစနေ-ဝိသေသနကို ဟောရာ၌-ဟု ရူပဏ္ဍိ၌လည်းကောင်း။

ယဿ ဂုဏဿ-အကြင် ဇာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမ်, သမ္ဗန္ဓ သုတိ, သဒိသဘောဟူသော ဝိသေသန၏။ ဂုဏဝစနေ-ဝိသေသနကို ဟောသည် ရှိသော်-ဟု ဆရာတော်ဦးဗုဓ်၏ ရူသျ၌လည်းကောင်း အသီးသီး အနက်ပြန်ဆိုတော်မူကြသည်။

ဤစကားအစဉ်အရ ဇာတ်စသည်ကို ဂုဏ်ဟုပင်ဆိုနိုင်ကြောင်း ထင်ရှားသည်၊ ဂုဏ်ဆိုရာ၌ 'သုက္ကတ္တံ'ကဲ့သို့ ဇာတ်,ဂုဏ်,ကြိယာ စသည်၌ ပါဝင်သော အစိတ်ဂုဏ်ဟောဟု ဆိုလိုသည် မဟုတ်၊ မိမိတည်ရာဒြပ်ကို ထင်ရှားပြတတ်လို့ ဂုဏ်ဟုဆိုလိုသည်။

ထို့ကြောင့် "ဏျပစ္စယောယံ ဂုဏဝစနေ ဗြာဟ္မဏာဒိဟိ"ဟူသော ရူပါဋီ၏ အဓိပ္ပာယ်ကိုလည်း "ဇာတ်ဂုဏ်ကြိယာဒြပ်နာမ် ဟူသော (သဒ္ဒပ္ပဝတ္တိနိမိတ်) ဂုဏ်(ဝိသေသန, သကတ်, ဘော)ကို ဆိုလိုရာ၌ ဗြာဟ္မဏ စသော သဒ္ဒါနောင် ဏျပစ္စည်းသက်"ဟု အဓိပ္ပာယ်မှန် မှတ်ပါ။

ဇာတိ- ဆက်ဦးအံ့- ဂေါတ္တံ၌ ဂေါသဒ္ဒါသည် ဇာတ်ကိုစွဲ၍ နွားဒြပ်ကို ဟောသောကြောင့် ဇာတိသဒ္ဒါမည်၏၊ ယင်းဒြပ်ဟော ဇာတိသဒ္ဒါနောင် ဘောဟောပစ္စည်းသက်လျှင် "ဂေါဿ ဘာဝေါ-ဂေါတ္တံ"ဟု ဖြစ်၏၊ ယင်းဂေါတ္တံ-၌ တ္တပစ္စည်းအရ နွားဒြပ်ကို မယူရ၊ နွားဇာတ်ဟူသော သကတ်, သဒ္ဒပ္ပဝတ္တိနိမိတ်, ဂုဏ်ကိုသာ ယူရသည်၊ အကြောင်းကား-တ္တပစ္စည်းက ဘောကို ဟောသောကြောင့်တည်း။

http://www.dhammadownload.com



ဂစ္ဆတီတိ-ဂေါ။ (နွားခြင်)
ဂေါသဒ္ဒ ဘာဝေါ-ဂေါတ္တံ။ (နွားဇာတ်)

ဂုဏ- သုက္ကတ္တံ-၌ သုက္ကသဒ္ဒါသည် အဖြူဂုဏ်ကိုစွဲ၍ ပုဆိုးခြင်ကို ဟော သောကြောင့် ဂုဏသဒ္ဒါမည်၏၊ ယင်းခြင်ဟော ဂုဏသဒ္ဒါနောင် ဘာဝပစ္စည်းသက်လျှင် "သုက္ကဿ ဘာဝေါ-သုက္ကတ္တံ" ဟု ဖြစ်၏၊ ယင်းသုက္ကတ္တံ၌ တ္တပစ္စည်းအရ ပုဆိုးခြင်ကို မယူရ၊ အဖြူဂုဏ်ဟူသော သကတ်, သဒ္ဒပ္ပဝတ္တိနိမိတ်, ဂုဏ်ကိုသာ ယူရသည်၊ အကြောင်းကား- တ္တပစ္စည်းက ဘောကို ဟောသောကြောင့်တည်း။

ကြိယာ- ပါစကတ္တံ-၌ ပါစကသဒ္ဒါသည် ချက်ခြင်းကြိယာကို အကြောင်းပြု၍ လူခြင်ကိုဟောသောကြောင့် ကြိယာသဒ္ဒါမည်၏၊ ယင်းခြင်ဟော ကြိယာသဒ္ဒါနောင် ဘာဝပစ္စည်းသက်လျှင် "ပါစကဿ ဘာဝေါ-ပါစကတ္တံ"ဟု ဖြစ်၏၊ ယင်းပါစကတ္တံ-၌ တ္တပစ္စည်းအရ လူခြင်ကိုမယူရ၊ ချက်ခြင်းကြိယာဟူသော သကတ်, သဒ္ဒပ္ပဝတ္တိနိမိတ်, ဂုဏ်ကိုသာ ယူရသည်၊ အကြောင်းကား- တ္တပစ္စည်းက ဘောကိုဟောသောကြောင့် တည်း။

ဒဗ္ဗ- ဒဏ္ဍိတ္တံ-၌ ဒဏ္ဍီသဒ္ဒါသည် တောင်ဝှေးခြင်ကို စွဲ၍ တောင်ဝှေးရှိသော လူခြင်ကိုဟောသောကြောင့် ဒဗ္ဗသဒ္ဒါမည်၏၊ ယင်းခြင်ဟော ဒဗ္ဗသဒ္ဒါ နောင် ဘာဝပစ္စည်းသက်လျှင်" ဒဏ္ဍိနော ဘာဝေါ-ဒဏ္ဍိတ္တံ"ဟု ဖြစ်၏၊ ယင်းဒဏ္ဍိတ္တံ-၌ တ္တပစ္စည်းအရ လူခြင်ကို မယူရ၊ တောင်ဝှေးခြင်ဟူသော သကတ်, သဒ္ဒပ္ပဝတ္တိနိမိတ်, ဂုဏ်ကိုသာ ယူရသည်၊ အကြောင်းကား-တ္တပစ္စည်းက ဘောကို ဟောသောကြောင့်တည်း။

http://www.dhammadownload.com



နာမ... စိတ္တတ္တံ-၌ စိတ္တသဒ္ဒါသည် စိတ္တော ဝေါ-ဟူရာ၌ အမည်နာမ ပညတ်ကို စွဲ၍ စိတ္တမည်သော နွားဖြပ်ကိုဟောသောကြောင့် နာမသဒ္ဒါမည်၏၊ ယင်းဖြပ်ဟော နာမသဒ္ဒါနောင် ဘောဟောပစ္စည်းသက်လျှင်"စိတ္တဿ ဘာဝေါ-စိတ္တတ္တံ"ဟု ဖြစ်၏၊ ယင်းစိတ္တတ္တံ-၌ တ္တပစ္စည်းအရ နွားဖြပ်ကို မယူရ၊ စိတ္တမည်သော အမည်နာမ သကတ်, သဒ္ဒပ္ပဝတ္တိနိမိတ်. ဂုဏ်ကိုသာ ယူရသည်၊ အကြောင်းကား-တ္တပစ္စည်းက ဘောကို ဟောသောကြောင့်တည်း။ ထို့ကြောင့်ပင် နိယံဆရာတို့ကလည်း-

ဖြပ်ပေါ်မှာ, ဘောဆင့်လာ, ဂုဏ်သာ ထိုပုဒ်အရတည်း။

ဖြပ်ပေါ်မှာ, ဘောဆင့်လာ, သကတ္တသာ ရမြဲတည်း။ (ဂုဋ္ဌ)

တဒ္ဓိတ်ဘာဝ, ဝါစက, ဟောကြ ပဝတ္တနိမိတ်ကိုသာတည်း၊

ဟု စပ်ဆိုတော်မူခဲ့ကြသည်။

ဤနိယံများ၌ ဖြပ်ဟူသည် ဇာတ်ဂုဏ်စသော ဖြပ်ငါးမျိုးတည်း၊ ဂုဏ်ဟူသည်လည်း ပြခဲ့သော သကတ်များတည်းဟု မှတ်ပါ။

အချုပ်အားဖြင့် ဇာတ်, ဂုဏ်, ကြိယာ, ဖြပ်, နာမ်-ဟူသော ငါးပါး အပေါင်းကို ဘာဝဟုလည်းကောင်း, သဒ္ဒပ္ပဝတ္တိနိမိတ်, ဂုဏ်, ဝိသေသန, သကတ်ဟုလည်းကောင်း ခေါ်နိုင်သည်ဟု မှတ်ပါ။

ဏျ- န လသတီတိ-အလသော၊ အလသဿ ဘာဝေါ-အာလသျံ။

နတ္ထိ ရောဂေါ ယဿာတိ-အရောဂေါ။

အရောဂဿ ဘာဝေါ-အာရောဂျံ။

နတ္ထိ ဉာဏံ ယဿာတိ-အဏဏော။

န+ဉာဏ မှ နကို အန်ပြု၍ အနဏ-ဟု ဖြစ်၏၊ တေသုဝုဒ္ဓိဖြင့် န-ကို ဏ၊ ဉာကို အ-ပြုက အဏဏ-ဟု ဖြစ်၏။

အဏဏဿ ဘာဝေါ-အာဏဏျံ။

ဝိဓဝါယ ဘာဝေါ-ဝေဓဗျံ။

http://www.dhammadownload.com



ဒုဗ္ဗလဿ ဘာဝေါ-ဒုဗ္ဗလျံ။
ဝိယတ္တဿ ဘာဝေါ-ဝေယျတ္တိယံ။
မစ္ဆရဿ ဘာဝေါ-မစ္ဆရိယံ။
ကုသိတဿ ဘာဝေါ-ကောသီယံ။
အလသဿ ဘာဝေါ-အာလသိယံ။

ဝိယတ္တဿ-နောင် ဏျသက်၊ ဏ်အနုဗန်စသည် ချေ၊ ဝုဒ္ဓိပြုက ဝေယတ္တ-ယ ဟု ဖြစ်၏၊ (နဂိုက ဏျဖြစ်သော်လည်း (ယ)သာကျန်သောကြောင့် ယ ပစ္စည်းခေါ်)တေသုဝုဒ္ဓိဖြင့် ယပစ္စည်းကြောင့် ရှေ့၌ ဣလာ၊ ယဒွေဘော်လာ၊ ဝေယျတ္တိယ-ဟုဖြစ်၏၊ မစ္ဆရိယံ စသည်၌လည်း နည်းတူမှတ်လေ။

ဗဟု သုတံ ယဿာတိ-ဗဟုဿုတော။
ဗဟုဿုတဿ ဘာဝေါ-ဗာဟုဿစ္စံ။

တေသုဝုဒ္ဓိဖြင့် သု-၌ ဥကို အ-ပြုပါ။

အဓိပတိနော ဘာဝေါ-အာဓိပစ္စံ။
မုဠှာ သတိ ယဿာတိ-မုဋ္ဌဿတိ။
မုဋ္ဌဿတိနော ဘာဝေါ-မုဋ္ဌဿစ္စံ။

မုဋ္ဌဿတိ+ယ ဟု ဖြစ်သောအခါ အဝဏ္ဏော ယေ လောပဥ္စ-၌ စသဒ္ဒါ ဖြင့် ဣကို ချေ၊ တျကို စပြု၊ ဒွေဘော်လာ၊ မုဋ္ဌဿစ္စ-ဟု ဖြစ်၏။

ကုသလဿ ဘာဝေါ-ကောသလ္လံ။
ဂိလာနဿ ဘာဝေါ-ဂေလညံ။
သမာနာနံ ဘာဝေါ-သာမညံ။
သုဋ္ဌု ဟဒယော ယဿာတိ-သုဟဒယော။
သုဟဒဿ ဘာဝေါ-သောဟဇ္ဇံ။

ဂေလည-သာမည-တို့ဝယ် လာ-မာ တို့၌ ကွစာဒိဖြင့် ရဿပြုပါ။ သုဟဒယော-ဟူလိုလျက် သုတ်ကြီးဖြင့် ဟဒယ-ကို ဟဒပြု၊ ထို့နောက်

http://www.dhammadownload.com



ဒျကို ဧပြု ဒွေဘော်လာပါ။

ဝိသာရဒဿ ဘာဝေါ-ဝေသာရဇ္ဇံ။

ကုသီဒဿ ဘာဝေါ-ကောသဇ္ဇံ။(တေသုဖြင့် သိဒ္ဒ ဉ်ကို ဒ-ပြု)

သုန္ဒရံ မနော-သုမနော။ (ကောင်းသော စိတ်)

သုန္ဒရံ မနော ယဿာတိ-သုမနော။ (ကောင်းသော စိတ်ရှိသူ)

သုမနဿ ဘာဝေါ-သောမနဿံ။

ဒုမ္မနဿ ဘာဝေါ-ဒေါမနဿံ။ (နည်းတူ)

သုခံ ဝစော တေသ္မိန္တိ-သုဝစော။

သုဝစဿ ဘာဝေါ-သောဝစဿံ။

ဒုက္ခံ ဝစော တေသ္မိန္တိ-ဒုဗ္ဗစော။

ဒုဗ္ဗစဿ ဘာဝေါ-ဒေါဝစဿံ။

ပဋိပက္ခံ နိပယတိ ဝိသောသေတီတိ-နိပကော။ (နိ-ပေ+ဏွု)

ပဋိပက္ခတော အတ္တာနံ ပါတိ ရက္ခတီတိ-နိပကော။ (နိ+ပါ+ဏွု)

နိပကဿ ဘာဝေါ-နေပက္ကံ။

နိပက+ယ ဟု ဖြစ်သောအခါ ဧဝုဒ္ဓိပြု၊ အဝဏ္ဏော ယေ လောပဥ္စ-ဖြင့် က-၏ အကိုချေ၊ ယဝတံ-၌ ကာရသဒ္ဒါပိုဖြင့် ကျ-ကို ကပြု၊ ဒွေဘော်လာပါ။

ရာဇိနော ဘာဝေါ-ရဇ္ဇံ။ (ရာဇ-ဟု ဖြစ်ရာ ကွစာဒိဖြင့် ရဿပြု)

သမာနံ ရူပံ ယဿာတိ-သရူပေါ။

သရူပဿ ဘာဝေါ-သာရုပ္ပံ။ ဥပမာယ ဘာဝေါ-ဩပမ္မံ။

သုခုမဿ ဘာဝေါ-သောခုမ္မံ။ တထဿ ဘာဝေါ-တစ္ဆံ။

သမဂ္ဂဿ ဘာဝေါ-သာမဂ္ဂံ။ ဗြာဟ္မဏဿ ဘာဝေါ-ဉ်။

နိပုဏဿ ဘာဝေါ-နေပုညံ။ ပိသုဏဿ ဘာဝေါ-ပေသုညံ။

နေပုညံကဲ့သို့သော ပြယုဂ်မျိုးတို့၌ ယဝတံသုတ်ဝယ် ကစ္စည်းအလိုနှင့်

http://www.dhammadownload.com



ရှုပသိဒ္ဓိတို့ မတူကြချေ၊ သုတ်တည်ပုံကို သတိပြုရမည်။ ကစ္စည်း၌- "ယဝတံ တလဏာ"ဟု တည်၏၊ ရှုပသိဒ္ဓိ၌ "ယဝတံ တလန" ဟု တည်၏။

တ္တ- ပံသုကူလံ သီလံ ယဿာတိ-ပံသုကူလိကော။

ပံသုကူလိကဿ ဘာဝေါ-ပံသုကူလိကတ္တံ။

ဥဒရေ ဘဝေါ-ဩဒရိကော။ န ဩဒရိကော-အနောဒရိကော။

အနောဒရိကဿ ဘာဝေါ-အနောဒရိကတ္တံ။

မနုဿဿ ဘာဝေါ-မနုဿတ္တံ။

တာ- အပ္ပာ ဣစ္ဆာ ယဿာတိ-အပ္ပိစ္ဆော။

အပ္ပိစ္ဆဿ ဘာဝေါ-အပ္ပိစ္ဆတာ။

အလောဘပြဋ္ဌာန်းသော ကုသိုလ်စိတ်ဥပ္ပာဒ်ဖြစ်ခြင်း အမူအရာ ကြိယာ။

သဗ္ဗံ ဇာနာတီတိ-သဗ္ဗညူ။ သဗ္ဗညုနော ဘာဝေါ-သဗ္ဗညုတာ။

သံသာရတော ပါရေ နိဗ္ဗာနေ မိနောတိ ပက္ခိပတီတိ-ပါရမီ။

ပါရ-မိ-ဓာတ်၊ ဏီပစ္စည်း။ (ပုဂ္ဂလော)

ပါရမိဿ ဘာဝေါ-ပါရမိတာ။ ဒါနာဒိကိရိယာ-(ဂဏ္ဌိ)။

ဆဋ္ဌမူ ဋီကာစာကိုယ်၌ "ပရမဿ ဘာဝေါ-ပါရမိတာ"ဟု ရှိနေ၏၊ ဘာဋီ၌ ယင်းဋီကာ စာကိုယ်ပြပုံကို အတည်မပြုပေ။

သင်္ဂဏနံ သမောဓာနံ-သင်္ဂဏိကာ။

သင်္ဂဏိကာ အာရာမော ယဿာတိ-သင်္ဂဏိကာရာမော။

အပေါင်းအဖော် ကိလေသာတို့နှင့် ပေါင်းခြင်းဟူသော မွေ့လျော်ရာ ရှိသူ။

သင်္ဂဏိကာရာမဿ ဘာဝေါ-သင်္ဂဏိကာရာမတာ။

မွေ့လျော်ရာ ဌာနဒြပ်။

ဘဿေ အာရမတီတိ-ဘဿာရာမော။

(နံ) ဘဿေ အာရာမော ယဿာတိ-ဘဿာရာမော။

ဘဿာရာမဿ ဘာဝေါ-ဘဿာရာမတာ။

http://www.dhammadownload.com



တုသဒ္ဒါပိုု-ဤသုတ်၌ တုသဒ္ဒါပိုဖြင့် ဘာဝအနက်၌ တ္တန, ဏေယျ ပစ္စည်းများ သက်ရန် ရူပသိဒ္ဓိ၌ ဆို၏၊ ယင်းတုသဒ္ဒါပိုဖြင့်ပင် မောဂ္ဂလ္လာန်၌ ပြဆိုသော ဏ္ယ-ဏိယ-ဗျ-နဏ်-ဏ္မ ပစ္စည်းများကိုလည်း ဆည်းယူပါ၊ အခြားကျမ်းများ၌ ယင်းတုသဒ္ဒါဖြင့်ပင် ဝိယ-ဏ-လ-တ-ဏိက-ဋ္ဌက-ဿ စသော ပစ္စည်းများကိုလည်းကောင်း, တာ-ဍီ၌ ဝန္တုပစ္စည်းကိုလည်းကောင်း ဆည်းယူကြသေး၏။

တ္တန- ပုထုဇ္ဇနဿ ဘာဝေါ-ပုထုဇ္ဇနတ္တနံ။
ဝေဒနာယ ဘာဝေါ-ဝေဒနတ္တနံ။
ဇာယာယ ဘာဝေါ-ဇာယတ္တနံ။
ဇာရဿ ဘာဝေါ-ဇာရတ္တနံ။
တနုနော ဘာဝေါ-တနုတ္တနံ။
ရာဂဿ တနုတ္တနံ-ရာဂတနုတ္တနံ။

ဏေယျ- သုစိနော ဘာဝေါ-သောစေယျံ။
သုစိနော ဘာဝါ-သောစေယျာနိ။
ဓူတာနံ ကမ္မံ-ဓူတေယျံ။ သဌဿ ဘာဝါ-သာဌေယျာနိ။
အဓိပတိနော ဘာဝေါ-အာဓိပတေယျံ။
ပိသုနဿ ဘာဝေါ-ပေသုနေယျံ။
ထေနဿ ဘာဝေါ-ထေယျံ။

တေသုဝုဒ္ဓိ-ဖြင့် န-ကို ချေပါ၊ မောဂ္ဂလ္လာန်၌ ထေန+ဏျ၊ (၄-၁၂၃) နိပါတနသုတ်ကြီးဖြင့် န-ကို ယပြု၏။

ဏ္ယ- အဓိပတိနော ဘာဝေါ-အဓိပတိယံ။
နဂ္ဂဿ ဘာဝေါ-နဂ္ဂိယံ။ ဒက္ခဿ ဘာဝေါ-ဒက္ခိယံ။
သူရဿ ဘာဝေါ-သူရိယံ။

ဏိယ- အလသဿ ဘာဝေါ-အာလသိယံ။

http://www.dhammadownload.com



ကလုသဿ ဘာဝေါ-ကာလုသိယံ။
မန္ဒဿ ဘာဝေါ-မန္ဒိယံ။ ဒက္ခဿ ဘာဝေါ-ဒက္ခိယံ။
ဝိယတ္တဿ ဘာဝေါ-ဝေယျတ္တိယံ။
ဒလိဒ္ဒဿ ဘာဝေါ-ဒါလိဒ္ဒိယံ။
ပဂဗ္ဗဿ ဘာဝေါ-ပါဂဗ္ဗိယံ။ ဒဠှဿ ဘာဝေါ-ဒဠှိယံ။

မောဂ်သျ၊ ဘာဋီတို့၌ မာန္ဒိယံ, ဒါက္ခိယံ, ဒါဠှိယံ ဟု ရှိသော်လည်း ပဋိကာစာကိုယ်၌ ဝုဒ္ဓိမပြုသောကြောင့်လည်းကောင်း, ပယောဂသိဒ္ဓိနိဿယ၌ "သံယုဂ်ကြောင့် ဝုဒ္ဓိမပြုရ"ဟု မှာထားသောကြောင့်လည်းကောင်း, ပါဠိ၌ "ကုတော ကာယဿ ဒဠှိယံ"ဟု ရှိသောကြောင့်လည်းကောင်း ဝုဒ္ဓိမပြုသော ရုပ်များကိုပါ ပြလိုက်သည်၊ ဝုဒ္ဓိမရောက်ရာ၌ ဣယပစ္စည်း၊ ဝုဒ္ဓိရောက်ရာ၌ ဏိယပစ္စည်းဟု ခွဲက ပိုကောင်းမည်၊ ရူပသိဒ္ဓိ၌ကား ဝုဒ္ဓိရောက်ရောက် မရောက်ရောက် ဏျပစ္စည်းချည်းသက်၍ တေသုဝုဒ္ဓိဖြင့် ဣလာ၏၊ ထို့ကြောင့် ရှုအလို အထက်ပါပုံစံများကို ဏျ-ဟု ခွဲ၍ ဣလာပါ။

ဗျ- ဝဒ္ဓဿ ဘာဝေါ-ဝဒ္ဓဗျံ။
ဣမ- အဏုနော ဘာဝေါ-အဏိမာ။ (ရာဇာဒိဂိုဏ်းဖြစ်၍ သိကို အာပြု)
မဟိနော ဘာဝေါ-မဟိမာ။
လဃုနော ဘာဝေါ-လဃိမာ။
နဏ်- ယုဝိနော ဘာဝေါ-ယောဗ္ဗနံ။

ယုဝ+န ဟု ဖြစ်သောအခါ ဝုဒ္ဓိပြု၊ ဝ-ကို ဗပြု၊ ဒွေဘော်လာ၊ ရှု၌ တစ်မျိုးပြီးသည်။

တ္တ- သာဓုတ္တံ-သူတော်ကောင်း၏ အဖြစ်။ (ကစ်ဘာဋီ-၂၊ ၁၅၀)

မယူသင့်သော ပစ္စည်းများ

ဝိယ- ဒါသဿ ဘာဝေါ-ဒါသဝိယံ။(ဣယပစ္စည်းသက်၊ ဝလာကမြိုးနိုင်)

http://www.dhammadownload.com



ဋ္ဌက- ဒွေ ဘာဝေါ-ဒွေဋ္ဌကံ။

ဒွိတော ဋ္ဌကော ဘာဝေ-ဟူသော နိတိ(၈၄၀)သုတ်ဖြင့် ဒွိသဒ္ဒါနောင် ဋ္ဌကပစ္စည်းသက်သည် ဟု ဆိုသည်၊ သပြေကန်၌ကား ဋ္ဌကပစ္စည်း မဟုတ်၊ ဣလ-ဓာတ်၊ ယုပစ္စည်းဟု ဆို၏၊ ရုပ်ပြီးမပြ။

သီဋီသစ်၌ "ဒွိဓာ လေတိ ဧတေနာတိ-ဒွေဠှော၊ ဒွေဠှောယေဝ ဒွေဠ္ဌကော"-နှစ်မျိုးအပြားအားဖြင့် တုန်လှုပ်ကြောင်းဖြစ်သော ယုံမှားမှု၊ ဒွိ-သဒ္ဒူပပဒ လေ-ဓာတ်၊ ကမ္ပနေ၊ ဟပစ္စည်း။ ထို့နောက် သွတ္ထ၌ ကပစ္စည်း သက်၍ ပြီးသောကြောင့် ဘာဝတ္ထ၌ ဋ္ဌကပစ္စည်း မလို။

ဒွိဓာ လေတိ ကမ္ပတိ စိတ္တံ ဧတေနာတိ ဟိ ဒွေဠ္ဌကံ၊ ဟပစ္စယံ သကတ္ထဝုတ္တိကပစ္စယဉ္စ ကတွာ။ (သီဋီသစ်-၁၊ ၃၂၀)

ကမ္ပနဋ္ဌေန ဒွိဓာ လေယတီတိ-ဒွေဠ္ဌကံ။ (နိဒ္ဒေသ-၄)

လ- မဟန္တဿ ဘာဝေါ-မဟလ္လံ။

လ-ဒွေဘော်လာ၊ မဟလ္လနောင် အဿတ္ထိ၌ ကပစ္စည်းသက်လျှင် မဟလ္လကော-ဟု ဖြစ်၏။ (ဝိ-၄၊ သပြေကန်)

မဟလ္လဘာဝေါ ဧတဿ အတ္ထီတိ-မဟလ္လကော။

မဟတ္တံ လာတိ ဂဏှာတီတိ-မဟလ္လော၊ ကြီးသည်၏အဖြစ်ကို ယူတတ်သောကျောင်း။-ဟု အနက်မှတ်ပါ။ တ္တ-ပစ္စည်းကို ချေ၊ လဒွေဘော်လာ၊ မဟလ္လောယေဝ မဟလ္လကော၊ သွတ္ထ၌ ကပစ္စည်း။

တ- သဗ္ဗညုနော ဘာဝေါ-သဗ္ဗညုတံ။

သဗ္ဗညုတံ-သည် တပစ္စည်းမဟုတ်၊ တာပစ္စယန္တသာတည်း၊ သဗ္ဗညုနော ဘာဝေါ-သဗ္ဗညုတာ၊-ဟု ချပါ။ သဗ္ဗညုတံ ပါပုဏိတွာ-သည် ဒုတိယန္တတည်း။

ဿ- သုမနဿ ဘာဝေါ-သောမနဿံ။

သောမနဿံ-စသည်၌ ဘာဝတ္ထဝယ် ဏပစ္စည်းသက်၊ ဝုဒ္ဓိပြု၊

http://www.dhammadownload.com



"မနာဒိနံ သက်"ဟူသော မောဂ် (၄၊ ၁၂၈) သုတ်ဖြင့် သ-လာ၊ ဒွေဘော်ပြု၍ ပြီးခြင်းသည်သာလျှင် မနသ်-စသည်ဖြင့် နဂိုရ်(သ်)ရှိသည့်အတိုင်း ကောင်းသောကြောင့်လည်းကောင်း ရှုအလို ကျသက်၊ တေသုဖြင့် သ-လာ၊ သျကို သ-ပြု၊ ဒွေဘော်လာ၍ ပြီးသောကြောင့်လည်းကောင်း သဿပစ္စည်း လိုမည်မထင်။

ဏ- ဝဒ္ဓသ ဘာဝေါ-ဝဒ္ဓဝံ။

လဇ္ဇတီတိ-လဇ္ဇော၊ လဇ္ဇဿ ဘာဝေါ-လဇ္ဇဝံ။ (အံဋီ-၂၊ ၆၀)

ဝဒ္ဓဝံ-၌ ဏ ဝိသမာဒိဟိဖြင့် ဏသက်၊ ဝလာလျှင် ပြီးနိုင်သည်၊ လဇ္ဇဝံ-၌လည်း သုတ်ကြီးဖြင့် (ဝ်)လာပါ။

ဏိက- ပုထုဇ္ဇနဿ ဘာဝေါ-ပေါထုဇ္ဇနိကော။

ပေါထုဇ္ဇနိကော-၌ ပုထုဇ္ဇနာနံ အယံ-ပေါထုဇ္ဇနိကော၊ ပုထုဇဉ်တို့၏ ဥစ္စာ-ဟု က္လဒ်အနက်၌ ဏိကပစ္စည်းသာ၊ ပေါထုဇ္ဇနိကန္တိ-ပုထုဇ္ဇနာနံ သန္တကံ၊(အံ-၄၊ အနုတ္တရိယသုတ်)။ ပုထုဇ္ဇနေ ဘဝါ၊ (ဝိသုဒ္ဓိ-မဟာဋီ)။ ပုထုဇ္ဇနေန အာစိဏ္ဏံ၊ (သာရတ္ထ)- စသည်ဖြင့်လည်း ဆိုကြသေး၏။

(ဆောင်) ဘာဝေတုပြ, တုသဒ္ဒဖြင့်, တ္တန ဏေယျာ, က္လယာ ဏိယ, ဗျ-က္လမ-နဏ်, တ္ဝ ပစ္စယံကို, ယူရန်မုချ, သင့်မြတ်လှ၏၊ ဝိယ ဋ္ဌက, လ-တ-ဿ ဟု, ပစ္စည်းစုမှာ, မပါသော်လည်း, ဆိုင်ရာနည်းဖြင့်, ရုပ်ပြီးနိုင်တောင်း, ယူ မကောင်းသည်, နောက်နှောင်း မှတ်ဖွယ် အချုပ်တည်း။

ယောဂဝိဘာဂ-

ဘာဝေတုကို ဖြတ်၍ "ဏျတ္တတာ"ဟူသော ဒွိဓာကရဏယောဂဝိဘာဂဖြင့်ကမ္မအနက်, သကတ္တအနက်တို့၌လည်း ဏျစသောပစ္စည်းများသက်သေး၏ဟု ရှု၌ဆို၏၊ အခြားကျမ်းများ၌ ဟိတ-က္လဒ်-သာဓု-ဇာတ-ဘဝ ဟူသော အနက်များ၌လည်း ဏျစသည်သက်၏ ဟု ဆို၏။

http://www.dhammadownload.com



ဝိရာနံ ဘာဝေါ, ကမ္မံ ဝါ-ဝိရိယံ။

ဝီရ+ဏျ တေသုဝုဒ္ဓိဖြင့် ယလာပါ၊ မောဂ်အလို က္လယပစ္စည်းဟု မှတ်။

ဘိသဂ္ဂဿ ကမ္မံ-ဘေသဇ္ဇံ။

ဗျာဝဋဿ ကမ္မံ-ဝေယျာဝစ္စံ။

သဌဿ ကမ္မံ-သာဌေယျံ။

ယထာဘူတမေဝ-ယထာဘုစ္စံ။

ကရုဏာယေဝ-ကာရုညံ။

ပတ္တကာလမေဝ-ပတ္တကလ္လံ။

အာကာသာနန္တမေဝ-အာကာသာနဉ္စံ။

ဟိတ-က္လာဒံ စသော အနက်များ၌ ဇတုဒိနမိမိယာ စ-၌ စသဒ္ဒါဖြင့် ဏျ-စသော ပစ္စည်းများသက်၍ ပြီးနိုင်သောကြောင့် ဤသုတ် ယောဂဝိဘာဂဖြင့် သက်ဖွယ်လိုမည်မထင်။

(ဆောင်) ဘာဝေတုပြ, တုသဒ္ဒဖြင့်, တ္တန ဏေယျာ, နှစ်ပစ္စယာတည်း၊
ဏျ- တ္တ-တာ, ဝိဘာဂါလည်း, ကမ္မာ သကတ်, နှစ်နက်ထပ်၏၊
မှတ်အပ်သေသ, ပစ္စယကို, မယူပိုသည်, ရှုအလိုသာ စစ်တမ်းတည်း။

## ဏ ဝိသမာဒီဟိ

ဝိသမစသော ဆဋ္ဌီယန္တသဒ္ဒါနောင် ဏ-တ္တ-တာ ပစ္စည်းများ သက်ပါ၊ ဤသုတ် အာဒိသဒ္ဒါသည် ပကာရ(အတူ)အနက်ရှိ၏၊ ဝိသမကဲ့သို့ ဏပစ္စည်း သက်၍ ပြီးကောင်းသော သုစိ-ဂရု-ပဏ္ဍု-ဥဇု-မုဒု-က္လသိ-ဥသဘ-ယုဝ-ကုမာရ-ပရမ-သမဂ္ဂ-သမ္မာ-မိတ္တ စသည်တို့ကို ယူ။

ဝိသမဿ ဘာဝေါ-ဝေသမံ။ ဝိသမတ္တံ။ ဝိသမတာ။

http://www.dhammadownload.com



## အာဒိသဒ္ဒါ

သုစိ- သုစိဿ ဘာဝေါ-သောစံ။

ဂရု- ဂရုနော ဘာဝေါ-ဂါရဝေါ။

ဂရု+ဘာဝ တည်၊ ဂရုနော ဘာဝေါ-ဖြစ်အောင်ပြု၊ ဝိဘတ်စသည်ချေ၊ ဂရု+အ ဟု ဖြစ်သောအခါ ဂ-၌ ဝုဒ္ဓိပြု၊ ဩသရေ စ-၌ စ,ဖြင့် ဥကို အဝ ပြုပါ(ရှု)။ ဂရုံ ကရောတီတိ-ဂရုကာရော-ဟူလိုလျက် ကာရပုဒ်ကို ချေ၍ ဂရု-ဟု ဖြစ်၏၊ ထို့နောက် ဂရုနော ဘာဝေါ-ဟု ဆက်ပါ။

အလေးပြုတတ်သူ၏ ဖြစ်ကြောင်း ရှိသေခြင်း အမူအရာကြိယာ-ကို ကောက်၊ ခု-၁, ၄၊-ကို ညွှန်ပြထား၏၊ ဂါရဝေါ စ နိဝါတော စ-၌ ဂါရဝ-ပုဒ်တည်း။ ဂရတိ သိဉ္စတိ, ဂိရတိ ဝမတီတိ ဝါ သိဿေသု သိနေဟန္တိ-ဂရု ဂရ(ဂိရ)-သေစနေ၊ ဥ၊(မောဂ်)။ ဂရတိ သိဉ္စတိ သိဿေသု မေတ္တော-ဒကေနာတိ-ဂရု၊ တပည့်တို့၌ မေတ္တာရေဖြင့် သွန်းလောင်းတတ်သူ။

သိဿေဟိ ဂရိယတီတိ-ဂရု၊ တပည့်တို့က မေတ္တာဖြင့် သွန်းလောင်းအပ်သော ဆရာ၊(နီတိ)။ ဂရုနော ဘာဝေါ-ဂါရဝံ၊ အလေးပြုအပ်သော ဆရာ၏ ဖြစ်ကြောင်း မေတ္တာကရုဏာစသောဂုဏ်၊ သီလစသောဂုဏ်။

ပဋု- ပဋုနော ဘာဝေါ-ပါဋဝံ။ ပဋုတ္တံ။ ပဋုတာ။

ဥဇု- ဥဇုနော ဘာဝေါ-အဇ္ဇဝံ။ ဥဇုတာ။

ဥဇု+ဘာဝ ၌ ဏသက်၊ အနုဗန်ချေ၍ ဥဇု+အ ဟုဖြစ်သောအခါ အာတ္တဉ္စ-သုတ်ဖြင့် အစ ဥကို အာပြု၊ ဩသရေ စ-၌ စဖြင့် ဇု-၏ ဥကို အဝ ပြု၊ ဒွေဘော်လာ (အာဇ္ဇဝ) ကွစာဒိဖြင့် အစ အာကို ရဿပြုပါ။

မုဒု- မုဒုနော ဘာဝေါ-မဒ္ဒဝံ။ မုဒုတာ။ (နည်းတူပြီးပါ)

ဣသိ- ဣသိဿ ဘာဝေါ-အာရိသျံ။

ဣသိဿနောင် ဏသက်၊ အနုဗန် ဝိဘတ်ချေ၊ (ဣသိ+အ)အာတ္တဉ္စ-သုတ်ဖြင့် ဣကို အာပြု၍ စသဒ္ဒါဖြင့် ရိအက္ခရာလည်းလာ၊ (အာရိသိ+အ)

http://www.dhammadownload.com



ဏ္ဍဝဏ္ဏော ယံ နဝါ-ဖြင့် သိဒ္ဓ ဏ္ဍကို ယပြု၊ အာရိသျံ-ဟူ-ဖြစ်၏။ သျ-ကို သ ပြု ဒွေဘော်လာက အာရိသံ-ဟု သိမှုအတိုင်းဖြစ်၏။ အာရိသျံ-ကို ဏ ရာဂါ သုတ်ဝယ် ဏ္ဍဒ်တဒ္ဓိတ်အဖြစ်လည်း (ရှု၍) ပြခဲ့ပြီ။

ဥသဘ- ဥသဘဿ ဘာဝေါ-အာသဘံ။

ယုဝ- ယုဝဿ ဘာဝေါ-ယောဗ္ဗနံ။

ယုဝ+ဏ ပစ္စည်း၊ ယုဝ-အ ဟု ဖြစ်သောအခါ ဝုဒ္ဓါဒိ-ဖြင့် ဝုဒ္ဓိပြု၊

တေသု-ဖြင့် န လာ၊ ဝဒွေဘော်လာ၊ ဝ နှစ်လုံးကို ဗ နှစ်လုံးပြုပါ။ မောက်၌ နဏ် ပစ္စည်းသက်၍ ဘာဝေတု-၌ တုသဒ္ဒါဖြင့် ပြခဲ့သေး၏။

ကုမာရ- ကုမာရဿ ဘာဝေါ, ကမ္မံ ဝါ-ကောမာရံ။

သကတ္ထ၌ ကပစ္စည်းသက်၍ "ကောမာရံ ဝေ ကောမာရကံ"ဟုလည်း ဖြစ်၏။

သမ္မာ- သမ္မာ ဘာဝေါ -သာမိစိ။ သာမိစိ။

သုတ်ကြီးဖြင့် စ်လာ၊ မာ-၌ အာကိုလည်း ဏ္ဍပြု၊ မ-သံယုဂ်ကိုလည်း ဝိသံယောဂပြု၊ နဒါဒိ ဤသက်၍ မောက်သျ-ဏာဒိ၊ ၅၉-သုတ်၌ စီရင်၏။

ဆရာတော် ဦးသီလာနန္ဒာဘိဝံသ-၏ ဌာန်ကရိုဏ်းပယတ် အဖွင့်ကျမ်း၌ကား "သမ္မာ ဘာဝေါ ကမ္မံ ဝါ- သာမိစီ"-ဝိဂ္ဂဟပြု၍ "သမ္မာ-ကောင်းသည်၏၊ ဝါ-လျော်သည်၏"ဟု ပေး၊ သမ္မာနောင် ဏပစ္စည်းသက်၊ သုတ်ကြီးဖြင့် စလာ၊ မ-တစ်လုံးကို ချေ၊ အာကို ဤပြု၊ ဝုဒ္ဓါဒိသရဿ ဖြင့် အစသရ အကို အာဝုဒ္ဓိ ပြု၊ ဏ္ဍတ္ထိဇောတက ဤသက်၍ ပြီးစေအပ်၏-ဟု မိန့်သည်။

ပရိဝါပါဠိတော်(နှာ-၃၆၈-၉) "အဉ္ဇလိ သာမိစေန စ"ဟူသော ပါဠ်၌ ဆန်းဂိုဏ်းကိုက်အောင် ဤကိုရဿပြု၍, နပုံလိင်လည်း ကြံ၍ "သာမိစေန" ဟု ဆိုသည်-ဟု မှတ်သင့်ကြောင်း ဆို၏။

မိတ္တ- မိတ္တဿ ဘာဝေါ-မေတ္တိ။

ပရမ- ပရမာနံ ဘာဝေါ ကမ္မံ ဝါ-ပါရမီ။ (ဒါနာဒိကြိယာ)

http://www.dhammadownload.com



ဏာဝဏ်က-စသောသုတ်ဖြင့် ဣပစ္စည်းသက်ပါ။

သမဂ္ဂ- သမဂ္ဂါနံ ဘာဝေါ-သာမဂ္ဂိ။

(ဆောင်) ဝိသမာဒိ, သုတ်အာဒိဖြင့်, သုစိ-ဂရု, ပဋ္ဌု.ဇု နှင့်, မုဒု-ဣသိ, ဥသဘာထည့်လေ, တစ်ထွေ ယုဝ, ကုမာရတည်း၊ သမ္မာ မိတ္တ, ပရမနှင့်, သမဂ္ဂပါ, စစ္စာ ဆက်ဆက်, ဏာသက်သက်ဖြင့်, ပြီးသင့်သမျှ, ထိုပုဒ်မျှ, ယူကြနိုင်ပေသည်။ (ကစ်ဘာဋီ-၂ ၁၅၂)

## ရမဏီယာဒိတော ကဏ်

ရမဏီယစသော သဒ္ဒါနောင် ဘာဝတ္ထ၌ ကဏ်, တ္တ, တာ ပစ္စည်းများ သက်ပါ။ ရမိတဗ္ဗောတိ-ရမဏီယော။ ရမု+အနီယ။

ရမဏီယဿ ဘာဝေါ-ရာမဏီယကံ။ ရမဏီယတ္တံ,တာ။

ရာမဏီယကန္တိ-ရမဏီယဘာဝံ။ (ပါယာသိသုတ်-၄)

(နဲ) ရမဏီယမေဝ ရာမဏီယကံ။

တံ ဘူမိရာမဏီယကန္တိ-သော ဘူမိပဒေသော ရမဏီယောဝေ- ဟူသော မမ္မပဒဋ္ဌကထာအလို သကတ္ထ၌ ကဏ်ပစ္စည်းဟု ကြံသင့်သည်။

မောဂ္ဂလ္လာန်၌ကား သကတ္ထ၌ ကပစ္စည်းကို ရှေးဦးစွာသက်၍ ရမဏီယက ဖြစ်ပြီးမှ ဘာဝတ္ထ၌ ဏာပစ္စည်းသက်၍ ရာမဏီယကံ-ဟု ဖြစ်စေသည်။ (မောဂ်-သျှ။ ၂၊ ၁၀၂)

ရမဏီယမေဝ ရာမဏီယကံ။ (သွတ္ထ-၌ က)

ရမဏီယကဿ ဘာဝေါ-ရာမဏီယကံ။ (ဘာဝတ္ထ-၌ ဏ)

နိရုတ္တိ- ရမိတဗ္ဗန္တိ-ရမဏံ၊ ရမဏံ ထွေ အတ္ထီတိ-ရာမဏော၊

အာရာမရာမဏဿ ဘာဝေါ-အာရာမရာမဏေယျကံ။

ဏေယျော၊ သကတ္ထေ စ ကော-ဟု ဆို၏။ (နိရုတ္တိ-၃၁၆)

http://www.dhammadownload.com



သဒ္ဒနီတိ- ယတ္ထ အရဟန္တော ဝိဟရန္တိ,တံ ဘူမိရာမဏေယျကန္တိ ဧတ္ထ ပန ရမိတဗ္ဗာတိ-ရမဏီယာ၊ ရမဏီယာ ဧဝ ရာမဏေယျာ။ ဧတ္ထ ဌာနေ ဘူမိရာမဏေယျကန္တိ သမာသန္တေ ကပစ္စယော ဝေဒိတဗ္ဗော။

ရမဏီယာ ဧဝ ရာမဏေယျာ။ သကတ္ထဒ္ဓိ ဏျ။

ဘူမိ စ သာ ရာမဏေယျာ စာတိ-ယျကာ။ သမာသန္တ-က။

မာနုညက်-မန် အာ ဘုသော ဉာတိ တောသေတီတိ-မနုည်။

(နဲ) အာ ဘုသော ဉာတိ တောသေတီတိ-အည်။

အာ-ပုဗ္ဗ ဉာဓာတ်၊ တောသနေ၊ သံဟနညာယ ဝါ ရော ယော-ဖြင့် ရပစ္စည်းသက်၊ ရ်-အနုဗန်ချေ၊ ဉ ဒွေဘော်လာ၊ ရဿံဖြင့် ရဿပြု၊ အည်-ဟု ပြီး၏။

မန် အည် မနုည်။ မန+အည-ဟု သမာသ်ပြီးသော အခါ န၏ အကို ဩပြု၊ (မနော+အည်)ပုထသု ဗျဥ္စနေ-၌ အန္တသဒ္ဒါပိုဖြင့် ဩကို ဥပြုပါ။ မနုညသ ဘာဝေါ-မာနုညက်။

ပိယံ ရူပံ ယဿာတိ-ပိယရူပေါ၊ ပိယရူပဿ ဘာဝေါ-ပက်။

စောရဿ ဘာဝေါ-စောရက်။ စောရိကာ ဝါ။

စောရိကာ-၌ စောရက-ဟု ဖြစ်သောအခါ တေသုဝုဒ္ဓိဖြင့် ဣလာ၊ အာပစ္စည်းသက်၊ ခိုးတတ်သူ၏ ဖြစ်ကြောင်းဖြစ်ရာ ခိုးခြင်းအမှုအရာကြိယာ။

## ဝိသေသေ တရတမိသိကိယိဋ္ဌာ

သူတစ်ပါးထက် သာလွန်ထူးကဲခြင်း ထူးချွန်ခြင်းကို ဝိသေသ အနက်ဟု ဆိုသည်၊ ယင်းအနက်၌ တရ-တမ-ဣသိက-ဣယ-ဣဋ္ဌ ပစ္စည်း များ သက်မည်ဟူလို။

http://www.dhammadownload.com



(ဆောင်) တို့အောက် တို့ထက်, သာလွန်တက်မှု, အနက်ဝိသေသ, ခေါ်ဆို ကြ၍, တရ တမ, ကဿိကနှင့်, ကလယ ကလ္ဌာ, ဤငါးဖြာ, လျော်စွာ သက်ကြသည်။ (ပါဠိသိက္ခာ-၁၆၉)

တရထက် တမ သာလွန်-

သာမန်သတ္တဝါ (သာမန်တရား) ထက် သာလွန်သူကို ဟောရာ၌ တရပစ္စည်းဖြင့် သုံးစွဲ၍ ထိုသာလွန်သူ (သာလွန်သောတရား) ထက်ပင် ထူးချွန် လွန်ကဲပြန်ရာ၌ တမပစ္စည်းဖြင့် သုံးစွဲလေ့ရှိကြ၏၊ ထို့ကြောင့် တရ- ထက် တမပစ္စည်းက သာလွန်သည်ဟု ပြောစမှတ်ပြုကြသည်။

ဘာလာဝတာရ-

ရှု-၌ "တတောပိ အဓိကော ပါပတမော ။ပ။ ပါပိသိကော ။ပ။ ပါပိဋ္ဌော-ဟု တဆက်တည်းပြသည်ကို ထောက်ကာ ဘာလာဝတာရ၌ "တတ္ထ နိဒ္ဒိဋ္ဌနယေန တမာဒယော စတ္တာရောပိ တရတောပိ အဓိကေ အတိသယတ္ထေ ဘဝန္တီတိ ဒဋ္ဌဗ္ဗာ"ဟု မိန့်၍ ကဿိက-ကလယ-ကလ္ဌ ပစ္စည်း တို့လည်း တရထက် ထူးကဲသာလွန်သောအနက်ကို ပြ၏-ဟု ယူဆ၏။

သို့သော် "သဗ္ဗေ ကမေ ဝုဓာ၊ အယမိမေသံ ဝိသေသေန ဝုဓော" စသည်ဖြင့် ဧယျော, ဧဋ္ဌော ပုဒ်တို့၌ ပါသော ကလယ-ကလ္ဌပစ္စည်းနက်များ ကို တရပစ္စည်းကဲ့သို့ပင် ဖွင့်ထားသည်ကိုထောက်၍ ရှုဆရာကိုယ်တိုင်ကမူ ကဿိကစသည်တို့တမပစ္စည်းကဲ့သို့ တရထက်လွန်ကဲသောအနက်ကို ဟော၏ ဟု မဆိုလို၊ တမပစ္စည်းအတွက်လောက်သာ "တတောပိ အဓိကော"ဟု ဆိုလို သည်၊ ပုံစံချင်း ဆက်နေသောကြောင့်သာ "ပါပိသိကော"စသည်ကို ဆက်ပြသည်၊ ကဿိကစသည်တို့ကား တရကဲ့သို့သော အနက်မျိုးကိုသာ ပြသည်ဟု မှတ်ပါ။

http://www.dhammadownload.com



## သဏ္ဍတ နှင့် ပါဠိ-

သက္ကတဗျာကရုဏ်း အချို့၌ကား ၂-ယောက်ရှိရာ၌ သာလွန်သူ တစ်ယောက်ကို ဆိုလိုလျှင် တရပစ္စည်း၊ အများရှိရာ၌ ထိုအများထက် သာလွန်သူကို ဆိုလိုလျှင် တမပစ္စည်း ဟု ခွဲခြား၏၊ တရပစ္စည်းအရာ၌ ဣယသက်၍ တမပစ္စည်းအရာဝယ် ဣဋ္ဌလည်းသက်၏၊ ဤသို့စသည်ဖြင့် ခွဲခြားလေသည်။

ပါဠိ၌ကား ထိုကဲ့သို့ ခွဲခြားချက်မရှိ၊ "သေဋ္ဌံ တိလောကမဟိတံ၊ သေယျံ ဝိနေရိတနယေန"တို့၌ အများထက်သာလွန်သော ဘုရားရှင်နှင့် လောကုတ္တရာတရားတော်ကို ဣဋ္ဌ ဣယ ပစ္စည်းဖြင့် သုံးစွဲ၏၊ သေဋ္ဌတ္တိ-ပသဋ္ဌတရံ-ဟု အချီးမွမ်းအပ်ဆုံးကိုပင် (တမပစ္စည်းဖြင့် မဖွင့်ဘဲ) တရပစ္စည်းဖြင့် ဋီကာတို့ ဖွင့်ကြ၏။

တရ တမ နှစ်ပစ္စည်းလုံး တစ်နေရာတည်း၌ ယှဉ်တွဲသုံးစွဲရာဝယ် တရပစ္စည်းအနက်ထက် တမပစ္စည်းအနက်က သာ၏၊ တရ ဣယ ဣဋ္ဌ တို့ချည်းသက်သက် တစ်ခုစီသုံးစွဲရာ၌ကား တစ်ယောက်ထက်ဖြစ်စေ, အများထက်ဖြစ်စေ သာလွန်သူ, အသာဆုံးဖြစ်သူကိုပင် တရ-ဣယ-ဣဋ္ဌတို့ ထွန်းပြနိုင်ကြသည်ဟု မှတ်ပါ။

"ဧတေသု ပဉ္စသု တရတမာန်ယေဝ ဝိသေသော ပညာယတိ၊ ဤ ငါးပစ္စည်းတို့တွင် တရနှင့် တမ နှစ်ပစ္စည်းသာ အချင်းချင်းထူးပုံ ထင်ရှား၏" (ဣသိကပစ္စည်း စသည်တို့ကား အချင်းချင်း မထူးဟူလို)-ဟူသော နီတိ(၂၄၃) လည်း ဤအဓိပ္ပာယ်မျိုးပင်တည်း။ (ကစ်ဘာဋီ-၂ ၁၅၅)

**လိင်-** ဤ တရာဒိပစ္စယန္တပုဒ်များ၌ လိင်အားဖြင့် ပကတိပုဒ်၏ လိင် အတိုင်း ရှိရမည်။ ပါပေါ-ဟူသော ပုံလိင်နောင် တရ-သက်လျှင် ပါပတရော-ဟု လည်းကောင်း၊ ပါပါ (မိန်းမ)နောင် သက်လျှင် ပါပတရာ-ဟု လည်းကောင်း၊ ပါပံ (အမျိုး)နောင် သက်လျှင် ပါပတရံ-ဟုလည်းကောင်း

http://www.dhammadownload.com



ရှိရမည် ဟူလို။

တရ- ဝိသေသေန ပါပေါ့-ပါပုတရော။

ပါပါနံ ဝိသေသော-ပါပတရော။

အတိသယေန ပါပေါ-ပါပတရော။

ဝိသေသအနက်နှင့် အတိသယအနက်သည် သဘောတူတည်း။ ကြွင်းနည်းတူဆိုပါ။ ဝိသေသတ္ထပစ္စယန္တနောင် ဝိသေသတ္ထပစ္စည်း ထပ်၍ သက်နိုင်၏၊ ထို့ကြောင့်- ဝိသေသေန ပါပိဋ္ဌော-ပါပိဋ္ဌတရော၊-ဟုလည်း ဆိုနိုင်သည်။

ဝိသေသေန ဝုဍ္ဎော-ဇေယျော။ ဇေဋ္ဌော။

ဝုဍ္ဎော-နောင် ဣယသက်၊ ဝိဘတ်ချေ၊ ဝုဍ္ဎ-ဟု ပကတိပြု၊ ဝုဍ္ဎသဒ္ဒာ-ဖြင့် ဇပြု၊ (ဇ+ဣယ) (သရလောပေါ်ဖြင့် ရှေ့သရချေလျှင် နောက်ဣကို ပကတိပြုရမည် ဖြစ်၍ ပြုခွင့် မရ၊ ထို့ကြောင့် သရလောပေါ်သုတ်လာ တု သဒ္ဒါဖြင့် မြစ်၍ ရှေ့သရကို မချေရ) သရာသရေ လောပံ-ဖြင့် ရှေ့သရကို ချေ၊ နောက် ဣ-ကို ဧ-အသဝဏ်ပြု၊ ယ်-ခွဲဘော်လာ၊ ဇေယျော။

ဣဋ္ဌ-ပစ္စည်းသက်လျှင် ဇေဋ္ဌော-ဟု ပြီး၏။

ဝိသေသေန ပသတ္ထော-သေယျော။ သေဋ္ဌော။

ပသတ္ထ-ကို သပြု၍ သေယျော၊ ဝုဍ္ဎ-ကို ဇပြု၍ ဇေယျော စသည်ပြီး၏။

ဝိသေသေန အန္တိကော-နေဒိယော။ နေဒိဋ္ဌော။

ဝိသေသေန ဗာဠှော-သာဓိယော။ သာဓိဋ္ဌော။

ဝိသေသေန အပ္ပော-ကဏိယော။ ကဏိဋ္ဌော။

ဝိသေသေန ယုဝါ-ကနိယော။ ကနိဋ္ဌော။

ကနိယော-၌ တေသုဝုဒ္ဓိဖြင့် ဏ-ကို နပြုပါ။ ဝန္တု မန္တု ဝီပစ္စယန္တသဒ္ဒါ တို့နောင်လည်း ဣယ-ဣဋ္ဌ ပစ္စည်းများ သက်နိုင်သည်။

http://www.dhammadownload.com



ဝိသေသေန ဂုဏဝါတိ-ဂုဏိယော။ ဂုဏိဌော။
ဝိသေသေန သတိမာတိ-သတိယော။ သတိဌော။
ဝိသေသေန မေဓာဝီတိ-မေဓိယော။ မေဓိဌော။

နိစေယျံ- အတိသယေန နိစော-နိစေယျော။
နိစေယျဿ ဘာဝေါ-နိစေယျံ။ (မူပဏ်ဋီ-၂၊ ၃၁၅)

နိစေယျော-ဝယ် နိစ+ဣယ ပစ္စည်း၊ ဣကို ဧအဖြစ်ပြု ယ် ဒွေဘော်လာ ဟု ကြံသင့်သည်။ မောဂ္ဂလ္လာန်နိဿယ၌ကား ဏေယျပစ္စည်းဟု မိန့်တော်မူသည်။

ရုပ်တွက်- ရုပ်တွက်ရာ၌ ဝိသေသ+ပါပ တည်၊ ဝိသေသေန ပါပေါ-ဟု ဝါကျဖြစ်အောင်ပြု၊ အနက်ပေး၊ ဣတိ အတွေ-၌၊ ဤသုတ်ဖြင့် ပါပေါ နောင် တရသက်ဟု ဆိုပါ။တဒ္ဓိတ်ပစ္စည်း ဆိုင်းထမ်းနည်းအရ နှစ်ပုဒ်အလယ်သက်မှ မှန်သည်ဟု ယူလျက် "ပါပေါ ဝိသေသေန"ဟု ဝါကျခင်း၍လည်း နိဒ္ဒေသ တွက်ပြ၏။

## တဒဿတ္ထိတိ ဝီ စ

ဤသုတ်သည် "မေဓာ မာယာ"ဟူသော အာကာရန္တ ဣတ္ထိလိင်နှစ်ပုဒ်နောင်သာ ဝီ ပစ္စည်းသက်၏။

စသဒ္ဒါ- ဤသုတ် စသဒ္ဒါဖြင့် သော ဣလ ဝ အာလ စသောပစ္စည်းများလည်း သက်သေး၏။ (ရူ)

အချုပ်အားဖြင့် အဿတ္ထိအနက်၌ သက်ထိုက်၍ သုတ်သီးခြားလည်းမရှိသော ပစ္စည်းဟူသမျှကို ဤသုတ်လာ စသဒ္ဒါဖြင့် ဆည်းယူပါ။

http://www.dhammadownload.com



သောပစ္စည်း သပစ္စည်း-

သုမေဓာ ယဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ-သုမေဓသော။

သောပစ္စည်းဟု လည်းကောင်း, သပစ္စည်းဟု လည်းကောင်း ဝါဒကွဲ၏၊ ဝဂ္ဂ ပဥ္စပဥ္စသော မန္တာ-သုတ် ရှင်္ဂကာ၌ သောပစ္စည်းဟု ဖွင့်ခဲ့သောကြောင့် ကစ္စည်းနှင့် ရှတို့အလို "သော"ဟု ပင် ဆိုလိုသည်။ နိဒ္ဒေသ, ကစ္စာယနဝဏ္ဏနာ ချာသတို့လည်း သောပစ္စည်းဟုပင် ဆိုလိုသည်။

ထိုအလို သုမေဓာနောင် အဿတ္ထိအနက်၌ ဤသုတ်စသဒ္ဒါဖြင့် သော ပစ္စည်းသက်၊ ကွစာဒိဖြင့် ဓာ၌ ရဿပြု၊ နာမ်ငဲ့ သိသက်၊ ချေ။

သို့သော် သဂ္ဂပဥ္စသုတ်၌ "ဝစ္ဆသေ, သုမေဓသေ"ဟု အာလုပ်ပုဒ်ရှိသောကြောင့်လည်းကောင်း, မူ-ပဏ် သဗ္ဗာသဝသုတ်၌ "လောမသာနိ"ဟု နပုံလိင်ရှိသောကြောင့်လည်းကောင်း, သီဋီသစ်၌ "လောမံ ဧတိဿာ အတ္ထီတိ လောမသာ၊ လိင်္ဂတ္တယေပိ ဟိ သပစ္စယေန ပဒသိဒ္ဓိမိစ္ဆန္တိ သဒ္ဒဝိဒူ" -ဟု ဆိုသောကြောင့်လည်းကောင်း, ဇာဋီ-မောဂ္ဂလ္လာန်-နီတိတို့၌ သပစ္စည်းဟုပင် ဆိုသောကြောင့်လည်းကောင်း သောပစ္စည်းမဟုတ်၊ လိင်သုံးပါးနှင့် ဆက်ဆံသော သပစ္စည်းသာ ဖြစ်ထိုက်သည်။ (ကစ်ဘာဋီ-၂၊ ၁၅၈)

ရောမံ အဿ အတ္ထီတိ-ရောမသော။

ဣတိဟ တွေ့ အတ္ထီတိ-ဣတိဟသော။ (သပြေကန်)

ကဏ္ဍံ အဿ အတ္ထီတိ-ကဏ္ဍသော။

ဗဟု အဿ အတ္ထီတိ-ဗဟုသော။

ဣလ- ပိစ္ဆံ အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ-ပိစ္ဆိလော။

ဖေဏံ အဿ အတ္ထီတိ-ဖေနိလော။

တုဏ္ဍံ အဿ အတ္ထီတိ-တုဏ္ဍိလော။

ဇဋာ အဿ အတ္ထီတိ-ဇဋိလော။

အာလ- ဝါစာ အဿ အတ္ထီတိ-ဝါစာလော။ စကားရှိသူ, စကားများသူ။

http://www.dhammadownload.com



သုခုမံ အဿ အတ္ထီတိ-သုခုမာလော။

ဝ- ကေသာ ယဿ အတ္ထီတိ-ကေသဝေါ။

သီလံ ယဿ အတ္ထီတိ-သီလဝေါ။

အဏ္ဏံ ဇလံ အဿ အတ္ထီတိ-အဏ္ဏဝေါ။ (သမုဒ္ဒါ)

မဏိ အဿ အတ္ထီတိ-မဏိဝေါ။ (နာဂဝိသေသော)

ဂဏ္ဍာဿ(ဂဏ္ဍာမိဂဿိဂ်ဿ) အယံ-ဂါဏ္ဍီ။

ဂါဏ္ဍီ ယဿ အတ္ထီတိ-ဂါဏ္ဍီဝေါ။ (ကြံ့ချိုရှိသော လေး)

(နဲ) ဂဏ္ဍိ ယဿ အတ္ထီတိ-ဂဏ္ဍိဝေါ။ (ဂဏ္ဍိသဒ္ဒါ အဆစ်အဖုဟော)

အဆစ်အဖုရှိသော လေး။(ပဒ္ဓိကာဋီ၊ ပယောဂသျှ-၂၊ ၁၆၃)

ဥဝါမီ- သံ ယဿ အတ္ထီတိ-သုဝါမီ။

ကျေးကျွန်တည်းဟူသော ဥစ္စာရှိသော အရှင်သခင်။

ဘ- တုန္ဒိ ယဿ အတ္ထီတိ-တုန္ဒိဘော။ (ချက်ရှိသူ၊ ချက်ကြီးသူ)

ဝဋိ ယဿ အတ္ထီတိ-ဝဋိဘော။

ဝလိ ယဿ အတ္ထီတိ-ဝလိဘော။ (တွန့်သော အရေရှိသူ)

အာမိ(မိ)- သံ ယဿ အတ္ထီတိ-သာမီ။ ကာဂမေ သာမိကော။(နိရုတ္တိ-၃၁၂)

ဏ- လက္ခီ (အသရေ) ယဿ အတ္ထီတိ-လက္ခဏော။

အသရေရှိသူ။ လက္ခီနောင် ဏပစ္စည်းသက်၊ ဤ ဏကား အနုဗန်ဏ မဟုတ်၊ ပစ္စည်း၏ အစိတ်အပိုင်းဖြစ်သော ဏတည်း၊ လက္ခီ-၌ ဤကို သတ်ကြီး ဖြင့် အ-ပြုပါ။

န- အင်္ဂါနိ အဿာ သန္တိတိ-အင်္ဂနာ။

ကောင်းသော ကိုယ်အင်္ဂါရှိသော မိန်းမ။ အင်္ဂနောင် နသက်၊ ဣတ္ထိ-

အာ။ ပါတိ အတ္တာနံ (အသ္မာ) တိ-ပါမံ။ ပါ-ဓာတ်၊ မန်-ပစ္စည်း၊ ပါမာ-ဟုရှိက ပုံလိင် ရာဇာဒိဂိုဏ်း။ (ဓာန်ဋီ)

ပါမံ ယဿ အတ္ထီတိ-ပါမနော။ (ယားနာရှိသူ)

http://www.dhammadownload.com



သာယတိ တနုကရိယတိ ပဋိပက္ခဝဏ္ဏောဟီတိ-သာမော။ သာ+မ။
သာတိ သုန္ဒရတ္တံ တနုံ ကရောတိတိ-သာမော။(ကာဠော၊ မောင်)
သာမော အသ္သ အတ္ထီတိ-သာမနော။
ဒုက္ခံ ဒဒါတီတိ-ဒဒ္ဒု။ ဒဒ-ဒါနေ၊ ဒု၊ (မောင်) ထိ-နပုံ (ပန်းကုံး)
ဒဒ္ဒု အဿ အတ္ထီတိ-ဒဒ္ဒုနော။
ကိမိနော၊ ဝလိနော၊ ဝါမနော-တို့လည်း နည်းတူဆိုပါ။

ဣန- ဖလံ အဿ အတ္ထီတိ-ဖလိနော။ (ရုက္ခော-အသီးရှိသောသစ်ပင်)

အမ္ဗာ ဖလိနော (စူ-၂၄၄)၌ ကား ဗဟုဝုစ်ဖြစ်၍ "ဖလံ ဧတေသံ အတ္ထီတိ-ဖလိနော" ဟု ပြုပါ။ ဖလ-ပုဒ်၊ အဿတ္ထိ-ဤပစ္စည်း၊ ဒဏ္ဍီနှင့်တူ။
သိင်္ဂ အဿ အတ္ထီတိ-သိင်္ဂိနော။
မလံ အဿ အတ္ထီတိ-မလိနော။

ဣတ- ဝဏ္ဏော အဿတ္ထီတိ- ဝဏ္ဏိတော။

ဤ ဣတ-ပစ္စည်း၌ "သဉ္ဇာတံ တာရကာဒိတွိတော"ဟူသော မောင် သုတ်ဖြင့် သဉ္ဇာတအဿတ္ထိအနက်၌ ဣတပစ္စည်း သက်၍လည်း ရုပ်ပြီးကြသေး၏၊ သဉ္ဇာတအဿတ္ထိတဒ္ဓိတ်ဟု နာမည်ပေးပါ။
ဒုက္ခံ သဉ္ဇာတံ အဿာတိ-ဒုက္ခိတော။
လွန်စွာဖြစ်သော ဒုက္ခရှိသူ-ဟု အနက်မှတ်ပါ။
ပုပ္ဖာနိ သဉ္ဇာတာနိ အဿာတိ-ပုပ္ဖိတော။
ဗျာဓိ သဉ္ဇာတော ဧတဿာတိ-ဗျာဓိတော။
ပလ္လဝါနိ သဉ္ဇာတာနိ အဿာတိ-ပလ္လဝိတာ။ (လတာ)
ဥပ္ပလဝတီတိ-ဥပ္ပိလာဝံ။ (ပီတိသမ္ပယုတ္တစိတ္တံ)
သဉ္ဇာတံ ဥပ္ပိလာဝံ ယေသန္တိ-ဥပ္ပိလာဝိတာ။ (ဘိက္ခူ)
အဝဿဝတီတိ-အဝဿာဝေါ။
သဉ္ဇာတော အဝဿာဝေါ ယဿာတိ-အဝဿာဝိတံ။ (ဩဒနံ)

http://www.dhammadownload.com



ဗုဘုကွိတော၊ ပိပါသိတော၊ တန္ဒိတော၊ ဥက္ကဏ္ဍိတော၊ သုခိတော၊ ရောဂိတော-စသည်တို့လည်း နည်းတူဆိုလေ။

တ- ပဗ္ဗ အဿ အတ္ထီတိ-ပဗ္ဗတော။ (အဆစ်ရှိသော တောင်)
ဝက် အဿ အတ္ထီတိ-ဝက်တော။

ဝလ- သိခါ ယဿ အတ္ထီတိ-သိခါဝလော။
ဒန္တာ ယဿ အတ္ထီတိ-ဒန္တာဝလော။

လ- ဗူဠာ ယဿ အတ္ထီတိ-ဗူဠာလော။
သိခါ ယဿ အတ္ထီတိ-သိခါလော။

(ဆောင်) တဒဿတ္ထိ, သုတ်၌ရှိသည့်, စ-၏ အရ, သ-က္ကလ နှင့်, အာလ ဝ ပြီ, ဥဝါမီ ဘ, အာမိ ဏာ ဆွယ်, နငယ် ဣန, ဣတ တ နှင့်, ဝလ လ ခြူး, ဆယ့်လေးလုံး, သက်ထုံးရှိကြသည်။(ကစ်ဘာဋိ-၂၁၆၀)

## တပါဒိတော သီ

တပ-စသောသဒ္ဒါနောင် သီ ပစ္စည်းသက်ပါ၏ တပါဒိ-၌ အာဒိသဒ္ဒါဖြင့် မနောဂိုဏ်းဝင်ဖြစ်သော မန-ယသ-တေဇ-ပယ စသော သဒ္ဒါများကိုယူ။

တပေါ ယဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ-တပဿီ။

မနဿီ၊ ယသဿီ၊ တေဇဿီ၊ ပယဿီ စသည်တို့လည်း နည်းတူ။

## ဒဏ္ဍာဒိတော ဣက ဤ

အာဒိသဒ္ဒါ-

အာဒိသဒ္ဒါသည် ပကာရ(အတူ)အနက်ရှိ၏၊ ထို့ကြောင့် "ဒဏ္ဍ"ကဲ့သို့ အဝဏ္ဏန္တချင်း တူသော ဆတ္တ, မာလာ စသည်ကို ယူ။ ဣဝဏ္ဏန္တစသည်နောင်ကား သတ္တာဒီဟိ မန္တု-သုတ်ဖြင့် မန္တုပစ္စည်း သက်လတ့်။

http://www.dhammadownload.com



က္ကက ဤ-ဟု တွဲ၍ ပြထားသောကြောင့် အချို့နောင် ၂-ပစ္စည်း၊ အချို့နောင် ၁-ပစ္စည်းသာသက်ဟု မောဂ္ဂလ္လာန်ဆို၏။

ဒဏ္ဍော အဿ အတ္ထီတိ-ဒဏ္ဍိကော။ ဒဏ္ဍီ။
မာလာ ယဿ အတ္ထီတိ-မာလိကော။ မာလီ။
ကေသော အဿ အတ္ထီတိ-ကေသိကော။ ကေသီ။

အဿတ္ထိပစ္စည်း၂ ဆင့် သက်နိုင်ပုံ-

အဿတ္ထိပစ္စည်းဆုံးသော ပုဒ်နောင် အဿတ္ထိပစ္စည်း ထပ်သက်လိုမူ ထပ်တူပစ္စည်းကို ထပ်မသက်ရ၊ က္ကက-ပစ္စည်းဆုံးသော ပုဒ်နောင် က္ကက-ပစ္စည်း ထပ်သက်၍ "ဒဏ္ဍိကိကော"ဟု မရှိရ ဟူလို။

ဒဏ္ဍော အဿ အတ္ထီတိ-ဒဏ္ဍိကော။ (က္ကက)
ဒဏ္ဍိကော အဿ အတ္ထီတိ-ဒဏ္ဍိကဝါ။ (ဝန္တု)
ဒဏ္ဍော အဿ အတ္ထီတိ-ဒဏ္ဍီ။ (ဤ)
ဒဏ္ဍီ အဿ အတ္ထီတိ-ဒဏ္ဍိမာ။ (မန္တု )ဟု မတူသော ပစ္စည်းသာ ထပ်သက်နိုင်သည် ဟူလို။

အတ္ထော တေဿ အတ္ထီတိ-အတ္ထိကံ။ (က္ကက၊ ကိစ္စရှိသော စိတ်)
အတ္ထိကံ အဿ အတ္ထီတိ-အတ္ထိကဝါ။ (သီ-၄)

## မစ္ဆာဒိတော ရော

မစု-သဒ္ဒါသည် ချိုသောအရသာ ဂုဏ်ကိုလည်းကောင်း, ပျားရည်ဖြစ်ကိုလည်းကောင်း ဟော၏၊ ထိုတွင် အရသာဂုဏ်ဟော မစုနောင်သာ အဿတ္ထိအနက်၌ ရ-ပစ္စည်းသက်၏၊ ပျားရည်ဖြစ်ဟော မစုနောင် မသက်ရ။

ဖြစ်ဟော မစုနောင် ရပစ္စည်းသက်လျှင် "မစု တသ္မိံ ယဋ္ဌေ အတ္ထီတိ မစုရော" ပျားရည်ရှိသော အိုး၊ ဤသို့သော အနက်ကို မစုရသဒ္ဒါက မဟော

http://www.dhammadownload.com



နိုင်သောကြောင့်တည်း။ (မောဂ်၊ ပဉ္စိကာ)

ပျားရည်ဒြပ်ဟောနောင် ဖြစ်မှု"မဓုနော ဏ္ဍဒံ-မဓုရံ"-ပျားရည်၏ ဥစ္စာ ဖြစ်သော အရသာ၊-ဟု ဏ္ဍဒံအနက်၌ ရပစ္စည်းသက်ပါ။

အာဒိသဒ္ဒါ-

အာဒိသဒ္ဒါသည် အတူအနက်ဟောတည်း၊ မဓုကဲ့သို့ ရပစ္စည်းသက်ရခြင်းအားဖြင့် တူသော သုစိ-ရုစိ-သုသိ-ကုဥ္စ-မုခ-သုဘာ-နဂ-ခံ-ဥသ-ဒန္တ တို့ကို ယူရသော အာကတိဂိုဏ်းတစ်မျိုးတည်း။

(ဆောင်) သုတ် မဓွာဒိ, အာကတိဖြင့်, သုစိ ရုစိ, သုသိ ကုဥ္စ, မုခ သုဘာ,
နဂါ တစ်ဝ, ခံ ဥသနှင့်, ဒန္တ တို့မှ, ဖော်ထုတ်ကြလည်း, မုဂ္ဂ သီသ,
သူက သုက်ာ,ကျမ်းမလာ,နောက်မှာ ထည့်ပါငြဲတဲ့။(ကစ်ဘာငို-၂၁၆၄)

သုစိ- သုစိ အဿ အတ္ထိတိ-သုစိရော။
ရုစိ- ရုစိ အဿ အတ္ထိတိ-ရုစိရံ။ (ပုပ္ဖံ)
သုသိ- သုသိ အဿ အတ္ထိတိ-သုသိရော။ အပေါက်ရှိသော သစ်ပင်။
ကုဥ္စ- ကုဉ္စာ ဟနူ ဧတဿ သန္တီတိ-ကုဥ္စရော။
ကုဉ္စော ဟနု ဧတဿ အတ္ထီတိ-ကုဥ္စရော။
ကုံ ပထဝိံ ဇရယတီတိ-ကုဥ္စရော။ (ကိတန္တသမာသ်)
ကုဉ္စေ ရမတီတိ-ကုဥ္စရော။ (ကုဥ္စ+ရမု၊ ကွိ)
မုခ- မုခံ အဿ အတ္ထီတိ-မုခရော။
နိန္ဒိတံ မုခံ အဿ အတ္ထီတိ-မုခရော။ (မောဂ်-သျ)
မုခံ မုခဗျာပါရံ ရာတီတိ-မုခရော။ (ထောမ,ပန်းကုံး)
သုဘာ- သုဘာ ယဿ အတ္ထီတိ-သုဘရော။ (ဘာ-၌ ရဿပြု)
နဂ- န ဂစ္ဆန္တီတိ-နဂါ။ နဂါ ယသ္မိံ သန္တီတိ-နဂရော။
ဤ-ပစ္စည်းသက်လျှင် နဂရီ-ဟု ဖြစ်၏၊ ဇနပဒေါ-ငြဲ၌ "နဂရော"ဟု

http://www.dhammadownload.com



ပုံ့လိုင်ထားသည် ဟုကြံပါ။ အဘိဓာန်နိဿယသစ်၌ နဂရော-ဟုချသည်ကို လိုင် အချလွဲသည်ဟု မိန့်သည်။

ခံ- ခံ အဿ အတ္ထီတိ-ခရော။
ကျယ်သောပါးစပ်ပေါက်ရှိသော မြည်းသတ္တဝါ။

ဥသ- ဥ(ဦ)သော (ဆပ်ပြာ) အသ္မိံ အတ္ထီတိ-ဥသရော။ (ဦသရော)

ဒန္တ- ဒန္တာ ယဿ သန္တီတိ-ဒန္တုရော။

ဒန္တ-၏ အကို ဥပြု၊ ခေါ်သောသွားရှိသူ။ မုဂ္ဂရော၊ သီသရော၊ သူကရော၊ သုက်ရော-တို့ကို ဆရာတို့ အတည်မပြုကြပေ။

## ဂုဏာဒိတော ဝန္တု

ဤ၌ အာဒိသဒ္ဒါလည်း ပကာရ(အတူ)အနက်ဟောပင် ဖြစ်သောကြောင့် ဝန္တုပစ္စည်းသက်၍ ရုပ်ပြီးပုံချင်းတူသော ပုဒ်အပေါင်းကို ယူ။

တွေ့ စ ယေဘုယျေန အကာရန္တတော ဝန္တုပစ္စယော ဟောတီတိ ဒဋ္ဌဗ္ဗံ-များသောအားဖြင့် အကာရန္တ(ဂုဏ, ယသ-စသည်)နောင် ဝန္တုပစ္စည်း သက်ဟု နီတိဆို၏၊ ယေဘုယျေန-ဟု ဆိုသောကြောင့် "ပညာ ယဿ အတ္ထီတိ-ပညဝါ"၌ အာကာရန္တနောင်သက်၍ ညာ၌ အာကို ကွစာဒိဖြင့် ရဿပြုပါ။ ဟလာဝတာရ၌ ယဒနုသုတ်ဖြင့် ရဿပြု၏၊ ဝေဒနာဝါ၊ သညာဝါ-စသည်တို့လည်း နည်းတူ။

ဓနံ ယဿ အတ္ထီတိ-ဓနဝါ။ (ယသဝါ။ ဗလဝါ။ ဘဂဝါ)
ရသ္မိ ယဿ အတ္ထီတိ-ရသ္မိဝါ။
ယသဿီ ယဿ အတ္ထီတိ-ယသဿီဝါ။
ဘယဒဿီ ယဿ အတ္ထီတိ-ဘယဒဿီဝါ။
လက္ခီ ယဿ အတ္ထီတိ-လက္ခီဝါ။
မဿု ယဿ အတ္ထီတိ-မဿုဝါ။

http://www.dhammadownload.com



အာယု ယဿ အတ္ထီတိ-အာယုဝါ-စသည်တို့၌ ဥကာရန္တ-ဥဝဏ္ဏန္တတို့နောင်လည်း သက်၏။ ဿိ, ကွီ-တို့၌ ရဿပြုပါ။

## သတျာဒိဟိ မန္တု

ဒဏ္ဍာဒိတော ဣက ဤ-သုတ်က အဝဏ္ဏန္တနောင် ဣက-ဤ ၂-ပစ္စည်း သက်သောကြောင့် ဤသုတ်ဖြင့် အဝဏ္ဏန္တမှ တစ်ပါးသော ဣဝဏ္ဏန္တစသော လိင်များကို ရှ၍ ယူ၏။

သတိ ယဿ အတ္ထီတိ-သတိမာ။ (ဇုတိမာ၊ မတိမာ)

ဓိတိ အဿ အတ္ထီတိ-ဓိတိမာ။

ဆောင်စွမ်းနိုင်သော ဝီရိယရှိသူ၊ ဓရဲ-ဓာတ်၊ တိ-ပစ္စည်း၊ ဣအာဂုံဖြင့် ဓရိတိ-ဟု ပြီးသင့်လျက် ရ်ချေ၊ ဣကို ဒီဃပြု၍ "ဓိတိ"ဟု ဖြစ်သည်ဟု သဒ္ဒတအလို ကြံ။ (ကစ်ဘာငြိ-၂ ၁၆၆)

တိဋ္ဌတိ သုဘာသုဘဖလံ ဧတ္ထာတိ-ဓိတိ။ ဌာ-ဂတိနိဝတ္တိယံ၊ တိ၊ အားထုတ်မှု လုံ့လ။ (ဓာန်ငြိ)

အတ္ထဒဿိ ယဿ အတ္ထီတိ-အတ္ထဒဿိမာ။

ဗန္ဓု အဿ အတ္ထီတိ-ဗန္ဓုမာ။ (ဘာဏုမာ၊ ဝသုမာ၊ စက္ခုမာ)

ဂါဝေါ ယဿ သန္တီတိ-ဂေါမာ။

သတျာဒိဟိ-ဟူသော ယောဂဝိဘာဂဖြင့် အဝဏ္ဏန္တသဒ္ဒါတို့မှ နောက်၌ လည်း ဣမန္တုပစ္စည်း သက်သေး၏-ဟု သပြေကန်၌ ဆို၏။

စန္ဒော ယသ္မိံ အတ္ထီတိ-စန္ဒိမာ။

(လနတ်သားရှိသော ဗိမာန်)

စန္ဒဝိမာနသင်္ခါတော စန္ဒော အဿ အတ္ထီတိ-စန္ဒိမာ။

(လဗိမာန်ရှိသော နတ်သား)

http://www.dhammadownload.com



ပုတ္တာ အဿ သန္တီတိ-ပုတ္တိမာ။
ပုတ္တော အဿ အတ္ထီတိ-ပုတ္တိမာ။
ပါပံ အဿ အတ္ထီတိ-ပါပိမာ။

သဒ္ဒနီတိ၌ကား "စန္ဒာဒိတော ဣမန္တု"ဟု သီးခြား သုတ်တည်၏။ သုတ်ရင်းနှင့် ယောဂဝိဘာဂတို့ ပေါင်းက ဣဝဏ္ဏန္တ, ဉ-ဩ ကာရန္တ ပဌမန္တနောင် မန္တုပစ္စည်းသက်၊ အကာရန္တ ပဌမန္တနောင် ဣမန္တု သက်ပါ။

ဗာလာဝတာရဋီကာဆရာကား စန္ဒိမာ-၌ ဣမန္တုပစ္စည်းကို မနှစ်သက်၊ သာ-သဒ္ဒါကဲ့သို့ အာကာရန္တ ပုံလိင်ဟု ဆို၏၊ "နော စေ မုဓွေယျ စန္ဒိမံ-ပါဠိကို ထောက်လျှင် မန္တုပစ္စည်းမဟုတ်၊ ဣမ-ပစ္စည်း ဖြစ်တန်ရာ၏၊ မန္တု-ဖြစ်လျှင် နော စေ မုဓွေယျ စန္ဒိမန္တံ-ဟု ဒုတိယေကဝစန ဂုဏဝါဒိဂိုဏ်း အနေသာရှိ ရမည်၊ သို့မရှိ၍ " ဇာတာဒိ-၌ စသဒ္ဒါဖြင့် " အဿတ္ထိအနက်၌ ဣမသက် " ဟု ဆို၏။ (ဗာ-ဋီ)

ထိုသို့ ဆိုသော်လည်း သဗ္ဗဿ ဝါ အံသေသု-သုတ်ဖြင့် အ-ပြု၍ သတိမံ နည်းတူ စန္ဒိမံ-ဟု ပြီးကလည်း ဂုဏဝါဒိဂိုဏ်း ရုပ်အနေ ဖြစ်နိုင်သောကြောင့် သဒ္ဒနီတိအတိုင်း ဣမန္တုပစ္စည်းက သာ၍သင့်မြတ်လှပါသည်။

ထို့ကြောင့် "နန္ဒတိ ပုတ္တေဟိ ပုတ္တိမာ"ကဲ့သို့ ပဌမာကေဝုစ်ဖြင့် ရှိရာ၌ ဣမန္တုပစ္စည်း၊ ဂုဏဝါဒိဂိုဏ်း၊ သတျာဒီဟိ-ဟူသော ယောဂဝိဘာဂဖြင့် သက်၊ ပုတ္တိမော-ဟု ပဌမာကေဝုစ်ဖြင့် ရှိရာ၌လည်းကောင်း, ပုတ္တိမာ-ဟု ပဌမာဗဟုဝုစ်ဖြင့် ရှိရာ၌လည်းကောင်း ဣမ-ပစ္စည်း၊ ဇာတာဒီန-၌ စသဒ္ဒါဖြင့် သက်၊ လိင်သုံးပါးဖြစ်နိုင်၏ဟု ခွဲခြားသင့်သည်။ (နောမတိ)

## သဒ္ဒါဒိတော ဏ

အာဒိသဒ္ဒါ- ပကာရ(အတူ)အနက်ရှိသော အာဒိသဒ္ဒါဖြင့် ဏပစ္စည်းသက်ရခြင်းတူသော ပညာ ဗုဒ္ဓ မဏ္ဍရ တပ တို့ကို ယူ။

http://www.dhammadownload.com



ဗာ-ဋီ၌ အာဒိသဒ္ဒါသည် သမိပတ္တဖြစ်၍ ဣတ္တိလိင် အာကာရန္တ, ဣကာရန္တ ပညာ-သတိ စသော သဒ္ဒါတို့ကို ယူ။

ဗုဒ္ဓိ အဿ အတ္ထီတိ-ဗုဒ္ဓေါ။

မစ္ဆရံ အဿ အတ္ထီတိ-မစ္ဆရော။

တပေါ အဿ အတ္ထီတိ-တာပသော။

မစ္ဆရတီတိ-မစ္ဆရော ဟု ကိတ်လည်း ပြု၏၊ မောဂ်၌ ဝုဒ္ဓိမရောက်သော ပြယုဂ်တို့ဝယ် အပစ္စည်း၊ ဝုဒ္ဓိရောက်က ဏပစ္စည်းဟု ခွဲ၍ သုတ်တည်၏။

ဝိဿာဏာ အဿ အတ္ထီတိ-ဝေဿဝဏော။

ဝိဿာဏာနေပြည်တော်ရှိသော နတ်မင်း၊ အလယ်၌ သုတ်ကြီးဖြင့် အဝ-လာဟု နိဿယ၌ ပြသည်။(ဘာဋီ).

ဝိသာဏာယ(ဝိသာဏာနဂရဿ)ဣဿရော-ဝေဿဝဏော။ဇာတ်ဋီ။

ဝိဿဝဏဿ အပစ္စံ ဝေဿဝဏော။(ဓာန်ဋီ-၃၂ ဂါထာ)တို့၌ကား အခြားသုတ်များဖြင့် စီရင်ပါ။

ဗာ-ဋီ၌ "သတိ အဿ အတ္ထီတိ သတော၊ အယံ ဟိ ဏပစ္စယော သကတ္ထေပိ, တဒဿတ္ထီတျတ္ထေပိ အကာရန္တနပုံသကေဟိ စ ဟောတိ၊ ဒုက္ခမေဝ, ဒုက္ခမဿတ္ထီတိ ဒုက္ခော၊ သုခမေဝ, သုခမဿတ္ထီတိ သုခေါ၊ ဝါသဒ္ဒေန န ဝုဒ္ဓိ၊ ပါပမေဝ, ပါပမဿတ္ထီတိ ပါပေါ "-ဟု ဆိုသေး၏။

ဗျာဓိပိ ဒုက္ခော၊ ဇာတိပိ ဒုက္ခာ၊ သုခေါ ဗုဒ္ဓါနမုပ္ပာဒေါ၊ သုခါ သဒ္ဓမ္မ ဒေသနာ-စသည်တို့ကို ပုံစံထုတ်ပြ၏။

ထို (သတိ အဿ အတ္ထီတိ-သတော ဟူသော) စကားသည် "သတော သမ္ပဇာနောတိ ဧတ္ထ သရတီတိ သတော" ဟူသော ဝိသုဒ္ဓိမဂ်, "သရတီတိ သတောတိပဒဿ ကတ္တုသာဓနတံ အာဟ"ဟူသော ဝိသုဒ္ဓမဂ္ဂမဟာဋီကာ တို့နှင့်-မညီဟု ဘာဋီ၌ မိန့်သည်။

ထို့အပြင် ဗာ-ဋီ၌ပင် "သုခဒုက္ခာဒယော သဒ္ဒါ ဥပစာရဝသေန စ

http://www.dhammadownload.com



တိသု လိင်္ဂေသု ဝေါဟာရိယန္တေ"ဟုလည်း ဆိုသေး၏၊ ဘာဋီ၌လည်း "ထိုပုဒ် များ၌ ကာရံရကူပစာရဟုလည်း ဆိုသင့်သည်"ဟု မိန့်သည်။

အဿတ္ထိပစ္စည်း ကျေ, မကျေ-

ဂုဏဝစနေ ဟိ မန္တုဿ လောပေါ ဝတ္တဗ္ဗော၊ သုက္ကော အဿ အတ္ထီတိ သုက္ကော-အဖြူဂုဏ်ရှိသော၊ ပဋော-ပုဆိုး၊ ဤ၌ "သုက္ကဝါ"ဟု ဆိုလိုလျက် ဝန္တုပစ္စည်းကို သုတ်ကြီးဖြင့် ချေထားသည်။

တိဿာနီတိ တိဿ ဧတေသမတ္ထီတိ တိဿာနိ၊ တိဿဝန္တာနီတိ အတ္ထော၊ တိဿာမိကာနီတိ ဝုတ္တံ ဟောတိ။ ဂုဏဝစနတ္တာ တဗ္ဗိတလောပံ ကတွာ တိဿာနီတိ ဝုတ္တံ။ (သာရတ္ထ-၂ ၃၅၁)

ဤကား ပစ္စည်းကျေခြင်းကို လိုလားသော သာရတ္ထနှင့် ကာသိကာဝုတ္တိ တို့ စကားတည်း။

ကာတန္တဝုတ္တိဋီကာ အလိုကား ဂုဏသဒ္ဒါတို့သည် သူတို့ကိုယ်တိုင် ဒြပ် ကို မဟောနိုင်လျှင်သာ အဿတ္ထိအနက်၌ ပစ္စည်းသက်ရ၏၊ လောကဖြောရိုး ဆိုစဉ်အားဖြင့် ဥပစာတင်စား၍ "သုက္ကော-ပုဆိုးဖြူ" စသည်ဖြင့် ဒြပ်ကို ဟောနိုင်သော သဒ္ဒါတို့နောက်၌ကား မန္တုစသောပစ္စည်းများ သက်ဖွယ်မလို ဟု ဆိုလိုသည်။

ဤအလို သုခေါ ပါပေါ ဒုက္ခော-တို့လည်း သူတို့ကိုယ်တိုင် "သုခေါ-ချမ်းသာကြောင်းတရား" စသည်ဖြင့် ဒြပ်ကို ဟောနိုင်ရကား ပစ္စည်းမသက်ဘဲ ပြီးသင့်လေသည်။ (ဘာဋီ)

## အာယုဿုကာရာဿ မန္တုမှိ

အာယု အဿ အတ္ထီတိ-အာယသ္မာ။

အာယု+အဿ+အတ္ထိ တည်၊ အနက်ပေး၊ သတ္တာဒိဟိ မန္တု-ဖြင့်

http://www.dhammadownload.com



-မန္တ သက်၊ ဝိဘတ်, ထ, အတ္ထိပုဒ်တို့ကို ချေ၊ အာယု-ဟု ပကတိပြု၊ ဤသုတ်ဖြင့် အာယု ၏ ဥကို အဿ-ပြု၊ (အာယ်-အဿ-မန္တ) ယ် အသို့ကပ်၊ သ် မသို့ကပ်၊ (အာယသ္မန္တ) နာမ်ငဲ့၊ သိသက် စသည်။ ဂုဏဝါ-ကဲ့သို့ စီရင်။

အာယသ္မာ- သဒ္ဒါသည် "ပိယသမုဒါစာရ" သဒ္ဒါတည်း၊ မန္တပစ္စည်း၏ ဇောတကတ္ထကား ပသံသာတည်း။

အဿတ္ထိပစ္စည်းတို့၏ ဝါစ္စတ္ထ နှင့် ဇောတကတ္ထ-

ပဟူတေ စ ပသံသာယံ, နိန္ဒာယဉ္စာတိသာယနေ၊

နိစ္စယောဂေ စ သံသဂ္ဂေ, ဟောန္တိမေ မန္တုအာဒယော။(မောဂ်)

ပဟူတေ စ-အများဟူသော အနက်၌လည်းကောင်း၊ ပသံသာယံ-ချီးမွမ်းခြင်း၌လည်းကောင်း၊ နိန္ဒာယံ-ကဲ့ရဲ့ခြင်း၊ အတိသာယနေ-အလွန်အကဲ၊ နိစ္စယောဂေ-အမြဲယှဉ်ခြင်း၊ သံသဂ္ဂေ-ရောနှောခြင်းအနက်၌လည်းကောင်း၊ ဣမေ မန္တုအာဒယော-ဤမန္တု အစရှိသော ပစ္စည်းတို့သည်၊ ဟောန္တိ-ကုန်၏။

(ဆောင်) ကဲ့ရဲ့ အများ, ချီးမွမ်းပြား မြဲ, လွန်ကဲ နှီးနှော, နက်ဟော ဆဗ္ဗိ, အဿတ္ထိ, သက်ဘိ ပစ္စည်းတည်း။ (စံကျောင်း)

မန္တုအာဒယော-အရ အဿတ္ထိပစ္စည်း အားလုံးကို ယူပါ၊ ယင်းပစ္စည်းတို့၏ ဝါစ္စတ္ထကား အဿတ္ထိအနက်၊ ဇောတကတ္ထ-ထွန်းပြအပ်သောအနက်တို့ကား ပဟူတစသော အနက်များပင်တည်း။

ပဟူတ- ပုတ္တိမာ၊ ဂေါမာ၊ ဘောဂဝါ၊ နေဝါ-စသည်။

ပသံသာ- ဂုဏဝါ၊ အာယသ္မာ၊ ရူပဝါ၊ ရူပဝတီ၊ သိရိမာ၊ သီလဝါ-စသည်။

နိန္ဒာ- ကုဋ္ဌီ၊ ဒုဗ္ဗဏ္ဏီ၊ ဝလိမာ-စသည်။

အတိသာယန- ဗုဒ္ဓိမာ၊ ဥဒရဏီ၊ ဝဏ္ဏဝါ၊ အဏ္ဏဝေါ၊ ဩဒရိကော-စသည်။

နိစ္စယောဂ- သီလဝါ၊ သတိမာ၊ ခီရိနော၊ ဣဿုကီ၊ မစ္ဆရီ-စသည်။

http://www.dhammadownload.com



သံသဂ္ဂ- ဒဏ္ဍီ၊ ဆတ္တိ၊ သတ္တိ၊

## နိစ္စယောဂ နှင့် သံသဂ္ဂ အထူး-

ဖြစ်သည်မှ စ၍ ချုပ်သည်တိုင်အောင်၊ သို့မဟုတ် ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင် မပြတ် ယှဉ်စပ်ခြင်းကို နိစ္စယောဂ။

ရံခါ ရံခါ ယှဉ်စပ်ခြင်းကို သံသဂ္ဂဆိုသည်။ (သပြေကန်-ကဝိရာဇဋီ)

## အဿတ္ထိပစ္စည်းတို့၏ ကာလ-

အဿ အတ္ထိ-၌ အတ္ထိသည် နိပါတ်ပုဒ်လည်း ရှိနိုင်သောကြောင့် ဧကဝုစ်, ဗဟုဝုစ် နှစ်မျိုးလုံး ပါဝင်နိုင်၏၊ အတ္ထိ-ဟု ဝတ္တမာန်ကာလကို ယူခြင်းကြောင့် အတိတ် အနာဂတ်ဖြစ်သော ကာလကို မယူအပ်၊ ပစ္စုပ္ပန် ကာလကိုသာ ယူအပ်၏။

(ဆောင်) မန္တျ-စ ပစ္စည်းတွေ။
ပစ္စုပ္ပန် ခါကာလ
သက်ရမလေ။
အတိတ်နှင့် အနာဂတေ
မဖြစ်ပေ ဖြတ်ထုံး။
အတ္ထိ-ဆို သဒ္ဒန္တကို
ထောက်ဆလေအုံး။ (နိရုတ္တိရတနာကရကဗျာကျမ်း)

## တပ္ပကတိဝစနေ မယော

ဤသုတ်၌ တပ္ပကတိဝစနအရ တပ္ပကတိသဒ္ဒါ၏ အနက်ဟူသည် ဝိကာရအနက်, ပကတအနက်တို့တည်း။ နိပ္ဖန္နအနက်, နိဗ္ဗတ္တအနက်တို့သည် လည်း တပ္ပကတိသဒ္ဒါ၏ အနက်တို့ပင်တည်း၊ ထိုအနက်များ၌ သုတ်ရင်းဖြင့်

http://www.dhammadownload.com



မယပစ္စည်းသက်၊ မယော-ဟူသော ယောဂဝိဘာဂဖြင့် သုတ္တအနက်၌လည်း မယပစ္စည်းသက်။ (ရူ-၂၃၅)

(ဆောင်) ထိုဖြင့် ပြုအပ်, ပကတတ်ဝယ်, နိဗ္ဗတ် နိပ္ဖန်, သွင်းယူဟန်တည်း, တစ်ဖန် ပကတိ, ဝိကာရိနှင့်, မှတ်ဘိ တစ်ချက်, သကတ်နက်ပါ, ရှဉ့်မှာ, သက်ပါ မယကို။

ပကတ- သုဝဏ္ဏေန ပကတံ-သုဝဏ္ဏမယံ။
သောဝဏ္ဏမယံ-၌ တေသုဝုဒ္ဓိဖြင့် ဥကို ဩပြု။
ရူပိယေန ပကတံ-ရူပိယမယံ။
ကဋ္ဌကာဟိ ပကတံ-ကဋ္ဌကာမယံ။
ဒါရုနာ ပကတံ-ဒါရုမယံ။
ဂဝေန ပကတံ-ဂေါမယံ။
အယသာ ပကတံ-အယောမယံ။

နိဗ္ဗတ္တ- ကဒ္ဒိယာ နိဗ္ဗတ္တံ-ကဒ္ဒိမယံ။
ဂေါတော နိဗ္ဗတ္တံ-ဂေါမယံ။
မနေန နိဗ္ဗတ္တော-မနောမယော။ (ကာယော)
မနသာ နိဗ္ဗတ္တာ-မနောမယာ။ (ကုသလာဒိဓမ္မာ-ရှင်)

နိပ္ဖန္န- မနတော နိပ္ဖန္နာ-မနောမယာ။

ပကတိ- ဂဝေန ပကတိ-ဂေါမယံ။

ဝိကာရ- မတ္တိကာယ ဝိကာရော-မတ္တိကာမယော။

သကတ္ထ- ဒါနမေဝ ဒါနမယံ။
သီလမေဝ သီလမယံ။

ပုဗ္ဗစေတနာကို ဒါနအရယူ၍ ထိုဒါနစေတနာကြောင့် ဖြစ်သော မုဉ္စစေတနာကို ဒါနမယ-ဟု ယူလျှင် "ဒါနတော နိဗ္ဗတ္တံ-ဒါနမယံ"ဟု

http://www.dhammadownload.com



မယပစ္စည်း အနက်ရှိသည်။ (ရူဘာဋီ-၂၊ ၁၅၅)

ဒါနတော နိပ္ဖန္နံ-ဒါနမယံ။ (အံဋ-၃၊ ၂၃၁)

ကစ္စည်းဘာသာဋီကာ၌ ဤသုတ်ဖြင့် မယပစ္စည်းကို သွတ္ထ, ဝိကာရ, အဝယဝ, နိဗ္ဗတ္တ, ပါစုရိယ, ပါဓာန, ဣဒံ, သရူပအနက်များ၌ သက်နိုင်ကြောင်း၊ သွတ္ထအနက်၌ သုတ်ရင်းဖြင့် သက်၍ ဝိကာရစသောအနက်များ၌ မယော-ဟူသော ယောဂဝိဘာဂဖြင့် သက်နိုင်ကြောင်း ကစ္စည်းသုတ်ရင်းအလိုမှာ သွတ္ထအနက်၌သာ သက်ကြောင်း ကလာပ်ကျမ်းများအရ ထုတ်ပြထား၏။

## သချ်ာပူရဏေ မော

သချ်ာ, သချေ်ယျ-

၁ ၂ ၃ ၄-စသော အရေအတွက် သချ်ာကိုသာ ပဓာနထား၍ ဟောသော သဒ္ဒါသည် (သချ်ာပဓာန) သချ်ာဝစနမည်၏။

တစ်ယောက်သောလူ၊ နှစ်ယောက်ကုန်သော လူတို့၊ ဤသို့ စသည် ဖြင့် ရေတွက်အပ်သော အရာဝတ္ထုကို ပဓာနထား၍ ဟောသောသဒ္ဒါ သည် (သချေ်ယျပဓာန)သချေ်ယျဝစနမည်၏။ (ကစ်ဘာဋီ-၂၊ ၁၇၅)

ထိုနှစ်မျိုးတွင် ဤသုတ်သည် သချ်ာပဓာန၌သာ မ-ပစ္စည်းသက် ရမည်။

သချ်ာအရ-

ဒွိ-တိ-စတု-ဆ သချ်ာတို့၏ ပူရဏအနက်၌ မ,ပစ္စည်း မသက်ဘဲ အခြားပစ္စည်း တစ်မျိုးစီ သက်လတံ့ဖြစ်သောကြောင့် ထိုဒွိစသောသချ်ာတို့ကို ချန်၍ ပဉ္စ-သတ္တ-အဋ္ဌ-နဝ-ဒသ-ဧကာဒသ-ဒွါဒသ-တေရသ-စုဒ္ဒသ-ပန္နရသ စသည်တို့ကို ယူ။

ပဉ္စန္နံ ပူရဏော-ပဉ္စမော။ (ကဏ္ဍော)

ပဉ္စန္နံ ပူရဏီ-ပဉ္စမီ။ (ဝိဘတ္တိ)

http://www.dhammadownload.com



ပဥ္စန္နံ ပူရဏော-ပဉ္စမော။ (ဈာန်)

မောဂ္ဂလ္လာန်နှင့် သဒ္ဒတ္ထဇာလကရက်ကျမ်းတို့၌ မပစ္စည်းကို ပဉ္စ-သတ္တမှ စ၍ ဒသ-တိုင်ရုံသာ စီရင်၏၊ ကောဒသမှ စ၍ အထက်ကို ဎ-ပစ္စည်း (သို့မဟုတ်) ဎအနုဗန်ရှိသော အပစ္စည်း စီရင်၏။

ကောဒသော-တစ်ဆယ့်တစ်ခုတို့၏ ပြည့်ကြောင်း၊ ဒွါဒသော-တစ်ဆယ့်နှစ်ခုမြောက်၊ တေရသော-တစ်ဆယ့်သုံးခုမြောက်၊ အဍ္ဎုပေါသထော စာတုဒ္ဒသော-ယနေ့ တစ်ဆယ့်လေးရက်မြောက် ဥပုသ်နေ့၊ အဍ္ဎုပေါသထော ပန္နရသော၊ စတ္တာလီသော-လေးဆယ်မြောက်၊ ပညာသော-ငါးဆယ် မြောက်-စသည်တို့ကို ပုံစံထုတ်၏။

စတ္တာရော စ ဒသ စ-စတုဒ္ဒသ။
စတူဟိ အဓိကာ ဒသ-စတုဒ္ဒသ။
စတုဒ္ဒသန္နံ ပူရဏော-စာတုဒ္ဒသော။
စတုဒ္ဒသန္နံ ပူရဏီ-စာတုဒ္ဒသီ။

ကစ္စည်းအလိုမူ ဎ-ပစ္စည်း မသက်ဘဲ ယဒနုသုတ်ဖြင့် ပူရဏအနက်၌ အပစ္စည်း သက်ပါ။ ဣတ္ထိလိင်၌ ကောဒသီ, ပန္နရသီ ဟု ဖြစ်၏၊ ကောဒိတော ဒသသီ-ဖြင့် စီရင်လတ့်။

ကစ္စည်းဝုတ္တိ၌ ဒသ-တိုင်ရုံသာ ပုံစံထုတ်သည်ကိုလည်း ဥပလက္ခဏနည်းဟု မှတ်ပါ။ ဗာလာဝတာရနှင့် ၎င်းဋီကာတို့၌ ကောဒသမ-စသည်ကို ပုံစံထုတ်၏၊ ပါဠိ၌လည်း "ကောဒသမော ပရာဘဝေါ၊ ဒွါဒသမံ ဘဂဝါ ဗြူဟိ" စသည်ဖြင့် ပုံစံထင်ရှား၏။

ယောဂဝိဘာဂ-

မော-ဟူသော ယောဂဝိဘာဂဖြင့် သကတ္ထ၌ မ-ပစ္စည်းသက်ပါ။

ဆဋ္ဌောယေဝ ဆဋ္ဌမော။ (ရှဋီ)

http://www.dhammadownload.com



မောဂ်၌ "ဆာ ဍ္ဍမာ"ဟု သုတ်တည်၍- ဍ္ဍမ-ပစ္စည်းသက်သည်၊ နီတိ၌ ဆဍ္ဍမ-ပုဒ်သည် ဂါထာအရာ၌သာ အကွရာလုံးရေ မပြည့်မည်စိုး၍ ရှိရသည်၊ စုဏ္ဏိယ၌ မရှိရဟု ဆိုထားသည်။

ကတိသဒ္ဒါ- မ,ပစ္စည်းသည် ကတိပုဒ်နောင်လည်း သက်၍-

ကတိန္နံ ပူရဏော-ကတိမော။

ဘယ်နှစ်ခုတို့၏ ပြည့်ကြောင်းနည်း။

ကတိန္နံ ပူရဏီ-ကတိမီ။

ဘယ်တိထိတို့၏ ပြည့်ကြောင်းပါနည်း-ဟု ဖြစ်၏။ ကတိသဒ္ဒါသည် ပဋ္ဌာဝါဓက သချာတစ်မျိုးဟု ဆိုသင့်ရကား ကစ္စည်းအလိုမူ ဤသုတ်ဖြင့်ပင် သက်ပါ၊ မောဂ်၌ကား "မ ပဉ္စာဒိကတိဟိ"-(၄-၅၂)ဟု ကတိ-ကို သီးခြား ထည့်၍ သုတ်တည်၏။

## သ ဆဿ ဝါ

ဤသုတ်သည် သချာပူရဏအရာ၌ ဆ-ကို သ-ပြု၏၊-ဟု ကစ္စည်းဝုတ္တိဆို၏၊ ဆန္နံ ပူရဏော-သဋ္ဌော၊ ဆဋ္ဌော ဝါ၊-ဟု ပုံစံထုတ်၏။

ရူပသိဒ္ဓိ၌ကား သချာပူရဏပုဒ်ကို မလိုက်စေဘဲ "သချာနေ- သချာအရာ၌"ဟု သာမညပင် မိန့်သည်၊ ပုံစံကိုလည်း-

ဆ အဟာနိ-သာဟံ။

ဆ အာယတနာနိ-သဠာယတနံ။

(နှဲ) ဆ ဝေ အာယတနာနိ-သဠာယတနံ။-တို့ကို ပုံစံထုတ်၏၊ ဤ သာဟံ, သဠာယတနံ-တို့သည် ဒိဂုသမာသ်တို့တည်း၊ စိရင်၍ လွယ်ကူစေခြင်း အကျိုးငှါသာ ဤသချာတဒ္ဓိတ်ကဏ္ဍ၌ ဆိုထားသည်ဟု ရှု-ဂဏ္ဌိ၌ မိန့်သည်။

http://www.dhammadownload.com



အချို့ဆရာများအယူ-

သချာ စ ပူရဏာစ သချာပူရဏံ။

သချာပူရဏမေဝ အတ္ထော-သချာပူရဏတ္ထော။-ဟု ပြု၍ အသချာပူရဏ, သချာပူရဏ အနက်နှစ်မျိုးလုံး၌ပင် သ-ကို ဆ-ပြု၏။

(နဲ) ဝါသဒ္ဒါ သမုစ္စယကြံ၊ အသချာပူရဏကိုဆည်း။ (သပြေကန်)

## ကောဒိတော ဒသဿီ

ဤသုတ်သည် ပူရဏ၌ ကေစသောသဒ္ဒါမှ နောက်ဖြစ်သော ဒသသဒ္ဒါ ၏ အဆုံး၌ ဤပစ္စည်းသက်သော သုတ်တည်း။

**အာဒိသဒ္ဒါ-**

အာဒိအရ ကစ္စည်းပြသည့်အတိုင်း စတု-ပဉ္စ-လောက်ကိုသာ ယူလိုကြ ၏၊ သို့သော် ဒွါဒသီ၊ တေရသီ၊ စသည်ဖြင့် ရှဒ္ဒပြသည်ကို ထောက်၍လည်း ကောင်း၊ ပက္ခဿ တေရသိယံ၊ ကလံ နဂ္ဃတိ သောဠသိံ-ဟူသော ပါဠိတို့ကို ရှု၍လည်းကောင်း သတ္တ, အဋ္ဌ-တိုင်အောင်ယူရန် ဘာဋီ၌ မိန့်သည်။

**ကော စ ဒသ စ-ကောဒသ။**

**ကေန အဓိကာ ဒသ-ကောဒသ။**

**ကေဒသန္နံ ပူရဏီ-ကောဒသီ။**

တစ်ဆယ့်တစ်ခုတို့၏ ပြည့်ကြောင်း ရက်၊ ဒွါဒသီ၊ တေရသီ၊ စုဒ္ဒသီ၊ စတုဒ္ဒသီ၊ ပန္နရသီ၊ ပဉ္စဒသီ၊ သောဠသီ။ <u>သတ္တရသီ</u> နှင့် <u>အဋ္ဌာရသီ</u>-တို့ကို ပါဠိ၌ မတွေ့ရ၊ ဆရာဘုန်းကြီး၏ ပါဠိသုံးသချာဌာန-စာအုပ်၌ကား တိပိဋကတို့ကို မှီး၍ ယင်းပုံစံနှစ်ခုကို ပြဆိုထား၏။

ကစ္စည်းအလိုမူ ဣတ္ထိလိင် ကောဒသစသော သချာနောင် ပူရဏတ္ထ၌ ဤပစ္စည်းသက်၍ ကောဒသီ စသည်ဖြစ်၏၊ ဝါ-မြစ်လျှင် မ-

http://www.dhammadownload.com



ပစ္စည်းသက်၊ နဒါဒိဤပစ္စည်းသက်၍ 'ကောဒသမိ စသည်ဖြစ်၏၊ ပုံလိင် နပုံလိင်တို့၌မူကား မ-ပစ္စည်းသက်၍ ကောဒသမော ပရာဘဝေါ၊ ကောဒသမံ ယဝခေတ္တံ၊ စသည် ရှိစေရမည်ဟူလို။ (သပြေကန်)

သက္ကတ၌ ဤပစ္စည်းမျိုး မရှိ၊ ကောဒသစသော သချာသဒ္ဒါနောင် ပူရဏတ္ထ၌ ယဒနုသုတ်ဖြင့် (ဍ-အနုဗန်ရှိသော) အပစ္စည်းသက်၍ ဣတ္ထိလိင်၌မူ နဒါဒိဤပစ္စည်း ထပ်သက်လျှင် ကောဒသီ စသည်ဖြစ်၏၊ ရုပ်ဖြစ်ပုံချင်း မတူသည်ကို သတိပြုရာ၏။

ဤပစ္စည်း ထပ်မသက်ရ-

ဤသုတ်ဖြင့် ဤပစ္စည်းသက်၍ ပြီးသော ကောဒသီစသော ဤပစ္စယန္တ ပုဒ်တို့သည် နဂိုသဘောအတိုင်း ဣတ္ထိလိင်ကို ဟောစွမ်းနိုင်သော သတ္တိရှိခြင်းကြောင့် အာ-ဤ-ဣနီ ဣတ္ထိပစ္စည်းများ ထပ်မသက်ရ။

တဒန္တဿ သဘာဝေန, ဣတ္ထိယံယေဝ သမ္ဘဝေါ။ (ရူ-၂၄၈)

ယောဂဝိဘာဂ-

"ကေ"ဟူသော ယောဂဝိဘာဂဖြင့် အသဟာယဝါစက ကေသဒ္ဒါမှ နောက်၌ အချို့ က-ပစ္စည်း၊ အချို့ အာကီ-ပစ္စည်း သက်၏။ (သပြေ)

မောဂ္ဂလ္လာန်အလိုမူ "ကော ကာကျသဟာယေ"(မောဂ်-၄၊၅၅) ဟူသောသုတ်ဖြင့် သက်ပါ။ ကစ္စည်းအလို ယဒနုသုတ်ဖြင့်သက်လေ။ ကပစ္စည်း-ကေကော၊ ထီ-၌ ကေကာ၊ သုတ်ကြီးဖြင့် က-၏ အကို ဣပြု၍ အာပစ္စည်းသက်ပါ။

အာကီပစ္စည်း- ကောကီ၊ ထီ-၌ ကောကိနီ၊-ဟု ဖြစ်၏။

(ဆောင်) ကောဒိတော သုတ်သဘော, ထုတ်ပြောလို၍ လင်္ကာဆင်။
ကောဒသာ, ထက် သချာ, ထီ-မှာသက်ဖို့ ဤ-ကိုထွင်။
ဝါမြစ်သည့်ခါ, မသက်ပါ, ထီသာ ဟောဖို့ ဤကိုယှဉ်။

http://www.dhammadownload.com



ပုံ နပုံမှာ, မ-ချည်းသာ, သက်ရာ ပူရ-နက်အစဉ်။
ကေ ယောဂါ, ယင်းနှင့်သာ, သက်ပါ ကာ-ကီ နှစ်ပါးပင်။
အသဟာယ, ဟော ကေ, ယင်းမှ နောက်တွင် သက်စေချင်။
(သပြေကန်)

## ဒသေ သော နိစ္စဥ္စ

ဒသသဒ္ဒါကြောင့် ဆသင်္ချာသဒ္ဒါကို အမြဲ သောပြု၍ သောဠသ-ဟု ဖြစ်၏၊ဆ စ ဒသ စ-သောဠသ။

ဆဟိ ဝါ အဓိကာ ဒသ-သောဠသ။

ရှုပ်- ဆ စ ဒသ စ၊ ခွန်မှည့်၊ ယောဝိဘတ်တို့ကို ချေ၊ တေသံ-ဖြင့် စ နိပါတ်တို့ကို ချေ၊ ဆ ဒသ-ဟု ပကတိပြု၊ ဤသုတ်ဖြင့် ဒသသဒ္ဒါကြောင့် ဆ သင်္ချာသဒ္ဒါကို သောပြု၊ (သော ဒသ) လဒရာနံ-ဖြင့် ဒ-ကို ဠ-ပြု၊ နာမ်ငဲ့၊ ယောသက်၊ ပဥ္စာဒီနမကာရော-ဖြင့် ဝိဘတ်နှင့်တကွ သောဠသ သင်္ချာသဒ္ဒါ၏ အစိတ် အ-ကို အ-ထပ်ပြု ပြီး၏။

## အဋ္ဌေ နိဂ္ဂဟိတဥ္စ

ဤသုတ်သည် သင်္ချာသဒ္ဒါတို့၏ အဆုံး၌ နိဂ္ဂဟိတ်လာခြင်းကို စီရင်သော သုတ်တည်း၊ စသဒ္ဒါကား နိဝတ္တာပနာဝဓာရဏာတည်း၊ စာတုဒ္ဒသီ ပဥ္စဒသီ-တို့၌ နိဂ္ဂဟိတ်လာခြင်းကို နစ်စေသည်။

စာတုဒ္ဒသီ၊ ပဥ္စဒသီ-တို့သည် ကစ္စည်းအလို ဤသုတ်ဖြင့် နိဂ္ဂဟိတ်လာထားသော ပုဒ်တည်း၊ သဒ္ဒနီတိ၌ကား လာသောနိဂ္ဂဟိတ်မဟုတ်၊ အစ္စန္တ-သံယောဂအနက်၌ သက်သော ဒုတိယာဝိဘတ်တည်းဟု မိန့်သည်။

နီတိအလိုသည် "စာတုဒ္ဒသိံ ပဥ္စဒသိန္တိ စတုန္နံ ပူရဏီ စာတုဒ္ဒသီ။ပ။ အစ္စန္တသံယောဂေ ဥပယောဂဝစနံ"ဟူသော အဋ္ဌကထာတို့နှင့် ညီညွတ်သည်

http://www.dhammadownload.com



ဟု ဘာငိုမှိန့်သည်။

## တိ စ

ရှည် ဝါသဒ္ဒါကို လိုက်စေ၍ ထိုဝါသဒ္ဒါ၏ ဝဝတ္ထိတဝိဘာသတ္တကြောင့် ဝိသ,တိံသတို့နောင်သော ဝိကပ် တိလာ၍ ဝိသတိ တိံသတိ-ဟုဖြစ်၏။

တိမလာလျှင် ဝိသ တိံသ ဟုဖြစ်၏၊ ဝိသ တိံသတို့မှ အခြားသော သင်္ချာသဒ္ဒါတို့၏ အဆုံး၌ တိ-မလာရဟု သတ်မှတ်သည်။

## လ ဒရာနံ

သင်္ချာသဒ္ဒါတို့၏ အစိတ် ဒ-ရ အက္ခရာတို့ကို လ(ငှ)ပြုသောသုတ်တည်း၊ ဝါသဒ္ဒါ၏ သတ်မှတ်ချက်ကြောင့် "သောဠသ-၌ ဒ-၏ ဠအပြုသည် နိစ္စဝိဓိ၊ စတ္တာလီသ၊ တေရသ-တို့၌ ရ-၏ လအပြုသည် အနိစ္စဝိဓိ၊ စုဒ္ဒသ ဒွါဒသ၊ ပန္နရသ-တို့၌ လ-မပြုရခြင်းဟူသော အသန္တဝိဓိ"၊ ဝိဓိသုံးပါးကို ပိုင်းခြားပြသည်။

(ဆောင်) လ ဒရာ နှ ဝါလိုက်မှုကြောင့်၊ ဠပြု နိစ္စ, သောဠသတည်း။ အနိစ္စမှာ, စတ္တာလီသ, တေရသနှင့်, အသန္တမူ, မှတ်ယူ စုဒ္ဒသ်, ပန္နရသ်, ပိုင်းဖြတ် ရှုပသိဒ်။

## ဝိသတိဒသေသု ဗာ ဒွိဿ တု

ဤသုတ်ဖြင့် ဝိသတိသဒ္ဒါ ဒသသဒ္ဒါကြောင့် ဒွိသဒ္ဒါကို ဗာပြု၍ ဗာဝိသတိ ဗာရသ စသည်ဖြစ်၏။

ဒွေ စ ဝိသတိ စ ဗာဝိသတိ။

ဒွိ+ဝိသတိ ဟု သမာသ်ဖြစ်သည့်အခါ ဤသုတ်ဖြင့် ဒွိကို ဗာပြု၊

http://www.dhammadownload.com



နာမ်ငဲ့ သိသက် ချေ၊ ဝိသတိ-အတိုင်း ရုပ်စဉ်။

ဒွေ စ ဒသ စ-ဗာရသ။ (ဗဟုဝုစ်ချည်း စဉ်)

ဒွေ စ တိံသ စ-ဗာတ္တိံသ။ (ဝိသံ-အတိုင်းစဉ်)

တု သဒ္ဒါ- ဗာ တု-ဟု ဗာသဒ္ဒါနောင် ထိုင်သော တုသဒ္ဒါဖြင့် ဝိသတိ ဒသ-မှ တစ်ပါး အခြားသဒ္ဒါနှောင်းရာ၌ ဒု-ဒိ-ဒေါ အပြုကို ဆည်းယူသည်။

ဒွေ ရတ္တိယော-ဒုရတ္တံ။ ဒိရတ္တံ။

ဒွေ ဂုဏာနိ-ဒိဂုဏံ။ (နှစ်ထပ် နှစ်လွှာ)

ဒွိ ရတ္တိ-တည်၊ ဒွေ ရတ္တိယော-ဟု ဒိဂုသမာသ်ဝါကျ ပြု၍ ဒိဂုသမာသ် ရုပ်တွက်ပြီးလျှင် ဒွိ+ရတ္တိ-ဟု ပကတိပြု၊ နပုံးကေတ်စီရင်၊ ဤသုတ်၌ တုသဒ္ဒါ ဖြင့် ဒွိ-ကို ဒု-ဒိ ပြု၊ ကွစိသမာသန္တဖြင့် အပစ္စည်းသက်၊ (နဲ)ရတ္တိ-၏ အဆုံး ဣကို အပြု၊ နာမ်ငဲ့၊ သိသက် အံပြု၊ ဒုရတ္တံ၊ ဒိရတ္တံ-ဟု ဖြစ်၏။

ဒိဂုဏံ-၌ ဒွေ ဂုဏာ ယဿာတိ-ဒိဂုဏာ (သံယာဠ်)ဟုလည်း ရှိ၏။

ဒွေ ဟဒယာ ယဿာတိ-ဒေါဟဠိနီ။

ဒွိ+ဟဒယ ဟု ပကတိပြုပြီးသောအခါ ဤသုတ် တုသဒ္ဒါဖြင့် ဒွိ-ကို ဒေါ-ပြု၊ ဟဒယ-ကို သုတ်ကြီးဖြင့် ဟဠပြု၊ (နဲ) ယ-ကိုချေ၊ ဒကို ဠပြု၊ ဣနီ ပစ္စည်း သက်။

(နဲ) ဒွိဟိ ဟလတိ ကမ္ပတီတိ-ဒေါဟဠော။ ဒေါဟဠိနီ။

ဒွိ+ဟလ-ဓာတ်၊ အ၊ ဒွိဿ ဒေါ၊ လဿ ဠော၊ ဣနီ-သက်။

(နဲ) ဒွေ ဟဒယာ အတြာတိ-ဒေါဟဠော။

(နဲ) ဝိသတိ ဒသ သဒ္ဒါနောင် တုသဒ္ဒါကို ထိုင်စေ၍ ထို တုသဒ္ဒါဖြင့် ကုလ,တိံသ သဒ္ဒါတို့နှောင်းရာ၌ ဗာ-ပြု။

ဒွေ ကုလာနိ ယဿာတိ-ဗာကုလော။ ဗာတ္တိံသ-စသည်။

တိသချာသဒ္ဒါနှောင်းရာ၌ ဒွိ-ကို ဒွ-ပြု၍လည်း ဒွတ္တိကွတ္တုံ၊ ဒွတ္တိပတ္တပူရာ-တို့ ဖြစ်နိုင်ဖွယ်ရှိ၏။(ဘာဋီ)

http://www.dhammadownload.com



(ဆောင်) ဝီသတိလာ, တုသဒ္ဒါကို, ဗု-သဒ္ဒါနောင်, တိုင်အောင်ရှေ့သော,
ဒု-ဒိ-ဒေါ ဟု, ကစ္စည်းပြ၍၊ တစ်ခု ဝီသ, နောက်၌ကျမ္မ, တိံသ-ကုလာ,
နှောင်းလေရာဝယ်, ဗာပြုဆွယ်, မှတ်ဖွယ် ကျမ်းအဆို။

ကောဒိတော ဒသ ရ သချေ်ာနေ

ဤသုတ်သည် သချေ်ာပဓာနအရာ၌ ကေ-ဒွိ-တိ သဒ္ဒါတို့မှ နောက်ဖြစ်သော ဒသသဒ္ဒါ၏ ဒ-ကို ရ-ပြုသောသုတ်တည်း။

ကောဒိ-၌ အာဒိဖြင့် ဒွိ-တိ-သချေ်ာ ၂-ခုကိုယူ။ ဒသသဒ္ဒါ၏ သ-ကို ရမပြုဘဲ ဒ-ကိုသာ ရ-ပြုရခြင်းအကြောင်းကို ရှုပသိဒ္ဓိ၌ "ကောဒိတော ဟူသော နိမိတ်နှင့် နီးကပ်သည်၏အဖြစ်ကြောင့်"ဟု အကြောင်းပြ၍ ပြဆိုထား၏၊ လိင်္ဂသုံးပါးလုံး ကောရသ, ကောဒသ-ဟုချည်း ရှိ၏။ (ရှု-၂၄၇)

ဒွါဒသာယတနာနိ-၌ ဒသသဒ္ဒါသည် သချေ်ာသဒ္ဒါမဟုတ်၊ ရေတွက်အပ်သော အာယတနအနက်ဟော သချေ်ယျသဒ္ဒါဖြစ်သောကြောင့် ဒ-ကို ရ-မပြုရ။

ဧကော စ ဒသ စ-ဧကာရသ။
ဧကေန အဓိကာ ဒသ-ဧကာရသ။
ဒွေ စ ဒသ စ-ဗာရသ။
တီဟိ အဓိကာ ဒသ-တေရသ။ သုတ်ကြီးဖြင့် တိ-ကို တေပြု။

အဋ္ဌာဒိတော စ

ဤသုတ်သည် သချေ်ာပဓာနအရာ၌ အဋ္ဌ-သတ္တ-ပဉ္စ သဒ္ဒါတို့မှ နောက်ဖြစ်သော ဒသသဒ္ဒါ၏ ဒကို ရပြုသောသုတ်တည်း။

အာဒိသဒ္ဒါ-အဋ္ဌအထက်၌ နဝနှင့် တွဲဖက်ဖို့ရာ ဒသသချေ်ာ မရှိတော့ရကား
အာဒိဖြင့် အောက်ဖြစ်သော သတ္တ-ပဉ္စ သချေ်ာတို့ကိုသာ ယူ။

http://www.dhammadownload.com



ပဥ္စဒသ၊ သောဠသ-ဟု ပုံစံထုတ်သော ဝုတ္တိဆရာအလို့အားဖြင့်ကား ပဥ္စ နှင့် ဆ သည် အဋ္ဌာဒိ၌ အာဒိအရတွင် မပါဝင်ဟု ဆိုလိုသည်၊ ပန္နရသ ဟု ရှိရာ၌လည်း တေသုဝုဒ္ဓိဖြင့် ပဥ္စကို ပန္နပြုပြီးသည့်အခါ ထိုပန္နသည် အဋ္ဌာဒိတွင် မပါဝင်တော့ရကား ဤသုတ်ဖြင့် ရ-မပြုဘဲ ထိုသုတ်ကြီးဖြင့်ပင် ရ-ပြုစေလိုဟန် တူ၏။

ရူပသိဒ္ဓိ၌ကား ပန္န-ကို ရှေးဦးစွာပြုပြီးနောက် "အဋ္ဌာဒိတော စာတိ ရတ္တံ၊ ပန္နရသ"-ဟု မိန့်သည်။

အဋ္ဌ စ ဒသ စ-အဋ္ဌာရသ။

ပဥ္စ စ ဒသ စ-ပန္နရသ။ ဧဝံ သတ္တရသ။

## ဒွေကဋ္ဌာနမာကာရော ဝါ

ဤသုတ်သည် သင်္ချာဖြစ်သော နောက်ပုဒ်ကြောင့် ဒွိ-ဧက-အဋ္ဌ သဒ္ဒါ တို့၏ အဆုံးသရကို အာပြုသော သုတ်တည်း။

ဒွေကဋ္ဌာန-ဟု သင်္ချာအစဉ်အတိုင်း မဆိုခြင်းသည် သုခုစ္စာရဏ အကျိုး ရှိ၏။ ဒွေ ဒန္တာ ယဿာတိ-ဒွိဒန္တော။

ဧကံ ဆန္ဒံ ယဿာတိ-ဧကစ္ဆန္ဒော။

အဋ္ဌ ထမ္ဘာ ယဿာတိ-အဋ္ဌထမ္ဘော။-တို့၌ သင်္ချာဖြစ်သော နောက်ပုဒ် မနှောင်းသောကြောင့် အာ-မပြုရ။

## စတုစ္ဆေဟိ ထ ဌာ

ဤသုတ်သည် သင်္ချာပူရဏ၌ စတု-ဆ သင်္ချာသဒ္ဒါနောင် ထ-ဌာ ပစ္စည်း များ သက်သောသုတ်တည်း။

စတုန္နံ ပူရဏော-စတုတ္ထော။

http://www.dhammadownload.com



ဆန္ဒံ ပူရဏ္ဏော-ဆန္ဒော။

## ဒွိတီဟိ တိယော

ဤသုတ်သည် သင်္ချာပူရဏ၌ ဒွိ-တိ သဒ္ဒါတို့နောင် တိယပစ္စည်းသက်သောသုတ်တည်း။ သက္ကတကျမ်းများအလို တီယပစ္စည်းတည်း။ ထို့ကြောင့် ဂါထာပါဠိဝယ် ဆန္ဒာနုရက္ခဏအားလျော်စွာ "ဒုတိယ၊ ဒုတီယ"ဟု နှစ်မျိုးတွေ့ရ၏၊ တိယ-ပစ္စည်းယူက ဒုတိယ-၌ ဣယပြုပါ၊ တီယ-ပစ္စည်းဟုယူကလည်း ဒုတီယ-၌ ရဿပြုပါ။

ဒွိန္နံ ပူရဏော-ဒုတိယော။ ဒုတိယော။

တိဏ္ဏံ ပူရဏော-တတိယော။ တတိယော။

## တိယေ ဒုတာပိ စ

ဤသုတ်သည် တိယ-ပစ္စည်းကြောင့် ဒွိ-တိ သင်္ချာတို့ကို ဒု-တ ပြုသောသုတ်တည်း။ ဒုတိယော။ တတိယော။

**အပိသဒ္ဒါ စသဒ္ဒါ-**

အပိသဒ္ဒါဖြင့် တိယပစ္စည်းမှ တစ်ပါး အခြားသဒ္ဒါကြောင့် ဒွိ-ကို ဒု-ပြု၍ ဒုရတ္တံ၊ ဒုဝိဓံ၊ ဒုဝင်္ဂ ဟု ဖြစ်၏။ စသဒ္ဒါဖြင့် ဒိ-ပြု၍ ဒိရတ္တံ၊ ဒိဂုဏံ-စသည်ဖြစ်၏။

(ဆောင်) အပိ ကား ဒု, စ ဒိပြု, မှတ်ရှု ဒုရတ္တံ ဒိရတ္တံ။

မှတ်ချက်။ ကစ္စည်း၌ ဝိသတိဒသေသု-သုတ်၌ တုသဒ္ဒါဖြင့် ပြီးခဲ့ပါလျက် ဤသုတ်၌ ထပ်ပြခြင်းသည် တစ်မျိုးတစ်ဖုံအားဖြင့် ရုပ်ပြီးပုံကို ပြခြင်းပင်တည်း။ ရှဉ်ကား ထပ်မနေစေရန် ရှေ့သုတ် တုသဒ္ဒါဖြင့်

http://www.dhammadownload.com



တိ်သ-သဒ္ဒါကိုသာ ဆည်းယူ၍ ဤသုတ်ကျမှ ဒု-ဒိ အပြုကို ဆည်းယူသည်။

ဒွေ အင်္ဂါနိ-ဒုဝင်္ဂ။ ဒွေ ဂုဏာနိ-ဒိဂုဏံ။ (ဋီကာ)

**တေသမမ္ဗုပပဒေန ။ပ။ တိယာ်**

ဤသုတ်သည် အဍ-ဟူသောအနီးပုဒ်နှင့်တကွ စတုတ္ထ, ဒုတိယ, တတိယသဒ္ဒါတို့ကို အဍ္ဍ, ဒိဝဍ္ဍ, ဒိယဍ္ဍ, အဍ္ဍတိယ ပြုသောသုတ်တည်း။

**အဍ္ဍေန စတုတ္ထော-အဍ္ဍုဍ္ဍော။**

အခွဲဖြင့် လေးခု(ဘာဋိ)၊ အဍ္ဍေန-၌ နာဝိဘတ်ကို ဝိသေသနတ္ထ၊ ထပစ္စည်းကို သွတ္ထကြံသည်။ အခွဲနှင့်တကွ လေးခု၊ (နဲ) အခွဲနှင့်တကွ လေးခုမြောက်၊-ဟုလည်း ပြန်ဆိုကြသေး၏။

**အဍ္ဍေန ဒုတိယော-ဒိဝဍ္ဍော။**

**အဍ္ဍေန ဒုတိယော-ဒိယဍ္ဍော။**

**အဍ္ဍေန တတိယော-အဍ္ဍတိယော။**

(နဲ)ထ-ပစ္စည်း တိယ-ပစ္စည်းတို့ကို ပူရဏအနက်၌ သက်စေ၍-

**အဍ္ဍံ စတုတ္ထံ ယဿာတိ-အဍ္ဍစတုတ္ထော။**

အခွဲဟူသော လေးခုမြောက်ရှိသောဝတ္ထု၊ အဍ္ဍစတုတ္ထ-ဟု ဗဟုဗ္ဗီဟိသမာသ်ပုဒ်ဖြစ်သောအခါ ဤသုတ်ဖြင့် အဍ္ဍုဍ္ဍ ပြု။

**အဍ္ဍံ ဒုတိယံ ယဿာတိ-အဍ္ဍဒုတိယော။**

**အဍ္ဍံ တတိယံ ယဿာတိ- ဍ္ဍတတိယော။**

အဍ္ဍဒုတိယ-ကို ဒိဝဍ္ဍ, ဒိယဍ္ဍ၊ အဍ္ဍတတိယ-ကို အဍ္ဍတိယ ပြုပါ။

**အဍ္ဍတေယျော-**

အဍ္ဍတေယျော-နှစ်ခုခွဲ ဟု ရှိရာ၌ကား သကတ္ထ၌ ဏျပစ္စည်းသက်၍

http://www.dhammadownload.com



"အဗုတိယောယေဝ အဗုတေယျော"ဟု ပြု၍ တိ-၌ ဣ-ကို တေသုဝုဒ္ဓိဖြင့် ဧဝုဒ္ဓိပြု။ ဝိနယဝိနိစ္ဆယဋီကာ၌ကား "ဟိတ္ထုံ ပူရဏော-တေယျော၊ ပူရဏ အနက်၌ ဏေယျ-သက်၊ အဗုာ တေယျော ယဿာတိ-အဗုတေယျော"ဟု ပြု၏။ ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်၌ "အဗုတိယေန ယုတ္တာနိ-အဗုတေယျာနိ"ဟု ပြု၍ ယုတ္တအနက်၌ ဏျသက်၏။ (ပဋိသံ၌,ဂဏ္ဌိ-၃၃၈)

နိဒ္ဒေသ-

အဗေန စတုဗ္ဗော-သည် တပ္ပုရိသ်သမာသ်ပင်ဖြစ်သော်လည်း အမုမ ပြုလိုက်သည့်အခါ အပြုအာဒေသ ပြောင်းလွဲမှုကြောင့် အဗုမ-စသည်တို့ တဒ္ဓိတ်ပုဒ်များ ဖြစ်ကြသည် ဟု ဆို၏။

ဣဒံ တပ္ပုရိသသမာသတ္တေပိ အာဒေသပရိဝတ္တဝသေန တဒ္ဓိတံ နာမ။

ယင်းနိဒ္ဒေသ၌ပင် သဒ္ဒါပဓာန၌ တပ္ပုရိသ်သမာသ်ပြု၊ သဒ္ဒေယျ ပဓာန၌ ဗဟုဗ္ဗီဟိ ပြု ဟု ခွဲသေး၏။

သို့သော် ဝိသုဒ္ဓိဋီ-၌ "အဗေကာဒသ ဓာတုယော"ဟု သဒ္ဒေယျပဓာန ဖြစ်သော်လည်း "အဗေန ဧကာဒသ-အဗေကာဒသ၊ အဗံ ဝါ ဧကာဒသ တောသံတိ-အဗေကာဒသ"ဟု နှစ်မျိုးလုံး ပြုတော်မူသည်။

## သရုပါနမေကသေသသဂါ

၁။ သဒ္ဒသရူပေကသေသ်-သဒ္ဒါချင်းသုတိတူ၍ အနက်အားဖြင့် မတူသောဧကသေသ်။

ပုံစံ- မာသော စ-လ လည်း၊ မာသော စ-ပဲကြီးလည်း၊ မာသာ-လ, ပဲကြီးတို့။

၂။ အတ္ထသရူပေကသေသ်-အနက်အားဖြင့် သုတိတူ၍ သဒ္ဒါချင်းမတူ

http://www.dhammadownload.com



သောကေသေ့သည်။

ပုံစံ- ဝက္ကော စ-လရေးကောက်လည်း၊ ကုဋိလော စ-ထွန်ကိုင်းကောက်လည်း၊ ကုဋိလာ-တို့။

၃။ သဒ္ဒတ္ထသရူပေကသေသ်-သဒ္ဒါ၊ အနက် ၂ ချက်လုံး သုတိတူသောကေသေသ်။

ပုံစံ- ပုရိသော စ ပုရိသော စ-ပုရိသာ။

သရူပသေ၀ သဒ္ဒ-တ္ထ, သဒ္ဒတ္ထာနံ သဘာ၀တော၊
တိဝိ္ဓမွေတ္တံ ယထာ မာသာ, ကုဋိလာ ပုရိသာတိ စ။ (ဘေဒစိန္တာ)

## သာမညနိဒ္ဒေသနည်း ရကောင်းသော ကေသေသ်

သဒ္ဒသရူပေကသေသ်ကို ကေ၀ုစ်ဖြင့် ထားရာ၌သာ သာမညနိဒ္ဒေသနည်းကို ယူသင့်သည်။ ဗဟုဝုစ်ဖြင့် ထားရာ၌ရင်း၊ အတ္ထ, သဒ္ဒတ္ထသရူပေကသေသ်တို့၌ရင်း မယူသင့်။ အဘယ့်ကြောင့်နည်း ဟူမူ-သာမညဟူသည် ဇာတ်ကို ငဲ့၍ ကေ၀ုစ်ဆုံးရိုးရှိသောကြောင့်တည်း။ (ဘာဋီ)

တိဝိဓမ္မေတံ ပဋိဂ္ဂဟဏံ သာမညနိဒ္ဒေသေန ကေသေသနယေန ဝါ ဂဟေတွာ ပဋိဂ္ဂဟဏာတိ ၀ုတ္တံ။ (သီဋီသစ်-၁၊ ၂၀၀)

## ဝိရူပေကသေသ်-

၁။ ပုဗ္ဗဝိရူပေကသေသ်-ရှေ့ပုဒ်ကို တစ်ခုကြွင်းပြုခြင်း။

ပုံစံ- မာတာ စ ပိတာ စ-မာတရော။

၂။ ပရဝိရူပေကသေသ်-နောက်ပုဒ်ကို တစ်ခုကြွင်းပြုခြင်း။

ပုံစံ- မာတာ စ ပိတာ စ-ပိတရော။

ဝိရူပေကသေသ်တို့ကို တစ်ခုကြွင်းပြုရာ၌ "ကေသေသွသကီ" ဟူသော ယောဂဝိဘာဂဖြင့် ပြုပါ။

http://www.dhammadownload.com



**ကေသေသ်၏ အမည်များ-**

ကေသေသ်သည် ပစ္စည်းမပါသောကြောင့် တဒ္ဓိတ်မဟုတ်၊ ပုရိသော ပုရိသော-ဟု နှစ်ပုဒ်လုံး အရတူနေသောကြောင့် ဒွန်သမာသ်လည်း မဟုတ်၊ သမာသ် တဒ္ဓိတ် ကိတ်နှင့် မရောမယှက် သက်သက် သုဒ္ဓနာမ်ဖြစ်သည်-ဟု ကေစိဆရာတို့ ဆိုကြ၏။

ပစ္စည်းပင် မရှိသော်လည်း ပုရိသ ၂-ပုဒ် ၃-ပုဒ် စသည်တွင် တစ်ပုဒ်ကိုသာ ချန်ထား၍ အခြားပုဒ်များကို ချေခြင်းဟူသော ကြံကြံဖန်ဖန် စီမံမှု ပရိကပ္ပဝသကြောင့် တဒ္ဓိတ်ပုဒ်တည်းဟု အပရေဆရာ(သဒ္ဒနီတိ)တို့ ဆိုကြ၏။

ကေစ္စေဆရာတို့ကမူ ဒွန်သမာသ်ဟုပင် ဆိုကြ၏။

**ဘောဒစိန္တာအလို -**

ကေသေသ်သည် တိဿ ဒတ္တစသော သုဒ္ဓနာမ်ပုဒ်များနှင့် မတူသောကြောင့် သုဒ္ဓနာမ်လက္ခဏာ မရှိ အရတူနှစ်ပုဒ် ဖြစ်နေရုံသာမက ဒွန်သမာသ် လက္ခဏာ မရှိရကား "ကေသေသ်" ကို "ကေသေသ်" ဟုပင် နာမည်တစ်မျိုး မှတ်သင့်သည် ဟု ဘောဒစိန္တာဆရာဆုံးဖြတ်သည်။

အရှင်ကစ္စည်းအလိုလည်း တဒ္ဓိတ်ခန်း၌ ပြထားသောကြောင့် တဒ္ဓိတ်ဟုပင် ဆိုလိုဟန်တူသည်။ (ကစ်ဘာဋီ-၂၊ ၁၉၇)

ကေစိ အပ္ပစ္စယတ္တာ တံ, သုဒ္ဓနာမပဒန္တိ စ၊
အပရေ ပရိကပ္ပေန, ပစ္စယေ ဝိဂတေပိ စ။
တဒ္ဓိတန္တိ စ ကေစ္စေ, ဒွန္ဒန္တိ စ အဘာဝတော၊
တံ လက္ခဏဿ တံနာမေ-နေကသေသောတိ လက္ခယေ။

**ကေသေသ်နှင့် ဝိစ္ဆာ-**

ဝိဘတ်တူသက်ရာ ၂-ပုဒ် ၃-ပုဒ် စသည်ကို အတူတကွ(တစ်ပုဒ်တည်း)

http://www.dhammadownload.com



ဆိုလိုရာ၌ ကေသေသ်ဖြစ်၏။

များစွာသော အနက်တို့ကို နှံ့စေခြင်းငှါ ၂-ကြိမ်ဆိုရာ၌ ဝိစ္ဆာဖြစ်သည်။

(ဆောင်) အတုဝိဘတ်, သက်ကုန်အပ်သည့် ပုဒ်ပါငြ် သီးသီး, တစ်ပုဒ်တည်းကို, ဆိုလိုတုံလစ်, ကေသေသ်မှတ်၊ များလတ်နက်တူ, နှံ့စေဟူ၍, ၂-ဆူပုဒ်သာ, ဆိုလိုရာဝယ်, ဝိစ္ဆာခေါ်ရိုး, ဥဒါန်းထိုးသည်, နှစ်မျိုးမှတ်ဖွယ် အထူးတည်း။ (ကစ်ဘာဋီ-၂၊ ၁၉၈)

ဝိစ္ဆာအပြား-

ဝိစ္ဆာသည်လည်း ဒဗ္ဗ, ဂုဏ, ကြိယာ-ဟူ၍ သုံးမျိုးပြား၏။ ဒြပ်အားဖြင့် နှံ့စေခြင်းငှါ နှစ်ကြိမ်ဆိုခြင်းသည် ဒဗ္ဗဝိစ္ဆာမည်၏၊ အကြွင်းကိုလည်း နည်းတူမှတ်ပါ။

ပုံစံ-ဂါမေ ဂါမေ ဇလံ အတ္ထိ။ (ဒဗ္ဗ)

ဂါမော ဂါမော ရမဏီယော။ (ဂုဏ)

ဂါမော ဂါမော ဂမျတေ။ (ကြိယာ)

ရုပ်တွက်- ဂါမေ ဂါမေ-ကို ဂါမ တည်၊ သိ်သက်၊ ပြေ၊ ဂါမေ-ဟု ဖြစ်သော အခါ ယဒနုသုတ်ကြီး (ဝိစ္ဆာဘိက္ခညေသု ဒွေ၊ မောဂ်၊ ၁၊ ၅၄) ဖြင့် ဂါမေ တစ်ပုဒ်ကို ဂါမေ ဂါမေ-ဟု ဒွိရုပ်ပြု။

မတ္တကမတ္တကေန(ဓမ္မ-၁၊ ၁၆၅) အာဂတာဂတာ(ဓမ္မ-၁၊ ၄၁) ဒိဋ္ဌဒိဋ္ဌာယ၊ ဒဟရဒဟရာ၊ သောရတသောရတော၊ နိဝါတနိဝါတော၊ ဥပသန္တုပသန္တော ဟောတိ၊ (အံ-ဒု၊ ၃၄၅) စသည်တို့၌လည်း နည်းတူမှတ်ပါ။

မတ္တကေန-ဟု ပြီးရာ၌ ဝိစ္ဆာဘိက္ခညေသု ဒွေ-ဖြင့် ဒွိရုပ်ပြု၊ (မတ္တကေန မတ္တကေန) သျာဒိလောပေါ ပုဗ္ဗဿေကဿ-၌ သျာဒိလောပေါ ပုဗ္ဗဿ-ဟူသော ယောဂဝိဘာဂဖြင့် တတိယာဝိဘတ်ကို ချေပါ။ (မောဂ်-သျာ၊ ပ၊ ၁၂၃)

http://www.dhammadownload.com



သုတိတူ နှစ်ပုဒ်ကို ခွန်တွဲရိုးမရှိ၍ ဝိစ္ဆာ-ဟု ပြဆိုကြသော်လည်း မအူပါရာဇိကဏ်နိဿယ၌ အာဂတာဂတ, ကေမေက-စသည်တို့ကို ခွန်တွဲထားသည်ကို တွေ့ရ၏။(မအူ-ပ၊ ၁၈၁)

ဝိစ္ဆာနှင့် အာမေဍိတ်-

ဘုသောရိတေပိ နေကတ္ထံ, ဝိစ္ဆာဝစနမိရိတံ၊

အာမေဍိတံ ပနေကတ္ထံ, ဒွိတ္တိက္ခတ္တုမုဒီရိတံ။

ဘုသော-အဖန်ဖန် အထပ်ထပ်၊ ဤရိတေပိ-ရွတ်ဆိုအပ်သော သဒ္ဒါသည်လည်း-

၁။ အနေကတ္ထံ-များသော အနက်ရှိသော သဒ္ဒါကို၊ ဝိစ္ဆာဝစနံ-ဝိစ္ဆာသဒ္ဒါဟူ၍၊ ဤရိတံ-ဆိုအပ်၏။

၂။ ဧကတ္ထံ-တစ်ခုတည်းသော အနက်ရှိသော၊ ဒွိတ္တိက္ခတ္တုံ-နှစ်ကြိမ်သုံးကြိမ်၊ ဥဒီရိတံ ပန-ရွတ်ဆိုအပ်သော သဒ္ဒါကိုကား၊ အာမေဍိတံ-အာမေဍိတ်ဟူ၍၊ ဤရိတံ-အပ်၏။

အာဘိက္ခညပုဒ်-

ဒွိရုပ်ပြုရာ၌ "အာဘိက္ခည"ဟူသော ပုဒ်မျိုးလည်း ရှိသေး၏။

အာဘိက္ခည် ပေါနောပုည်၊(ပဋိကာ)။ အာဘိက္ခည-ဟူသည် အဖန်ဖန် ဖြစ်ခြင်းတည်း။ အဘိက္ခဏဿ ဘာဝေါ-အာဘိက္ခည်။ ပုနပ္ပုန ဘာဝေါ-ပေါနောပုည်။

အာဘိက္ခည-သည် တျာဒျန္တပုဒ်တို့၌လည်းကောင်း အဗျယမည်သော ကိတန္တပုဒ်တို့၌လည်းကောင်း ဖြစ်၏။

ထို အာဘိက္ခညသည် ကြိယာ၌တည်သောသဘောရှိ၏၊ ထို့ကြောင့် ထိုကြိယာကို ထွန်းပြခြင်းငှါ ကြိယာပြဋ္ဌာန်းခြင်းရှိသော ပုဒ်တို့၏သာလျှင် ဒွိရုပ်အဖြစ်သည် နည်းလမ်းကျ၏။

http://www.dhammadownload.com



ကြိယာပြဋ္ဌာန်းခြင်းရှိသည်၏ အဖြစ်ကိုလည်း အာချာတ်၌လည်း ကောင်း, အဗျယ, ကိတ်ကြိယာအထူး၌လည်းကောင်း ရအပ်၏(မောဂ်-သျ)

ပုံစံ- ဘုတွာ ဘုတွာ နိပဇ္ဇိံ့ ပရာဂါရေသု မုစ္ဆိတာ။(သံယုတ်ဇဋ္ဌသုတ်)
ဇဝံ ပဒဟိတွာ ပဒဟိတွာ၊ ဇဝံ သရိတွာ သရိတွာ။ (သံယုတ်)
ကောဓဝသေန ပဋပဋာယတိ။ (မူပဏ်-၄)
စိစ္စိဋာယတိ စိဋစိဋာယတိ။ (ဖြာပဒွဂ္ဂသံယုတ်)
ဒေဝေါ စ ဂဋဂဋာယတိ။ (ထေရဂါထာ)

အာမေဍိတ် အသုံးပြုရာဌာန-

ကြောက်ခြင်း အစရှိသော အကြောင်းကြောင့် တစ်ခုတည်းသော အနက်ကိုပင် နှစ်ကြိမ်သုံးကြိမ် ဆိုခြင်းသည် အာမေဍိတ်မည်၏၊ ယင်း အာမေဍိတ်ကို အောက်ပါဌာနတို့၌ အသုံးပြုကြ၏။

ဘယေ ကောဓေ ပသံသာယံ, တုရိတေ ကောတုဟလစ္ဆရေ၊
ဟာသေ သောကေ ပသာဒေ စ, ကရေ အာမေဍိတံ ဗုဓော။

ဘယေ-သပ္ပေါ သပ္ပေါ၊ စောရော စောရော။
ကောဓေ-ဝိဇ္ဈ ဝိဇ္ဈ၊ ပဟရ ပဟရ။
ပသံသာယ-သာဓု သာဓု၊ အဟော အစ္ဆရိယံ အဟော အစ္ဆရိယံ။
တုရိတေ(အဆောတလျင်ပြုခြင်း)-ဂစ္ဆ ဂစ္ဆ။
ကောတုဟလ (အုတ်အုတ်ကျက်ကျက် ဖြစ်ခြင်း)-အာဂစ္ဆ အာဂစ္ဆ၊ ထေ ထေ။
အစ္ဆရေ-အဟော ဗုဒ္ဓေါ အဟော ဗုဒ္ဓေါ။
ဟာသေ-အတိက္ကမထာယသ္မာ အတိက္ကမထာယသ္မာ-အရှင်တို့ ရှေ့ကြွပါ, အရှင်တို့ ရှေ့ကြွပါ။
သောကေ-ကဟံ ဧကပုတ္တ ကဟံ ဧကပုတ္တ။
ပသာဒေ- အဘိက္ကန္တံ ဘောဂေါတမ အဘိက္ကန္တံ ဘောဂေါတမ၊

http://www.dhammadownload.com



အဟော သုခံ အဟော သုခံ။
ဂရဟော-ပါပေါ ပါပေါ (လူယုတ်မာ လူယုတ်မာ)။ ပသာဒေ စ-၌ စဖြင့်ဆည်းယူပါ။

ဂဏနေ ဒသဿ ။ပ။ တိတုတိ

ဤသုတ်သည် ဂဏန်းသင်္ချာအရာ၌ ယောဝိဘတ်တို့ကြောင့် ကေသေသ် ပြုထားသော ဒသ ၂-ခုအပေါင်းကို ဝီ-ပြု၊ ၃-ခုအပေါင်းကို တိ-ပြု၊ ၄-ခု အပေါင်းကို စတ္တာရ၊ ၅-ခုအပေါင်းကို ပညာ၊ ၆-ခုအပေါင်းကို ဆ၊ ၇-ခု အပေါင်းကို သတ္တ၊ ၈-ခုအပေါင်းကို အသ၊ ၉-ခုအပေါင်းကို နဝ ပြု၍၊ ယောဝိဘတ်ကို ဝီ-တိ-စတ္တာရ အပြုသုံးခုနောင် ဤသံ-ပြု၊ ပညာအပြု နောင် အာသံပြု၊ ဆ အပြုနောင် ဋ္ဌိပြု၊ သတ္တအပြုနောင် ရိ-တိ ပြု၊ အသ-အပြုနောင် ဤတိ-ပြု၊ နဝ-အပြုနောင် ဥတိ-ပြုသောသုတ်တည်း။

ရုပ်တွက်- ဝီသံ-ကို ဒသ စ ဒသ စ-ဟုတည်၊ နာမာနံ သမုစ္စယော ဒွန္ဒောဖြင့် သမာသ်စပ်၍ ဒွန်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်တို့ကို ချေ၊ စပုဒ်တို့ကို ချေ၊ ဒသ ဒသ ဟု ပကတိပြု၊ သရူပါန-ဖြင့် ဒသ-တစ်ပုဒ်ကြွင်းပြု၊ နာမ်ငဲ့ ယောသက်၊ ဤသုတ်ဖြင့် ဒသ-ကို ဝီပြု၍ ယော-ကို ဤသံပြု၊ ဝ-ခွင်းချေ ကပ်၊ (ဝီဆံ) နာမ်ငဲ့၊ သိသက်၊ သေသတော-ဖြင့် သိကိုချေ။

ဝီသံ၊ တိံသံ၊ စတ္တာလီသံ၊ ပညာသံ၊ သဋ္ဌိ၊ သတ္တရိ-သတ္တတိ၊ အသီတိ၊ နဝုတိ။ တိံသံ-၌ တိံသံ-ဟုပြီးပြီးနောက် ကွစာဒိဖြင့် ဤကို ရဿပြု၊ နိဂ္ဂဟိ တဥ္စ-ဖြင့် နိဂ္ဂဟိတ်လာ။ တိံသ-ဟု ရှိရာ၌ တေသုဖြင့် သံ-၌ နိဂ္ဂဟိတ်ကို ချေ၊ နာမ်ငဲ့ စသည်၊ ဝီသံ-ကဲ့သို့ နောက်ထပ်ပြီးစေ။

ဂဏ္ဌိအလို-ဂဏ္ဌိ-၌ "ဒသ စ ဒသ စာတိ အတ္ထေ ဒွန္ဒသမာသံ ကတွာ ဒသ ဒသာတိ ဝတ္တဗ္ဗေ" ဟူသော စကားသည် လျှင်းပါးရန်စကားရပ်သာ

http://www.dhammadownload.com



ဖြစ်သည်၊ အကယ်၍ ဒွန်ဝါကျပြုရန်ကို ပြသည်ဖြစ်အံ့၊ ကေသေသ်သည် ဒွန်သမာသ်မည်တော့၏၊ သုဒ္ဓနာမ် မမည်တော့၊ သို့ဖြစ်၍ လျဉ်းပါးရန် စကားရပ်သာဖြစ်၏-ဟု မိန့်သည်။ ဂဏ္ဌိအလို ဒသ ဒသ-ဟု တည်၍ တွက်ပါ။ ကေသေသ်ကိုလည်း သုဒ္ဓနာမ်ဖြစ်သည်-ဟု မှတ်ပါ။

ပဉ္စာ ပုန နိပစ္စန္တေ-

ယောဝိဘတ်ဖြင့် ဝီသံ-ဟု ရုပ်ပြီးနေသော်လည်း ဝီသာယ-စသည်ဖြင့် ဖြစ်စေခြင်းငှါလည်းကောင်း၊ ဝီသံပုဒ်သည် ပါဠိအဌကထာ၌ ဝဂ္ဂဘေဒ မဟုတ်လျှင် ဣတ္ထိလိင်ဧကဝုစ် မြဲသောကြောင့်လည်းကောင်း၊ အနိပ္ဖန္န အဖြစ်ကိုငဲ့၍ ထပ်ပြီး နာမ်ငဲ့၊ သိသက်ရသည်။ ဤကို ရည်ရွယ်၍ ပဉ္စာ ပုန နိပစ္စန္တေ- ဟု ကစ္စည်း၌ မိန့်သည်။

နိပ္ဖန္နာပိ ဝိဘတ္တီဟိ, သဒ္ဒါ ဝီသံတိအာဒယော၊
အနိပ္ဖန္နတ္တံ ပေက္ခန္တိ, နိစ္စမေကိတ္ထိဘာဝတော။

မောဂ္ဂလ္လာန်-မောဂ္ဂလ္လာန်၌ ဝီသံ တိံသံ စသည်တို့သည် ကေသေသ် ဒသ သဒ္ဒါကို စီရင်ထားသောပုဒ်များ မဟုတ်ကြ၊ ၂၀-စသည်ကို ဟောနိုင်ဖို့ရာလောက၌ ထင်ရှားပြီးသော သညာသဒ္ဒါများ ဖြစ်ကြသည် ဟု မိန့်သည်။

## စတူပပဒသ ။ ပ ။ စုဇောပိ နဝါ

ဤသုတ်သည် ဂဏန်းသင်္ချာအရာ၌ စတုဒ္ဒသ-ဝယ် တု-ကို ချေ၍ စ-ကို ဝိကပ် စု-ဇော ပြုသောသုတ်တည်း။

အပိ-သဒ္ဒါဖြင့် အနီးပုဒ်မရှိသော စတ္တာလီသံ-၌ စ-၏ ကျေခြင်းကို လည်းကောင်း၊ စု အပြု၊ ဇော အပြုကိုလည်းကောင်း ဝိကပ် ဆည်းယူ၍ တာလီသံ၊ စုတ္တာလီသံ၊ ဇောတ္တာလီသံ-ဟု လည်းကောင်း၊ စတုရာသီတိ-

http://www.dhammadownload.com



ပုဒ် က စတု-၏ တုကို ချေ၊ စ-ကို စု ပြု၍ စုလ္လာသီတိ-ဟု ဖြစ်မှုကို လည်း ကောင်း ဆည်းယူသည်။

စတ္တာရော စ ဒသ စ-စုဒ္ဒသ။ စောဒ္ဒသ။ စတုဒ္ဒသ။
စတူဟိ ဝါ အဓိကာ ဒသ-စုဒ္ဒသ။

စတု စ ဒသ စ တည်၍တွက်၊ စတု ဒသ-ဟု ပကတိပြု၊ ဤသုတ်ဖြင့် တု-ကို ချေ၍ စ-ကို စု-ပြု၊ ဒွေဘော်ပြု နာမ်ငဲ့ ယောသက်၊ ပဉ္စာဒီန မကာရော ဖြင့် အ-ပြု။ စော-ပြုက စောဒ္ဒသ-ဟု ဖြစ်၏၊ နဝိ-သဒ္ဒါတားမြစ်က စတုဒ္ဒသ ဟု ဖြစ်၏။

အပိသဒ္ဒါရှုပ်- ဒသ စ ဒသ စ ဒသ စ ဒသ စ-တာလီသံ။ စုတ္တာလီသံ။
စောတ္တာလီသံ။

ဒသ စ-စသည် လေးခုတည်၊ ဒွန်လုပ်၊ ဒသ ဒသ ဒသ ဒသ-ဟု ပကတိပြု၊ သရူပါန-ဖြင့် ဒသသဒ္ဒါ လေးခုကို တစ်ခုကြွင်းပြု၊ နာမ်ငဲ့ ယောသက်၊ ဂဏနေ ဒသဿ-သုတ်ဖြင့် ဒသသဒ္ဒါကို စတ္တာရ-ပြု၍ ယောဝိဘတ်ကို ဤသံ-ပြု(စတ္တာရီသံ) လ ဒရာနံ-ဖြင့် ရ-ကို လ-ပြု၊ ချေ ကပ်၊ (စတ္တာလီသံ) ဤသုတ် အပိ-သဒ္ဒါဖြင့် စ-ကို ချေ၊ (တာလီသံ) သိသက် ချေ၊ တာလီသံ-ပြီး၏။ စုတ္တာလီသံ စသည်၌ စု-စော ပြုရုံသာ ထူး၏။

တာလီသံ-၌ ဤသုတ် အပိသဒ္ဒါဖြင့် စ-ကို ချေလျှင် "ထွန့်နောက် ရေပါ" နည်းအားဖြင့် (တ်)သံယုဂ်လည်း အလိုလို ကျေပျောက်တော့၏။ အထူးချေပစ်ရန် မလို။

စုလ္လာသီတိသဟဿာနိ-ကို စတုရာသီတိသဟဿာနိ ဟု တည်၊ ဤ သုတ် အပိသဒ္ဒါဖြင့် တု-ကို ချေ၊ စ-ကို စုပြု၊ ဒေါ ဓဿ စ၌ စ-ဖြင့် ရ-ကို လပြု၊ လဒွေဘော်လာ၍ စုလ္လာသီတိသဟဿာနိ-ရှစ်သောင်းလေးထောင်-ဟု ဖြစ်၏။

http://www.dhammadownload.com



ဒွန္ဒ(၆၂ )ပါး- ဒွါသဒ္ဒ-မှ သကို ချေ၊ အာ-ကို အရဿပြု၍ ဒွန္ဒ-ဟု ပြီးမှုကိုလည်း ဤသုတ် အပိသဒ္ဒါဖြင့်ပင် စီရင်လေ၏။ ဒွန္ဒပဋိပဒါ (သီ)

သီဋီသစ် - တိတ္ထိတို့သည် သဘာဝနိရုတ္တိ(သဒ္ဒါအစစ်အမှန်)ကို နားမလည်၍ နှုတ်တက်ရာ ရွတ်ကြသောကြောင့် သူတို့ရွတ်အပ်သော ပါဌ်ကို သဒ္ဒါနည်းဖြင့် ရုပ်ပြီးအောင် စီရင်နေဖွယ်မလို-ဟု သီဋီကာတို့ ဖွင့်ဆိုကြ၏။

## စုဒ္ဒသသည် တဒ္ဓိတ်ပုဒ်-

စတ္တာရော စ ဒသ စ-စတုဒ္ဒသ၊ ဟု သမာသ်ပြီးပြီးနောက် တု-ချေခြင်းဟူသောလောပဝိဓိ၊ စု-ကို စော-ပြုခြင်းဟူသော အာဒေသဝိဓိတို့သည် တဒ္ဓိတ်သုတ်တို့ဖြင့်သာ ပြီးရ၏၊ ထို့ကြောင့် ထို လောပ, အာဒေသ, အာဂမ, ဝုဒ္ဓိ, ပကတိ အစွမ်းဖြင့် ပြီးစေအပ်သော ပုဒ်များကိုလည်း တဒ္ဓိတ်ပုဒ်-ဟုပင် နာမည်တပ်ရသည်။ စတုဒ္ဒသ-သည် ဒွန်သမာသ်၊ စုဒ္ဒသ-သည် တဒ္ဓိတ်ပုဒ်။

လောပါဒေသာဂမာ ဝုဒ္ဓိ, သဉ္ဇာနေ ပကတီတိ စ၊
ဧဝံ သုတ္တာနုသာရေန, တဒ္ဓိတံ ဣတိ ဓိမတာ။ (နိဒ္ဒေသ)

## ယဒနုပပန္နာ နိပါတနာ သိဇ္ဈန္တိ

(ဆောင်) ဣမနောက် ဠ, သမာနနှင့်, အပရနောက် ဇ္ဇု, ရှေ့နှစ်ခုကို, ပြုလေ အ-သ, ကာလတ္တတည်း၊ အဋ္ဌ သွေ ပါ, ပုရာ ဟိယျော, မှတ်လော တန, ဘဝတ္တသိ ပဋိဘာဂ, ကဏ္ဍိတ သညာ, နုကမ္ပာနက်, က-သက်တုံပြီ ဘဂိနီဟု, နက်ဘာတုကား, ဆ ဥလ မှန်, စဉ်တိုင်းကြံလော၊ ဟာစ်ဖန် မာတာ, ပိတာဒိနက်, အာမဟ သက်ရ, ကီ ယ တ နှင့်, စတနောက် မှာ, ပရိမာဏ, နက် ဏ္ဍကနှင့်, သက်ရ အာဝန္တု, အစပြုသည်, ယဒနု သုတ်ကြီး အရာတည်း။ (ကစ်ဘာဋီ-၂ ၂၀၆)

http://www.dhammadownload.com



ဣမန္တနောက် ။ပ။ ကာလတ္ထတည်း-

ဣမနောင် ဤသုတ်ကြီးဖြင့် ကာလအနက်၌ ဋပစ္စည်းသက်၊ သမာန နှင့် အပရနောင် ဋ္ဌ-ပစ္စည်းသက်၍ ရှေ့ ဣမနှင့် သမာန-ကို အစဉ်အတိုင်း အ-သ ပြုပါ။

ဣမသ္မိံ ကာလေ, ဝိဝသေ ဝါ-အဇ္ဇ။

သမာနေ ကာလေ, ဝိဝသေ ဝါ-သဇ္ဇု။

သဇ္ဇု ဘဝံ-သဇ္ဇုကံ။ (ဘဝတဒ္ဓိတ်)

အပရသ္မိံ ဝိဝသေ-အပရဇ္ဇု။

ဤပုဒ်အားလုံး အဗျယနိပါတ်ပုဒ်ချည်းတည်း၊ ယနေ့၌-စသည်ဖြင့် ပေးပါ၊ သ္မိံ-သက်၍ သတ္တမီ-ဖြင့် ချေ၊ ဤပုဒ်များကို "ဣမသ္မိံ ကာလေ"ဟု အနက်ဖွင့်ရုံသာ ဖွင့်ပေးနိုင်သည်၊ ဝိဂ္ဂဟမပြုရ။

အဇ္ဇ သွေပါ ။ပ။ ဘဝတ္ထသိ-

အဇ္ဇ-စသော နိပါတ်ပုဒ်နောင် ဘဝအနက်၌ ဤသုတ်ကြီးဖြင့် တန-ပစ္စည်းသက်။

အဇ္ဇ ဘဝေါ-အဇ္ဇတနော။

အဇ္ဇ ဘဝံ-အဇ္ဇတနံ။

အဇ္ဇ ဘဝါ-အဇ္ဇတနီ။

သွေ ဘဝေါ-သွာတနော။

သွေ ဘဝံ-သွာတနံ။

တဒ္ဓိတ်နာမ်ဖြစ်၍ လိင်သုံးပါး၊ ဝုစ်နှစ်ပါး စဉ်၊ သွေတန်-ဟုဖြစ်သော အခါ ဤသုတ်ကြီးဖြင့်ပင် ဧ-ကို အာ-ပြု၊ သသက်၊ အာယပြု၍ သွာတနာယ-ဟု ဖြစ်၏။ (ကစ်ဘာဋီ-၂ ၂၀၇)

ပုရာ ဘဝံ-ပုရာတနံ။

ဟိယျော ဘဝါ-ဟိယျတ္တနီ။

http://www.dhammadownload.com



ဟိယျတ္တနိဒ္ဒ ဟိယျောနိပါတ်ပုဒ်၏ ဩကို သုတ်ကြီးဖြင့်ပင် အ္စ-ပြုပါ၊ သနန္တနော-ရှေး၌ဖြစ်သည်၊ စိရန္တနော-ကြာမြင့်သောကာလ၌ ဖြစ်သည်။

ဤပုံစံများ၌ သနံ နိပါတ်၊ စိရ နိပါတ်တို့နောင် တနပစ္စည်းသက်ပါ။

ပဋိဘာဂ ॥ပ॥ က-သက်တုံပြီ-

ပဋိဘာဂ၊ ကုစ္ဆိတ၊ အနုကမ္ပာ၊ သညာ-အနက်တို့၌လည်း ဤသုတ်ဖြင့် ကပစ္စည်းသက်၏။

ဟတ္ထိနော ဣဝ-ဟတ္ထိကာ။ (ပဋိဘာဂ-၌ က)
ကုစ္ဆိတော သမဏော-သမဏကော။
ကုစ္ဆိတော မုဏ္ဍော-မုဏ္ဍကော။
ကုစ္ဆိတံ ဥဒ္ဓုမာတံ-ဥဒ္ဓုမာတကံ။
ကုစ္ဆိတော ပါပေါ-ပါပကော။
ကတော ဣဝ-ကတကော။ (သညာ-၌ က)
မောရော ဝိယ-မောရကော။

ပဋိဘာဂ၌လည်းကောင်း၊ သညာ၌လည်းကောင်း သက်သော က-ပစ္စည်းသည် ဣဝတ္ထ၌ဖြစ်သော သဒ္ဒါနောင် သက်သည်ဟု မှတ်။(ဂဏ္ဌိ)

အနုကမ္ပိတော ပုတ္တော-ပုတ္တကော။
အနုကမ္ပိတော ဝစ္ဆော-ဝစ္ဆကော။

မောဂ္ဂလ္လာန်၌ အပ္ပကံ တေလံ-တေလကံ၊ အနည်းငယ်သော ဆီ၊ အပ္ပကအနက်၌ က၊ ခုဒ္ဒကော ရထော-ရထကော၊ ဝက်ကော-ထွန်ငယ်၊ ဓနုကော-လေးငယ်ဟု ခုဒ္ဒကအနက်၌လည်း က-ပစ္စည်းသက်သေး၏။

ဘဂိနီဟု ॥ပ॥ စဉ်တိုင်းကြံလော-

ဘဂိနီ-အနက်၌ ဆပစ္စည်း၊ ဘာတု-အနက်၌ ဥလပစ္စည်းသက်၏။

မာတု ဘဂိနီ-မာတုစ္ဆာ။

!

http://www.dhammadownload.com



(အမိ၏ ညီမ၊ အမ။ မိကြီး၊ မိထွေး၊ ဒေါ်ကြီး၊ ဒေါ်လေး)

ပိတု ဘဂိနီ-ပိတုစ္ဆာ။

(အဘ၏ ညီမ၊ အမ။ အရီးကြီး၊ အရီးလေး၊ အာပစ္စည်း ထပ်သက်)

မာတု ဘာတာ-မာတုလော။ (ဦးကြီး၊ ဦးလေး)

ဘာတုအနက်၌ ဥလပစ္စည်း၊ မောဂ်အလို လ-ပစ္စည်း ဟူ၏။

တစ်ဖန် မာတာ ။ပ။ အာမဟသက်ရ-

မာတု ပိတုနှောင် ထိုသူတို့၏ မိဘကိုဟောသော မာတု ပိတု အနက်၌ အာမဟပစ္စည်းသက်။

မာတု မာတာ-မာတာမဟီ။ (အမိ၏ အမိ၊ အဖွား)

မာတု ပိတာ-မာတာမဟော။ (အမိ၏ အဖ၊ အဘိုး)

ပိတု မာတာ-ပိတာမဟီ။ (အဖ၏ အမိ၊ အဖွား)

ပိတု ပိတာ-ပိတာမဟော။ (အဖ၏ အဖ၊ အဘိုး)

ကိံ ယ တနှင့် ။ပ။ အာဝန္တု-

ကိံ ယ တ တေ-တို့နှောင် ပရိမာဏအနက်၌ တ္တကပစ္စည်း၊ အာဝန္တု ပစ္စည်း ထိုက်သည့်အားလျော်စွာသက်။

ကိံ ပရိမာဏံ အဿာတိ-ကိတ္တကံ။

ယံ (တံ-တေံ)ပရိမာဏံ အဿာတိ-ယတ္တကံ၊ တတ္တကံ၊ တေ္တကံ။

ကိံ-စသည်နှောင် ပရိမာဏအနက်၌ တ္တကပစ္စည်းသက်၊ ဗျဉ္ဇနေ စ-ဖြင့် နိဂ္ဂဟိတ်ချေ၊ နာမ်ထဲ့ သိသက်၊ အံပြု။ တေ္တကံ-ဤမျှအတိုင်းအရှည်ရှိသော ဝတ္ထု၊ တေ+တ္တက ဟု ဖြစ်သောအခါ ဤသုတ်ကြီးဖြင့်ပင် တေကို ပြေ၊ ပုံလိင် ဣတ္ထိလိင်တို့၌ ကိတ္တကော၊ ကိတ္တကာ စသည်ဖြစ်၏။(ကစ်ဘာဋီ)

ယံ ပရိမာဏံ အဿာတိ-ယာဝါ။

သဗ္ဗံ ပရိမာဏံ အဿာတိ-သဗ္ဗာဝါ။

http://www.dhammadownload.com



ယ တ တေ သဗ္ဗ-တို့နောင် အာဝန္တုပစ္စည်းသက်၊ ဂုဏဝါ-ကဲ့သို့ ယာဝါ၊ တာဝါ၊ တွောဝါ၊ တောဝါ၊ သဗ္ဗာဝါ-ဟု ဖြစ်၏။ ရူ-၂၃၅ အလိုအားဖြင့်ကား ဝန္တုပစ္စည်းသာ သက်၍ ဤသုတ်ကြီးဖြင့်ပင် ယ စသည်၏ အ-ကို အာပြု၏၊ သဒ္ဒတနှင့် မူလပဏ္ဏာသဋီကာတို့အလိုလည်း ဝန္တုပစ္စည်းသာတည်း။

သဗ္ဗာဝတောတိ အ-ကာရဿ အာ-ကာရော ကတော။ (မူပဏ်ဋီ)

ယာဝတာ၊ တာဝတာ၊ တွောဝတာ၊ ကိတ္တာဝတာ စသည်တို့ကို ပရိစ္ဆေဒတ္ထဝါစက နိပါတ်ပုဒ်ဟုလည်း အဘိဓာန်၌ ဆိုသည်။

**အစပြုသည် ။ပ။ အရာတည်း-**

မောဂ္ဂလ္လာန်၌ ကိံနောင် ရတိ, ရီဝ, ရီဝတက, ရိတ္တက ပစ္စည်းများသက်၍

ကိံ ပရိမာဏံ ဧတေသံတိ-ကတိ။

အဘာယ်မျှ အတိုင်းအရှည်ရှိကုန်သနည်း။ ကိံနောင် ရတိ-သက်၊ ဤသုတ်ဖြင့်ပင် ရအနုဗန်နှင့် ကိံ-ကိုလည်း ချေ၊ ကီဝ-အဘာယ်မျှ အတိုင်းအရှည်ရှိသနည်း၊ ရီဝ-ပစ္စည်းဆုံးထားသော ကီဝသည် အသချိ(နိပါတ်)ဖြစ်၍ ဝိဘတ်အားလုံးကျေနိုင်သည်၊ ကီဝဒူရော၊ ကီဝမဟန္တနော။ ရီဝတက-ပစ္စည်းဖြင့် ကီဝတကံ ပဟောတိ၊ ရိတ္တက-ပစ္စည်းဖြင့် ကိတ္တကံ-ဟု ထုတ်၏။

နိရုတ္တိ၌ ရိဝန္တု, ရိတ္တာဝန္တု ပစ္စည်းတို့ကိုလည်း ယူ၏၊ ကိဝန္တော ဟောန္တိ ယာစကော၊ ကိတ္တာဝတာ နု ခေါ -တို့ကို ပုံစံထုတ်၏၊ ကိဝန္တော-သည် ဝန္တုပစ္စည်းနှင့်လည်း ပြီးနိုင်သည်သာ၊ ကိတ္တာဝတာ-ကား ပရိစ္ဆေဒတ္ထနိပါတ်ပင်။

**မတ္တ-ပစ္စည်း-** “မာနေ မတ္တော”သုတ်ဖြင့် အတိုင်းအရှည်ကို ဟောရာ၌ မတ္တပစ္စည်းသက်၏။ (မောဂ်-၄၊ ၄၆)

ဟတ္ထော ပမာဏံ အဿာတိ-ဟတ္ထမတ္တံ။

တစ်တောင်အတိုင်းအရှည်ရှိသော ဝတ္ထု။

http://www.dhammadownload.com



သတံ မာနံ (အရေအတွက်) အဿာတိ-သတမတ္တံ။
တစ်ရာအရေအတွက်ရှိသော' ဝတ္ထု။
ဒေါဏော ပရိမာဏံ အဿာတိ-ဒေါဏမတ္တံ။

အယ-ပစ္စည်း- "အယူဘာဒွိတိဟံသေ"သုတ်ဖြင့် ဥဘ-ဒွိ-တိ နောင် အံသ အနက်၌ အယ-ပစ္စည်းသက်၏။ (မောဂ်-၄၊ ၄၉)
ဥဘော အံသာ ယဿာတိ-ဥဘယံ။
ဒွေ အံသာ အဿာတိ-ဒွယံ။
နှစ်ပါးသော အစိတ်အပိုင်းရှိသော အပေါင်း။ တယံ-နည်းတူ။

ဿ-ပစ္စည်း-"စက္ခွာဒိတော ဿော"သုတ်ဖြင့် စက္ခုစသောသဒ္ဒါနောင် ဟိတ အနက်၌ ဿ-ပစ္စည်း သက်။ (မောဂ်-၄၊ ၇၁)
စက္ခုနော ဟိတံ-စက္ခုဿံ။
မျက်စိ၏ စီးပွားဖြစ်သော အရာ။
အာယုနော ဟိတံ-အာယုဿံ။

နိယ-ည- "ကမ္မာ နိယ ညာ"သုတ်ဖြင့် ကမ္မနောင် ဟိတအနက်၌ နိယ ည နှစ်ပစ္စည်းသက်၍ ကမ္မနိယံ၊ ကမ္မညံ ဟုပြီး၏။(မောဂ်-၄၊ ၇၃)
ကမ္မနိ သာဓု-ကမ္မနိယံ။ ကမ္မညံ။
ရှုအလို ဣယပစ္စည်း, ယပစ္စည်းသက်၊ န-လာ၍ ပြီးနိုင်သည်သာ။

ဣကပစ္စည်း-"ကထာဒိ တွိကော" သုတ်ဖြင့် ကထာစသည်နောင် သာဓု နက်၌ ဣကပစ္စည်းသက်၏။ (မောဂ်-၄၊ ၇၄)
ကထာယံ သာဓု-ကထိကော။
ပဝါသေ သာဓု-ပဝါသိကော။ (အရပ်တစ်ပါး၌ ကောင်းသူ)
ဥပဝါသေ သာဓု-ဥပဝါသိကော။ (ဥပုသ်သုံးခြင်း၌ ကောင်းသူ)

http://www.dhammadownload.com



ရာယ ပစ္စည်း-"ရာယော တုမန္တာ"သုတ်ဖြင့် တုံပစ္စယန္တနောင် အရဟ
အနက်၌ ရာယ-ပစ္စည်းသက်။ (မောဂ်-၄၊ ၇၇)

ယာတေတုံ အရဟတီတိ-ယာတေတာယော။

ညှဉ်းဆဲခြင်းငှါ ထိုက်သူ။

ဇာပေတုံ အရဟတီတိ-ဇာပေတာယော။

ပဗ္ဗာဇေတုံ အရဟတီတိ-ပဗ္ဗာဇေတာယော။

မူပဏ္ဍီအလို တဗ္ဗပစ္စည်းနှင့် အလားတူသော ကိတ် "တာယေ" ပစ္စည်းဟုလည်း ကြံသင့်သည်။

အရဟတ္တံ တာယ-သဒ္ဒံ ဥပ္ပာဒေတွာ ယာတေတာယန္တိ ရူပသိဒ္ဓိ ကတ္တန္တိ။ (မူပဏ္ဍီ-၂၊ ၂၀၆)

အတသိတာယေတိ - န တသိတဗ္ဗေ။ (သံဋ-၂၊ ၂၇၆)

ရိကဏ်-စသည်-"ဒိဃန္တညေပိ ပစ္စယာ"ဟူသောသုတ်ဖြင့် ရိကဏ်, အာဝိ,
ဥကိ, ယှဏ်-ပစ္စည်းများလည်း သက်သေး၏။ (မောဂ်-၄၊ ၁၂၀)

ဝိဝိဓာ မာတရော-ဝိမာတရော။ (သမာသ်)

ဝိမာတူနံ ပုတ္တာ-ဝေမာတိကာ။

မတူသောအမိတို့၏ သားတို့။ ရိကဏ်ပစ္စည်းလည်းသက်၍ "ဝေမာတိကာ"ဟုလည်း ဖြစ်သေး၏။

ပထံ (ပထေ-နိရုတ္တိ) ဂစ္ဆန္တီတိ-ပထာဝိနော။ (ပဒ္ဓိကာ-၂၈၅)

ပထံ ဂစ္ဆတီတိ-ပထာဝီ။ အာဝီ။ (မောဂ်)

ဓာန်ဋီ (၃၄၇)ဂါထာ၌ "ပထေ ဂစ္ဆတီတိ-ပထာဝီ။ ဝီ၊ ဒီဃော"ဟု ရှိ၏၊ မူပဏ္ဍီကာ(၂၃၂၁)၌ကား"ပထံ အဝန္တိ ဂစ္ဆန္တီတိ-ပထာဝိနော"ဟု ရှိ၏၊ ပထသဒ္ဒူပပဒ အဝ-ဓာတ်၊ ဏီပစ္စည်း၊ ကိတန္တသမာသ်ဟု မှတ်ကြပါ။

ဣဿာ အဿ အတ္ထီတိ-ဣဿုကီ။ ဥကီပစ္စည်း။

ဣဿုကီ မစ္ဆရီ သဌာ-ဟု ဣတ္ထိလိင်ရှိရာ၌ကား ဥကပစ္စည်း၊ ဣတ္ထိ

http://www.dhammadownload.com



ဇောတက ဤပဋ္ဌည်းဟူလည်း ကြံသင့်သည်။

ဓုရံ ဝဟတီတိ-ဓောရယှော။ ယှဏ်ပစ္စည်း။

အထက်ပါ ပြဆိုအပ်ပြီးသော ပစ္စည်းများကို ကစ္စည်းအလို"ယဒနု" သုတ်ကြီးဖြင့်ချည်း သက်ပါ။ (ကစ်ဘာဋီ-၂၊ ၂၁၆-၇)

## ဒွါဒိတော ကောနေကတ္ထေ စ

အနေကတ္ထအရ သင်္ချာအနက်, ပရိမာဏအနက် အစရှိသည်၏ အစွမ်းဖြင့် များသောအနက်ကို ယူ။ (ရူ-ဋီ)

ယင်းအနက်တို့၌ ဒွိ-စသောသင်္ချာသဒ္ဒါနောင် က-ပစ္စည်း သက်၏။

ဒွေယေဝ ဒွိကံ။ (ကေဝုစ်) ဒွိကာ။ (ဗဟုဝုစ်)

ဒွေ ပရိမာဏာနိ အဿာတိ-ဒွိကံ။

ဒွေ ပရိမာဏာနိ တေသန္တိ-ဒွိကာ။ (ရူ)

ကစ္စည်းအလို အနေကတ္ထအရ ရာ,ထောင်စသော များစွာသော အနက်ကို ယူသင့်၏။ ယင်းအနက်တို့ဝယ် ဝါကျ၌ ကပစ္စည်းသက်သည်ဟု မှတ်ပါ။

စသဒ္ဒါဖြင့် ကပစ္စည်းသက်ရုံသာမဟုတ်၊ ဒွိသတံ-စသည်၌ ရှေ့နိပါတန သုတ်ဖြင့် စီရင်မှုကိုလည်း ဆည်းယူသေး၏။

သတဿ ဒွိကံ-ဒွိသတံ။

သတဿ တိကံ-တိသတံ။

သတဿ ဒသကံ-ဒသသတံ။

သတ+ဒွိ တည်၊ သသက်၊ သလာ၊ ဤသုတ်ဖြင့် ဒွိနောင် ကပစ္စည်း သက်၊ သိသက်၊ အံပြု၊ သတဿ+ဒွိကံ ဟု သမာသ်ဝါကျ ဖြစ်၏၊ အနက်ဆို သမာသ်စပ်၍ တပ္ပုရိသ်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်ချေ၊ သတ+ဒွိက ဟု ပကတိပြု၊ ယဒနုသုတ်ဖြင့် က-ကိုချေ၍ သတနှင့် ဒွိကိုလည်း ရှေ့နောက်ပြန်၊ နာမ်ငဲ့၊ သိသက်၊ အံပြု၊ ဒွိသတံ ပြီး၏။ (ကစ္စည်းဝုတ္တိ၊ နိဒ္ဒေသ)

http://www.dhammadownload.com



## သချ်ာအပြား

၁။ ကောဒသ စသည်သည် ကေနှင့် ဒသကို ရော၍ သိရသော ကြောင့် မိဿကသချ်ာမည်၏။
ဒွါဒသ၊ စုဒ္ဒသ၊ တေရသ-စသည်။

၂။ ဒွိသတံ စသည်သည် မြှောက်၍သိအပ်သောကြောင့် ဂုဏိတ သချ်ာမည်၏။ သတ-ကို ၂-ဖြင့် မြှောက်လျှင် ဒွိသတဟုဖြစ်၏။ တိသတံ၊ ဒသသတံ-စသည်။

၃။ ခုန်ကျော်၍စပ်လျက် မြှောက်၍ယူအပ်သော သချ်ာသည် သမ္ဗန္ဓ သချ်ာမည်၏။

အဍ္ဎသဋ္ဌိသတသဟဿုဗ္ဗေဓံစော ဂိရိရာဇာ-၌ သဟဿတည်၊ သတနှင့် မြှောက်၊ သတသဟဿ-တစ်သိန်းဖြစ်၏၊ သဟဿပင်တည်၊ (သတ ကို ခုန်ကျော်၍)သဋ္ဌိနှင့် မြှောက်၊ သဋ္ဌိသဟဿ-ခြောက်သောင်း-ဟု ဖြစ်၏၊ သဟဿပင်တည်၊ (သဋ္ဌိနှင့် သတကို ကျော်၍) အဍ္ဎနှင့် မြှောက်၊ အဍ္ဎသဟဿ-ရှစ်သောင်းဟု ဖြစ်၏၊ အာလုံးကို သမ္ဗန္ဓ(စပ်မှု)ကို ပြုလိုက်က "အဍ္ဎသဋ္ဌိသတသဟဿ-တစ်သိန်းခြောက်သောင်းရှစ်ထောင်"ဟု ဖြစ်၏။

ဒွေ အသီတိ ဉာတိကုလသဟဿေဟိ၊ (ဓမ္မပဒ)နည်းတူ။

၄။ ကေ ဒွိ တိ ။ပ။ ဒသ ဝီသတိ စသည်ဖြင့် သဟဿတိုင်အောင် မရောရ၊ မပေါင်းရ၊ မမြှောက်ရသောသချ်ာသည်လည်းကောင်း၊ ကာသိ-တစ်ထောင်၊ နဟုတံ-တစ်သောင်း၊ လက္ခံ-တစ်သိန်းစသော သချ်ာ သည်လည်းကောင်း သင်္ကေတသချ်ာမည်၏။

ဝီသတိစသည်ကို ဒသ ဒသ ၂-ခုစသည်ဖြင့် မြှောက်ရသောကြောင့် ဂုဏိတဟုလည်း ဆိုကြသေး၏။

၅။ တစ်ရာ တစ်ထောင် စသော အပိုင်းအခြားအနက်ကို မဟောဘဲ အရာကေ, အထောင်မက စသည်ဖြင့် "အများ"ဟူသော

http://www.dhammadownload.com



အနက်ကိုဟောသော သချာသည် အနေကသချာမည်၏။

သဟဿရံသိ သတတေဇော စသည်၌ သတ သဟဿတို့သည် တစ်ရာ တစ်ထောင်ကို မဟော၊ အရာမက အထောင်မက-ဟူသော အနက်တို့ကို ဟော၏၊ ထို့ကြောင့် အနေကသချာမည်၏။

ကေမေဏံ သိတ္တံ ကမ္ပသတေန နိဋ္ဌာယိ(စူ-၂၇၃)၌လည်း အနေက သချာပင်တည်း။

(ဆောင်) ရောမှု မိဿက, မြှောက်ဆင့်ကမ္မ, ဂုဏိတခေါ်, ခုန်ကျော်၍စပ်, မြှောက်တုံလတ်က,သမ္ဗန္ဓတည်း၊ လောကအမှတ်, ပညတ်သချာ, သင်္ကေတာနှင့်, များစွာနက်ပြ, အနေကသည်, ငါးဝ သချာအထူးတည်း။ (ကစ်ဘာဋီ-၂ ၂၂၀)

ဂုဏိတနှင့် သမ္ဗန္ဓ အထူး-

ပုဒ်တစ်ပါး အခြားအကွယ်မရှိဘဲ မြှောက်အပ်လျှင် ဂုဏိတမည်၏၊ ဒသသတသဟဿံ-တစ်သန်း၊ သဟဿကို သတဖြင့်မြှောက်၊ သတသဟဿ-တစ်သိန်းဖြစ်၊ သတသဟဿကို ဒသဖြင့် မြှောက်၊ ဒသသတသဟဿ-တစ်သန်း ဟု ဖြစ်၏၊ ဤသို့ မခုန်ကျော်ရဘဲ မြှောက်အပ်လျှင် ဂုဏိတသာ။

ပုဒ်တစ်ပါး ခြားနေလျှင်တား ထိုခြားသောပုဒ်သည် သချာပုဒ်ပင် မဟုတ်သော်လည်း သမ္ဗန္ဓ၌ ဝင်သည်။

ယောဇနာနံ သတာနုစ္စော, ဟိမဝါ ပဉ္စပဗ္ဗတော၊

သတံ ဟတ္ထိ သတံ အဿာ ။ပ။ သဟဿာနိ-(စူဠဝါ)၌ သတံ ဟတ္ထီ သဟဿာနိ-လည်း သမ္ဗန္ဓပင်တည်း။

## ဒသဒသတံ ။ပ။ ယောမှိ

ဤသုတ်သည် ယောဝိဘတ်ကြောင့် ဒသဆယ်ခု ကေသေသ်ပြု၍

http://www.dhammadownload.com



တစ်ခုကြွင်း ဒသသဒ္ဒါကို သတံ-ပြု၊ သတံဆယ်ခု ကေသေသ်ပြု၍ တစ်ခုကြွင်း သတံသဒ္ဒါကို သဟဿံ ပြု၏။ (ရှု)

ရုပ် - ဒသ စ ဆယ်ခုတည်း ဝိဘတ်သက်၊ သမာသ်စပ် စသည်၊ ဒသ ဆယ်ခု ပကတိပြု၊ ကေသေသ်ပြု၊ နာမ်ငဲ့ ယောသက်၊ ဤသုတ်ဖြင့် ဒသ-ကို သတံပြု၍ ယောကိုလည်းချေ၊ နာမ်ငဲ့၊ ဗျဥ္ဇနေ စ-ဖြင့် နိဂ္ဂဟိတ်ချေ၊ သိသက်၊ အံပြု၊ သတံပြီး၏။

သဟဿံကိုလည်း သတံ-ဆယ်ခုတည်း၍တွက်။ နှာသဒ္ဒ ဒသ-တစ်ရာကို ကေသေသ်ပြု၍ တစ်ခုကြွင်း ဒသသဒ္ဒါကို သဟဿံပြု၏။

ဝါဒနှစ်မျိုး-ဆရာအချို့ကား နိဂ္ဂဟိတ်မပါဘဲ "သတ"ပြု ယောချေ၊ နာမ်ငဲ့ ပြီးမှ သိကို အံပြု၏၊ သဟဿံ-၌လည်း နိဂ္ဂဟိတ် ပါ, မပါ ၂ ဝါဒရှိ၏၊ နိဂ္ဂဟိတ် မပါသော ဝါဒသည် ရုပ်ပြီးပုံသန့်ရှင်း၏၊ သို့သော် ဝီသံ တိံသံ -စသည်၌ နိဂ္ဂဟိတ်နှင့်တကွ ပြုခဲ့သောကြောင့် နိဂ္ဂဟိတ်ပါသော ဝါဒကသာ ရှေ့နောက် ညီသည်။ (ကစ်ဘာဋီ-၂၊ ၂၂၁)

ဒွိကာဒီနံ တဒူတ္တရပဒါနဥ္စ-

သတ သဟဿ-တို့၏ နောက်ပုဒ်ဖြစ်သော ဒွိက, တိကစသောရုပ်တို့ကို သင်္ချာအားလျော်စွာ ပြီးစေရမည် ဟူရာ၌ "သတ+ဒွိက ဟု ဖြစ်သောအခါ ယဒနုသုတ်ကြီးဖြင့် က-ကို ချေခြင်း၊ သတနှင့် ဒွိကို ရှေ့နောက်ပြန်ခြင်း ကို ဆိုလိုသည်"၊ ထို ယဒနုသုတ်ကြီးဖြင့် စီရင်ဖို့ရာ "ဒွိကာဒီနံ။ပ။ဥ္စ"ဟု ညွှန်ပြရုံသာ ညွှန်ပြခြင်းဖြစ်သည်။ (ကစ်ဘာဋီ-၂၊ ၂၂၂)

(နဲ) ရူပသိဒ္ဓိအလိုမူ သတနှင့် ဒွိကို ရှေ့နောက်ပြန်မှု, ကချေမှုတို့ကို ဤသုတ်ဖြင့်ပင် ပြုတော်မူသည်။

ဒွိသတံ-၌ ရှေ့သုတ်နှင့် ဤသုတ်-

ရှေ့သုတ်၌ "ဒွိက"စသောပုဒ်တို့၏ ကပစ္စည်းနှင့် ယှဉ်ကြောင်းကို ပြခြင်း

http://www.dhammadownload.com



အကျိုးငှါသာ ဒွိသတံ-ကို ဆိုခဲ့သည်။

ဤသုတ်ကား "ဒွိကာဒီနံ ။ပ။ နဥ"ဖြင့် ထို ဒွိက စသည်တို့သည် သတံ စသည်တို့၏ နောက်ပုဒ်ဖြစ်ကြောင်းကို ပြခြင်းအကျိုးငှါ ဒွိသတံ စသည်ကို ထပ်၍ ဆိုရသည်။ (နိဒ္ဒေသ၊ ဘာဋီ)

စသဒ္ဒါ-ပဒါနဥ၌ စသဒ္ဒါသည် အခြားနည်းတစ်မျိုးကို ဆည်းခြင်း သမုစ္စည်း အနက်ရှိ၏။

ဒသဿ သတကံ-သဟဿံ။

ဤ၌ ဒသဿ သတကံ-ဒသသတံ-ဟု သမာသ်တွဲပြီးနောက် ဤသုတ်ဖြင့် (နဲ) ယဒနုသုတ်ဖြင့် ဒသသတကို သဟဿ ပြုပါ။ ကြွင်း နည်းမှီ။

သတဿ သတကံ-ဒသသဟဿံ။

သဟဿဿ သတကံ-သတသဟဿံ။

ဒသသဟဿဿ သတကံ-ဒသသတသဟဿံ။

သတသဟဿဿ သတကံ-ကောဋိ။

ဈာသအလို-ဒွိကာဒီနံ တဒုတ္တရပဒါနဥ-ဖြင့် သတမှ အောက်သချာတို့ကို ပြ၏-ဟု ဆို၏။

ဒသဿ ဒွိကံ-ဝီသံ။

ဒသဿ တိကံ-တိံသံ။

ဒသဿ စတုက္ကံ-စတ္တာလီသံ။

ဒသဿ ပဉ္စကံ-ပညာသံ။

ဒသဿ နဝကံ-နဝုတိ-စသည်ဖြင့် ယှဉ်စပ်နည်းကို ပြသည် ဟူ၏။

## ယာ၀ တဒုတ္တရ ဒသဂုဏိတဥ

ရှေ့သုတ်၌ တိုက်ရိုက်ပြခဲ့သော သတ, သဟဿသချာနှစ်ခုမှ အထက်

http://www.dhammadownload.com



သင်္ချာအားလုံးကို "ဆယ်"ဖြင့်ချည်း မြှောက်ပါလေဟု မြှောက်ပုံနည်းကို ပြသော ပရိဘာသာသုတ်တည်း။

သဟဿ ဒသဂုဏိတံ-ဒသသဟဿံ။

(နဲ) ဒသဟိ ဂုဏိတံ သဟဿံ-ဒသသဟဿံ။ သောင်း။

ဒသသဟဿံဿ ဒသဂုဏိတံ-သတသဟဿံ။ သိန်း။

သတသဟဿဿ ဒသဂုဏိတံ-ဒသသတသဟဿံ။ သန်း။

စသဒ္ဒါ- စသဒ္ဒါသည် ဝိသေသနတ္ထတည်း၊ တစ်ဆယ်ဖြင့် မြှောက်နည်းမှ ထူးခြားသော ရာဖြင့်မြှောက်နည်းလည်း ရှိသေး၏ ဟူလို။ (ကစ်)

တိုက်ရိုက်မဆိုအပ်သော ရာဖြင့်မြှောက်နည်းကို ဆည်းသော အဝုတ္တသမုစ္စည်းလည်း ဟူ၏။ (နိဒ္ဒေသ)

ရူနှင့် ဂုဏ်ဋီကာတို့အလို စသဒ္ဒါသည် ဝေတ္ထတည်း၊ ဆယ်ဖြင့် မြှောက်ရုံသာ မြှောက်ရမည်၊ ရုပ်ပြီးအောင် စီရင်ရမည် မဟုတ် ဟု နိဝတ္တေ တဗ္ဗတ္ထကို ပြသည်။

ပုံစံ ပြပုံ- သုတ်၌ ဆယ်ဖြင့်ချည်း မြှောက်နည်းကို ပြခဲ့သော်လည်း ပုံစံ၌ကား သဟဿမှ အထက်၌ ကောဋိတိုင်အောင် ဒသဂုဏိတနည်းကို ပြ၏၊ ကောဋိ-မှအထက် ပကောဋိ စသည်ကို သတဂုဏိတနည်းဖြင့် ပြသွားသည်။ ဒသသတသဟဿဿ ဒသဂုဏိတံ-ကောဋိ။

ကောဋိသတသဟဿဿ သတဂုဏိတံ-ပကောဋိ။ (ဆက်)

ကောဋိမှ အထက် ပကောဋိစသည်သို့ တက်ရာ၌ ၃-မျိုးတက်နိုင်၏၊ သောင်းသင်္ချာမှ တက်က ထောင်ဖြင့်မြှောက်၍၊ သိန်းသင်္ချာမှ တက်က ရာဖြင့် မြှောက်၍၊ သန်းသင်္ချာမှ တက်က ဆယ်ဖြင့်မြှောက်၍ တက်နိုင်၏။

ပုံစံ- ကောဋိဒသသဟဿဿ သဟဿဂုဏိတံ-ပကောဋိ။

ကောဋိသတသဟဿဿ သတဂုဏိတံ-ပကောဋိ။

ကောဋိဒသသတသဟဿဿ ဒသဂုဏိတံ-ပကောဋိ။

14BB

http://www.dhammadownload.com



သို့သော် ကောင်မှ စ၍ ဂဏန်းတွေ များလှသောကြောင့် ဖြတ်ထိုးနည်းအားဖြင့် သန်းသင်္ချာကို အသုံးမပြုဘဲ သိန်းသင်္ချာမှ ရာဖြင့်မြှောက်၍ တက်နည်းကို ပကောဋိမှ စ၍ တစ်မျိုးပြသွားပြန်လေသည်။

ဤသို့အားဖြင့် သိန်းမှတက်က ရာဖြင့်လည်းကောင်း၊ သောင်းမှတက်က ထောင်ဖြင့်လည်းကောင်း၊ မြှောက်၍တက်နည်းကို ဒသဂုဏိတစွ-၌ စဖြင့် ပြသွားလေသည်။ (နိဒ္ဒေသ)

## သတနာမေဟိ

အောက်၌ပြအပ်သော ဒသဂုဏိတဂဏန်း၏ အစွမ်းဖြင့် ရေတွက်ခြင်းသည် သင်္ချာ၏ ဗဟုကဖြစ်သောကြောင့် အရေအတွက် နည်းစေရန် ကောဋိဘုံမှ စ၍ သတဂဏန်း၏ အစွမ်းဖြင့် ရေတွက်ပုံကို ပြလို၍ ဤသုတ်ကို ဆိုရသည်။ (သပြေကန်)

တာဝ သင်္ချာဗဟုတ္တာ သတာဒိဂုဏိတံပိ (အပိဖြင့် ဒသဂုဏိတကို ပေါင်း) ကာတဗ္ဗန္တိ ဒဿေတုံ "ကောဋိသတသဟဿာနံ သတံ-ပကောဋိ ဟောတိ"တိ အာဒိမာဟ။ (နိဒ္ဒေသ)

သတသဟဿာနံ သတံ-ကောဋိ။
ကောဋိသတသဟဿာနံ သတံ-ပကောဋိ။
ပကောဋိသတသဟဿာနံ သတံ-ကောဋိပ္ပကောဋိ။ (ဆက်တက်)

### ဤသုတ် ဆိုရကျိုး-

ဤသုတ်ဆိုရကျိုးကား ဝီသတိမှ စ၍ ဒသသတသဟဿ တိုင်အောင် သင်္ချာသဒ္ဒါတို့ကို ဂဏနေစသောသုတ်ဖြင့် ပြ၍ ထိုသင်္ချာသဒ္ဒါတို့သည် ကေသေသ်ပြု၍ ဝီသဖြစ်အောင် စီရင်ခြင်း ဒသနှင့် သဟဿတို့ သမာသ်တွဲစပ်၍ သဟဿံစသည် စီရင်ခြင်းကြောင့် ပြီးရသော သင်္ချာသဒ္ဒါများဖြစ်၏။

http://www.dhammadownload.com



ဤကောဋိစသော သချာသဒ္ဒါတို့ကိုကား ဝိသတိ စသည်တို့ကဲ့သို့ စီရင်ဖွယ် မလို၊ နဂိုရှိရင်းစွဲအတိုင်း ကောဋိ ပကောဋိ စသည် ပြီးစီးကြသည်-ဟူလို။ ကောဋိ-ကို ကောဋိ တည်၊ သိသက်၊ ချေ၊ ကောဋိ ပြီး၏။ (ဂဏ္ဌိ)

နိဒ္ဒေသ- နိဒ္ဒေသ၌ကား ကောဋိပြီးအောင် "သတသဟဿ"တစ်ရာတည်၊ ဒွန်သမာသ်လုပ်၊ ကေသေသ်ပြု၍ ဤသုတ်ဖြင့် " သတသဟဿ " ကို ကောဋိ ပြု၊ ဤသို့ စသည်ဖြင့် အသင်္ချေယျတိုင်အောင် စီရင်လေ၏။

## သချာပစ္စည်းပေါင်း

(ဆောင်) တိယ ဤ က, မ ဠ တ နှင့်, ဠမ ပစ္စယာ, ခုနစ်ဖြာ, သချာပစ္စည်းပေါင်း။ (ကစ်ဘာဋီ-၂၊ ၂၃၁)

## ဝိဘာဂေ ဓာ စ

ဤသုတ်သည် ဝိဘာဂတ္ထ၌ ကေစသောသချာသဒ္ဒါမှ နောက်၌ ဓာ-ပစ္စည်း သက်သောသုတ်တည်း။

ဧကေန ဝိဘာဂေန ဧကဓာ။

ဒွိဟိ ဝိဘာဂေဟိ-ဒွိဓာ၊ ဒုဓာ၊ ဒွေဓာ။

တီဟိ ဝိဘာဂေဟိ တိဓာ၊ တေဓာ။

ရုပ်တွက်-ကောဒိတော သချာတော ဓာပစ္စယော-ဟု ဆိုသောကြောင့် "ဧက"တည်၊ ဤသုတ်ဖြင့် ဧကေန ဝိဘာဂေန-ဟူသောအနက်၌ ဓာပစ္စည်းသက်၊ နာမ်ငဲ့၊ ဖြင့်ဟူ၍ ။ပ။ ကြောင့် နာသက်၊ ချေ၊ ပြီး၏။

ဝိသတိဒသေသု ဗာ ဒွိဿ တု-၌ တုသဒ္ဒါဖြင့် ဒွိ-ကို ဒုပြု၊ ဒုဓာ၊ ဒွိဓာ-တိဓာ ဖြစ်ပြီးမှ တေသုဝုဒ္ဓိဖြင့် ဣ-ကို ဧ-ပြု၊ ဒွေဓာ၊ တေဓာ-ဟုဖြစ်၏။

http://www.dhammadownload.com



စသဒ္ဒါ- ဝိဘာဂနောင် ထိုင်သော စသဒ္ဒါဖြင့် အာကာရ ပကာရ (ကေဝလတတိယတ္ထ) အဿတ္ထိအနက်များ၌ ဓာ (သော) ပစ္စည်းများ သက်၏။

ဓာ-စ နောင် ထိုင်သော စသဒ္ဒါဖြင့် ဓ္ဓ-ပစ္စည်း သောပစ္စည်းများ သက်ခြင်းကို ဆည်းယူသည်။

ဧကေန ပကာရေန-ဧကဓာ။
ဒွိဟိ အာကာရေဟိ-ဒွိဓာ၊ ဒုဓာ၊ ဒွေဓာ။
စတ္တာရော ပကာရာ အဿာတိ-စတုဓာ။
ပဥ္စဝိဓာ ပကာရာ အဿာတိ-ပဥ္စဓာ။
သဗ္ဗေန အာကာရေန-သဗ္ဗသော။
အလုံးစုံသော အခြင်းအရာအားဖြင့်။
ဗဟူဟိ ပကာရေဟိ-ဗဟုသော။
များစွာကုန်သော အပြားတို့ဖြင့်။

စတုဓာ-စသည်၌ အဿတ္ထိအနက်ကို ဘာသာဋီကာ မကြိုက်ပေ၊ အဿတ္ထိဟူသမျှ၌ သာမိ+သံ အဖြစ်ဖြင့် ကွဲပြားရိုးဖြစ်လျက် ဤ စတုဓာ၌ မကွဲပြားသောကြောင့် ဟု မိန့်သည်။"လေးပါးပြားကုန်၏"ဟုသာ ပေးစေလိုသည်။ (ကစ်ဘာဋီ-၂၊ ၂၃၆)

ကေဝလတတိယတ္ထ-ဥပါယသော-အကြောင်းအားဖြင့်၊ ဌာနသော-တခဏ ချင်းအားဖြင့်၊ ယောနိသော-သင့်သောအားဖြင့်။

ဤပုဒ်များကို သော ဝါ-သုတ်ဖြင့် နာကို သောပြု၍လည်း ပြီးနိုင်သည်၊ နာ-ကို သောပြု၍ပြီးက နာမ်ပုဒ်ဟု မှတ်။ ဤသုတ် စသဒ္ဒါဖြင့် ကေဝလ တတိယတ္ထ၌ သောပစ္စည်းသက်၍ ပြီးက တဒ္ဓိတ်ပုဒ်တည်း။ သော ပစ္စည်းဟု ယူက တတိယာအနက်ကို သောပစ္စည်းက ဟောပြီးဖြစ်၍ လိင်္ဂတ္ထကို ထွန်းပြခြင်းငှါ ပဌမာကေဝုစ် သိသက်၍ ချေ။ (ကစ်ဘာဋီ-၂၊ ၂၃၅)

http://www.dhammadownload.com



ဋ္ဌ, သော ပစ္စည်း-

ကေဓာ ကရောတီတိ-ကေဋ္ဌ။
ဒွိဓာ ကရောတီတိ-ဒွေဋ္ဌ။
သုတ္တေန ဝိဘာဂေန-သုတ္တသော။
ဗျဉ္ဇနေန ဝိဘာဂေန-ဗျဉ္ဇနသော။
ပဒေန ဝိဘာဂေန-ပဒသော။

ကေဋ္ဌ-၌ ဓာပစ္စည်းလည်း ဝိဘာဂအနက်၌ သက်သောကြောင့် ဋ္ဌ-ပစ္စည်းလည်း ဝိဘာဂအနက်၌ပင်သက်၊ ကေနောင် ကေဓာဟူသော အနက်၌ ဤသုတ်စသဖြင့် ဋ္ဌသက်၊ တေသုဝုဒ္ဓိဖြင့် နိဂ္ဂဟိတ်လာမှ ကေဋ္ဌဖြစ်မည်၊ ထို့နောက် သိ-အံ စသော ဝိဘတ်များကို သဗ္ဗာသဖြင့် ချေ။ မောဂ်၌ကား "ဋ္ဌံ"ပစ္စည်း ဟူ၏။ ဂဏ္ဍိ-၌ ကေဓာ ကရောတိ-ဟူသော အနက်၌ ကေဋ္ဌ ဖြစ်၏ ဟု ဆို၏။

သုတ္တသော စသည်၌ သုတ္တ-တည်၊ ဤသုတ် စ-ဖြင့် ဝိဘာဂ၌ သော သက်၊ နာမ်ငဲ့ နာသက်၊ ချေ။

အဒွေဋ္ဌဝစနာ ဗုဒ္ဓါ၊ အမောဃဝစနာ ဇိနာ-၌ န ဒွေဋ္ဌ-အဒွေဋ္ဌ၊ အဒွေဋ္ဌ ဝစနံ ယေသံတိ-အဒွေဋ္ဌဝစနာ။ န ဒွေဋ္ဌ ဝစနံ ယေသံတိ-အဒွေဋ္ဌ ဝစနာ၊-နှစ်မျိုးပြားသော စကားရှိတော်မမူကြကုန်။

ပဒသော-အဖို့အစု အဖို့အစုအားဖြင့်၊ ခဏ္ဍသော-အပိုင်းအပိုင်း၊ ဗိလသော- အစုအစုအားဖြင့်၊-တို့၌ ဝိစ္ဆာအနက်၌လည်း သောပစ္စည်းသက်သေး၏။

(ဆောင်) ဝိဘာဂေသုတ်, စသရုပ်ကား, ဝိဘာဂနက်, ဋ္ဌ-လည်းသက်၏၊
တစ်ချက်မှတ်ရာ, အာကာရာနှင့်, ပကာရမှတ်, တတိယတ်ကေဝလာ,
ဝိစ္ဆာအနက်, သောလည်းသက်သည်, ကျမ်းထွက်ထိုထို စကားတည်း။

http://www.dhammadownload.com



## သဗ္ဗနာမေဟိ ပကာရဝစနေ တု ထာ

သာမညအနက်ကို တစ်ခုနှင့်တစ်ခု မရောအောင် ခွဲခြားတတ်, အထူး ပြုတတ်သော အနက်သည် ပကာရမည်၏၊ ယင်းအနက်ကို ဟောရာ၌ ထာ ပစ္စည်းသက်၊ တု-သဒ္ဒါဖြင့် ထတ္တာ-ပစ္စည်းလည်း သက်၏။ (ရူ)

သော ပကာရော-တထာ။

တော ပကာရာ-တထာ။

တံ ပကာရံ-တထာ။ စသည်ဖြင့် ဝုစ်နှစ်ပါး, ဝိဘတ်ခုနစ်သွယ် ချေပါ။ တေန ပကာရေန-တထတ္တာ။

ယေန ပကာရေန-ယထတ္တာ။

အညေန ပကာရေန-အညထတ္တာ။

သဒ္ဒနီတိ- ကစ္စည်း ရူတို့ ပြဆိုသော ထတ္တာပစ္စည်းကား ပါဠိတော်၌ အသုံး မထင်ရှားပေ။ တထာ စသည်နောင် ဘာဝတ္တ၌ တ္တ-ပစ္စည်း သက်၍ "တထာ ဘာဝေါ-တထတ္တံ၊ အညထာ ဘာဝေါ-အညထတ္တံ၊ ဣတ္ထံ ဘာဝေါ- ဣတ္ထတ္တံ"-စသော ရုပ်မျိုးသာ ထင်ရှားသည်ဟု သဒ္ဒနီတိမိန့်သည်။

တထတ္တ-စသည်နောင် တဒတ္ထသမ္ပဒါန်အနက်၌ သက်သော သ-ကို အာယပြုက "တထတ္တာယ, အညထတ္တာယ, ဣတ္ထတ္တာယ"-စသည့် ပါဠိများ ပြီးနိုင်၏။ (ကစ်ဘာဋီ-၂၊ ၂၃၈)

## ကိမိမေဟိ ထံ

ဤသုတ်သည် ပကာရဝစနတ္ထဝယ် ကိံ ဣမ သဒ္ဒါတို့မှနောက်၌ ထံ ပစ္စည်းသက်သော သုတ်တည်း။

ကော ပကာရော-ကထံ။

အယံ ပကာရော-ဣတ္ထံ။-စသည်ဆိုပါ။

http://www.dhammadownload.com



ဣတ္ထန္တာမော-သဒ္ဒနီတိ၌ "ဝေဿိတ္ထံ နာမေ" (၈၄၆)ဟု သုတ်တည်၍ နာမ သဒ္ဒါနှောင်းရာ၌ ဧဝံ နိပါတ်ကို ဣတ္ထံ-ပြုဟု ဆို၏။

ဧဝံ နာမံ ယဿာတိ-ဣတ္ထန္တာမော။- ဤအမည်ရှိသော ရဟန်းဟု ဖြစ်၏၊ ဧဝံ နာမ-ပြီးသည့်အခါ ဧဝံ-ကို ဣတ္ထံ-ပြုပါ။

သို့သော် ရှ-နာမ်နိပါတ်အခန်း၌ "ဧဝံ ဣတိ ဣတ္ထံ ဣတ္ထေဝတေ နိဒဿနေ"ဟု ဆိုခဲ့သောကြောင့် ရှအလိုမှု ဧဝံ နှင့် အနက်တူသော ဣတ္ထံ နိပါတ်တစ်မျိုးပင် ဖြစ်သင့်သည်။ ထို့ကြောင့် ရှအလို-

ဣတ္ထံ နာမံ ယဿာတိ-ဣတ္ထန္တာမော။-ဟုသာ ပြုပါ။

## တောဒိတော သကိုဿ ကွတ္တုံ

ကေစသော သချာသဒ္ဒါမှ နောက်၌ အကြိမ်အနက်(ဝါရတ္ထ)ဝယ် ကွတ္တုံ ပစ္စည်းသက်။

ကေသို ဝါရေ-ကေကွတ္တုံ။ (ရှ)

ကော ဝါရော-ကေကွတ္တုံ။ (နီတိ-၃၄၄)

ကေံ ဝါရံ-ကေကွတ္တုံ။ (မောဂ်၊ ရှဘာဋီ-၂၊ ၂၁၃)

ကေတည် ဤသုတ်ဖြင့် ဝါရအနက်၌ ကွတ္တုံ ပစ္စည်းသက်၊ နာမ်ငဲ့၊ သိသက်၊ အဗျယပုဒ်ဖြစ်၍ သဗ္ဗာသမာဝုသောဖြင့် ချေ။ (တဒ္ဓိတ်)

(နဲ) ကေဿ သကိ-ကေကွတ္တုံ။ (တပ္ပုရိသသမာသော)

ဒွိန္နံ သကိ-ဒွိကွတ္တုံ။

တိဏ္ဏံ သကိ-တိကွတ္တုံ။ (သမာသ်)

ကေ+သကိ တည်၊ ကေနောင် သသက်၊ သလာ၊ သကိနောင် သိသက်၊ သဗ္ဗာသဖြင့် ချေ၊ ကေဿ+သကိ ဟု ဝါကျ ဖြစ်၏၊ အနက်ပေး၊ သမာသ်မှည့် ဝိဘတ်ချေ၊ ပကတိပြု၊ (ကေ+သကိ) ဤသုတ်ဖြင့် သကိ-ကို ကွတ္တုံ ပြု၊ နာမ်ငဲ့၊ သိသက်၊ သမာသ်နာမ်ဖြစ်၍ သေသတောဖြင့် ချေ။ (သမာသ်၊ ကစ်)

http://www.dhammadownload.com



အဗျယပစ္စည်းပေါ်င်း-

(ဆောင်) ကွတ္တုံ ထံ ဓာ, ထဝ္တာ'ထာနေ္တာ, ယွ-သော ခုနစ်ဝ, ရူ-၌ ပြ, အဗျယ ပစ္စည်းပေါင်း။ (ကစ်ဘာဋီ-၂၊ ၂၃၉)

## ဝုဒ္ဓါဒိသရဿ ဝါသံယောဂန္တဿ သဒေါ စ

ဤသုတ်ကား ဏအနုဗန်ရှိသော ပစ္စည်းကြောင့် အသံယောဂန္တဖြစ်သော အစသရကို ဖြစ်စေ(ဥဒါဟရဏ)၊ အစဗျည်း၏ သရကို ဖြစ်စေ(ဝသိဋ္ဌ)၊ ဝုဒ္ဓိပြုသော သုတ်တည်း။

ဤသုတ်၌ ဝါ-သည် အာဒိဗျဉ္ဇနဿ ဝါ-ဟူသော အနက်တစ်မျိုးကို စီရင်သော အတ္တန္တရဝိကပ္ပန အနက်၌လည်းကောင်း၊ ဝဝတ္ထိတဝိဘာသာ အနက်၌လည်းကောင်း၊ အနက်နှစ်မျိုး၌ ဖြစ်၏။

ဝါသဒ္ဒါကို အတ္တန္တရဝိကပ္ပနကြံခိုက် နိဝတ္တာပနာဝဓာရဏအနက်ရှိသော ထိုသုတ်စသဒ္ဒါက တားမြစ်သည့်အတွက် ဥဒါဟရဏ, နီလ, ပီတ စသည်တို့၌ ဝုဒ္ဓိမရောက်တော့။

(နံ) ဝါသဒ္ဒါကို ဝဝတ္ထိတဝိဘာသာအနက်ယူခိုက်၌ကား ထို ဝါသဒ္ဒါက ဝုဒ္ဓိမပြုရဟု ပိုင်းခြားသတ်မှတ်ထားသောကြောင့် ဥဒါဟရဏ စသည်တို့၌ ဝုဒ္ဓိမရောက်ကြ။ ဤအခိုက် စသဒ္ဒါ ဝါစာသိလိဋ္ဌ။

## မာယူနမာဂမော ဌာနေ

ဤသုတ်၌ မာယူနံ-ဖြင့် ယွ-ဥ တို့၏ ဧ ဩ ဝုဒ္ဓိအဖြစ်ကို တားမြစ်၍ အာဂမော-ဖြင့် ဧဝုဒ္ဓိ ဩဝုဒ္ဓိ လာဟု ပဋိသေဓ, အာဂမ ဝိဓိနှစ်မျိုး စီရင်မှုကို ပြသည်။

ဌာနေ-ဖြင့် ယွ-ဥ တို့၏ အာဒေသဖြစ်ကြသော ယ-ဝတို့၏ ရှေ့ဌာန

http://www.dhammadownload.com



၌ ဧ-ဩ ဝုဒ္ဓိလာ ဟု ရူပသိဒ္ဓိသတ်မှတ်သည်။ (ကစ်ဘာဋီ-၂၊ ၂၄၁)

ဝေယျာကရဏိကော-

ဗျာကရဏံ+အဓီတေ၊ အနက်ပေး၊ တမဓီတေဖြင့် ဏိကသက်၊ အနုဗန်ချေ၊ ဝိဘတ်၊ အဓီတေပုဒ်တို့ကို ချေ၊ ဗျာကရဏ-ဟု ပကတိပြု(ဗျာကရဏ+ဣက) ဝုဒ္ဓါဒိသရဿ ဝါ-ဖြင့် ဝုဒ္ဓိအပြု ရောက်လသော် မာယူန-နေ ဖြင့် ဝုဒ္ဓိအဖြစ်ကို တားမြစ်၍ ထိုဝုဒ္ဓိပြုရမည့် နေရာဝယ် ဧ-ဝုဒ္ဓိလာ၊ ယဒွေဘော်လာ၊ နာမ်ငဲ့ စသည်။ (ကစ်ဘာဋီ)

## အာဂမ

ရှေ့သုတ်မှ ဤသုတ်သို့ လိုက်လာသော ဌာနသဒ္ဒါကြောင့် ဣသိ-ဣဏ-ဥသဘ-ဥဝုဒ္ဓ-မုဒ္ဓ သဒ္ဒါတို့၏ ဣ-ဥ တို့ကိုသာ အာပြုရမည်၊ ဣသိ-သဒ္ဒါတစ်ခုတည်းအတွက် အာ-အပြု၏ အခြားမဲ့၌သာ ရိ-လာရမည်ဟု သတ်မှတ်သည်။

အာရိသျံ၊ အာဏျံ၊ အာသဘံ၊ အဝ္ဒုဝံ၊ မဒ္ဒဝံ။

အာရိသျံ-တို့ကို ဏ ဝိသမာဒီဟိ၊ ဏ ရာဂါ တဿေဒ-သုတ်တို့၌ ပြခဲ့သေး၏။ ဣသိဿ ဘာဝေါ-အာရိသျံ-ဟု ဘာဝ၌ ဏျ-ဖြင့် ပြီးလိုက ဣသိ-ဟု ပကတိပြုပြီးသော အခါ ဤသုတ်ဖြင့် အစ-သရ ဣကို အာပြု၊ ဤသုတ် စသဒ္ဒါဖြင့်ပင် အာအပြုမှနောက်၌ ရိအက္ခရာလာ(အာရိသိယ) အဝဏ္ဏော ယေ လောပဥ္စ-၌ စသဒ္ဒါဖြင့် ယ-ကြောင့် သ၏ မှီရာ ဣကိုချေ၊ သ ယသို့ ကပ်၊ နာမ်ငဲ့ စသည်။ ကြွင်း နည်းမှီ၍ ပြီးပါ။

http://www.dhammadownload.com



ကွစာဒိမဇ္ဈတ္တရာနံ ဒီယရဿာ ပစ္စယေသု စ

အာဒိဒီဃ-ဒဿနံ ကင္ခတီတိ- ပါကင္ခေါ။ (ပ-ကင္ခ-အ)
ပကုဗ္ဗန္တိ တန္တိ-ပါကာရော။
သမန္တတော ကရီယတေတိ-ပါကာရော။ (ပ-ကရ-ဏ)
ပသီဒန္တိ နယနမနာနိ အတြာတိ-ပါသာဒေါ။ (ပ-သဒ-ဏ)
ဆဒနံ နီဝါရေတီတိ-နီဝါရော။
နီဝါရေတဗ္ဗောတိ ဝါ-နီဝါရော။ (နီ-ဝရ-ဏ)
မဇ္ဈေဒီဃ- အနူပယာတော၊ အင်္ဂမာဂဓိကော။
ဥတ္တရဒီဃ-မဓုဝါ၊ ခန္တီ။
အာဒိရဿ-အဇ္ဈဝံ၊ ပဂေဝ။
မဇ္ဈေရဿ-ဣတ္ထိရူပံ၊ သုမေဓသော၊ သုဝဏ္ဏရောဟိ။
ဥတ္တရရဿ-ဘောဝါဒိ နာမ၊ ဗဟုနဒိကော၊ သဗ္ဗညုတာ၊ သစ္စဝါဒိတာ။

တေသု ဝုဒ္ဓိ ॥ပ॥ ဒေသာ စ

သုတ်ငယ်များဖြင့် မပြီးနိုင်သော အစီရင်များကို ဤသုတ်ကြီးဖြင့် ပြီးစေနိုင်လတ့်။ သုတ်ငယ်များဖြင့် ပြီးနိုင်ရာ၌လည်း ဤသုတ်၏ ပဠ္စုဂ္ဂတိက နည်း ဖြစ်ကြောင်းကို ပြလို၍ ဤသုတ်ဖြင့်ပင် စီရင်လတ့်။ ပုံစံများကား ဆိုင်ရာသုတ်များ၌ ထင်ရှားပြီးဖြစ်၏။

အ ယုဝဏ္ဏာနမွာယော ဝုဒ္ဓိ

ဤသုတ်သည် ဝုဒ္ဓိပြုရာဌာနနှင့် ဝုဒ္ဓိဖြစ်သော သရတို့ကို သတ်မှတ်ပြသော နိယမ(ပရိဘာသာ)သုတ်တည်း။

ဝုဒ္ဓိမည်သော သရများကား အာယော-အာ ဧ ဩ တို့တည်း၊ ဝုဒ္ဓိပြုရာ

http://www.dhammadownload.com



ဌာနကား အယုဝဏ္ဏ-အ အကွရာ၊ ဏ္ဏဝဏ်, ဥဝဏ် တို့တည်း။

ဥတ္တရပဒဝုဒ္ဓိဘာဝတ္တံ-

ဝုဒ္ဓါဒိသရဿ ဝါ-သုတ်မှ ဝုဒ္ဓိသဒ္ဒါ အလိုက်မခံဘဲ ဝုဒ္ဓိသဒ္ဒါကို တစ်ဖန် ဆိုခြင်းသည် "နေဂမဇာနပဒါ၊ အင်္ဂမာဂဓိကာ၊ ပေါရိမဇာနပဒါ "စသည်တို့၌ နောက်ပုဒ်၏ ဝုဒ္ဓိဖြစ်ခြင်း အကျိုးရှိ၏။

နိဂမာ စ ဇနပဒါ စ-နိဂမဇနပဒါ။

နိဂမဇနပဒေသု ဇာတာ, နိဝါသိနော-နေဂမဇာနပဒါ။

အင်္ဂမဂဓေသု ဇာတာ-အင်္ဂမာဂဓိကာ။

ပုရိမဇနပဒေသု ဇာတာ-ပေါရိမဇာနပဒါ။

ဤပုဒ်တို့၌ တေသုဝုဒ္ဓိ-သုတ်ဖြင့် ဇ-မ တို့၌ အာဝုဒ္ဓိပြုပါ။

တခွိတ်ကျဉ်း ပြီးပြီ

( နိဂုံး )

အယံ တဒ္ဓိတသင်္ခေပေါ, နိဋ္ဌိတော ဒါနိ အာတပေ၊
သင်္ခေပံ ဝိဘာဝိတွာန, ဝုဋ္ဌန္တု သကဗုဒ္ဓိယာ။

ပူပြင်းလှသော နွေကဆုန်လ၏ လပြည့်ကျော် သုံးရက်၌ ဤတဒ္ဓိတ်ကျဉ်း သည် ပြီးဆုံးပါပြီ၊ အကျဉ်းမျှသော ဤတဒ္ဓိတ်ကျဉ်းကို မိမိဉာဏ်အထူးဖြင့် ခွဲခြမ်း ဝေဖန်ကာ ညီငယ်များသိနိုင်ကြပါစေ။ ( 3-5-2007 )

http://www.dhammadownload.com